www.burmeseclassic.com

# တောင်မှူးကြီးသိန်းဝင်း

ဝ.ထ.တ.လ.ဿ



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် − ၅၀၀၃၇၄၀၅၁၂
အဖုံးခွင့်ပြုချက်အမှတ် − ၅၀၀၄၈၄၀၆၁၂

■

စီစဥ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

| | | |
|---|---|---|
| ပထမအကြိမ် | ။ | ၂၀၁၂၊ ဩဂုတ်လ |
| အုပ်ရေ | ။ | ၅၀၀ |
| မျက်နှာဖုံး | ။ | မြတ်မင်းဟန် |
| ကွန်ပျူတာစာစီ | ။ | *Maw Maw* |
| အတွင်းဖလင် | ။ | *Quality* |

■

ပုံနှိပ်သူ
နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး − ၁၅၀၀ကျပ်

၈၉၅ ◦ ၈၃
သိန်းဝင်း၊ထောင်မှူးကြီး
ဝ.ထ.က.လ.သ / ထောင်မှူးကြီးသိန်းဝင်း ။ − ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၂။
၂၃၈−စာ ႏ ၁၂စင်တီ× ၁၈စင်တီ။
(၁) ဝ.ထ.က.လ.သ

## စာရေးသူ၏အမှာစာ

တက္ကသိုလ်ကျောင်းပိတ်ရက်ရှည်၊ နွေရာသီတွင် မိမိတို့နေထိုင်ရာ မြို့ရွာအသီးသီးရှိ မိဘရပ်ဌာနသို့ မပြန်ကြဘဲ ဒေသန္တရဗဟုသုတအလို့ငှာ မြန်မာတစ်ပြည်လုံးရှိ မြို့ရွာအသီးသီးသို့ ကွင်းဆင်းပြီး အရေးအဖတ်အတွက် အ,သုံးလုံးကျေစေရန် ပညာဒါနဖြန့်ဝေပေးခဲ့ကြသောအပေါင်းအသင်း၊ ရောင်းရင်း သူငယ်ချင်းများအတွက် အမှတ်တရရေးပါသည်။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

## ကျေးဇူးတင်လွှာ

၁။ ကျွန်ုပ်၏ အ,သုံးလုံးဝတ္ထု အသက်ဝင်စေရန်အတွက် ပါဝင်လှုပ်ရှားခဲ့ကြသော မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ မြို့ပေါ်ရွာအပိုင် ထူးကြီးနှင့် မုံထူးကျေးရွာများရှိ ရွာသူရွာသားအပေါင်းနှင့် ကျောင်းထိုင်ဆရာတော်အပါအဝင်၊ သူကြီးနှင့် သူကြီးသား ကိုအေးသိန်း၊ မြို့နယ်အ,သုံးလုံးကော်မတီ လူကြီးများနှင့် တွင်းတောင်ရွာမှ ရွာသူရွာသားများအားလုံးတို့ကို ကျေးဇူးတင်ပါသည်။

၂။ မန္တလေးခရိုင်၊ အမရပူရမြို့နယ်၊ ရှမ်းရွာကြီးနှင့် ရေပုတ်ရွာတွင်နေထိုင်ကြသော ရွာသူရွာသားအပေါင်းနှင့် ကျောင်းဆရာဦးခင်မောင်ဝင်း၊ ဆရာထွန်းတို့အပါအဝင်၊ ရွာသူကြီး အဘဦးသာနီးတို့အားလိုက်လှဲစွာ ကျေးဇူးတင်မိပါကြောင်း။

၃။ ဤဝတ္ထုဖြစ်မြောက်ရေးအတွက် ကူညီအကြံပေးကြသော၊ အ,သုံးလုံးသူငယ်ချင်း ဆရာဦးတင်ရွှေနှင့် စာရေးဆရာ ဝင်းနိုင် (ရွှေပြည်သာ) တို့အားလည်း အထူးပင် ကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုပါသည်။

တောင်မြှူးကြီးသိန်းဝင်း

အခန်း [၁]

၁၉၇၀ ခုနှစ်၊ မတ်လဆန်းက ဖြစ်သည်။ ကျွန်တော်တို့ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ အထက်အညာဒေသ တောရွာကလေးများတွင် အရေး၊ အဖတ်၊ အတွက် (အ) သုံးလုံးကျေ သင်တန်းများပေးရန်အတွက် တက္ကသိုလ်ကျောင်းသားရေးရာဌာနတွင် စာရင်းပေးသွင်းပြီး အသုံးလုံးဗဟိုကော်မတီမှ စီစဉ်ပေးချက်အရ ရန်ကုန်ဘူတာကြီးမှတစ်ဆင့် အထူးမီးရထားဖြင့် ထွက်ခဲ့ကြပါသည်။

နွေရာသီကျောင်းပိတ်ရက် ဒုတိယနှစ်ဖြေအပြီးဖြစ်၍ လွန်စွာလွတ်လပ်နေသဖြင့် အိမ်တွင် အလဟဿအချိန်ကုန်မည့်အစား ဒေသန္တရဗဟုသုတရရန်နှင့် ပညာဒါနပေးလှူရန်၊ မိတ်ဆွေသစ်များ တိုးပွားစေရန် ရည်ရွယ်ချက်များဖြင့် ခရီးထွက်ခဲ့ကြခြင်းဖြစ်ပါသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အတွဲက ပထမနှစ် ပထဝီဝင် အဓိကယူသော ကိုတင်ရွှေဖြစ်သည်။ သူက မော်လမြိုင် (ကျိုက္ကမီ) မြို့သား၊ အထက်မြန်မာပြည်သို့ မရောက်ဖူးသေး၍ ကျွန်တော်က စည်းရုံးပြီး ခေါ်ခဲ့ခြင်းဖြစ်သည်။

တက္ကသိုလ်ကျောင်းသားအများစုမှာ နွေရာသီကျောင်းပိတ်ရက်ရှည်တွင် မိဘရပ်ထံ၊ မြို့ရွာအသီးသီးသို့ပြန်ကြပြီး မိဘလက်ငုတ်လုပ်ငန်းများအား ဝိုင်းဝန်းကူညီလုပ်ဆောင်ကြသည်က များသည်။ နယ်ထွက်အသုံးလုံးလုပ်အားပေးရန် လိုက်ပါသူများမှာ ကျွန်တော်တို့လို မြို့ပေါ်တွင်နေပြီး ဝန်ထမ်းသားသမီးများက များပါသည်။

ရထားကြီး ရန်ကုန်ဘူတာကြီးမှ မနက်(၈)နာရီခန့်တွင် စထွက်တော့၊ အသုံးလုံးဗဟိုကော်မီတီနှင့် ဆရာ၊ ဆရာမများ ကျောင်းသူ၊ ကျောင်းသားများက လိုက်လံပို့ဆောင်နှုတ်ဆက်ကြရာ ရန်ကုန်ဘူတာကြီး၌ အလွန်စည်ကားသည်။

ရထားထွက်တော့ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နှုတ်ဆက်ကြသည်မှာ အလွန်ပျော်စရာကောင်းသည်။ အထူးရထားကြီးပေါ်တွင် အုပ်ထိန်းသူ ဆရာ၊ ဆရာမများနှင့်အတူ ကျောင်းသား၊ ကျောင်းသူ (၅၀၀)ကျော်ခန့်ပါ,ပါသည်။ မွန်းကြပ်သော ရန်ကုန်မြို့ကြီးကို နှုတ်ဆက်ခွဲခွာလာခဲ့ကြခြင်းဖြစ်သည်။

နေ့လယ်စာစားချိန်၊ ညောင်လေးပင်ရောက်တော့ ကြီးကြပ်လိုက်ပါလာသော ပုဂ္ဂိုလ်များက ထမင်းထုပ်များဝေသဖြင့် ရထားပေါ်၌ ပျော်ရွှင်စွာ စားသောက်ကြသည်။ အမျိုးသမီးကျောင်းသူများက ထမင်းချိုင့်များပါသဖြင့် ကျွန်တော်တို့ ဟင်းမျိုးစုံဖြင့် စားရသည်။





တက္ကသိုလ်ဝင်းအတွင်း၌ မခင်မင်ဖူးသော်လည်း မျက်မှန်းတန်းမိ၊ မြင်ဖူးတွေ့ဖူးရုံဖြင့်ပင် မိတ်ဆွေအပေါင်းအသင်း အရင်းအချာများဖြစ်သွားကြသည်။ ဤသည်က အသုံးလုံး ကျေးဇူးပင်ဖြစ်သည်။ ညရောက်တော့ သီချင်းများ သံပြိုင်ဆိုကြသည်။ တစ်ယောက်နှင့်တစ်ယောက် မရုက်မကြောက်ကြတော့၊ တကယ့်မောင်နှမအရင်းများသဖွယ်ပင်ဖြစ်သည်။

မန္တလေး ဘူတာကြီးရောက်တော့ ညစာကျွေးပြန်သည်။ မန္တလေးတက္ကသိုလ်များမှ ဆရာ၊ ဆရာမနှင့် ကျောင်းသူ၊ ကျောင်းသားများကလည်း လာရောက်ကြိုဆိုနှုတ်ဆက်ကြသည်မှာ တပျော်တစ်ပါးပင်။ မန္တလေးဘူတာကြီးတွင် ရထားစက်ခေါင်းတွဲ၊ လဲလှယ်သဖြင့် အတော်အချိန်ကြာအောင် စောင့်ရသည်။ ကျောင်းသားများ ဈေးဆင်းဝယ်ကြသေးသည်။

ည (၉)နာရီခန့်တွင် မန္တလေးဘူတာကြီးမှ ရထားကြီး ဆက်ထွက်ပြန်သည်။ တစ်ညလုံးအိပ်၍ လိုက်ရမည်ဖြစ်သဖြင့် ညဉ့်နက်သည်နှင့်အမျှ ဖိုးဆိုချင်၊ မယ်ဆိုချင်တို့အသံများ တိတ်ဆိတ်သွားသည်။ ခရီးပန်းပြီး ဗိုက်ပြည့်သဖြင့် အိပ်ကြပြီဖြစ်သည်။ မနက်ဝေလီဝေလင်းတွင် မုံရွာမြို့သို့ရောက်သည်။

ကျွန်တော်တို့အဖွဲ့အား ဘူတာကြီးအနီးရှိ အထက်တန်းကျောင်းကြီးတွင် ခေတ္တနေရာချထားပေးပြီး မြို့ခံများက ကြိုဆိုကြသည်။ မနက်စောစောစာကို ကော်ဖီ၊ လက်ဖက်ရည်၊ ကောက်ညှင်းပေါင်း၊ အကြော်မျိုးစုံတို့ဖြင့် ကျွေးမွေးညှိဝတ်ပြုသည်။

ထို့နောက် ကျွန်တော်တို့အား နှစ်အလိုက်တက္ကသိုလ်များ ရောနှောပြီး တာဝန်ကျရာ မုံရွာမြို့နယ်အသီးသီးသို့ ခွဲဝေပေးသည်။ မနက်



www.burmeseclassic.com

www.burmeseclassic.com



(၉)နာရီခန့်တွင် ချက်ဗလက်ကားကြီးများဖြင့် မြို့နယ်များက လာကြိုကြသည်။

ကျွန်တော်တို့ ခွဲဝေတာဝန်ကျသည်မှာ ဘုတလင်မြို့နယ်ဖြစ်သည်။ မနက်ပိုင်းသို့သော်လည်း အညာလေက တဖြည်းဖြည်း ပူနွေးလာသည်။ လမ်းဘေး၌ ထနောင်း၊ ဆူးရစ်၊ ထန်းတောနှင့် မိုးနံ့ဆူးချုံဖီးပင်နှင့် တန်ဆောင်းပင်များကသာ နေရာယူထားသည်။ အောက်ပြည်အောက်ရွာလို စိမ်းလန်းသောတောက ရှားသည်။

မိုးခေါင်ရေရှား ရပ်ဝန်းဖြစ်သဖြင့် အဝါရောင်ခြောက်သွေ့နေခြင်းကသာ ဂွကြွေကြီးဖြင့် နေရာယူထားသည်။ နေမြင့်လာသည်နှင့်အမျှ လေပူကြီးတိုက်ပြီး ပူအိုက်လာသည်။ လမ်းဘေး၌ ဖုန်က အလုံးလိုက်ကျန်ခဲ့သည်။ လှည်းဆွဲသော နွားများကလည်း ပိန်လှသည်။

ကျွန်တော်တို့ ဘုတလင်မြို့နယ်တွင်တာဝန်ကျသော ကျောင်းသား၊ ကျောင်းသူများမှာ အဖွဲ့ဝင် (၅၀)ခန့်ဖြစ်သည်။ ဘုတလင်မြို့နယ်၊ မြို့ပေါ်ရွာကြီးရောက်တော့ နေ့လယ် (၁၂)နာရီခန့်ရှိချေပြီ။ နေပူထဲ၌ပင် မြို့ခံများက အိုးစည်၊ ဒိုးပတ် အတီးအမှုတ်များဖြင့် ကြိုဆိုကြသည်။

ကျွန်တော်တို့အား အမျိုးသား၊ အမျိုးသမီး၊ သီးသန့်ခွဲခြားပြီး မြို့ပေါ်ရွာအထက်တန်းကျောင်းကြီးတွင် နေရာချထားပေးပါသည်။ နေ့လယ်စာကိုလည်း အသင့်စီစဉ်ထားရာ ကြက်သားနှင့် ဘူးသီးဟင်းအပြင် ပဲအမျိုးမျိုးဟင်းလည်း ပါသေးသည်။ ထို့နေ့က အညာလက်ရာဟင်းအမျိုးမျိုးမှာ ကျွန်တော်တို့ အောက်ပြည်အောက်သားများအတွက် လွန်စွာ ခံတွင်းတွေ့လှသည်။

---

စိတ်ကူးသစ်စာပေ



အညာထွက် ဟင်းရွက်စုံကြော်။ ကင်းပုံရွက်၊ ခွေးတောက်ရွက်၊ သနပ်ရွက်၊ မန်ကျည်းရွက်၊ ငရုပ်သီးစပ်ထောင်းမှာ လွန်စွာထမင်းမြိန်စေသည်။ ထို့နေ့က ကျွန်တော်တို့အဖွဲ့အား ရွာအသီးသီးသို့ ခွဲဝေပေးရန် အချိန်မရသဖြင့် မြို့ပေါ်ရွာ၊ အထက်တန်းကျောင်းကြီး၌ ညအိပ်ကြရသည်။ မြို့ပေါ်ရွာ တစ်ဘက်ကားလမ်း ဓားလွယ်ခုတ်တွင် ဖီးတောကြီးရွာရှိပြီး ထိုရွာမှတစ်ဆင့် လွန်စွာဆန်းကြယ်သော တွင်းတောင်သို့ (၃) မိုင်ခန့် လမ်းလျှောက်လျှင် ရောက်နိုင်ပါသည်။

အညာနွေမှာ ညပိုင်း၌ပင် အတော်ပူအိုက်လှသည်။ ည (၉) နာရီထိုးသည့်တိုင် မအိပ်နိုင်ကြသေးပါ။ အချို့က ဂစ်တာတီး၍လည်းကောင်း၊ အချို့က စုပေါင်းဝိုင်းဖွဲ့စကားပြော၍လည်းကောင်း၊ အနားယူကြရသည်။ အောက်လင်းဓာတ်မီးများကတော့ တစ်ညလုံးထွန်းပေးထားသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

နောက်တစ်နေ့မနက်တွင် မြို့ပေါ်ရွာကျောင်း၌ မနက်စောစာ ကျွေးသည်။ ကော်ဖီနှင့် ကောက်ညှင်းပေါင်းအပြင် အကြော်မျိုးစုံလည်း ပါသည်။ ထိုအချိန်၌ပင် ရွာအသီးသီးမှ အကြိုထောက်လှည်းများ ဝင်လာကြသည်။ မြို့နယ်အသုံးလုံးကော်မတီက အမျိုးသမီးများအား မြို့ပေါ်ရွာကြီးနှင့် နီးစပ်ရာရွာများသို့ ခွဲတမ်းချပေးသဖြင့် နေ့မပူခင် လှည်းများဖြင့် ထွက်ခွာသွားကြသည်။ အမျိုးသားများကိုတော့ မဲစနစ်ဖြင့် မဲဖောက်၍ ခွဲဝေပေးသည်။

ကျွန်တော်နှင့် ကိုတင်ရွှေကတော့ မဲမနှိုက်ပါ။ သူများမသွားချင်သော အဝေးဆုံးရွာများသို့ သွားရန် စာရင်းပေးထားသည်။ ထို့ကြောင့်ပင် မနက်ခင်းတစ်ခင်းလုံး ကျောင်းသား၊ ကျောင်းသူများအား အကြိုထောက်လှည်းများက အသီးသီး အသက၊ အသက လာကြိုသွားကြသည်။ နောက်ဆုံး နေ့လယ် (၁၁)နာရီထိုးသည်အထိ ကျွန်တော်တို့ (၂)ဦးအား အကြိုထောက်သောလှည်းများက ပေါ်မလာသေးပါ။





ထိုစဉ် အသုံးလုံး အမှုဆောင် လူကြီးတစ်ဦးက . . .

"ဆရာလေးတို့တာဝန်ကျတဲ့ ဘူးကြီးနဲ့ မုံထူးကျေးရွာကလေးတွေက ဘုတလင်မြို့နယ်အစွန်အဖျား တောင်ပေါ်မှာတည်ရှိတာ။ မြို့ပေါ်ရွာနဲ့ (၁၀)မိုင် ပျော့ပျော့လောက်ဝေးတယ်။ ကဲ . . . နေ့လယ်စာစားပြီး အေးအေးဆေးဆေး စောင့်ကြပါ"

ကျွန်တော်တို့ နေ့လယ်စာ စားသောက်ကြအပြီး လှည်းလာကြိုလျှင် အဆင်သင့်လိုက်နိုင်ရန် ပစ္စည်းများအားသိမ်းဆည်းပြီး အသင့်စောင့်နေကြစဉ် နေ့လယ် (၁၂)နာရီခန့်တွင် လှည်းတစ်စီး ဖုန်တလုံးလုံးဖြင့် ရောက်ရှိလာပါသည်။ လှည်းမောင်းသူနှင့် လူကြီးတစ်ဦးလည်း ပါလာသည်။ အမှုဆောင်လူကြီးက . . .

"သူကြီးဦးစံရွှေနဲ့ ကိုအေးသိန်းတို့ နောက်ကျလှချည့်လား"

"ဟုတ်ပါ့ဗျာ . . .။ မနက် (၆)နာရီကတည်းက ထွက်လာကြတာပဲ . . . ဦးဘိုးသင်းရေ။ တောင်ဆင်းတောင်တက်လမ်း၊ နွားတွေကလည်း ဒီရာသီမှာပိန်တော့ ညှာမောင်းရတယ်။ အခုလည်း (၁)နာရီလောက် နားဦးမှဖြစ်မယ်။ နွားတွေ၊ ပင်ပန်းလှပြီ"

"နားပါ၊ နားပါ။ နွားတွေကို အနားပေးပြီး အစာကျွေး ရေတိုက်ပါ။ သူကြီးတို့လည်း နေ့လယ်စာစားရင်း နားကြပါ။ လမ်းမှာ ရွာဆက်ကပြတ်တော့၊ သူကြီးတို့ရွာက အလွန်ခေါင်တာပဲ"

"အေးဗျာ . . . အဲဒါကြောင့် ကျွန်တော်တို့ရွာတွေက ကျောင်းဆရာတွေကို အားနာနေတာ"

ထိုစဉ် . . .

"ကျွန်တော်က ရပါတယ် သူကြီး။ ကျွန်တော်တို့လည်း ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆရာတွေမသွားချင်တဲ့ အဝေးဆုံး၊ အခေါင်ဆုံးရွာတွေကို တမင်ရွေးလိုက်တာပါ။ ဒါမှလည်း ကျွန်တော်တို့ ပိုကုသိုလ်ရမှာပေါ့ဗျာ''

''ဟုတ်ပဲ့ ဆရာလေးတို့ရယ်။ ကျွန်တော်တို့ရွာက ခေါင်လွန်းတော့ အစားအသောက်အပြင် ရေလည်းရှားပါတယ်။ အခုရာသီဆို နွားတွေကို ထန်းနို့နဲ့ ထန်းသီးခွံပဲ ကျွေးရတာ။ ဒါကြောင့် နွားတွေလည်း အလွန်ပိန်ပါတယ်။ ဒါပေမဲ့ ဆရာလေးတို့ မပူပါနဲ့။ ကျွန်တော်တို့ရွာတွေက စေတနာ အလွန်ကောင်းကြပါတယ်။

ရေချိုးဖို့ ရေစည်လှည်းတိုက်ပေးမယ်။ အစားအသောက်အတွက်ကတော့ ပဲအမျိုးမျိုးနဲ့ ရွာမှာမွေးထားတဲ့ ကြက်တွေရှိပါတယ်။ နောက်ဆုံး ရွာထဲအိမ်တွေက ဟင်းမကောင်းရင်တောင် ကျွန်တော်တို့အိမ်က နေ့တိုင်းချက်ကျွေးပါ့မယ်''

''ရပါတယ် ... သူကြီးရယ်။ ကျွန်တော်တို့က ဖိမ်ခံစားသောက်ဖို့ လာကြတာမဟုတ်ပါဘူး။ တောရွာသဘာဝကို လေ့လာရင်း ပညာဒါနပေးဖို့ လာကြတာပါ။ ဘာနဲ့ စားရစားရ ရောင့်ရဲတင်းတိမ်နိုင်ပါတယ်''

''အေးဗျာ ... ဆရာလေးတို့ရဲ့ အဲဒီစိတ်ဓာတ်ကို ကြိုက်ပါတယ်။ ကျွန်တော်တို့က အမျိုးသမီး၊ ကျောင်းဆရာမတွေဆိုအခက်လို့ တွေးနေတာ''

''ကျုပ်တို့ကလည်း သူကြီးတို့လို ခေါင်လွန်းတဲ့ရွာတွေကို ဆရာမလေးတွေ ဘယ်ပို့မလဲဗျာ''

ကော်မတီလူကြီးတစ်ဦးက ဝင်ပြောလာသည်။

သို့ဖြင့် အသုံးလုံးကော်မတီက သူကြီးတို့ကို နေ့လယ်စာကျွေးရင်း နွားများကိုလည်း အစာရေစာ တိုက်ကျွေးရင်း နားကြပါသည်။





စားသောက်ပြီးတော့ သူကြီးက ...

''ကဲ ... ဆရာလေးတို့ သွားကြရအောင်။ နေပူပေမဲ့ ကျွန်တော့်သမီးတွေက ဆရာလေးတို့ဆောင်းရအောင် ထန်းရွက်ဦးထုပ်တွေ ထိုးပေးလိုက်ပါတယ်။ အခုအချိန်သွားမှ မိုးချုပ်စ ရွာကိုရောက်မယ်။ လမ်းက ကျောက်ကုန်းအပြန်မှာ အတက်လမ်းကြီးပဲ''

''ဟုတ်ကဲ့ပါ သူကြီး''

ကျွန်တော်တို့ နွားပိန်ဆွဲသော လှည်းကလေးဖြင့် အညာနေပူပူ၊ ဖုန်တထောင်းထောင်းထဲတွင် ခရီးထွက်ခဲ့ကြသည်။ လမ်းဘေးတွင် မြက်ပင်ခြောက်များနှင့် ဇီးပင်၊ တန်ဆောင်းပင်များသာရှိသည်။

နွေထနောင်း၊ ဆောင်းမန်ကျည်းဟု စကားပုံရှိသော အရိပ်ရအပင်ကြီးများပင်မရှိ။ သစ်ပင်၊ သစ်တောမရှိတော့ ငှက်ငယ်ကလေးများကိုပင်မတွေ့ရ။ လွန်စွာသွေ့ခြောက်ပြီး ကန္တာရဆန်သော ဒေသဖြစ်ပေသည်။ သစ်ပင်ကြီးများ ကျိုးတိုးကျဲတဲရှိသော ဒိုအေစစ်သဖွယ်၊ မြို့ပေါ်ရွာကြီးက အနောက်ဘက်အဝေးတွင် ကျန်နေခဲ့သည်။

နေမှာ ပူပြင်းလှသော်လည်း ကျွန်တော်တို့ (၂) ဦး၊ သူကြီးသမီးများရက်လုပ်ပေးသော ထန်းရွက်ဦးထုပ်များကြောင့် အတန်ငယ်သက်သာပါသည်။ သို့သော် ပတ်ဝန်းကျင်မြေပြင်က တံလျှပ်ရောင်များကြောင့်လည်းကောင်း၊ ဖုန်မှုန့်များကြောင့်လည်းကောင်း မျက်စိမှာကျိန်းလှသဖြင့် အသင့်ပါလာသော နေကာမျက်မှန်များကို ထုတ်တပ်ရသည်။

ထိုစဉ် လှည်းသမားက ...

''ကျွန်တော့်နာမည် အေးသိန်းလို့ခေါ်ပါတယ်။ သူကြီးသားပါ။ ရွာကာလသားခေါင်းပေါ့။ ကျွန်တော်တို့ရွာက ဘုတလင်မြို့နယ်အစွန်ဆုံး၊



www.burmeseclassic.com

www.burmeseclassic.com



အခေါင်ဆုံး ကျောက်တောင်ပေါ်မှာ ရွာတည်ထားတာ။ မိုးနဲ့ဆောင်းမှာတော့ တောင်ယာလုပ်ငန်းရှိပါတယ်။ ပဲအမျိုးမျိုးထွက်ပါတယ်။

အခုလို နွေရာသီမှာတော့ ထန်းလျက်ချက်လုပ်ငန်းပဲ ရှိပါတယ်။ ထန်းပင်ပေါ်တော့ ထန်းရည်ကတော့ ပေါ်ခွေးပဲ ဆရာလေးတို့ရေ ...။ ထန်းရည်ကိုတော့ ကျွန်တော်တို့ရွာက လူကြီး၊ လူငယ်မရွေးသောက်ကြပါတယ်။ ဆေးအဖြစ်သောက်ကြတာများတော့ ရွာမှာ အသက် (၈၀) ကျော်အရွယ် အဘိုးအဘွားတွေ အများကြီးပဲ။

''အေးဗျာ ... ကိုအေးသိန်းရယ်။ ကျွန်တော့်နာမည်က သိန်းဝင်းပါ။ ဆရာက ကိုတင်ရွှေ တက္ကသိုလ်ကျောင်းသားတွေဆိုပေမဲ့ သူဌေးသားတွေ မဟုတ်ကြပါဘူး။ ဖြစ်သလို စားတတ်ပါတယ်။ ဖြစ်သလိုလည်း နေတတ်ပါတယ်။ ဘာမျှ အားနာစရာမရှိပါဘူး။ ထန်းရည်တော့ မသောက်ဖူးကြသေးပါဘူး။ ရွာရောက်တော့လည်း ရွာသားပေါ့ဗျာ၊ မဟုတ်ဘူးလား''

''ဟုတ်ပါ့ ဆရာလေးရယ်။ ကျွန်တော့်ကိုလည်း ညီအစ်ကိုလိုသဘောထားပါ၊ လိုအပ်တာမှန်သမျှ ပြောပါ၊ အားမနာပါနဲ့၊ ကျွန်တော်ဆောင်ရွက်ပေးပါမယ်''

''ဟုတ်ကဲ့ ... ကိုအေးသိန်း''

လှည်းလမ်းကြောင်းမှာ ဂဝံဆန်သောကျောက်ကုန်းမြေကို တက်လာတော့ ဖုန်အထရပ်သွားသည်။ သို့သော် ဂဝံမြေကို လှည်းဘီးစားထားတော့ လှည်းလမ်းကြောင်းမှာ လှည်းဘီးရာကြီးဖြင့် တွင်းချိုင့်ကြီးများဖြစ်နေသည်။ အလယ်ခေါင်ကုန်းမို့မို့မှာ လှည်းဝင်ရိုးဖြင့်ပင် မလွတ်တလွတ်။ တကျိုကျို ပွတ်တိုက်သွားသေးသည်။ နွား (၂)ကောင်မှာ ကုန်းတက်တွင် မနည်းရုန်းနေရရှာသည်။

စိတ်ကူးသစ်စာပေ



''ကိုအေးသိန်း ... ကျွန်တော်တို့ ဆင်းပြီး လမ်းလျှောက်မယ်လေ။ နွား (၂)ကောင် အတော်မောနေပြီ''

''ရပါတယ် ဆရာလေးရယ်၊ သူတို့ သွားနေကျပါ။ အတက်ဆိုတော့ ရုန်းရတာပေါ့။ ကျွန်တော့်နွားတွေက ပိန်ပေမဲ့ ဖွဲကောင်းကြပါတယ်။ ကြိမ်မတို့ရပါဘူး။ နေလည်းကျသွားပါပြီ''

မကြာမီ တောင်ကုန်းတစ်ခုပေါ်သို့ရောက်တော့ ကိုအေးသိန်းက နွားလှည်းကို ခေတ္တရပ်ပြီး နွားများကို အနားပေးရင်း ...

''ဟော့ဟိုက ထန်းပင်စုစုနဲ့ ပျပျကလေးမြင်ရတာ ကျွန်တော်တို့ ထူးကြီးရွာပေါ့။ ဟိုးညာဘက်ခပ်လှမ်းလှမ်းရွာက မုံထူးရွာ၊ ထူးကြီးနဲ့ မုံထူးက တစ်မိုင်လောက်ဝေးတယ်။ ရွာနှစ်ရွာကြားမှာတော့ ကျွန်တော်တို့ကိုးကွယ်တဲ့ ဘုန်းတော်ကြီးကျောင်းရှိတယ်''

ကျွန်တော်တို့က တောင်ကုန်းပေါ်ရောက်နေ၍ နေလုံးကြီးတဖြည်းဖြည်းကျသွားသည်ကို မြင်နေရသည်။ ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်လုံး ကန္တာရဆန်သော တောင်ခေါင်းတုံးများချည်းသာဖြစ်သည်။ အညာလေ့ ထန်းပင်ပင် ပေါက်ရောက်နိုင်ဟန်မတူ။ နေကျသွားသဖြင့် အပူရှိန်က လျော့သွားသည်။

သို့သော် အိုက်စပ်ပူလောင်တုန်းပင်။ တောင်ကုန်းပေါ်၌ ရှိနေသဖြင့် လေတော့တိုက်သည်။ သို့သော် လွင်တီးခေါင်ကွင်းပြင်ကို တိုက်ခတ်လာသောလေမှာ လေပူကြီးပင်ဖြစ်သည်။ ကျွန်တော် လက်မှာပတ်ထားသောနာရီကို ငုံ့ကြည့်တော့ ညနေ (၆)နာရီပင် ထိုးခါနီးပြီ။ နွေရာသီဖြစ်ပြီး တောင်ကုန်းပေါ်ရောက်နေသဖြင့် နေ့တာရှည်သော နွေရာသီမှာ နေကမဝင်သေး။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်နာရီလောက် မောင်းလိုက်ရင် ရွာကိုရောက်ပါပြီ ဆရာလေး"

ကုန်းတက်မှ လျှိုထဲဆင်း၍ တောင်ကုန်းသုံးလေးခုကို ဖြတ်ကျော်ရပြန်သည်။ တဖြည်းဖြည်း ကုန်းတက်က မြင့်လာသည်။ တစ်နာရီခန့်အကြာ နေဝင်တော့မှ ရွာတည်ထားသော တောင်ကုန်းပေါ်သို့ ရောက်လာသည်။ ရွာကုန်းပေါ်တွင် ထန်းပင် (၂၅) ပင်ခန့်နှင့်၊ ထနောင်းပင်၊ ဆီးပင်၊ ရှားပင်ကလေးများသာ ရှိသည်။ သစ်ပင်ကြီးကြီးမားမား အရိပ်ရသောအပင်မရှိ။

ရွာမှာလည်း အိမ်ခြေ (၅၀)ခန့်သာ အိမ်ကြီးအိမ်ကောင်းမရှိ။ ထန်းလက်မိုး၊ ထန်းလက်ကာ၊ မြေစိုက်အိမ်ကလေးများသာဖြစ်သည်။ ကျွန်တော်တို့ တည်းခိုရမည့်အိမ်မှာလည်း သူကြီးဦးစံရွှေ၏ မြေစိုက်အိမ်ကြီးသာဖြစ်သည်။ သို့သော် ကျယ်ပြန့်၍ တော်ပါသေးသည်။ တစ်ရွာလုံးဝိုင်းလာကြပြီး ကြိုဆိုနှုတ်ဆက်ကြသည်။

ကျွန်တော်သတိထားမိသည်ကတော့ အမျိုးသမီးများအားလုံး အသားညိုကြပြီး အမျိုးသားများက အသားဖြူကြခြင်းဖြစ်သည်။ ရုပ်ရည်များကတော့ မြန်မာဆန်ကြသည်။ လိုက်လှဲဖော်ရွေသော အပြုံးများကြောင့် ကျွန်တော်တို့ အမောပြေကြရပါသည်။

ကျွန်တော်တို့အား အိမ်ရှေ့ဘုရားစင်အောက်၊ ထန်းသားခင်းထားသော စင်ပေါ်တွင် နေရာပေးသည်။ ပစ္စည်းများချထားပြီးတော့မှ အိမ်အပြင်အဆောင်ထုတ်ထားသော လေးထောင့်စားပွဲကြီးနှင့် ခုံတန်းရှည်ကြီးပေါ်တွင် လက်ဖက်သုပ်နှင့်အခါးရည်ကို သူကြီးသမီးလေးများက ပြင်ဆင်ပြီး ...

"ဆရာလေးတို့ အဆာပြေ သုံးဆောင်ကြပါဦး"





"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ထိုစဉ် ကိုအေးသိန်းက ...

"ဆရာလေးတို့ အဆာပြေသုံးဆောင်ကြပါဦး။ ကျွန်တော် ဆရာလေးတို့ချိုးဖို့အတွက် ဘုန်းကြီးကျောင်း ရေတွင်းက ရေစည်တစ်လှည်းလောက် တိုက်လိုက်ဦးမယ်။ မကြာပါဘူး"

ကျွန်တော့်သူငယ်ချင်း ကိုတင်ရွှေက ...

"အေးဗျာ ... ကိုအေးသိန်းရယ်၊ လမ်းတစ်လျှောက်လုံး ဖုန်အလူးလူးနဲ့ လာကြတော့ ရေတော့ ချိုးချင်တယ်ဗျာ"

ကျွန်တော်က အားနာသဖြင့် ...

"ကိုအေးသိန်းရေ ... နွားတွေလည်း ပင်ပန်းလှပါပြီ။ ခြေလက်ဆေး၊ မျက်နှာသစ်ရရင် တော်ပါပြီဗျာ"

"အားမနာနဲ့ဆရာလေး ... အိမ်မှာ နွားနှစ်ရှဉ်းရှိတယ်။ ရေစည်လှည်းတိုက်တဲ့ နွားတွေက သပ်သပ်၊ အခု ကျွန်တော်မောင်းလာခဲ့တဲ့ နွားတွေကို အနားပေးလိုက်ပြီ။ အလတ်ညီမက ရေတိုက်။ နွားစာကျွေးနေပြီ"

ကျွန်တော်တို့ အဆာပြေစားသောက်နေကြစဉ် လူငယ်တစ်ဦးက ထန်းရည်မြူအိုး (၄)လုံးလာပို့သည်။ အိုးကလေးများမှာ မည်းနက်နေသည်။ သူကြီးက ...

"ဆရာလေးတို့ ... ရေမချိုးမီ ငှက်ခါးတောင် ထန်းရည်ကလေးများ သောက်ကြည့်ပါဦး။ ရွာကျောက်ကုန်းပေါ်မှာပေါက်တဲ့ ထန်းပင်မို့ အလွန်အရသာကောင်းပါတယ်။ ရော့ ... မြည်းကြည့်ပါဦး"

ဟုဆိုသဖြင့် ကျွန်တော်မြည်းကြည့်ရာ အလွန်ခါးပြီး မူးသဖြင့် အကြမ်းပန်းကန်တစ်လုံးကုန်အောင်ပင် မနည်းမျိုချရသည်။ သူကြီး



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ပဲခြမ်းကြော်ကလေးစားလိုက်၊ ထန်းရည်တစ်ကျိုက်သောက်လိုက်ဖြင့် အမောအပန်းဖြေနေသည်။ ကိုတင်ရွှေကို ကြည့်လိုက်တော့လည်း ကျွန်တော်ပင် မသောက်နိုင်။ မျက်နှာရှုံ့မဲ့နေသည်။ သူကြီးက–

"ဆရာလေးတို့ မသောက်နိုင်ဘူးထင်တယ်။ ဒါဆို မနက်ဖြန်နေ့လယ်ကျမှ ရဟန်းကြီးကြိုက် ပုစွန်ဆိတ်ခုန်၊ ပင်ကျရည်ချိုပြင်းကလေး သောက်ပေရော့။ ထန်းရည်က ဆရာလေးတို့ မြို့ပေါ်က အရက်ပြင်း တွေလို မဟုတ်ပါဘူး။ ဆေးဘက်ဝင် သဘာဝထန်းရည်ပါ။ ကျွန်တော်တို့ရွာမှာ အသက် (၈၀) ကျော် အဘိုးအဘွားတွေပေါတာ ထန်းရည်ကြောင့်ပဲ။ တန်ဆေး၊ လွန်ဘေးပေါ့ ဆရာလေးတို့ရယ်"

မကြာမီ ကိုအေးသိန်း၏ လှည်းသံကြားရပြီး ရေစည်ထဲ ရေထည့်သံကိုလည်း ကြားရသည်။

"ဆရာလေးတို့ ... ရေချိုးလို့ရပြီ"

ကိုအေးသိန်းလာခေါ်မှ ကျွန်တော်တို့ ရေဆင်းချိုးကြသည်။ ရေမှာ တွင်းရေဖြစ်သဖြင့် နွေရာသီဖြစ်သော်လည်း အေးစိမ့်နေသည်။ ရေချိုးပြီးမှ လူမှာ လန်းဆန်းသွားသည်။ ကျွန်တော်တို့ အဝတ်အစားလဲနေကြစဉ် သူကြီးသမီးများက ထမင်းပွဲပြင်ကြသည်။

"လာချို့ ... ဆရာလေးတို့ ထမင်းစားကြရအောင်"

သူကြီးက ခေါ်သဖြင့် ကျွန်တော်တို့ ညစာထမင်းဝိုင်းတွင် ဝင်ထိုင်တော့ ဟင်းအမည်ကွာ စုံလှသည်။ တစ်ရွာလုံးက လာပေးထားကြဟန်တူသည်။ ပဲအမျိုးမျိုးဟင်းက အများဆုံး။ အသီးအရွက်ဟင်းလည်းပါသည်။ ကြက်သားဆီပြန်ဟင်းနှင့် အသုပ်များလည်း ပါသည်။ ဟင်းချိုကတော့ ခွေးတောက်ရွက်နှင့်ကြက်ရိုး။ ထမင်းကတော့ အညာဒေသထွက်ဖြစ်၍ အတော်ကြမ်းသည်။





ထူးဆန်းသည်ကတော့ နှမ်းပတ်ချဉ်သုပ်နှင့် ဓောင်ရမ်းချဉ်သုပ်အပြင် ငရုတ်သီးဆားထောင်းကလေးလည်း ပါသေးသည်။ အညာလက်ရာဖြစ်ရာ ထမင်းအလွန်မြိန်ပါသည်။ ကျွန်တော်တို့ ခရီးပန်းလာကြ၍ စားကောင်းကောင်းနှင့် စားလိုက်ကြသည်မှာ ထမင်းနှစ်ပန်းကန်စီကုန်သည်။ ထမင်းစားပြီးတော့မှ ကိုအေးသိန်းကို သတိရသည်။

"အဘ ... ကိုအေးသိန်းရော မမြင်ပါလား"

"ဪ ... သားက ဒီအချိန် မစားသေးဘူး။ ဒီနေ့ သူလည်း ပင်ပန်းတော့ သူ့ကာလသားအဖွဲ့နဲ့ ထန်းရည်ဝိုင်း ထိုင်နေရောပေါ့"

ကျွန်တော်တို့ ညစာစားပြီး၍ လက်ဖက်ရည်ကြမ်းဝိုင်းထိုင်ပြီး စကားပြောနေကြစဉ် ရပ်ရွာလူကြီးများ ရောက်ရှိလာကြပြီး မိတ်ဆက်စကားပြောကြတော့သည်။ နွေရာသီတွင် ယောကျ်ားများက ထန်းတက်၊ မိန်းမများက ထန်းလျက်ချက်ကြသဖြင့် အနားယူ အားချိန်ရကြကြောင်း၊ မိုးရာသီနှင့် ဆောင်းရာသီတွင် တောင်ယာစိုက်ခင်းများလုပ်ကြ၍ မအားလပ်ကြောင်း၊ အသုံးလုံးစာသင်ရန်အတွက် နေရာရွေးကြတော့လည်း သူကြီးအိမ်ရှေ့ မြေကွက်လပ်တွင်သင်ရန် သဘောတူကြသည်။

မုံထူးရွာမှာ ဆင်းရဲပြီး အစွန်အဖျားကျသဖြင့် ကျောင်းဆရာများ၊ ထူးကြီးရွာ၌ပင် အခြေချပြီး ညပိုင်း ထူးကြီးရွာတွင်စာသင်၍ မနက်ပိုင်း မုံထူးရွာသို့သွား၍စာသင်ရန် ဆုံးဖြတ်ကြသည်။ နေ့ည ဒိုင်ခံကျွေးမည်ကတော့ ထူးကြီးရွာက တာဝန်ယူပါသည်။

ထိုနေ့ညက ကျွန်တော်တို့စကားဝိုင်းသိမ်းပြီး ည(၉)နာရီခန့်မှ ကိုအေးသိန်း ပြန်ရောက်လာသည်။ သူကြီးသမီးများက ဘုရားစင်ရှေ့ ကျွန်တော်တို့ ပစ္စည်းထားရာနေရာတွင် အိပ်ရာပြင်ပေးသည်။ ကိုအေး



www.burmeseclassic.com

www.burmeseclassic.com



သိန်းထမင်းစားအပြီးကိုစောင့်ရင်း ကိုတင်ရွှေက ကိုအေးသိန်းကို မေးတော့သည်။

"ကိုအေးသိန်းရေ ... ခင်ဗျားကို စောင့်နေတာ။ အပေါ့အလေးသွားဖို့ အိမ်သာက ဘယ်နားမှာလဲ။ ကျွန်တော် မတွေ့မိဘူး။ အစောကတော့ ရေချိုးရင်း အမှောင်ထုအကာအကွယ်နဲ့ နောက်ဖေးခြံထောင့်မှာ အပေါ့စွန့်လိုက်ရတယ်။ မနက် အလေးသွားချင်ရင် ဒုက္ခရောက်မှာစိုးလို့ ကြိုတင်မေးထားတာပါ"

"ဆရာလေး ... ကျွန်တော်တို့ရွာတွင်းမှာ ယိုအိမ်သာမထားကြဘူးဗျ။ ရွာအနောက်ဘက် မိုးနံ့ချုံတောထဲမှာပဲသွားကြတာ ဓလေ့ဖြစ်နေပြီ။ ဟုတ်ပါ့ဗျာ ...။ နောက် ကျွန်တော်အားတဲ့နေ့ကျမှ အိမ်အနောက်မှာ အိမ်သာဆောက်ပေးပါ့မယ်။ အသုံးလုံးလူကြီးတွေကလည်း အိမ်သာဆောက်ဖို့ မှာလိုက်ပါတယ်။ ဆရာလေးတို့ ... အပေါ့စွန့်ချင်ရင်တော့ ခြံအနောက်ဘက်မှာပဲစွန့်ပါ"

ထိုညက ကျွန်တော်တို့ ည (၁၀)နာရီခန့် အိပ်ရာဝင်ကြသည်။ ခြင်ထောင်မထောင်ထား၍ ဟာလာဟင်းလင်း။ သို့သော် ခြင်မကိုက်ပါ။ အလွန်ပူအိုက်လှသည်။ ည (၁၂)နာရီခန့်မှ အေးလာသဖြင့် အိပ်ပျော်သည်။ မနက် (၆)နာရီခန့် အိပ်ရာကနိုးတော့ ညက ပဲဟင်းမျိုးစုံစားထား၍ထင့်၊ ဗိုက်က ရစ်ပြီးနာလာသည်။ ထို့ကြောင့် ရွာအနောက်ဘက်တောသို့ သတင်းစာစက္ကူယူပြီး ပြေးရတော့သည်။

မိုးနံ့ချုံနှင့် ဆူးရစ်ချုံအကြား ဝင်ပေါက်ကလေးဖြစ်နေ၍ ခေါင်းငုံ့ပြီး ဝင်လိုက်စဉ် မိန်းမကြီးတစ်ယောက်ထိုင်၍ အလေးသွားနေသည်ကို တွေ့ရသဖြင့် ...

"ဟာဗျာ ... ဆောရီးနော် အဒေါ်ကြီး"





မိန်းမကြီးကလည်း နေရာက မထ၊ ပုံစံမပျက် ...

"ကန်တော့ ... ကန်တော့ ... ဆရာလေး။ ဆရာလေးတို့ယောကျ်ားတွေက ဟိုအရှေ့ဘက်တော ထိုင်ရမှာ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ကျွန်တော့်မှာ အန္တရာယ်ကိုမနည်းလွှယ်ထားရပြီး အဒေါ်ကြီးညွှန်သော ထန်းပင်ကြီး (၃) ပင်ခြားထားသည့် အနောက်တောင်ဘက်သို့ ပြေးရပြန်သည်။ မိုးနံ့ချုံကြီးအောက်အရောက်မှ အားရပါးရ တောထိုင်ရတော့သည်။ မြွေပါ၊ ကင်းပါးကိုပင် ဂရုမစိုက်နိုင်တော့။ ပဲစားပြီးသွားသောကျင်ကြီးနံ့မှာ ယူနီဖောင်းဖြစ်ဟန်တူသည်။ နေပူလွန်း၍လည်း ဖြစ်ပေမည်။

အခြောက်မြန်သဖြင့် အနံ့ကသိပ်မထွက်။ ကျင်ကြီးစွန့်ရာအနောက်တောက မိုးနံ့ပင်၊ တန်စောင်းပင်နှင့် ဆူးရစ်ပင်များကတော့ မြေဆီဩဇာကောင်းလှသဖြင့် သန်စွမ်းစိမ်းစိုနေသည်။ ရွာအစွန်း၌ နွေလယ်နေ့ခင်း ပူအိုက်လွန်းလှလျှင်ပင် အနောက်တောသို့ လာထိုင်ရမလို ဖြစ်နေသည်။

ကိစ္စပြီး၍ သတင်းစာစက္ကူဖြင့် သုတ်သင်ရရာ၊ ရေမရှိသဖြင့် ပူစပ်ပူလောင်ဖြစ်နေသည်။ မနေတတ်သဖြင့် တည်းခိုအိမ်ပြန်ရောက်သည်နှင့် မနက်စောစော ရေချိုးလိုက်ရတော့သည်။ ဤကိစ္စမှာ ကြာလျှင် လွယ်မည်မထင်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

အိမ်သာကိစ္စစိတ်ပူတတ်သော ကိုတင်ရွှေကို မနက်အဆာပြေစားပြီးနောက် ကျွန်တော်ကပင် ဦးဆောင်လိုက်ပို့ရပြန်သည်။ သူ့အားစောင့်နေစဉ် ကျွန်တော် ထန်းပင်ကြီးတစ်ပင်ကို မှီပြီး အတွေးပွားနေမိသည်။

မနက်ကကိစ္စမှာ အဒေါ်ကြီးဖြစ်၍ တော်တော့သည်။ မိန်းမပျိုကလေးသာဖြစ်လျှင်တော့ ကျွန်တော်မလွယ်ပါ။ မျက်နှာပူစရာဖြစ်သည့်အပြင် သူကြီးကိုပင် တိုင်ချင်တိုင်ပေလိမ့်ဦးမည်။ ကျွန်တော် စိတ်ကူးဖြင့် ပြုံးနေမိသည်။

ထိုစဉ် ကိုတင်ရွှေက ကိစ္စပြီး၍ ချုံကွယ်မှထွက်လာပြီး ...

"ကိုသိန်းဝင်းရေ ... မလွယ်ဘူးဗျ။ ညရေးညတာဆိုရင် ဒုက္ခပဲ။ ကိုအေးသိန်းကို ခြံထဲမှာ အိမ်သာဆောက်ဖို့ကိစ္စ လောဆော်ဦးမှ ဖြစ်တော့မယ်။ ဒါနဲ့ ခင်ဗျားက ဘာလို့ပြုံးနေရတာလဲ"

ကျွန်တော်က မနက်ကတောထိုင်သွားစဉ် အဒေါ်ကြီးတစ်ဦးနှင့်တိုးသည့်ကိစ္စကို ပြောပြရာ ကိုတင်ရွှေတစ်ယောက် ခွက်ထိုးခွက်လန် ရယ်တော့သည်။





"ဟား ... ဟား ... ဟား ... ဟား ..."

"ခင်ဗျား ... အပျိုလေးနဲ့သာတိုးရင်တော့ အရှက်အကြောက်တရားကြောင့် အတင်းယူနိုင်းရင် အိမ်ထောင်ကျရမဲ့ကိန်းပဲ"

"ဟား ... ဟား ... ဟား ... ဟား ..."

သည့်တစ်ခါ အားရပါးရရယ်သည်က ကျွန်တော်ပင်ဖြစ်သည်။ တည်းအိမ်ပြန်ရောက်တော့ ကိုတင်ရွှေလည်း မနေတတ်သဖြင့် ရေချိုးသည်။ ကျွန်တော်တို့အားစောင့်နေသော သူကြီးနှင့် သားဖြစ်သူ ကိုအေးသိန်းတို့က ...

"ဆရာလေးတို့ကို စောင့်နေတာ။ ဆရာတော်ကျောင်းသွားပြီး ကန်တော့မယ်။ ပြီးရင် မုံထူးရွာကို လိုက်ပြမယ်"

ကျွန်တော်တို့ ရွာတောင်ကုန်းပေါ်ကဆင်းလာတော့ စိမ်းစိုနေသော လျှိုတစ်ခုကိုဖြတ်ရသည်။ လျှိုပတ်ဝန်းကျင်တွင် စိမ်းလန်းသော လူတစ်ရပ်ခန့်မြင့်သည့် ပင်ထောင်ပန်းရုံကလေးများကို တွေ့ရသည်။ စိမ်းစိုသောအပင်ကလေးများ၏ ထိပ်ဖျားတွင် အဖူးအပွင့်ဖြူဖြူကလေးများ ဖူးပွင့်နေသည်။ မွှေးရနံ့မှာ သင်းပျံ့လှသဖြင့် ကျွန်တော်က ပန်းဝါသနာပါသူပီပီ အပြေးသွားပြီး ပန်းပွင့်ကလေးတစ်ပွင့်အား ချူး၍ နမ်းကြူမိသည်။

"ဘဘ ... ဘာပန်းလဲ။ အလွန်မွှေးတာပဲနော်"

"တံတိုင်းမွှေး အရိုင်းပန်းပင်တွေပါ ဆရာလေး"

"အညာဒေသမှာ အခုလို တံတိုင်းမွှေးပန်းပင်တွေပေါက်တယ်ဆိုတာ အံ့သြစရာပဲနော် အဘ"

"အင်း ... အဲ့ဒါ ထူးခြားချက်ပေါ့ ဆရာလေးရဲ့။ ဒီနေရာက စိမ့်စမ်းပေါတယ်လေ။ ဟော့ဟိုက ... သဘာဝကျောက်ရှာကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေအဲ့နောက်မှာ လှိုဏ်ကြီးရှိတယ်။ လှိုဏ်ထဲမှာ အခုလိုနွေရာသီမှာတောင် ရေက လူတစ်ရပ်လောက် အနက်ရှိသေးတယ်။ ဒါဟာ ကန်တော်အရှင်မ ပိုင်နက်ပေါ့။ နောက်ပြီး ဆရာလေး သတိထားမိသေးသလား။ ကျွန်တော်တို့ရွာက အမျိုးသမီးမှန်သမျှ အကုန်အသားညိုတယ်။ ယောကျ်ားလေးတွေမှန်သမျှ နေပူထဲမှာ ပင်ပင်ပန်းပန်းလုပ်ကြရပေမဲ့ အကုန်အသားဖြူကြတယ်''

''ဟုတ်ပါတယ် ... ကျွန်တော်လည်း သတိထားမိပါတယ်။ သူကြီးကတော်နဲ့သမီးတွေက အကုန်အသားညိုတယ်။ သူကြီးနဲ့သားကိုအေးသိန်းကျတော့ အသားဖြူကြတယ်နော်။ အဲဒါ ဘာကြောင့်ပါလဲ အဘ''

''အဲဒါ ကန်တော်ရှင်မ ကျိန်စာကြောင့်ပေါ့။ ကန်တော်အရှင်မက ယောကျ်ားကလေးတွေကို ပိုချစ်တယ်လေ။ ရှေးလူကြီးသူမတွေ အစဉ်အဆက် ပြောလာကြတာကတော့ ဆရာကလေးက အစောနရူးလိုက်တဲ့ တံတိုင်းမွှေးပန်းနဲ့ ဆက်နွယ်ပတ်သက်နေတယ်။ ပုံပြင်ဆန်ဆန်ပါပဲ။

ရှေးအခါက ဒီရွာကသူတွေ၊ ယောကျ်ား၊ မိန်းမ၊ အသားဖြူကြတယ်တဲ့၊ အဲ ... တစ်နေ့မှာ ရွာသူတစ်ယောက်က ဒီအနားက တံတိုင်းမွှေးပန်းတွေကို ပန်ဖို့ခူးလိုက်တာကစပြီး ကန်တော်အရှင်မ ကျိန်စာသင့်လို့ မိန်းမမျှသမျှ အကုန်သူအသားမည်းကုန်သတဲ့။ ဟုတ်လည်း ဟုတ်လောက်ပါတယ်။ အခုကာလအထိ ဆရာလေးတို့မြင်တဲ့အတိုင်း ဒီရွာမှာရှိတဲ့ ယောကျ်ားမှန်သမျှ အကုန်အသားဖြူပြီး မိန်းမမှန်သမျှ အကုန်အသားမဲတယ်''





''ဟာ ... အဲဒါဆိုရင် ကျွန်တော်လည်း ကန်တော်အရှင်မ ခွင့်မပြုဘဲ တံတိုင်းမွှေးပန်းတစ်ပွင့် ခူးလိုက်မိတာ အဘပြောသလိုဆိုရင်တော့ ကန်တော်အရှင်မ ကျိန်စာသင့်တော့မှာပဲ''

''မပူပါနဲ့ ဆရာလေးရယ်။ ကျွန်တော် ပြောခဲ့ပြီကော၊ ကန်တော်အရှင်မက ယောကျ်ားကလေးတွေကို ပိုချစ်ပါတယ်လို့လေ။ ဆရာလေးက အသားဖြူပြီးသားဆိုတော့ အသားတောင် ပိုဖြူရင် ဖြူလာဦးမှာပဲ။ ဟဲ ... ဟဲ .. ဟဲ ...''

''ဝါး ... ဟား ... ဟား ... ဟား''

ကျွန်တော်တို့ သဘောကျလွန်း၍ ရယ်မိကြပါသည်။ ကျွန်တော်တို့ ကျောက်ဖျာကြီးများ အနားသွားကြည့်တော့ ကျောက်ဖျာကြီးများမှာ လေးထောင့်စပ်စပ် ဖြတ်ထားသလိုပင်။ သင်ပုန်းကျောက် အမျိုးအစားဖြစ်၍ မည်းနက်ပြောင်ချော၍ပြီး အကျယ်အဝန်းမှာ (၆)ပေ၊ (၈)ပေခန့် အရွယ်အစားများရှိကြသည်။ အထူက (၁) ပေခန့်ရှိသည်၊ နှစ်ချပ်သုံးချပ် ဆင့်၍ထပ်ထားသည်မှာ လှိုဏ်စပ်တွင် တန်းစီနေသည်။

ကျောက်ဖျာကြီးများအနီး လှိုဏ်ကမ်းစပ်တွင် တံတိုင်းမွှေးပန်းပင်များက တောထနေသည်။ လှိုဏ်ထဲတွင်မတော့ ရေက လူတစ်ရပ်ခန့်ရှိသည်။ အောက်ခံကျောက်သားအရောင်ကြောင့် ရေရောင်မှာ မည်းနက်နေသည်။ လွန်စွာ အေးမြမည့်ပုံရှိသည်။

''ဘဘတို့ ဒီလှိုဏ်ထဲကရေတွေကို စိုက်ပျိုးရေးအတွက် မသုံးကြဘူးလား''

''မလုပ်နဲ့ ဆရာလေး။ ကန်တော်အရှင်မ မကြိုက်ဘူး။ ကန်တော်အရှင်မလို့ ခေါ်ရတာကလည်း ရွာနဲ့ ဘုန်းကြီးကျောင်းအကြားမှာ ကန်တော်အရှင်မပိုင်တဲ့ ရေကန်ကြီးတစ်ခုရှိတယ်။ အခုလို နွေရာသီ



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ ရေခန်းပြီးပေါ့။ ကန်လယ်ဆင်းပြီး လက်ယက်တွင်းတူးပြီး ခပ်ရင်တော့ ရေကြည်ရနိုင်သေးတယ်။ ဒီလထဲမှာလည်း ကန်ဆယ်ပွဲ ရှိပါတယ်။ ကန်လယ်ကန်နံ့မြေတွေကို ဆယ်တင်ပြီး မြေတူးရတာပါ။ အလွန်ပျော်ဖို့ ကောင်းပါတယ်။

ရွာလုံးကျွတ် ကလေး၊ လူငယ်၊ အဘိုးအဘွားအကုန် လုပ်အားပေးလှူကြပါတယ်။ အိမ်တိုင်းကလည်း မိန်းမတွေက အညာမုန့်မျိုးစုံလုပ်ပြီး ကျွေးမွေးလှူဒါန်းကြတာ စေတနာပွဲလည်း ဖြစ်ပါတယ်။ ဆရာလေးတို့ ကြုံမှာပါ။ ထူးဆန်းတာတွေကိုလည်း တွေ့ရဦးမှာ။ ကန်ကြီးနေရာက ကန်တော်အရှင်မ သိုက်နန်းနေရာဖြစ်လို့ ကန်တူးသူတွေ ရွှေစငွေစတွေကို နှစ်စဉ်ရကြပါတယ်။ အဲဒီပွဲမှာ ကန်တော်အရှင်မကိုယ်တိုင်လည်း လူယောင်ဆောင်ပြီး လုပ်အားဝင်ပေးတတ်ပါတယ်''

''ဟုတ်ရဲ့လား ... အဘရယ်။ အဘကိုယ်တိုင်ရော မြင်ဖူးလို့လား''

''ငယ်စဉ်က ကိုယ်တိုင်မြင်ဖူးတာပေါ့ ဆရာလေးရယ်။ နှစ်တိုင်း ကန်ဖော်ရင်လည်း ယောကျ်ားကလေးတွေနဲ့ တစ်ယောက်မဟုတ်တစ်ယောက် မြင်ဖူး၊ ကြုံဖူးကြတာပါပဲ။ မိန်းမတွေကိုတော့ သူ့ပန်းတွေကို ခွင့်မတောင်းဘဲခူးလို့ အမျက်ရှုပန်တူပါရဲ့ မမြင်ဖူးကြဘူးလို့ ဆိုတယ်။

ကဲ ... နေမပူခင် လျှောက်ကြရအောင် ဆရာလေးတို့။ ဒီနေရာနဲ့ ကန်တော်အရှင်မကန်ကြီးရယ်၊ ဆရာတော်ကျောင်းကိုလည်း ဝင်ဦးမှာမို့ လှည်းမယူလာတာပါ။ လှည်းကလည်း ရွာကထန်းရာသီမှာ ထန်းလျက်ချက်လုပ်ငန်းအတွက် ထင်းတိုက်ရ၊ ရေစည်တိုက်ရနဲ့ မအားလှပါဘူး။





မနေ့က ဆရာလေးတို့ကို အကြိုထောက်ရတော့ ဒီနေ့ အလုပ်အကြွေးတင်သွားပြီ။ ကဲ ... သား အေးသိန်းရေ၊ သားပြန်ပြီး လုပ်ငန်းခွင်ဝင်တော့။ မင်းအမေတို့ မျှော်နေလိမ့်မယ်။ အဖေပဲ ဆရာလေးတို့ကို လိုက်ပို့လိုက်တော့မယ်။ ဆရာတော်ကိုကပ်မဲ့ လှူဖွယ်ပစ္စည်းတွေကိုတော့ ဆရာလေးတို့ကို ပေးလိုက်''

''ဟုတ်ကဲ့ အဖေ''

ကျွန်တော်တို့ ကိုအေးသိန်းရွာပြန်တော့ ထူးကြီးရွာကိုတစ်ပတ်ပတ်ပြီးနောက် မုံထူးရွာဘက်သို့ လမ်းလျှောက်ခဲ့ကြသည်။ တစ်မိုင်ခန့်လျှောက်ပြီးနောက် ကျယ်ပြန့်လှသော ရေကန်ကြီးအနီးသို့ ရောက်ကြသည်။ ကန်ကြီးအထဲ၌ ရေမရှိပါ။ နွေရာသီ ရေခန်းနေပေပြီ။

သို့သော် ရေကန်ကြီးအတွင်း၌ လက်ယက်တွင်းများတူး၍ ရေအိုးများဖြင့် ရေခပ်နေကြသော ရွာအပျိုကလေးများအုပ်စုကို မြင်ရသည်။ ရေကန်ကြီးနှင့် တိုက် (၁၀၀)ခန့် အကွာ၌လည်း စိမ်းစိုသာယာပြီး အသီးအပွင့်များ ဝေဆာစွာသီးပွင့်နေသော သစ်တောအုပ်ကလေးကို လှမ်းမြင်နေရသည်။ ရွာဘုန်းတော်ကြီးကျောင်းဟု အဘပြော၍ သိရပါသည်။ မနက်ခင်းမြင်ကွင်းမှာ လွန်စွာ အေးချမ်းသာယာလှသည်။

ကျွန်တော်တို့ ဘုန်းတော်ကြီးအားဝတ်ပြုရန် ကျောင်းအတွင်း ဝင်ခဲ့ကြရာ ကြက်များအကောင် (၃၀)ခန့်ရှိသောအုပ်စုက လန့်၍ ထပျံသွားကြသည်။ အိမ်ကြက်လိုမဟုတ်။ အတော်ဝေးဝေးသို့ အုပ်လိုက်ပျံသွားကြသဖြင့် ...

''အဘ ... တောကြက်တွေလားခင်ဗျ''

''မဟုတ်ပါဘူး ဆရာလေး၊ ကြက်တိန်ညင်တွေပါ။ ဘေးမဲ့လှူဒါန်းထားတဲ့ ကြက်တွေပါ။ အရိုင်းဝင်ပြီး ပွားများနေတာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လူတွေ့တာနဲ့ ပျံပြေးကြတာ။ ဒီနားဝန်းကျင်မှာ သူတို့နေဖို့ တောမှ မရှိတာဘဲ ဆရာလေးရယ်။ ရွာကစိုက်ထားတဲ့ ထင်းတောကလည်း ကျိုးတိုးကျဲတဲမို့ နိုအောင်းလို့ မရနိုင်ပါဘူး။ မကြာခင် ပြန်ဆင်းလာကြလိမ့်မယ်''

ထိုစဉ် ဘုန်းတော်ကြီးတစ်ပါး ထွက်လာပြီး . . .

''ဘယ်သူများမှတ်တယ်၊ သူကြီးဦးစံရွှေနဲ့ မြို့ကကျောင်းဆရာလေးတွေ မှတ်တယ်။ လာကြ . . . ကျောင်းပေါ်ကိုတက်ကြ''

''ဟဲ့ . . . ကျောင်းသားလေးတွေ ညော်သည်လာတယ်။ ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်လုပ်ကြစမ်း''

''တင်ပါ့ဘုရား''

ကျောင်းကလေးမှာလည်း ထန်းရွက်မိုး၊ ထန်းရွက်ကာ၊ ထန်းသားခင်းထားသော မြေစိုက်တဲကျောင်းကလေးသာဖြစ်သည်။ သစ်ပင်များ ဝိုင်းရံထားသဖြင့် လွန်စွာအေးမြလှသည်။ ကျောင်းအရှေ့ ခပ်လှမ်းလှမ်းတွင် စက်သီးတပ်ထားသော အုတ်စီရေတွင်းတစ်ခုကို တွေ့ရသည်။ ရွာက အားကိုးအားထားပြုရသော၊ နွေရာသီရေမခန်းသော တွင်းဟုလည်း အဘပြော၍ သိရပါသည်။

ကျွန်တော်တို့ ဆရာတော်အားဝတ်ဖြည့်ကြပြီး လျှဖွယ်၊ ဒါန်းဖွယ် ပစ္စည်းကလေးများနှင့် ဝတ္ထုငွေသားတစ်ရာ၊ ဆရာတော်က ငါးပါးသီလပေး၍ သာဓုခေါ်ပါသည်။ ဆရာတော်က ပညာဒါနလှူဒါန်းခြင်း၏အကျိုးကို ဟောပြောပြီး ကျွန်တော်တို့နှင့် အာလာပသလ္လာပ ပြောဆိုနေကြစဉ် တံတိုင်းမွှေးပန်းရနံ့ သင်းသင်းကလေးက လေထဲ၌ ဝေ့ဝဲရောက်ရှိလာပါသည်။ ကျွန်တော်က နှစ်ခြိုက်စွာ ရှူရှိုက်လိုက်ရင်း . .





''ဆရာတော်ဘုရား . . . ဒီကျောင်းထဲမှာ တံတိုင်းမွှေးပန်းပင် စိုက်ထားသလား ဘုရား''

''မဟုတ်ပါဘူး ဆရာလေး။ ဒကာမကြီးရောက်လာပြီး သာဓုခေါ်တာပါ''

ကျွန်တော်က ကျောင်းဝင်းအတွင်းလိုက်ကြည့်ရာ ထန်းပလက်၊ ထင်းများကို မီးဖိုချောင်ရုံထဲ၌စီထပ်နေသော ကျောင်းသားကလေးများမှလွဲ၍ ကျွန်တော်တို့အပြင် လူပိုမရှိပါ။

''ဒါယိကာမကြီးဆိုတာ ဘယ်သူပါလဲဘုရား''

''ဩော် . . . ဆရာလေးရယ်၊ ညော်သည်ဆိုတော့ မသိသေးဘူးထင်ပါရဲ့။ ဒါယိကာမကြီးဆိုတာ ကန်တော်အရှင်မကို ပြောတာပါ။ သူက ကောင်းမှုကုသိုလ်လုပ်ရင် အမြဲတမ်းလာပြီး သာဓုခေါ်နေကျပါ''

ကျွန်တော် အလွန်အံ့ဩမိပါသည်။ ကျောင်းထဲ၌လည်း တံတိုင်းမွှေးပန်းပင်များ စိုက်ပျိုးထားခြင်းမရှိပါ။ အဘပြောခဲ့သလို ရွာတော်အရှင်မ ကန်ဆယ်ပွဲကျလျှင်တော့ ကန်တော်အရှင်မ လူယောင်ဖန်ဆင်းပြီး လုပ်အားလာပေးလျှင် မြင်တွေ့လိုလှပါသည်။

သို့သော် လူတိုင်းမမြင်ရဘဲ ပဋ္ဌာန်းဆက်ရှိသူများသာ မြင်ရသည်ဟုဆိုသဖြင့် ကျွန်တော်နှင့် ဆုံတွေ့နိုင်ရန် ခဲယဉ်းလှပါသည်။ ကျွန်တော်တို့ ဆရာတော်အား ဝတ်ဖြည့်နှုတ်ဆက်ပြီး မုံထူးရွာဘက်သို့ လျှောက်လှမ်းခဲ့ကြပါသည်။

အိုအေစစ်ကလေးသဖွယ် ဘုန်းတော်ကြီးကျောင်းဝင်းက အထွက် ကွင်းပြင်ရောက်တော့ မနက် (၉)နာရီကျော်ခန့်သာ ရှိသေး



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း အညာနွေနေမှာ အစွမ်းပြလာသည်။ အလွန်ပူအိုက်လှသဖြင့် ပါလာသောဦးထုပ်များကို ဆောင်းရသည်။

နေကာမျက်မှန်ပါမလာသဖြင့် နေရောင်မှာ စူးစူးရဲရဲ ကျိန်းလှသည်။ တစ်မိုင်ခန့်လမ်းလျှောက်မှ မုံထူးရွာသို့ ရောက်လာသည်။ အိမ်ခြေ (၃၀)ခန့်သာရှိသော ရွာသိမ်ရွာငယ်ကလေးဖြစ်သည်။ အရိပ်ရသစ်ပင် ကြီးကြီးမားမားမရှိ။ ထန်းပင်၊ ထနောင်းပင်၊ တမာပင်၊ ရှားပင်ကလေးများသာရှိသည်။

ရွာအနောက်ဘက်တွင်တော့ အညာဆူးချုံတောကလေးများကို တွေ့ရသည်။ တောထိုင်သည့်တောများပင် ဖြစ်ပါလိမ့်မည်။ သူတို့ဓလေ့စရိုက်အရ အိမ်သာစနစ်မထားခြင်းကို ကျွန်တော် အလွန်အံ့ဩနေမိသည်။ အညစ်အကြေးစွန့်ခြင်းမှာ မလုပ်မဖြစ် လူတိုင်း နေ့စဉ်လုပ်ရမည့်ဖြစ်သလို ကျန်းမာရေးအတွက် အလွန်အရေးကြီးကြောင်း အညာသူ၊ အညာသားများ ကျယ်ပြန့်စွာ သိရှိကြဟန်မတူပါ။ မိရိုးဖလာအစွဲက ချွတ်မရဖြစ်နေဟန်ပင်။

သူကြီးဦးစံရွှေ ဆင့်ထားဟန်တူပါသည်။ ဆယ်အိမ်ခေါင်း၏အိမ်ကလေးရှေ့၌ ရွာသူရွာသား အယောက် (၃၀)ခန့် စုရုံးရောက်ရှိနေပါသည်။

"ကြပါ . . . သူကြီးနဲ့ ကျောင်းဆရာလေးတို့၊ ကျွန်တော်က မုံထူးရွာဆယ်အိမ်ခေါင်း မောင်ကြွက်နီပါ။ ဒီစားပွဲခုံမှာ ထိုင်ကြပါ။ ကျွန်တော်တို့ရွာမှာတော့ အသုံးလုံးသင်ရမဲ့သူ (၃၀)လောက်ပဲရှိပါတယ်။ စာတတ်ကြလို့ မဟုတ်ပါဘူး။ တစ်ရွာလုံး လူဦးရေ (၁၀၀)လောက်မှာ စာတတ်သူက (၁၀) ယောက်တောင် မပြည့်ပါဘူး။ စာတတ်ရေးထက်၊ ဝမ်းရေးကခက်တော့ အချိန်ပေးပြီး စာသင်နိုင်မဲ့သူက ရှားပါတယ်။





နေ့ပိုင်းမှာ ယောကျ်ားတွေက ရေခပ်၊ ထင်းရှာ၊ ထန်းတက်၊ မိန်းမတွေက ချက်ပြုတ်၊ ထန်းလက်ရှာ၊ ထင်းလှုပ်၊ ထန်းလျက်ချက်၊ အလုပ်တွေနဲ့ တစ်နေ့တစ်နေ့ အချိန်ကုန်မှန်းမသိ ကုန်တော့တာပါပဲ"

"ကဲ . . . သူကြီးနဲ့ဆရာလေးတို့၊ ရေနွေးကြမ်းနဲ့ ပဲခြမ်းကြော်သုပ် သုံးဆောင်ကြပါဦး"

မုံထူးရွာမှာ တစ်နေ့လုပ်မှတစ်နေ့စား၊ အတော်ဆင်းရဲပုံရသည်။ သို့သော် ကျွန်တော်တို့က စာသင်ရန်လာကြသူများဖြစ်ကြ၍ ကျွန်တော်တို့၏ စာတတ်မြောက်အောင်သင်ကြားရေး ရည်ရွယ်ချက်ကိုတော့ အပျက်မခံနိုင်ပါ။ ထို့ကြောင့် ကျွန်တော်က . . .

"ဦးလေးကြွက်နီ . . . ကျွန်တော်တို့က ကျေးရွာတွေ စာတတ်မြောက်အောင် ရည်ရွယ်ချက်စေတနာနဲ့ အဝေးကြီးကလာခဲ့ကြတာပါ။ ဖြစ်သလို စားသောက်နေနိုင်ပါတယ်။ ထူးကြီးနဲ့ မုံထူး (၂)ရွာအတွက် ဆရာနှစ်ဦးလာတာပါ။

တစ်ရွာတစ်ယောက်စီခွဲပြီး စာသင်ပေးရမှာပါ။ အားလပ်တဲ့သူတွေကို မနက်ပိုင်း စာသင်ပေးမယ်။ မအားလပ်တဲ့သူတွေကို ထန်းတောထဲက လုပ်ငန်းခွင်အထိလိုက်ပြီး စာသင်ပေးရမှာက ကျွန်တော်တို့တာဝန်ပါ"

"ဟုတ်တော့ဟုတ်ပါတယ် ဆရာလေးရယ်။ ဒါပေမဲ့ . . ."

ထိုစဉ် သူကြီးဦးစံရွှေက . . .

"ကြွက်နီ . . . မင်းတို့ရွာအကြောင်း ငါ ကောင်းကောင်းသိတယ်။ စာမတတ်ကြလို့လည်း ဆင်းရဲတွင်းနက်နေကြတာ။ အဲဒီတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလုပ်မယ်။ ဆရာလေးတွေကို ငါ့အိမ်မှာပဲတည်းပြီး ငါတို့ရွာကပဲ ကျွေးမယ်။ ညပိုင်းမှာ ငါတို့ရွာမှာ စာသင်မယ်၊ မနက်နဲ့နေ့ခင်းပိုင်း မှာ မင်းတို့ရွာမှာ စာလာသင်ပေးမယ်။

အဲ ...တစ်ခုတော့ ရှိတယ်။ ရွာဆက်ကလမ်းပြီး နွေနေပူ တော့ ဆရာလေးတို့ မလျှောက်နိုင်ဘူး။ မင်းတို့ရွာက လှည်းအကြိုအပို့ တော့ လုပ်ပေးရမယ်။ ကဲ ... ဘယ့်နှယ်လဲ''

''ကျေးဇူးတင်လိုက်တာ သူကြီးရယ်။ ဒီရွာမှာလည်း လှည်း နွားပိုင်တာကလည်း သုံးလေးဦးပဲရှိတော့ ကျွန်တော်တို့ အလှည့်ကျ တာဝန်ခွဲပြီး အကြိုအပို့လုပ်ပေးပါ့မယ်''

''ကောင်းပြီ။ မင်းဘက်ကလည်း တာဝန်ကျေအောင်လုပ်၊ ဆရာလေးတို့ မျက်နှာမငယ်စေနဲ့။ ငါတို့ဘက်ကလည်း တာဝန်ကျေစေ ရမယ်''

ထိုနေ့ကပင်စတင်၍ ဆယ်အိမ်ခေါင်း ဦးကြွက်နီတို့အိမ်ရှေ့ တွင် အရေး၊ အဖတ်၊ အတွက်၊ အသုံးလုံးကျေသင်ရိုးအတွက် ဝ.ထ. က.လ.သ ကို စတင်၍ သင်ကြားပေးပါသည်။ Black Board က မရှိ။ ဆန်ကောကြီးတွင် အသင့်ပါလာသောမြေဖြူဖြင့် ရေး၍သင်ရသည်။ စာရွက်စာတမ်းကမရှိ။ အလွတ်နည်းပင်။

အချို့ကိုတော့ မြေကြီးတွင် တုတ်ဖြင့်ခြစ်၍ အထပ်ထပ်ရေး၍ သင်ရသည်။ တစ်ခါ ထန်းတောထဲမှ ထန်းတက်သမားနှင့် ထန်းလျက် ချက်သူများကိုတော့ ထန်းပင်စည်များတွင် ထုံးဖြင့် စာလုံးကြီးကြီးရေး ၍ သင်ရသည်။ ကျွန်တော်တို့ အစနေ့အဖြစ် အာပေါက်အောင်ပြောရ သည်။ စိတ်ပါဝင်စားပြီးကြိုးစားကြ၍ ကျွန်တော်တို့ပင်ပန်းသော်လည်း ကျေနပ်မိပါသည်။





နေ့လယ်မွန်းတည့် (၁၂) နာရီခန့်ရှိမှ ကိုကြွက်နီက လှည်း ဖြင့် ပြန်လိုက်ပို့သဖြင့် ကျွန်တော်တို့ပြန်ခဲ့ကြပြီး ထူးကြီးရွာပြန်ရောက် မှ နေ့လယ်စာ စားကြရသည်။ နေပူထဲကပြန်လာရ၍ မနက်ပိုင်း ရေ မချိုးရဲ။ မွန်းလွဲပိုင်း ခေတ္တနားကြပြီး ညနေမှ ရေချိုးရသည်။ နောက် ကျမှ နေ့လယ်စာစားရ၍ ညနေပိုင်းစောစော ထမင်းမစားနိုင်။ ညနေ (၆)နာရီတွင် အသုံးလုံး စာသင်ဝိုင်းစရပြန်သည်။

ည (၉)နာရီထိုး၍ စာသင်ဝိုင်းသိမ်းပြီးမှ ညစာစားကြရသည်။ သို့သော် ကျွန်တော်တို့နှစ်ဦး မညည်းညူပါ။ စေတနာဖြူစင်စွာဖြင့် အား တက်သရော သင်ကြားပေးခဲ့သည်။ ထို့ကြောင့်လည်း နောက်ပိုင်းတွင် နွေနေ့လယ်ခင်း နေပူကျဲကျဲထဲ၌ ထူးကြီးရွာပြန်ပြီး နေ့လယ်စာ ထမင်း စားရန်မလိုတော့။ မုံထူးရွာမှ စေတနာရှင်များက တတ်နိုင်သမျှ ကျွေး ကြသည်။

နွေနေ့လယ်ခင်း ထန်းတောထဲက ထန်းလျက်ချက်တဲအနီး ထန်းလက်ကုလားထိုင်တွင် အနားယူအပန်းဖြေရင်း နေအေးမှ ထူး ကြီးရွာသို့ လမ်းလျှောက်ပြန်ကြသည်။ ကျွန်တော်တို့စေတနာကို နား လည်သွားကြ၍ နောက်ပိုင်း၌ ဟင်းမကောင်းသော်လည်း ထမင်းကျွေး သည့်အိမ်က မရှားတော့ပါ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

☐

ရွာနှစ်ရွာစလုံးနှင့် ရင်းနှီးခင်မင် အကျွမ်းဝင်ပြီဖြစ်၍ ကျွန်တော်တို့၏အခက်အခဲကို တစ်နေ့ည အသုံးလုံးသင်တန်းအပြီး လက်ဖက်ရည်ကြမ်းဝိုင်း၌ ကျွန်တော်တို့က တင်ပြရတော့သည်။

"အဘ ... သူကြီးခင်ဗျား၊ မြို့ပေါ်မှာ ကျောင်းတုန်းက အ, သုံးလုံးကော်မတီက ညွှန်ကြားလိုက်တဲ့အချက်တချို့ ကျွန်တော်တို့ အကောင်အထည်ဖော်ချင်ပါတယ်"

"ဘာကိစ္စများပါလိမ့် ဆရာလေးရယ်။ ဆရာလေးတို့လည်း ဒီကရွာတွေနဲ့ မိသားစုလိုဖြစ်နေပါပြီ။ ပွင့်ပွင့်လင်းလင်းသာ ပြောစမ်းပါ"

"အိမ်သာကိစ္စပါ သူကြီး"

ကျွန်တော်တို့ရောက်ခါစက ကျင်ကြီးစွန့်ရန် အရှေ့တောနှင့် အနောက်တော မှားဝင်မိသည့်ကိစ္စအားပြောပြရာ၊ သူကြီးက တဟားဟားရယ်သည်။ ပြီးနောက် ...





"ဆရာလေးတို့ရယ် ... ကျွန်တော်လည်း သတိရပါတယ်။ ဒါပေမဲ့ မိရိုးဖလာကိစ္စဖြစ်နေတော့ ဘယ်ကစပြီး လုပ်ရမှန်းမသိလို့ပါ။ ဆရာလေးတို့ပဲ အကြံဉာဏ်ပေးကြပါဦး"

ဒီလိုလုပ်ချင်တယ် အဘ။ အဘက သူကြီးဆိုတော့ အဘတို့ အိမ်က အလျင်စပြီး လုပ်ကြည့်စမ်း။ ကျွန်တော်တို့ကလည်း နေ့ည တသင်ရင်း ရွာသူရွာသားတွေကို ကျန်းမာရေးအသိပေးရင်း အိမ်သာ ခနစ်ထားခြင်းအတွက် ဟောသနေ့ပြီး စည်းရုံးမယ်။ အဘကလည်း ကြုံသလို ပညာပေးပြီးပြောပြပါ။

အဘတို့အိမ်က အိမ်သာကိစ္စအောင်မြင်ရင် တစ်ရွာလုံး တစ်အိမ် အိမ်သာတစ်လုံးဆောက်ဖို့ ကျွန်တော်တို့ ကြိုးစားပြီးစည်းရုံးမယ်။ မိသားစုတိုင်းမှာ အပျို၊ လူပျို၊ သက်ကြီးရွယ်အိုတွေရှိကြတော့ အောင်မြင်မှာပါ အဘရယ်"

"ဆရာလေးတို့သဘောကျ စီစဉ်ပါ။ ကျွန်တော် အားပေးပါတယ်။ ကျွန်တော်လည်း မြို့ကို မကြာခဏသွားနေရတော့ သဘောပေါက်ပါတယ်"

ထို့ကြောင့် ကျွန်တော်တို့ သူကြီးသားကိုအေးသိန်းကို အကူအညီတောင်းပြီး သူကြီးအိမ်အနောက်ခြံထောင့်တွင် အိမ်သာဆောက်ကြသည်။ ကိုယ်တိုင်တစ်ယောက်တစ်လှည့် ကျင်းတူးရာ ဂဝံမြေဖြစ်၍ တူးရွင်းဖြင့်တူးရာ အလွန်ပင်ပန်းသည်။ ကိုအေးသိန်း ဆင်းတူးမှ အပြီးသတ်တော့သည်။

ထို့နောက် ထန်းသားအခင်းခင်းပြီး ထန်းသားတိုင်ထူ၍ ဝါးဖြင့်ညှပ်ပြီး ကိုအေးသိန်းတက်ခုတ်ပေးသော ထန်းရွက်များကို အမိုးအကာလုပ်ကြသည်။ ရေထည့်ရန် အိုးကတော့မရှား။ ရွာတွင် အိုးဖုတ်



www.burmeseclassic.com

www.burmeseclassic.com



သူရှိ၍ အဆင်ပြေသည်။ ထိုနေ့မနက်က မုံတူးရွာသို့ စာသင်မသွားနိုင်။ လှည်းလာကြိုသော်လည်း ကျွန်တော်တို့မအား၍ လှည့်ပြန်သွားသည်။

ကျွန်တော်တို့အိမ်သာသစ်အား သူကြီးမိသားစုက ဝိုင်းကြည့်နေကြသည်။ ကျွန်တော်တို့ အိမ်သာတက်တော့လည်း တစ်ရွာလုံးက တစ်ယောက်ပြီးတစ်ယောက် လာကြည့်ကြသည်။ ကျွန်တော်တို့က သူကြီးမိသားစုအား အိမ်သာကိုသုံးရန် ပြောသော်လည်း အိမ်ခြံဝင်းအတွင်းဖြစ်၍ မသုံးတတ်ဟုဆိုကြပြန်သည်။

ထို့ကြောင့် ကျွန်တော်တို့လည်း မလွတ်လပ်သဖြင့် ညရေးညတာ အရေးပေါ်အသုံးပြုသည်ကလွဲ၍ နေ့ပိုင်း၌ ရွာထုံးစံအတိုင်း တောထိုင်ရပြန်တော့သည်။ အလေ့အကျင့်တစ်ခုကို ပယ်ဖျက်ရန် ခက်ခဲကြောင်း သဘောပေါက်ကြသဖြင့် နောက်ပိုင်းတွင် ရွာတွင်း၌ အိမ်သာဆောက်ရန် ကျွန်တော်တို့ စည်းရုံးရေးမဆင်းတော့။ ရောမမြို့ရောက်တော့ ရောမမြို့သားတွေလိုပင် ကျင့်ကြံရတော့သည်။

လဝက်ကျိုးတော့ အသုံးလုံးသင်တန်းမှာ အတော်တိုးတက်လာသည်။ အရေး၊ အဖတ်၊ အတွက်ကိုလည်း အလွန်စိတ်ဝင်စားလာကြသည်။ တစ်လပြည့်တော့ အတော်ဟုတ်လာသည်။ ရွာတွင်းနှင့် အလုပ်ခွင်၌ စာဖတ်သံတညံညံဖြင့် ပျော်စရာအလွန်ကောင်းလှသည်။ ဤသည်မှာ ကျွန်တော်တို့စေတနာဆရာများနှင့် နာခံသူရွာသူရွာသားများ ဘက်ညီသဖြင့် အောင်မြင်လာခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ ရွာသို့ရောက်ရှိပြီး တစ်လပြည့်သောတပေါင်းလပြည့်နေ့၌ ကန်တော်အရှင်မ၏ ကန်ဆယ်ပွဲကျင်းပပါသည်။ ထူးကြီး





ရွာသာမက မုံတူးရွာကလည်း လာရောက်လုပ်အားပေးကြပါသည်။ ရွာရှိလူကုန် ကလေးများပါမကျန် နိုင်သမျှတာဝန်ကို ထမ်းဆောင်ကြသဖြင့် ကန်ကြီးအတွင်း၌ လူများဖွေးဖွေးလှုပ်နေသည်။

ယောကျ်ားများက မြေပေါက်၊ မိန်းမများက မြေသယ်ပြီး ကလေးများက မြေခဲများကိုကောက်၍ ကန်ပေါင်ကို ဖို့ကြသည်။ သက်ကြီးရွယ်အိုများနှင့် မိန်းမအချို့ကတော့ လုပ်အားပေးသူများအတွက် ရေနွေးကြမ်းနှင့် မုန့်အမျိုးမျိုးကို ကန်အတွင်းပတ်လည်၌ ဆိုင်ကလေးများသဖွယ် တည်ခင်းဧည့်ခံကြသဖြင့် ပျော်စရာအလွန်ကောင်းသောပွဲခင်းကြီးဖြင့် တူနေသည်။

ကျွန်တော်နှင့် ကိုတင်ရွှေလည်း လုံချည်ကိုတိုတိုဝတ်၍ ပေါက်တူးတစ်ယောက်တစ်ချောင်းစီကိုင်ကာ မြေပေါက်ကြပါသည်။ အမျိုးသမီးများက တောင်းများဖြင့် ရွက်သယ်သဖြင့် ကျွန်တော်တို့က မြေကြီးများတောင်းထဲထည့်ပေးပြီး ပင့်ပေးရသည်။ မနက်စောစောက စလိုက်ကြသည်မှာ နေထန်းတစ်ဖျားခန့်ရောက်တော့ မောလာကြသည်။ အညာနွေနေမှာ နေမြင့်လာသည်နှင့်အမျှ လွန်စွာပူပြင်းလှသည်။

ထို့ကြောင့် ရေနွေးကြမ်းသောက်၊ မုန့်စား၍ ခေတ္တအနားယူအပန်းဖြေရန် စိတ်ကူးလိုက်မိစဉ် ကျွန်တော့်အနီးသို့ရောက်လာသောအမျိုးသမီးတစ်ဦးက မြေသယ်တောင်းကို ထိုးခံပေးသဖြင့် မနားရတော့ဘဲ တောင်းထဲသို့ ပေါက်ပြီးသားမြေစိုင်ခဲများ ထည့်ပေးရပြန်သည်။

တောင်းပြည့်တော့ အမျိုးသမီးက ထိုင်ပေးသဖြင့် တောင်းကိုပင့်ပေးလိုက်စဉ် ကျွန်တော်နှင့်ယဉ်ပါးသော သင်းပျံ့လှသည့်အမွှေးနံ့တစ်ခုက ရှူးခနဲဝင်ရောက်လာသဖြင့် ကျွန်တော် အမျိုးသမီးလေးကို အသေအချာကြည့်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးလေးမှာ ကျွန်တော် ယခင်ကမြင်ဖူးနေကျ၊ ရွာသူများပုံစံမဟုတ်။ အစိမ်းရောင်ဝတ်စုံဖြင့် လွန်စွာသားနားလှပါသည်။ ရွှေများ ဝတ်ဆင်ထားသည်မှာလည်း အပြည့်ပင်။ ပို၍ ထူးခြားနေသည်ကတော့ အသားအရည်က ဖြူနုနေပြီး ပန်းရောင်အဆင်း။ ဆံကေသာကို ထုံးဖွဲ့ထားသော်လည်း ဆံထုံးတွင် တံတိုင်းမွှေးပန်းများ ဝေနေအောင် ပန်ထားသည်။

ကျွန်တော် အံ့သြစွာငေးမောနေမိစဉ် အမျိုးသမီးလေးက ခေါင်းပေါ်တွင်တင်ထားသည့် မြေတောင်းကြီးရှက်လျက် ထရပ်သဖြင့် ကျွန်တော်က ထိန်းပေးရပြန်သည်။ ထိုစဉ် အမျိုးသမီးက ပြုံးချိုသောမျက်နှာဖြင့် ကျွန်တော့်ဘက်လှည့်၍ ...

"ကျေးဇူးတင်ပါတယ် ... မောင်ကြီး။ အများအကျိုးအတွက် သယ်ပိုးတာဟာ လွန်စွာကုသိုလ်ရပါတယ်။ ခေတ္တအပန်းဖြေ အနားယူပါဦး။ ဟိုးရှေ့နားမှာ ကျွန်မအထိန်းတော်ကြီး ... အဲလေ ... ဟုတ်ပေါင် ... ကျွန်မအဒေါ်ကြီး အကြော်မျိုးစုံနဲ့ ပျားရည်မုန့်တွေကို ကျွေးမွေးလှူဒါန်းနေပါတယ်။ သွားရောက်သုံးဆောင်ပါဦး မောင်ကြီးရှင့်"

ဟုပြောဆိုကာ လူအုပ်အတွင်း ရောနှောဝင်ရောက် ပျောက်ကွယ်သွားပါတော့သည်။

ကျွန်တော့် အံ့သြမင်တက်နေမိသည်။ ဤရွာသူတော့ မဟုတ်နိုင်။ အသုံးလုံး လုပ်အားပေးဆရာမကလေးလည်း မဖြစ်နိုင်။ လွန်စွာခေါင်လှသော ကျွန်တော်တို့တာဝန်ကျသည့် ထူးကြီး၊ မုံထူးရွာများနှင့် အခြားရွာများမှာ ရွာဆက်က ဝေးလှသည်။

ဤမျှ ချောမောလှပပြီး နှန်းဆန်သောအမျိုးသမီးကလေး ဘယ်ကရောက်လာပါလိမ့်။ ကျွန်တော် လူ (၅၀၀) ခန့် အံလုပ်လုပ်နေ





သော ရေကန်ကျယ်ကြီးအတွင်း မျက်စိတောင်းမှောက် ရှာဖွေကြည့်ရင်း ရင်မောနေမိသည်။ နာမည်ကလေးမှ မသိလိုက်ရပါ။

ထိုစဉ် ကိုတင်ရွှေ ကျွန်တော့် အနီးရောက်လာပြီး ...

"ဟေ့လူ ... နေပူထဲမှာရပ်ပြီး ဘာငေးနေတာလဲ။ ဗိုက်လည်းဆာပြီ၊ ရေလည်းဆာပြီ။ လာဗျာ ... မုန့်သွားစားပြီး ရေနွေးကြမ်းကလေးသောက်ကြစို့"

"ဪ ... အေး ... အေး ... ငေးစရာရှိလို့ ငေးတာ၊ တွေးစရာရှိလို့ တွေးနေတာပါ ကိုတင်ရွှေရယ်။ နောက်မှ အကြောင်းစုံပြောပြတော့မယ်။ လာဗျာ ... မုန့်သွားစားကြစို့"

ကျွန်တော် ကိုတင်ရွှေအားခေါ်ပြီး အစိမ်းရောင်အမျိုးသမီးကလေး လက်ညိုးညွှန်ပြခဲ့သောနေရာသို့သွားကြရာ အဒေါ်ကြီးတစ်ဦးက သားနားစွာဝတ်ဆင်ထားပြီး ကျွန်တော်တို့လာမည်ကို ကြိုတင်သိနေသည့်အတိုင်း ကြိုဆိုနှုတ်ဆက်ပြီး ...

"ကြွပါ ... ဆရာလေးတို့။ အတော်ပင်ပန်းသွားကြရောပေါ့နော်။ ဒီမှာ ရေနွေးကြမ်းကျကျကလေးနဲ့ မုန့်ဆီကြော်၊ မုန့်ပျားသလက်တွေကို အဝသုံးဆောင်ကြပါ။ ပျားရည်နဲ့အထူးစီစဉ်ထားတဲ့ မုန့်တွေပါ။ အာဟာရသိဒ္ဓိပြီးပြည့်စုံပြီး အမောအပန်းပြေစေပါတယ်။ ခွန်အားကိုလည်း တိုးပွားစေပါတယ်"

"ညွှန်းလှချည့်လား အဒေါ်ကြီးရဲ့"

"စားကြည့်မှ အားရှိပြီး အမြဲတမ်း တမ်းတနေပါလိမ့်မယ်"

ကျွန်တော်တို့ မုန့်များကို စားကြသည်။ အဒေါ်ကြီးညွှန်းသလိုပင်၊ ပျားရည်ဖြင့်လုပ်ထားသော မုန့်များဖြစ်သဖြင့် ချိုအီပြီးမွှေးနေသည်။ ယခင်စားခဲ့ဖူးသော မုန့်ဆီကြော်၊ မုန့်ပျားသလက်များဖြင့် လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



မတူပါ။ ထူးဆန်းသည်ကတော့ အဒေါ်ကြီးဆိုင်တွင် ကျွန်တော်တို့နှစ်ဦးသာ စားသောက်နေကြပြီး အခြားသူများမရှိပါ။ အခြားဆိုင်များတွင် လူများ တိုးဝှေ့နေကြသည်။ စားလို့ကောင်းမှန်းမသိသဖြင့် မလာရောက်ကြခြင်း ဖြစ်ပါလိမ့်မည်။

စားသောက်ပြီးတော့ သန့်ရှင်းသပ်ရပ်သော မြေခရားအိုးကလေးထဲမှ ရေနွေးကြမ်းပူပူလေးကို ငှဲ့သောက်တော့လည်း အလွန်အရသာရှိလှသည်။ ရေနွေးကြမ်းအရောင်မှာလည်း ဝါဖန့်ဖန့် ရွှေရောင်ပေါက်နေသည်။ ရှမ်းပြည်နယ်ဘက်မှထွက်သော အကောင်းစား စော်ဘွားနှုတ်ခမ်းမွေးဟူသော လက်ဖက်ခြောက်အရသာပင်။ ကျွန်တော်တို့နှစ်ဦး အရသာရှိလှသောအကြော်များအား ထမင်းလွတ်၊ အဝစားလိုက်ကြသည်။

"အတော်ကောင်းတာပဲဗျာ။ မုန့်တွေရော၊ ရေနွေးကြမ်းပါ တစ်သက်မမေ့အောင် စွဲသွားတော့တာပဲနော်"

"ဟုတ်ပဲ့ ကိုတင်ရွှေရယ်။ ကောင်းချက်ကတော့ တစ်အားပဲ။ ကျွန်တော်က အညာလေသံဖြင့်ပြောတော့ အဒေါ်ကြီးက ပြုံးနေပါသည်။

"ဒါနဲ့ အဒေါ်တို့က ဘယ်ရွာကပါလဲ။ အစောကလည်း အဒေါ်တူမထင်ပါရဲ့၊ အစိမ်းရောင်ဝတ်စုံနဲ့လေ။ ကျွန်တော်မြင်လိုက်မိပါတယ်"

"သြော် ... အဒေါ့်တူမပါ။ ဆရာလေးတို့ကို ဒီဆိုင်ကိုညွှန်းလိုက်တာ သူပေါ့"

"အဒေါ်တို့က ဒီရွာနားကပါပဲ"

"ဟုတ်ရဲ့လား ... အဒေါ်ကြီးရယ်။ ဒီရွာနှစ်ရွာနားမှာ ဘာရွာမှ မရှိပါဘူး။ နောက်ပြီး အဒေါ်ကြီးနဲ့ အဒေါ်ကြီးတူမက အသားဖြူတယ်။ ဒီရွာသူတွေက အကုန် အသားညိုကြတယ်။ အံ့သြစရာပဲနော်။ ဟော့ ... အဒေါ်ကလည်း တံတိုင်းမွှေးပန်းတွေ ပန်ထားပြန်ပြီ"

အဒေါ်ကြီးက ပြုံးရွှင်စွာဖြင့် ...

"အဒေါ်တို့က ပန်းပိုင်ရှင်တွေပဲ၊ ပန်နိုင်တာပေါ့။ နောက်ပြီး ဆရာလေးတို့က ဧည့်သည်ဆိုတော့ ရွာကိုမန့်သေးလို့ပါ။ တစ်နေ့ ဆရာလေးတို့ကို သူကြီးကတစ်ဆင့် အလည်ခေါ်ပါ့မယ်"

ထိုအချိန်တွင်မှ ကျွန်တော် အတွေးပေါက်တော့သည်။ သူကြီးအဘဦးစံရွှေပြောဖူးသော ကန်တော်အရှင်မ အဆက်အသွယ်ခတွ ဖြစ်ပါလိမ့်မည်။ အဝစားသောက်ပြီးတော့ ကျွန်တော်တို့ အဒေါ်ကြီးအား နှုတ်ဆက်၍ လုပ်ငန်းခွင်ဝင်ကြပြန်သည်။

အစိမ်းရောင်အမျိုးသမီးလေးကို မျှော်မိသော်လည်း ပြန်လည်မတွေ့ဆုံရတော့ပါ။ ဇာတ်ရည်မလည်အကြောင်းမသိသော ကိုတင်ရွှေကတော့ နေပူထဲ ကြိုးစားမြေတူးနေသည်။ ကျွန်တော် လုပ်ငန်းပြန်ဝင်၍ (၁၅)မိနစ်ခန့်အကြာတွင် မြေကြီးအတွင်းမှ ရေးဟောင်းပန်းကနုတ်များဖော်ထားသည့် တစ်ကျပ်သားခန့်ရှိ ရွှေလက်စွပ်တစ်ကွင်းကို တွေ့ရှိရသည်။ ကျွန်တော့်လက်သူကြွယ်တွင် စွပ်ကြည့်ရာ အံ့သြစဖွယ်အတော်ဖြစ်နေသည်။

ထို့ကြောင့် ထိုနေရာဝန်းကျင်တွင် ဖွဲကောင်းကောင်းဖြင့် ဆက်လက်တူးဖော်ရာ ရွှေ၊ ရွှေနတော့ မတွေ့ရတော့ဘဲ ပုဂံခေတ်လက်ရာ အလေးချိန်အတော်စီးမည့် မြေလက်ကောက်တစ်ရံအား တွေ့ရပြန်သည်။ ထို့ကြောင့် မှဆိုးဖြင့် ပွတ်သပ်ကြည့်သော်လည်း မြေမှုန့်များသာကျသွားသည်။ ရွှေရောင်ပေါက်မလာပါ။







www.burmeseclassic.com

www.burmeseclassic.com



မြေလက်ကောက်ကြီးများမှာ နဂါးနှစ်ကောင်လိမ်ယှက်နေသော ထူးဆန်းသည့်ပုံစံဖြစ်ပြီး လက်ရာက အလွန်မြောက်လှသည်။ ရှေးဟောင်းပစ္စည်းကို လွန်စွာတန်ဖိုးထား၍ လေးစားသော ကျွန်တော်က ဝမ်းမြောက်ဝမ်းသာစွာဖြင့် အိတ်ကပ်ထဲထည့်၍ သိမ်းဆည်းထားလိုက်ပါသည်။ အညာနွေနေမှာ ပူပြင်းလှသဖြင့် ပေါက်တူးကိုင်ရသောကျွန်တော်တို့ တစ်ကိုယ်လုံး ချွေးများရွှဲနေပါသည်။ အချိန်က မွန်းလွဲ (၁) နာရီခန့်ဖြစ်သည်။

"ကိုတင်ရွှေရေ ... နားကြစို့ဗျို့။ ချွေးထွက်လွန်နေပြီ။ တော်ကြာ အအေးပတ်ပြီး ဖျားကြလိမ့်မယ်"

"ဟုတ်ပါ့ဗျာ ...။ မလုပ်စဖူးတော့ အတော်ပင်ပန်းသား။ အစောပိုင်းက သောက်ခဲ့ရတဲ့ရေနွေးကြမ်းမျိုးလေး တစ်ခွက်လောက်သောက်ရရင်ဖြင့် အတော်ကောင်းမယ်ဗျာ"

ကျွန်တော်မှာ အိတ်ကပ်ထဲမှ လက်ကိုင်ပဝါထုတ်ပြီး ချွေးသုတ်ရန်ပြင်ဆင်ရာ ခုလုခုလုဖြစ်နေသော မြေလက်ကောက်တစ်ရံကို စမ်းမိသဖြင့် လက်ကိုင်ပဝါဖြင့်ချွေးသုတ်ရင်း ကိုတင်ရွှေအား မေးမိတော့သည်။

"ကိုတင်ရွှေ ... ဘာပစ္စည်းများရသေးသလဲ"

"ဘာမှမတွေ့မိပေါင်ဗျာ။ သင်ပုန်းကျောက် အကွဲတွေတော့ နေရာအနှံ့ တွေ့ရပါရဲ့။ ကျွန်တော်လည်း အဘသူကြီးပြောထားလို့ နေရာအနှံ့ လိုက်တူးတာပါပဲ။ ဘာရွှေတိုငွေစမှ မတွေ့ရပေါင်ဗျာ"

"အဟဲ ... ကျွန်တော်တော့ ပစ္စည်းတွေရတယ်ဗျ။ ဟောသည်မှာ ရှေးဟောင်းရွှေလက်စွပ်တစ်ကွင်းနဲ့ လက်ကောက်တစ်ရံဗျ"

"ဟာ ... ခင်ဗျားတော့ ပွတာပဲ။ မှန်းပြစမ်းပါဦး"





ကျွန်တော်က ရွှေလက်စွပ်ကိုအရင်ပြတော့ ကိုတင်ရွှေက အသေအချာကြည့်ပြီး လက်ဖြင့်ဆကြည့်သည်။

"ရွှေအရည်ကောင်းပြီး လက်ရာအလွန်မြောက်တယ်ဗျာ။ မှန်းစမ်းပါဦး ရွှေလက်ကောက်ကို"

"ကျွန်တော်က မြေလက်ကောက်တစ်ရံကိုထုတ်ပြတော့ ကိုတင်ရွှေမှာ ဟက်ဟက်ပက်ပက်ရယ်ပြီး ..."

"ကျွန်တော်က အဟုတ်မှတ်လို့ ကိုသိန်းဝင်းရယ်။ ခင်ဗျားဟာက မြေလက်ကောက်ကြီးပဲ။ ရွှေသာဆိုရင်တော့ နှစ်ကွင်းပေါင်းရင် (၂၀)ကျပ်သားလောက်ရှိမယ်။ အခုတော့ဗျာ ... အဲ ... ဒါပေမဲ့ ခင်ဗျားက သမိုင်းအထူးပြုဘာသာယူထားတော့ သမိုင်းဌာနကို လှူလိုက်ရင် ရှေးဟောင်းလက်ရာဖြစ်လို့ တန်ဖိုးတော့ရှိမှာပါ"

"အေးဗျာ ... ကန်တော်ရှင်မကာ လက်ဆောင်ပေးတဲ့ သဘောဆိုတော့ ကျွန်တော်လက်စွပ်ကို အမြတ်တနိုးဝတ်ဆင်ပြီး မြေလက်ကောက်တစ်ရံကိုတော့ အမှတ်တရ သိမ်းဆည်းထားရမှာပဲ။ ရှေးဟောင်းပျူခေတ်လက်ရာလို့ ထင်တာပဲ"

ကျွန်တော်တို့နှစ်ဦး စကားတပြောပြောနှင့် ပေါက်တူးတစ်လက်စီ ကိုယ်စီထမ်း၍ ရွာနှင့်နီးသောကန်ပေါင်ဘက်သို့ လျှောက်ခဲ့ကြရာ အခြားမုန့်ဆိုင်ကလေးများ ရှိသေးသော်လည်း ကျွန်တော်တို့ နေ့လယ်ကစားခဲ့သော အဒေါ်ကြီးကျွေးသည့်မုန့်ဆိုင် မရှိတော့ပါ။ နီးစပ်ရာမုန့်ဆိုင်တွင်ဝင်၍ ရေနွေးကြမ်းသောက်နေကြစဉ် အဘသူကြီးရောက်လာပြီး ...

"ဆရာလေးတို့ ပြန်ကြတော့မလား။ အိမ်မှာ ထမင်းဟင်းအရန်သင့်ရှိပါတယ်။ မိသားစုအကုန်လုံး ဒီကန်ဆည်ပွဲရောက်နေကြ



www.burmeseclassic.com

www.burmeseclassic.com



လို့ ကိုယ့်ဘာသာ စိတ်ကြိုက်ရွေးခပ်စားကြပေရော့။ ကျွန်တော်တို့တော့ အချောသပ်ပြီး ပြတ်အောင်လုပ်ပြီးမှ ပြန်လာခဲ့တော့မယ်''

''ဟုတ်ကဲ့ပါ အဘ။ ကျွန်တော်တို့တော့ ပျားရည်မုန့်တွေ အဝစားထားလို့ မဆာတော့ပါဘူး။ နေ့လယ်စာလည်း မစားနိုင်တော့ပါဘူး။ အိမ်ပြန်ရေချိုးအဝတ်အစားလဲပြီး နားလိုက်ပါဦးမယ်''

ကျွန်တော်တို့ နေပူထဲပြန်ခဲ့ကြရ၍ အိမ်တွင် နာရီဝက်ခန့် နား ရေအဝသောက်ပြီးမှ ရေချိုးကြသည်။ အဝတ်အစားလဲပြီး နေ့လယ် နေ့ခင်း ခေတ္တအနားယူအိပ်စက်ကြသည်။ နေ့လယ်နေ့ခင်းဖြစ်သော်လည်း ပင်ပန်းလွန်းသဖြင့် အိပ်ပျော်သွားရာ အိပ်မက်မက်တော့သည်။

အိပ်မက်ထဲ၌ အစိမ်းရောင်မင်းသမီးကလေးကို ပြန်တွေ့ရသည်။ သူမကပြုံးပြီး ကျွန်တော့်အားကြည့်နေသည်။ ခေါင်းတွင်လည်း တံတိုင်းမွှေးပန်းများကို ဝေနေအောင်ပန်ထားသဖြင့် ပန်းရနံ့က မွှေးကြိုင်လန်းဆန်းစွာ သင်းပျံ့နေသည်။ ကျွန်တော်က စကားပြောရန်ပြင်လိုက်စဉ် အဘတို့မိသားစု ပြန်လာကြသဖြင့် အိပ်ရာကလန့်နိုးသည်။ စိတ်စွဲလမ်းခြင်းကြောင့် အိပ်မက်မက်ဟန်တူပါသည်။

အဘက ရေမချိုးရသေးဘဲ ရေနွေးကြမ်းပူပူကို မှုတ်သောက်နေစဉ် မအေနှင့်သမီးနှစ်ဦးက ညနေစာချက်ပြုတ်ရန် စီစဉ်နေကြသည်။ ကိုအေးသိန်းကတော့ ပစ္စည်းများသိမ်းရင်း ကျန်ရှိနေခဲ့ကြောင်း သိရသည်။

ကျွန်တော်က ...

''အဘ ... ကန်ဆယ်တာ ပြီးသွားပြီလား။ ဘာထူးခြားတာတွေ ရှိသေးသလဲ''

စိတ်ကူးသစ်စာပေ



''နှစ်ဦးသုံးဦးတော့ ရွှေစကလေးတွေရကြတယ်။ မုံထူးရွာက ဦးသောင်းအေးက ရွှေဆွဲကြိုးကလေး တစ်ကုံးရတယ်။ ထူးကြီးရွာ အနောက်ပိုင်းက မယ်မြကရွှေလက်ကောက်တစ်ကွင်း၊ တောင်ပိုင်းက မယ်စိန်က ရွှေလက်စွပ်တစ်ကွင်း ဒါပါပဲ။ နှစ်စဉ် လေးဦးလောက် ပေးတတ်တာ။ ဒီနှစ် တစ်ဦးလျော့သွားတယ်''

''မလျော့ပါဘူး အဘရယ်၊ ကျွန်တော်လည်း ရှေးဟောင်း ရွှေလက်စွပ်တစ်ကွင်းနဲ့ လက်ကောက်ကြီးတစ်ရံ ရပါသေးတယ်''

''ဟော ... ဆရာလေးက တယ်ဟုတ်ပါလား။ မှန်း ပြစမ်းပါဦး''

ကျွန်တော်က လက်မှလက်စွပ်ကိုထုတ်ပြတော့ တစ်အိမ်သားလုံး လာကြည့်ကြပြီး ဝမ်းသာနေကြသည်။

''လက်ကောက်တစ်ရံကရော ဆရာလေး''

''လက်ကောက်တစ်ဖက် တစ်ဆယ်သားလောက်ရှိတော့ တစ်ရံနှစ်ကွင်းဆိုတော့ နှစ်ဆယ်သားပေါ့။ ကျွန်တော်လည်း လူတွေသိရင် ဓားပြတိုက်ခံရမှာစိုးလို့ ကိုတင်ရွှေကိုခေါ်ပြီး အသာလျှိုလစ်လာတာ။ ဟော့ဒီမှာပါဗျာ ...''

ကျွန်တော်ကနောက်ပြောင်ပြီး ခေါင်းအုံးအောက်က မြေလက်ကောက်တစ်ရံကို ထုတ်ပြလိုက်တော့ တစ်အိမ်သားလုံး သဘောကျ၍ ရယ်ကြသည်။ သူကြီးက မြေလက်ကောက်နှစ်ကွင်းကို ယူကြည့်ပြီး ..

''ဆရာလေးက အတော်နောက်တတ်တာပဲ။ အတော်လက်ရာကောင်းတယ်။ ရွှေဆိုရင်တော့ တန်ဖိုးမနည်းဘူး''

ညနေချမ်းတွင် သူကြီးသားကိုအေးသိန်း ထန်းရည်မြူအိုးများဖြင့် အိမ်သို့ ပြန်ရောက်လာသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဆရာလေးတို့ . . . ဒီနေ့ နေပူမိပြီး အလွန်ပင်ပန်းကြတာ။ ထန်းရေခါးလေးနဲ့ ပဲကြီးလှော်ဝါးရင်း အပန်းဖြေကြပါဦး"

ကျွန်တော်တို့လည်း ပင်ပန်းသဖြင့် ငှက်ခါးတောင်ထန်းရည်ခါးကလေး မြည်းကြည့်ရာ စိမ်းပြာရောင် ငှက်ခါးတောင်ထန်းရည်မှာ အတော်ခါးပြီး မူးသောကြောင့် ဆက်မသောက်ရဲတော့၊ ပဲကြီးလှော်ကိုသာ ထိုင်၍ ဝါးနေကြရတော့သည်။ သူကြီးသား ကိုအေးသိန်းကတော့ ထန်းရည်ခါးကို နှစ်သက်စွာ တစ်ခွက်ပြီးတစ်ခွက် သောက်သုံးနေပေတော့သည်။

ထိုစဉ် နောက်ဖေးဘက် ခဏထွက်သွားသော သူကြီးဦးစံရွှေ ပြန်ရောက်လာပြီး ကျွန်တော်တို့ ဝိုင်းအတွင်းဝင်ထိုင်ပြီး ထန်းရည်တစ်ခွက်ယူသောက်လိုက်ရင်း . . .

"သား . . . ဆရာလေးတို့ကို ထန်းရည်ခါး တိုက်နေတာလား။ အမြည်းကောင်းလေး ဘာလေးလည်း လုပ်ဦးမှပေါ့။ မင်းဟာက ပဲကြီးလှော်နဲ့ မနိပ်ပေါင်ကွာ"

"အဖေရေ . . . ကျွန်တော်လည်း ပင်ပန်းလာလို့ ဘာအမြည်းမှ မလုပ်နိုင်တော့ဘူးဗျ။ ကိုယ့်အပင် ကိုယ်မတက်နိုင်တော့လို့ ထန်းမြူအိုးတောင် သူများဆီက တောင်းလာရတာ။ အဖေ့သမီးတွေလည်း ချက်တာပြုတ်တာ မပြီးသေးတော့ မီးဖိုကလည်း မအားသေးဘူးလေ"

"ကဲ . . . ထားပါတော့ သားရယ်။ ဆရာလေးတို့လည်း ထန်းရည်ခါးကို မကြိုက်ကြပါဘူး။ ဒါနဲ့ သားရော ကန်ဆယ်ရင်း ရွှေတိုရွှေစကလေးများ ရသေးသလား"

"မရပါဘူး အဖေရာ။ ကျွန်တော်တို့က မြေတူးအဖွဲ့မှမဟုတ်ဘဲ။ မြေသယ်အမျိုးသမီးတို့ ရွက်လာတဲ့တောင်းကို ကန်ပေါင်ရိုးမှာ





မြှောက်ရတယ်။ ဆိုင်ကလေးတွေ ဆောက်ပေးရတယ်။ သုံးရေ၊ သောက်ရေ ခပ်ပေးရတယ်။ အမျိုးသမီးတွေမနိုင်ရင် မြေသယ်တောင်းကို ဝင်ထမ်းပေးရသေးတယ်။ ဘောက်အလုပ်ဆိုပေမဲ့ နေကပူတော့ အလွန်ပင်ပန်းတယ်ဗျာ"

"အေး . . . အေး . . . သားရေ၊ မင်းအစ်ကို ဆရာသိန်းဝင်းကတော့ တစ်ကျပ်သားရှေးဟောင်းရွှေလက်စွပ်နဲ့ လက်ကောက်တစ်စုံတောင် ရပ်ပြီဗျာ"

"ဟုတ်လား ဆရာလေး။ ကျွန်တော့်လည်း ပြပါဦး။ ဒီနှစ်ကန်တော်အရှင်မက အပေးအကမ်း အစွန့်အကြဲ နည်းတယ်အောက်မေ့နေတာ ဆရာလေးတို့အပေါ်တော့ ကျသားပဲ"

"ဘာကျရမှာလည်း ကိုအေးသိန်းရယ်။ ကျွန်တော်တော့ ရွှေဆိုလို့ မှုးရင်ရှုဖို့တောင် မရပါဘူး"

"ဩော် . . . ကန်တော်အရှင်မက ကျောင်းဆရာအချင်းချင်းကိုတောင် ခွဲခြားခွဲခြားနဲ့ မျက်နှာလိုက်ဟန်တူပါရဲ့"

ထိုစဉ် အဘသူကြီးက ဝင်ဟန့်တားပါသည်။

"သားငယ် . . . အဖေတို့က ကန်တော်အရှင်မပိုင်နက်အထဲနေရတာ၊ မနောက်မပြောင်ကောင်းဘူးကွယ့်။ တောင်းပန်လိုက်"

"ဟုတ်ကဲ့ပါ အဖေ"

ကိုအေးသိန်း ထန်းရည်သောက်နေရင်းမှ အိမ်ရှေ့ထွက်၍ တတွတ်တွတ် တောင်းပန်နေပါသည်။ ပြီးမှ ကျွန်တော်ကောက်ရထားသော ရွှေလက်စွပ်နှင့် မြေလက်ကောက်များကို ကြည့်ပြန်သည်။

"ရှေးဟောင်းပစ္စည်းတွေပဲ ဆရာလေး။ လက်ကောက်သာ ရွှေ



www.burmeseclassic.com

www.burmeseclassic.com



အစစ်ဆိုရင်တော့ ဆရာလေး။ ကားကောင်းကောင်းတောင် ဝယ်စီးနိုင်လိမ့်မယ်ထင်တယ်"

"ထားပါ . . . ကိုအေးသိန်းရယ်။ သူများ စွန့်ကြဲတဲ့ပစ္စည်းနဲ့ ကားလည်း ဝယ်မစီးချင်ပါဘူး။ အမှတ်တရ ရှေးဟောင်းပစ္စည်းတွေကို ပေးတာကိုပဲ ကျေးဇူးတင် ဝမ်းမြောက်လှပါပြီဗျာ"

"ကိုအေးသိန်းရေ . . . ကန်ဆယ်ပွဲမှာ ဘာထူးခြားတာတွေ တွေ့မိ၊ မြင်မိသေးသလဲ။ ကျွန်တော်တော့ ထူးခြားတဲ့မိန်းကလေးတစ်ယောက်ကို မြင်ခဲ့တယ်။ ဒီရွာသူတော့ မဟုတ်နိုင်ဘူး။ အသားဖြူဖြူချောချော၊ အစိမ်းရောင်ဖျော့ဖျော့ဝတ်စုံ ဝတ်ထားတယ်။ ရွှေတွေလည်း ဝတ်ဆင်ထားတာ ညွတ်နေတာပဲ။ ဧည့်သည်တော့ ဧည့်သည်ပဲ။ ဒီရွာမှာ တစ်ခါမှမမြင်ဖူးဘူး။ တံတိုင်းမွှေးပန်းတွေလည်း ဝေနေအောင် ပန်ထားသေးတယ်"

သူကြီး အဘဦးစံရွှေက ဝင်ပြောလာသည်။

"အင်း . . . ဧည့်သည်ဖြစ်မှာပါ။ မြို့ပေါ်ရွာကလား၊ တွင်းတောင်နဲ့ ဘုတလင်၊ မုံရွာကလား၊ ဒါမှမဟုတ် ဆရာလေးတို့ ရန်ကုန်ကလုပ်အားပေး၊ ကျောင်းဆရာမများလား၊ ဒီရွာမှာ အသားဖြူတဲ့မိန်းကလေး တစ်ယောက်မှမရှိဘဲ၊ နောက်ပြီး တံတိုင်းမွှေးပန်းကိုလည်း မပန်ရဲကြဘူး။ ထူးတော့ အတော်ထူးဆန်းတာပဲ"

ထိုစဉ် သူကြီးသား ကိုအေးသိန်းက . . .

"ကျွန်တော်တော့ တစ်ကန်လုံး အနှံ့သွားနေတာပဲ၊ ဆရာလေးပြောတဲ့ အစိမ်းရောင်ဖက်ရှင်ဝတ် အမျိုးသမီးကလေးဆိုတာကို မမြင်ခဲ့မိပေါင်ဗျာ။ ဆရာကိုတင်ရွှေရော မြင်မိလိုက်သေးသလား"





"ကျွန်တော်လည်း မမြင်မိပါဘူးဗျာ။ အဲ . . . ဒါပေမဲ့ ကိုသိန်းတင်နဲ့အတူ သားသားနားနားဝတ်ဆင်ထားတဲ့ အဒေါ်ကြီးတစ်ဦးကျွေးတဲ့ ပျားရည်မုန့်တွေကိုတော့ တစ်ဝကြီးစားလိုက်ရပါတယ်။ နတ်သုဒ္ဓါဆိုလား အီပြီး စိမ့်နေတာပဲ။ အပြန်ကျတော့ အဲဒီအဒေါ်ကြီးဆိုင်ကို ရှာတာ မတွေ့ရတော့ဘူးဗျ"

"ဆရာလေးတို့က ထမင်းလွှတ်စားလိုက်တာပေါ့နော်။ ကျွန်တော်မတွေ့မိတာ နာတယ်ဗျာ။ အဖေကော အဲဒီမုန့်ဆိုင်ကို မြင်တွေ့လိုက်သေးသလား"

"မတွေ့မိပေါင် သားရယ်။ ဆရာလေးတို့က ကံကောင်းပြီး ပဋ္ဌာန်းဆက်အချင်းချင်း တွေ့တာနေမှာပေါ့။ ဒီလိုကိစ္စမျိုးက လူတိုင်း မဆုံတွေ့နိုင်ဘူး သားရဲ့။ ကံရှိလို့ ကံဆက်လို့ တွေ့ကြုံနိုင်ကြတာ။ ဒါတွေဟာ ဂမ္ဘီရဆန်တဲ့ ပဋ္ဌာန်းဆက် ဆွေတော်မျိုးတော်တွေအချင်းချင်း အတိတ်ဘဝက ကုသိုလ်ကံကြောင့် တွေ့ဆုံနိုင်ကြတာလေ"

"ဟုတ်လောက်တယ် အဖေ။ လိုအပ်သူတွေကို လိုအပ်တာ ကူညီရအောင် ကျွန်တော်တစ်ချိန်လုံး ကန်ပေါင်ရိုးပေါ်မှာလျှောက်သွားပြီး စောင့်ကြည့်နေတာပါ။ အစိမ်းရောင်ဝတ်အမျိုးသမီးရောင်၊ အသားဖြူတဲ့ အမျိုးသမီးတောင် မတွေ့မိပါဘူး။ နောက်ပြီး ပျားရည်နဲ့လုပ်တဲ့မုန့်ဆိုင်လည်း မတွေ့မိပေါင်ဗျာ။ အဲဒီဆိုင်မျိုးသာတွေ့ရရင် ရွာသူရွာသားတွေ ဝိုင်းဝိုင်းလည်ပြီး အလုအယက်တိုးဝေ့ပြီး စားကြမှာပါ"

ကိုအေးသိန်းက ဝေဖန်မှတ်ချက်ပြုတော့ အဘသူကြီးက . .

"အင်း . . . ဒါလည်းဟုတ်တယ်၊ ဆရာလေးတို့ရဲ့။ ရွာကကျွေးကြတဲ့ မုန့်ဆိုင်တွေက ရွာလက်ရာ မိရိုးဖလာမုန့်တွေပဲ။ နောက်ပြီး ပျားရည်မုန့်ဆိုတာ အဘတို့ရွာက တောနဲ့မနီးတော့ အလွန်ရှားပါးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းပဲ။ ထူးတော့ အတော်ထူးဆန်းတာပါပဲ။ သားရေ . . . အဖေ
အစောကပြောခဲ့သလို ပဌာန်းဆက် ဆွေတော်မျိုးတော်တွေလို့ပဲ မှတ်
လိုက်ပြီး စိတ်လျှော့လိုက်ပါတော့ သားရယ်။ ဒီကိစ္စမျိုးတွေက ထူးခြား
ဆန်းကြယ်တတ်ပါတယ်။ အဖေတို့၊ သားတို့ ဉာဏ်မမီပါဘူး''

''ဟုတ်ပါ့ အဖေရာ။ အစိမ်းရောင်ဝတ်အမျိုးသမီးကို မမြင်
လိုက်ရတာတော့ ထားပါတော့။ မှန်ဆိုင်ကြီးတစ်ခုလုံးကို မတွေ့လိုက်
ရတာတော့ နာတယ်ဗျာ။ ကန်တော်အရှင်မ မျက်နှာလိုက်တာပဲ။ ကိုယ့်
ရွာသားတော့ မျက်နှာသာမပေးဘူး၊ ညှော်သည်ကျောင်းဆရာတွေကိုတော့
မျက်နှာသာပေးတယ်။ ကျွန်တော်တော့ မကျေနပ်ဘူး''

''ဟဲ့ . . . သား၊ မပြောကောင်းဘူးကွယ့်။ ပြန်တောင်းပန်
လိုက်။ အတိတ်ဘဝက ပဌာန်းဆက်ချင်းဆုံကြတာလို့ ပြောပြီးပြီကော
သားရယ်၊ ကျေနပ်ပါ။ နောင်နှစ်တွေကျတော့ သားအလှည့်လည်း လာ
မှာပေါ့ကွယ်''

ရွာသားပီပီ မကျေနပ်၍ ပေါက်ကွဲနေသော သူကြီးသားကိုအေး
သိန်းအား ကျွန်တော်နှင့် ကိုတင်ရွှေတို့ကလည်း ဝိုင်းဝန်းဖျောင်းဖျ
နှစ်သိမ့်မှုပေးရပါသည်။ အစိမ်းရောင်ဖက်ရှင်ဝတ် အမျိုးသမီးနှင့် မှ
ရည်မှန်များကျွေးသော အဒေါ်ကြီးဆိုင်ကို ကျွန်တော်နှင့် ကိုတင်ရွှေ
အပြင် အခြားသူများ မမြင်တွေ့ကြခြင်းကတော့ လွန်စွာထူးခြားဆန်း
ကြယ်နေပါသည်။ အဘသူကြီးဦးစံရွှေပြောသလို အတိတ်ဘဝက ပဌာန်း
ဆက်၊ ဆွေတော်မျိုးတော်များဟု မှတ်ယူလိုက်ရန်သာ ရှိပါတော့သည်။

✿ ✿ ✿

❑

ယနေ့ညမှာ ကန်ဆယ်ပွဲပြုလုပ်ကျင်းပသော တပေါင်းလပြည့်
နေ့ဖြစ်ပေရာ ဥပုသ်သီလစောင့်ယူကြရန်ဖြစ်သော်လည်း မနက်ကတည်း
က တစ်ရွာလုံး အိမ်တိုင်းစေ့၊ လုပ်အားပေးကြရသဖြင့် နေ့ကြီးရက်
ကြီးဖြစ်သော်လည်း တစ်ရွာလုံး ဥပုသ်မစောင့်နိုင်ကြ။

မနက်အစောက ရွာကျောင်းသို့ ဆွမ်းချိုင့်ပို့ကြရပြီး ကန်ဆယ်
၌ လုပ်အားပေးကြရပြန်သည်။ ထို့ကြောင့် ဤကဲ့သို့ နေ့ကြီးရက်
ကြီးမျိုးတွင် တစ်ရွာလုံး သက်သတ်လွတ်သာစားကြသည်မှာ ထုံးစံဖြစ်
နေသည်။ ကျောင်းထိုင်ဆရာတော်မှအစပြုပြီး လူကြီးလူငယ်၊ မိန်းမ
ယောက်ျား၊ ကလေးအားလုံး သက်သတ်လွတ်စားကြပါသည်။ လွန်စွာ
နှံမြတ်ပြီး ချစ်စဖွယ်ကောင်းသော မလေ့စရိုက်အလေ့အကျင့်ဖြစ်ပေလ
သည်။

ထို့ကြောင့် ကျွန်တော်တို့လည်း ဒေသထွက် ပဲအမျိုးမျိုးဟင်း
ဖြင့် ညစာစားကြရပါသည်။ ကိုအေးသိန်းကပြောသည်မှာ ထန်းရည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပဲအမျိုးမျိုးမှာ သက်သတ်လွတ်ဖြစ်၍ ယခုလို နေ့ကြီးရက်ကြီးတွင် စားသောက်၍ကောင်းကြောင်း အဘသူကြီးကတော့ ထန်းရည်ကို သေအတွက်သာသောက်ပါက ဘယ်နေ့မဆို သောက်ကောင်းကြောင်း အကြံပြုသည်။

ကျွန်တော်တို့ကတော့ ခါးလှသောထန်းရည်ကို မကြိုက်သဖြင့် မည်သို့မှ မှတ်ချက်မပြုလိုပါ။ ထန်းရည်သည် ကျွန်တော်တို့အတွက် လူ့စိတ်ကိုစွဲလမ်းစေတတ်သော မရှိမဖြစ်ပစ္စည်းမဟုတ်။ သက်သတ်လွတ်ဟင်းဆိုသော်လည်း ပဲကြီးနှပ်၊ ပဲအမျိုးမျိုးကြော်၊ အသုပ်အမျိုးမျိုးဖြင့် ဆူးပုတ်ရွက်ခပ်သော ပဲကြီးဟင်းချိုတို့ကြောင့် သက်သတ်လွတ်ဟင်းမျိုးဖြစ်သော်လည်း လက်ရာပြောင်းပြီး စားကောင်းပါသည်။

ယနေ့ည အ,သုံးလုံးစာသင်တန်းအတွက် ရွာသူရွာသားများ ပင်ပန်းကြသောကြောင့် စာသင်သားအလာနည်းသဖြင့် စောစီးစွာပိတ်သိမ်းပြီး အနားယူကြပါသည်။ တပေါင်းလပြည့်ညလမင်းကြီးမှာ ပြည့်ဝစွာ ထိန်ထိန်သာနေသည်။

ယခင်ညများက ည (၉) နာရီထိုးမှ အ,သုံးလုံးသင်တန်းသိမ်း၍ ည (၁၀)နာရီခန့်မှ ရွာမှာ တိတ်ဆိတ်သွားသော်လည်း ယနေ့ညတွင်မတော့ ပင်ပန်းလွန်းကြ၍ ရွာမှာ ည(၉)နာရီခန့်ကတည်းက တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။ ကျွန်တော်တို့လည်း မောမောပန်းပန်း အိပ်ရာဝင်ခဲ့ရာ နှစ်ခြိုက်စွာအိပ်ပျော်ခဲ့ပါသည်။

ညက စောစီးစွာအိပ်ရာဝင်ခဲ့ပြီး မနက်တွင်လည်း အိပ်ရေးဝသဖြင့် စောစီးစွာနိုးလာခဲ့ရာ ကျွန်တော်တို့ ကျောင်းဆရာနှစ်ဦးနှင့် သူကြီးတို့သားအဖ မနက်အစောစာစားရင်း ရေနွေးကြမ်းသောက်နေကြ





စဉ် ရွာဦးဘုန်းတော်ကြီးကျောင်းမှ ကျောင်းသားကလေးတစ်ဦးရောက်ရှိလာပါသည်။

"သူကြီးခင်ဗျား . . . ဆရာတော်က ကျောင်းဆရာတွေကို ခေါ်ခိုင်းလိုက်ပါတယ်။ သူကြီးမင်းလည်း တစ်ပါတည်းကြွခဲ့ပါတဲ့"

"ဟဲ့ . . . ဘာကိစ္စများတုံး မောင်ကျောင်းသားရဲ့"

"ကျွန်တော် မသိပါ။ ဆရာတော်ဘုန်းကြီးက ကျောင်းရောက်မှပြောမယ် ပြောပါတယ်ခင်ဗျာ"

"ကဲ . . . ဆရာလေးတို့ ဆရာတော်က ဘာအမှိန့်ရှိချင်လို့လဲ မသိဘူး။ သွားလိုက်ကြရအောင်"

ကျွန်တော်တို့ ကျောင်းသားကလေးနှင့်အတူ ရွာဦးကျောင်းသို့ လှမ်းခဲ့ကြပါသည်။ မနက်စောစောဖြစ်၍ ပတ်ဝန်းကျင်မှာ အလွန်သာယာနေသည်။ ရွာအပြင်ရောက်တော့ ကျွန်တော်တို့ဆယ်ခဲ့သော ကန်တော်အရှင်မကန်ကြီးမှာ ကန်ပေါင်ရိုးအသစ်ဖြင့် ပြန့်ပြောညီညာ၊ သန့်ရှင်းသပ်ရပ်နေပါသည်။

ထိုစဉ် တံတိုင်းမွှေးပန်းရနံ့သင်းသင်းကလေးက လေအေးကလေးနှင့်အတူ ဆောင်ယူလာသဖြင့် ရင်မှာအေးမြသွားသည်။ ကန်ကြီးတစ်ဖက်ကမ်းအနီးတွင် စားပင်၊ သီးပင်များဖြင့် စိမ်းလန်းစိုပြေနေသော ရွာဦးဘုန်းတော်ကြီးကျောင်းကို လှမ်းမြင်နေရသဖြင့် စိတ်အတွင်းပိုမိုအေးမြသွားရသည်။

ရွာဦးဘုန်းတော်ကြီးကျောင်းမှာ သဲကန္တာရအတွင်းမှ အိုအေစစ်စခန်းကလေးသဖွယ်ပင်။ ကျောင်းဝင်းအတွင်း၌ ကြက်တိန်ညင်ကလေးများ အုပ်စုလိုက် အစာကောက်နေကြသည်။ မုံတူးရွာသို့ ရောက်စဉ်



www.burmeseclassic.com

www.burmeseclassic.com



စာသင်အသွား ဖြတ်သန်းနေရသဖြင့်လည်းကောင်း၊ ကျောင်းသားကလေးလည်း ပါသောကြောင့်လည်းကောင်း၊ ကြက်တိန်ညင်အုပ်မှာ ယခင်ကလို လန့်ပြီးထ၍ မပျံတော့။ ကုန္တြေကြီးစွာ အစာစားနေကြသည်။ ကျောင်းဝင်းအတွင်း၌ သရက်ဖူးအနံ့များ သင်းပျံ့နေသည့်အကြားက တံတိုင်းမွှေးပန်းရနံ့ကို ခွဲခြားပြီးရလိုက်သေးသည်။

ကျောင်းပေါ်၌ ဆရာတော်က ရေနွေးကြမ်းဝိုင်းအနီးတွင် ထိုင်ရင်း ကျွန်တော်တို့အား ကြိုလင့်နေပါသည်။

''လာကြ ... ဒကာတို့ ထိုင်ကြပါ၊ ဒီမှာ ပဲခြမ်းကြော်သုပ်နဲ့ ရေနွေးကြမ်းအသင့်ရှိတယ်''

ကျွန်တော်တို့ ဆရာတော်အား ဦးချရှိခိုးနှုတ်ဆက်ကြပြီး နေရာယူထိုင်ကြသည်။

''ကျောင်းဆရာလေးတို့ အဆင်ပြေကြရဲ့လား။ ဆရာလေးတို့ ဂုဏ်သတင်းကတော့ နှစ်ရွာစလုံး၊ မွှေးပျံ့နေတာပါပဲ။ ဒါနဲ့ ကန်ဆယ်ပွဲမှာလည်း ပင်ပင်ပန်းပန်း လုပ်အားပေးကြသေးတယ်ဆို''

''တင်ပါ့ဘုရား။ ကုသိုလ်လိုချင်လို့ပါဘုရား''

''အိမ်း ... သာဓု ... သာဓု ... သာဓု။ ပညာဒါနကို အလှူပေးတယ်၊ လုပ်အားဒါနကို အလှူပေးတယ်၊ အလွန်မွန်မြတ် ကုသိုလ်ရတဲ့ အလှူတွေပါပဲ''

''အရှင်ဘုရား ... တပည့်တော်တို့ကိုခေါ်တာ ကိစ္စထူးများရှိလို့လားဘုရား''

''ကိစ္စထူးရှိတယ် ... ဒကာသူကြီး။ မနေ့က ကန်ဆယ်ပွဲမှာ ကျောင်းဆရာလေးတစ်ယောက် လက်စွပ်တစ်ကွင်းနဲ့ လက်ကောက်တစ်ရံ ကောက်ရတယ်ဆို''





ကျွန်တော်တို့ လွန်စွာ အံ့ဩသွားမိကြသည်။ ထိုကိစ္စကို ကျွန်တော်၊ ကိုတင်ရွှေနှင့် သူကြီးမိသားစုသာ သိသူများဖြစ်ကြသည်။ ယနေ့နံနက်စောစော ဆရာတော်က သိနှင့်နေသည်မှ လွန်စွာ အံ့ဩဖွယ်ရာဖြစ်သည်။

''အရှင်ဘုရား ... ဘယ်သူ့ဆီက ကြားတာလဲဘုရား''

''ဘုန်းကြီးကို ညက အိပ်မက်ပေးလို့သိတာပါ။ ဒကာလေးကို ရှေးဟောင်းရွှေလက်စွပ်ပဲ လက်ဆောင်ပေးတာတဲ့။ ဒကာလေးက ကံထူးသူဆိုတော့ ရှေးဟောင်းရွှေလက်ကောက်နှစ်ကွင်းပါ ရသွားသတဲ့။ အဲဒါကြောင့် ရွှေလက်စွပ်ကိုတော့ ယူပါ၊ ရွှေလက်ကောက်နှစ်ကွင်းကိုတော့ မူလရခဲ့တဲ့နေရာမှာ မြေကျင်းတူးပြီး ပြန်ထားပေးပါလို့ ဘုန်းကြီးကတစ်ဆင့် ကန်တော်အရှင်မက အိပ်မက်ပေးပြီးပြန်တောင်းဆိုနေပါတယ်။ ဒကာလေး ... သူ့နေရာသူ ပြန်ထားပေးလိုက်ဖို့ ဘုန်းကြီးကလည်း မေတ္တာရပ်ခံချင်ပါတယ်''

''တင်ပါ့ဘုရား ...။ တစ်ကျပ်သားလောက်ရှိတဲ့ ရှေးဟောင်းလက်စွပ်ကတော့ ရွှေအစစ်လက်စွပ် မှန်ပါတယ်ဘုရား။ ဒါပေမဲ့ ပျူလက်ရာ ရှေးဟောင်းလက်ကောက်နှစ်ကွင်းကတော့ ရွှေမဟုတ်ပါဘူးဘုရား။ ကြေးလက်ကောက်တွေပါ။ ကျောင်းဆရာလေးတို့က တပည့်တော်ကို အဲဒီညမှာတင် ပြလို့ အသေအချာမြင်ပြီးပါပြီဘုရား''

''အိမ်း ... ဘာလက်ကောက်ပဲဖြစ်ဖြစ် ပိုင်ရှင်ကတော့ ရွှေလက်ကောက်လို့ ပြောနေတာပဲ။ ပျူခေတ်လက်ရာ တစ်ကွင်းကို ရွှေအလေးချိန် တစ်ဆယ်သားစီရှိသတဲ့''

ထိုစဉ် ကျွန်တော်က လက်သူကြွယ်တွင် အသင့်ဝတ်လာသော တစ်ကျပ်သားခန့်ရှိ ရှေးဟောင်းရွှေလက်စွပ်ကို ပြပါသည်။ ထို့နောက်—



www.burmeseclassic.com

www.burmeseclassic.com



“ဆရာတော် ဘုရား။ ဒါက ရှေးဟောင်း ရွှေလက်စွပ်အမှန် ပါ။ လက်ကောက်တွေကတော့ တန်ဘိုးမရှိတာနဲ့ တပည့်တော်အိပ်တဲ့ ခေါင်းအုံးအောက်မှာပဲ ထားခဲ့ပါတယ်။ တပည့်တော် ရှာပြန်ယူပြီး မြှုပ်ပါ့ မယ်ဘုရား”

“မလိုပါဘူး . . . ဒကာလေး။ ရတနာပစ္စည်းဆိုတာက ဘုန်း ကြီးတို့နဲ့ မပတ်သက်ပါဘူး။ ကန်တော်အရှင်မက အိပ်မက်ပေးပြီး တောင်း ဆိုလို့ ဘုန်းကြီးက ကြားဝင်ပြောရတာပါ။ ဒကာလေးတို့ ကျောင်း ဆရာတွေကို အကြွင်းမဲ့ ယုံပြီးသားပါ။ သူ့ဘာသာ ဘာနဲ့လုပ်တဲ့ လက် ကောက်ဖြစ်ဖြစ် ရတဲ့မူရင်းနေရာမှာသာ ပြန်မြှုပ်ပေးလိုက်ပါ။ ရွှေလက် စွပ်ကတော့ ဒကာလေးနဲ့ထိုက်လို့ရတာ အပိုင်ယူပါ”

“တင်ပါ့ဘုရား။ တပည့်တော်တို့ ဒီနေ့ပဲ သူကြီးနဲ့တိုင်ပင်ပြီး မူလရခဲ့တဲ့နေရာမှာ မြေလက်ကောက်ကို အသေအချာ ပြန်မြှုပ်လိုက် ပါ့မယ်ဘုရား”

“အိမ်း . . . အိမ်း . . . သာဓု . . . သာဓု . . . သာဓု . . .။ သဗ္ဗဝါအပေါင်းတို့ ကိုယ်စိတ်နှစ်ပါး ချမ်းသာရွှင်လန်းကြပါစေ”

“ပေးတဲ့ဆုနဲ့ ပြည့်ပါစေဘုရား”

ကျွန်တော်တို့ ဆရာတော်အား နှုတ်ဆက်ကန်တော့ပြီး ကျောင်း ဝင်းအတွင်းမှ ထွက်ခွာလာကြစဉ် တံတိုင်းမွေးပန်းရနံ့က ထောင်းခနဲ ဝင်သွားပြန်သည်။ ကျွန်တော့်စိတ်အထင်တော့ ကန်တော်အရှင်မက ကျွန်တော်တို့အား အနီးကပ် စောင့်ကြပ်ကြည့်ရှုနေဟန်တူပါသည်။

“အဘရေ . . . ဘယ်လိုလုပ်ကြမလဲ။ သူ့ပစ္စည်းသူ ပြန် တောင်းနေတော့ ပြန်မြှုပ်ပေးရမှာက ကျွန်တော်တို့တာဝန်ပဲ။ ဆရာတော် ကိုလည်း ကတိပေးခဲ့ပြီးပြီ။ ဘယ်အချိန် လာမြှုပ်ကြမလဲ။ လူရှင်းတဲ့





အချိန်မှ ကောင်းမယ်ထင်ပါတယ်။ တော်ကြာ ကျွန်တော်တို့က လာမြှုပ် နေတုန်း မတော်တဆမြင်တွေ့တဲ့သူက ပြန်ဖော်တူးနေရင် ရှုပ်ကုန်ဦး မယ်”

“ဒီလိုလုပ်မယ် ဆရာလေး။ ဆရာလေးတို့က အခု မုံထူးရွာ ကိုသွားပြီး စာသင်ရမှာဆိုတော့ အခု အဆင်မပြေပြန်ဘူး။ နေ့လယ် နေ့ခင်း အားချိန်ကျတော့ ကန်ထဲမှာလူရှင်းတယ်။ လက်ယက်တွင်း တူးပြီး ရေခပ်တဲ့ အပျိုတွေမရှိတော့ဘူး။ ကျွန်တော်နှင့် သားအေးသိန်း နဲ့ နှစ်ဦးတည်းသွားပြီး တစ်ဦးက ကန်ပေါင်ပေါ်က လှူကြည့်မယ်၊ တစ်ဦး က ကန်ထဲဆင်း မြေကျင်းတူးပြီး မြေမြှုပ်မယ်။ ဘယ်နေရာက ရခဲ့သလဲ ဆိုတာသာ ဆရာလေးက ကျွန်တော့်ကို အတိအကျသာ ပြောပေရော့ ဆရာလေး”

“ကောင်းပါတယ် သူကြီး။ သူကြီးကိုယ်တိုင် မြှုပ်တော့ ပို ကောင်းပါတယ်။ မြှုပ်ရမဲ့နေရာက ကန်အလယ်ခေါင် သင်ပုန်းကျောက် တုံးကြီးနှစ်လုံး အနောက်ဘက် (၁၅)ပေ လောက်ပဲ ဝေးပါတယ်။ မြေက အစိုဓာတ်ရှိတော့ တူးရတာလည်း လွယ်ပါတယ်”

“ကောင်းပြီ ဆရာလေး . . .။ ဆရာလေးတို့ စိတ်ချမ်းသာစွာ ဘဲ သွားကြပါ။ ကျွန်တော်တို့သားအဖ နေ့လယ်ခင်းမှာ အပြီးမြှုပ်ထား လိုက်ပါ့မယ်။ ဒါနဲ့ ပစ္စည်းတွေက ဆရာလေး ခေါင်းအုံးအောက်မှာ နော်”

“ဟုတ်ပါတယ်။ ရေနဲ့ဆေးကြောပြီး လက်ကိုင်ပဝါနဲ့ ထုပ် ထားပါတယ်”

“ရပါပြီ . . . ဆရာလေး ကျွန်တော်ပြန်မယ်။ ဆရာလေးတို့ ညနေစောင်း စောစောပြန်ခဲ့ကြပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့အဘ"

ကျွန်တော်တို့ သူကြီးနှင့်လမ်းခွဲပြီး ကျွန်တော်တို့က မုံထူးရွာဘက်သို့၊ သူကြီးက တူးကြီးရွာဘက်သို့ ထွက်ခဲ့ကြပါသည်။ နွေနေက ထန်းတစ်ဖျားခန့်သာ အမြင့်ရှိသေးသော်လည်း ပူအိုက်စပြုပေပြီ။ ယနေ့ ကျွန်တော်တို့ ဘုန်းကြီးကျောင်းဝင်နေသဖြင့် ခါတိုင်းနေ့များထက် နောက်ကျပါသည်။ ထို့ကြောင့် နေပူမမိစေရန် သွက်သွက်လျှောက်တော့ ချွေးက စို့ထွက်လာသည်။

လျှောက်နေကျလမ်းခရီးဖြစ်သော်လည်း အရိပ်မရှိသော ကွင်းပြောင်ပြောင်တွင် လမ်းလျှောက်ရသည်မှာ မသက်သာပါ။ အထက်ပူ၊ အောက်ပူ၊ ထီးမပါသော်လည်း အဝတ်ဦးထုပ်ကလေးများ ကိုယ်စီပါ၍ တော်ပါသေးသည်။

ဦးထုပ်ကလေးများ အရှေ့ဘက်တံဆိပ်နေရာတွင် အ,သုံးလုံးပုံစံအား အစိမ်းရောင်ချည်ဖြင့် ဖောင်းကြွရေးထိုးထားပြီး ဦးထုပ်အရောင်က အဖြူရောင်ဖြစ်သဖြင့် ပြင်းထန်သော အလင်းရောင်ဒဏ်ကို တန်ပြန်အန်တုနိုင်ပါသည်။

✿ ✿ ✿

❑

ညနေစောင်းကျွန်တော်တို့ပြန်လာတော့ အဘသူကြီး ဦးစံရွှေအား ရွာဦးကျောင်းရှေ့တွင် တွေ့ရသည်။

"လာ . . . ဆရာလေးတို့။ ဟိုပစ္စည်း ကန်ထဲမှာမြှုပ်ပြီးတာနဲ့ ဆရာတော်ကိုလျှောက်တင်ပြီး ဆရာလေးတို့ပြန်အလာကို စောင့်နေတာ"

"ဆရာတော် ကျေနပ်တော်မူမှာပါ။ ကျွန်တော်တို့တော့ အံ့တော်ဝမ်းသာနေမိတယ်။ အခု တစ်လပဲရှိသေးတယ်၊ ရွာနှစ်ရွာလုံးက စာသင်သားတွေက အားရစရာပဲ။ စာရေးတတ် ဖတ်တတ်၊ တွက်တတ်နေပြီ"

"ဝမ်းသာစရာပါ ဆရာလေးတို့ရယ်။ မနက်က ဆရာလေးတို့နဲ့ ဘုန်းကြီးကျောင်းမှာ လမ်းခွဲပြီး အိမ်ပြန်ရောက်တော့ ရွာကလူကြုံနဲ့ စာတစ်စောင်ပါလာတယ်။ သကြံန်တွင်း အ,သုံးလုံးဆရာတွေကို မုံရွာမြို့အနီး အ,သုံးလုံးကော်မတီက ဘုရားဖူးလိုက်ပို့မှာမို့ မနက်ဖြန်ညနေ

www.burmeseclassic.com



နောက်အကျဆုံး မြို့ပေါ်ရွာကျောင်းကို ကျေးရွာဥက္ကဋ္ဌတွေက လိုက်ပို့ပေးရန် အကြောင်းကြားစာပါပဲ''

''ဪ . . . နှစ်သစ်ကူးသင်္ကြန်တောင် ကျတော့မှာပါလား။ ဒါဆို အ,သုံးလုံးသင်တန်းလည်း ပြီးဆုံးခါနီးပြီပေါ့။ အဘရေ . . . ကျွန်တော်တို့လည်း အဘတို့နဲ့ မကြာခင် ခွဲရတော့မှာပါလား''

''ဟုတ်ပဲ့ ဆရာလေးရယ်။ ရွာကလူတွေကတော့ ဆရာလေးတို့ကို လွမ်းနေတော့မှာပါပဲ။ ကျွန်တော်တို့ အညာသူ အညာသားတွေက သံယောဇဉ် အလွန်ကြီးတတ်ပါတယ် ဆရာလေးတို့ရယ်''

''ဟုတ်ပါတယ် အဘ။ ကျွန်တော်တို့ဘက်ကလည်း ထပ်တူခံစားရပါတယ်။ ရန်ကုန်ပြန်ရောက်ရင်တော့ ခဏနား၊ ကျောင်းပြန်တက်၊ အလုပ်ခွင်ဝင်နဲ့ ဒီရွာဘက်တွေကို အတော်နဲ့ရောက်နိုင်မယ် မထင်တော့ပါဘူး။ အလုပ်တာဝန်နဲ့ ဒီရွာတွေဘက်အပိုင်း တာဝန်ကျရင်တော့ ကောင်းမှာပဲနော် . . . အဘရယ်''

''ဒီဘက်အပိုင်းမှာက ဆည်မြောင်းနဲ့ဝေးတယ်။ သစ်တောမရှိဘူး။ လယ်က ရှားတယ်။ ယာပဲရှိတယ်။ အဲဒီတော့ ကုန်သွယ်ရေးနဲ့ သမဝါယမဌာနအလုပ်ရယ်၊ ကျောင်းဆရာအလုပ်ရယ် ဒါပဲရှိတာ။ ဒါတောင် ကျွန်တော်တို့ရွာမှာ မူလတန်းကျောင်းတောင် ရှိတာမဟုတ်ဘူး။ မြို့ပေါ်ရွာလို ရွာကြီးတွေမှာမှ မူလတန်းကျောင်းနဲ့ အလယ်တန်းကျောင်းရှိတာ။ အထက်တန်းကျောင်းကတော့ အရာတော်၊ ဘုတလင်၊ မုံရွာမြို့တွေပေါ်မှာပဲရှိတာ။ ဆရာလေးတို့ ကျောင်းဆရာလာလုပ်တောင် ကျွန်တော်တို့နဲ့အတူ မနေနိုင်ပါဘူး ဆရာလေးတို့ရယ်''

ထိုစဉ် ကိုတင်ရွှေက . . .





''ကျွန်တော့်အမြင် ပြောရရင်တော့ အဘတို့ရွာက မြို့နဲ့လှမ်းပြီး ခရီးကကြမ်းတော့ ဘုတလင်၊ မုံရွာ၊ အရာတော်လိုနေရာမျိုးမှာ အစိုးရဝန်ထမ်းတာဝန်ကျရင်တောင်မှ ခွင့်ရက်ရှည်မရဘဲ ဘယ်ကိုမှ လာလည်နိုင်မဲ့နေရာမျိုး မဟုတ်ပါဘူး။ အဲဒီတော့ ကံကြုံတော့လည်း ပြန်ဆုံကြတာပေါ့အဘရယ်။ ဟုတ်ဘူးလား''

''ဟုတ်ပ့ါ ဆရာလေး ကိုတင်ရွှေရယ်။ ကဲ . . . သံယောဇဉ်တွေ မေ့ထားကြစို့။ ဆရာလေးပြောသလို ကံကြုံတော့လည်း ပြန်ဆုံကြတာပေါ့နော်။ အခုညနေတော့ ဆရာလေးတို့ မနက်ဖြန် သင်္ကြန်အကြိုမြို့ပေါ်ဆင်းကြရမှာဆိုတော့ အကြိုနှုတ်ဆက်ပွဲအနေနဲ့ သားမောင်သိန်းအေးတို့ ကာလသားအဖွဲ့က ထန်းရည်ခါးနဲ့ ကြက်သားဟင်း စီစဉ်နေကြပါတယ်''

''ဪ . . . အဘရယ်၊ ကျွန်တော်တို့က ညမှာ အသုံးလုံးသင်တန်းရှိသေးတယ်လေ သောက်လို့ ဘယ်ဖြစ်မလဲ''

''ဟဲ . . . ဟဲ . . . အဲဒါအတွက်လည်း ကြိုတွက်ပြီးသားပါ ဆရာလေးတို့ရယ်။ ဆရာလေးတို့ မနက်ဖြန် ဘုရားဖူးသွားကြမှာမို့ ဆရာလေးတို့ကိုယ်စား ကျွန်တော့်သမီးနှစ်ယောက်က သင်ပေးမှာပါ။ ဆရာတို့ညီမတွေက ငယ်စဉ်တုန်းက မြို့ပေါ်ရွာမှာ အမျိုးတွေနဲ့နေပြီး (၄)တန်းအောင်အထိ စာသင်ခဲ့ဖူးတာပါ။ စိတ်ချလက်ချ အားကိုးလို့ ရပါတယ်''

''ကောင်းပ့ါ အဘရယ်။ ဒီမှ . . . ကျွန်တော်တို့ပြန်ရင် စာတွေ မေ့ကုန်မှာစိုးလို့ ကျွန်တော်က စိုးရိမ်နေတာ''

ကျွန်တော်တို့ ရွာပြန်ရောက်တော့ ခေတ္တနား၊ ရေနွေးကြမ်းသောက်ပြီး ရေချိုး၍ အဝတ်အစားလဲ၊ ရွာအရှေ့ခွန်ပိုင်းသို့ သွားကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရွာအရှေ့ပိုင်း ထန်းပင်ညီနောင်အောက်တွင် ထန်းချောဖျာများခင်း၍ ရွာကာလသားများက ညနေထန်းရည်ဝိုင်းအတွက် စီစဉ်နေကြသည်။ သူကြီးသားကိုအေးသိန်းက လူပျိုခေါင်းဖြစ်၍ ခေါင်းဆောင်ဖြစ်သည်။

"ဆရာလေးတို့ ... ကြွကြပါ၊ ထိုင်ကြပါ။ အမြည်းကတော့ ကြက်ဖကြီးနှစ်ကောင်ကို အာလူးနဲ့ရောပြီး ဆီပြန်ချက်တယ်။ အမိုးအရင်းကို ခွေးတောက်ရွက်ဟင်းချို။ ကျန်တာတွေကတော့ ပဲခြမ်းသုပ်၊ ရွက်စုံကြော်၊ အကြော်မျိုးစုံကြော်ပေါ့ ဆရာလေးတို့ရယ်။ သောက်ပြီးတာနဲ့ ထမင်းပါ တစ်ပါတည်းကျွေးမှာပါ"

"ကောင်းတယ် ... ကိုအေးသိန်းရေ။ ကျွန်တော်တို့လည်း ပြန်ကြရမှာဆိုတော့ စိတ်မကောင်းဖြစ်နေတာပါ။ ဒီနေ့တော့ နှစ်ခွက်၊ သုံးခွက်ကို သောက်ပစ်လိုက်မယ်ဗျာနော် ... ကိုတင်ရွှေရေ"

"ဝုတ်တယ် ... ဝုတ်တယ် ... အမူးသောက်မယ်။ ဝေါ့ ... အော့ ... ဟော့ ... ဟော့ ..."

"ဝါး ... ဟား ... ဟား ... ဟား ..."

"ဖြောင်း ... ဖြောင်း ... ရှိုး"

ကိုတင်ရွှေက ထန်းရည်ခွက်ကိုမော့သောက်ပြီး အမူးသမားအိုင်တင် လုပ်ပြသဖြင့် ကာလသားအားလုံး လက်ခုပ်လက်ဝါးတီး ဝိုင်းရယ်ကြပြီး အားပေးကြပါသည်။ တကယ်တမ်း ကျွန်တော်တို့ မသောက်နိုင်ကြပါ။ ထန်းရည်နှစ်ခွက်သုံးခွက် ဝင်သည်နှင့် မူးကြသဖြင့် ဆရာသိက္ခာမကျစေရန် အချင်းချင်း လက်ကုပ်၍ထိန်းကြပြီး ညစာစား၍ သူကြီးအိမ်သို့ ပြန်ခဲ့ကြပါသည်။

---

စိတ်ကူးသစ်စာပေ



တည်းခိုအိမ်တွင် စာသင်ဝိုင်းက မရှိတော့ပါ။ နာရီကြည့်တော့ ည (၉)နာရီပင် ကျော်ပြီဖြစ်သည်။ ထို့ကြောင့် ခြေလက်မျက်နှာဆေးကြောပြီး တစ်ချိုးတည်း အိပ်ရာဝင်ခဲ့ရတော့သည်။ ထန်းရည်အရှိန်ကြောင့် တစ်ရေးပင် အိပ်ရာက မနိုးပါ။ နောက်တစ်နေ့မနက်စောစော အဘသူကြီး အိပ်ရာမှနှိုးမှ ထနိုင်ကြသည်။

"ကဲ ... ဆရာလေးတို့ ထကြတော့။ ရောင်နီတောင်လာနေပြီ။ မြို့ပေါ်ကို အခုအချိန်ကဆင်းပါမှ နေမပြင်းခင် မြို့ပေါ်ရောက်မယ်။ ထမင်းကြော်၊ မြေပဲဆံကြော်နဲ့ ရေနွေးကြမ်းလည်း အဆင်သင့်ပဲ။ ကဲ စားပြီးသွားကြမယ်"

ကျွန်တော်တို့ လှည်းပေါ်ရောက်တော့ မနက်လေးနာရီခွဲခန့်ရှိပြီ။ လှည်းပေါ်၌ ကောက်ရိုးခင်းပေါ်တွင် ဂုန်နီအိတ်ထပ်မံခင်းထားသဖြင့် မြန်မာပြည်၊ ဗမာလုပ် ဆိုဖာစစ်စစ်ဖြစ်ချေသည်။ အရှေ့ဘက်ကောင်းကင်၌ ပတ္တမြားသွေးရောင်နီရဲရဲက တဖြည်းဖြည်း ပျို့အန်လာသည်။

ဤလို မနက်စောစောအချိန်၌ မလင်းတလင်းရောင်ခြည်အောက်တွင် အညာဒေသလောကတခွင်မှာ ပူလောင်ခြင်းမရှိသေး၍ အလွန်သာယာနေပျော်ဖွယ်ပင်။ ကောင်းကင်ယံကိုမော့ကြည့်မိတော့သည်း အစာရှာထွက်သော ငှက်အုပ်များကိုမြင်မိ။ ယုတ်စွအဆုံး ချိုးတိုးငှက်ငယ်ကလေးများ၏အသံကိုပင် မကြားရ။

'ဥတုရာသီ၊ တောကိုမှီသည်၊ သစ်တစ်ပင်ကောင်းမှ ငှက်တစ်သောင်းနားနိုင်မည်၊ စိမ့်စမ်းသစ်ပင် တောကိုခင်၏' အစရှိသော သစ်တောဌာနဆောင်ပုဒ်များမှာ ဤနယ်မြေနှင့် လားလားမျှ အကျုံးမဝင်ပါ။ အမိကက ချေပြသနာ၊ နေပူသနာပင် ဖြစ်ပါလိမ့်မည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ဤမျှခေါင်လှသောနေရာကို သံယောဇဉ်ဖြင့် အခြေ နေထိုင်နိုင်ကြသည်မှာ အံ့ဖွယ်လိလိပင်။ မြို့နှင့် အဆက်အသွယ် လည်း အလှမ်းဝေး၊ ကျန်းမာရေးပြဿနာ အရေးပေါ်ပါကလည်း မည် သို့ဖြေရှင်းကြမည်နည်း။ ရေငန်သောက်၍ မြက်ခြောက်ပင် စားစရ မရှိ။ အပြန်လမ်းတွင် လူရောနွားပါ ပင်ပန်းကြဦးမည်။

မနက်ခင်း နေမပူခင်ဖြစ်၍ နွားများက အတော်ရုန်းနိုင်ကြ သည်။ တောင်ဆင်းလမ်းဖြစ်၍ ကျွန်တော်တို့ မနက် (၁၀) နာရီခန့်တွ မြို့ပေါ်ရွာကြီးသို့ ရောက်ကြသည်။ နီးစပ်ရာရွာများက ကျောင်းဆရ ဆရာမများ စုညီစွာရောက်ရှိနေကြပြီ။ အသုံးလုံးကော်မတီက ကျွ တော်တို့လို အစွန်အဖျားရွာများကို စောင့်နေကြခြင်းဖြစ်သည်။

ကားများ စီစဉ်ထားသည်မှာလည်း အဆင်သင့်။ ထို့ကြော ကျွန်တော်တို့ ခေတ္တနားပြီး နေ့လယ်စာစားရသည်။ မွန်းလွဲပိုင်းတွ အသင့်စီစဉ်ထားသော ချက်ဗလက်ဗိုက်ပူကားကြီးဖြင့် မုံရွာမြို့သို့ ခ ဆက်ခဲ့ပါသည်။ ကျွန်တော်တို့ပြန်လာမည့်ရက်ကို ကော်မတီက အသ မှာသဖြင့် အဘသူကြီးနှင့် ကိုအေးသိန်းတို့ နွားလှည်းဖြင့် လာကြိုကြ ရပေဦးမည်။

ထိုနေ့က ထူးကြီး၊ မုံထူးရွာများဖြင့် ခွဲခွာလာရတော့လည် ပူပြင်းခြောက်သွေ့လှသော ရွာကလေးများကို လွမ်းမိနေသည်။ မုံရွ ခရီးလမ်းမှာ ပူပြင်းသော်လည်း အပေါင်းအသင်းများဖြင့် စုပေါင်းခရီ သွားရပြီး လမ်းတစ်လျှောက်လုံး တမာပင်၊ သရက်ပင်တို့၏ အရ အပွင့်ရနံ့များကြောင့် ရွှင်လန်းတက်ကြွရပြန်သည်။

ကိုယ်စီတာဝန်ကျသော ကျေးရွာကလေးများနှင့် ထူးခြားဖြစ် စဉ် အတွေ့အကြုံများကို အပြန်အလှန် ပြန်ပြောရသည်မှာလည်း မရိ





နိုင်၊ အညာနေနှင့် အညာလေမှာ ပူပါသည်။ သို့သော် အလွန်ပျော်စရာ ကောင်းပါသည်။

မုံရွာရောက်တော့ အမှတ် (၁) အထက်တန်းကျောင်းကြီးတွင် စတည်းချကြပြီး တာဝန်ကျ လုပ်အားပေး ဆရာ၊ ဆရာမများကို စောင့် ကြရသည်။ ထိုနေ့က ညနေစောင်းမှရောက်သဖြင့် မုံရွာဈေးကြီးအတွင်း မှ လိုအပ်သောပစ္စည်းကလေးများကို ဝယ်ခွင့်ရသည်။

နေဝင်ခါနီးတော့မှ မုံရွာ၊ ဘုတလင်၊ ချောင်းဦး၊ အရာတော်၊ မုံရွေးစသော မြို့နယ်များမှ ကျောင်းသားကျောင်းသူများ စုညီကြသဖြင့် ညအိပ်ရပ်နားအပန်းဖြေကြရသည်။ တစ်လတာသာ ကြာမြင့်ခဲ့သော် လည်း အမျိုးသမီးကျောင်းသူများက ရေပြဿနာ၊ နေအပူရှိန်ပြဿနာ များကြောင့် အသားမဲသွားကြောင်း ပြောကြဆိုကြသည်။ သို့သော် ကျွန် တော်တို့ရွာများလောက် ဝေးလံပြီး အစားအစာနှင့် ရေခေါင်းပါးသော ရွာများ မရှိပါ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

နောက်နေ့တွင် လူစီးချက်ဗလက်ဖိုက်ဗူကားကြီး (၅)စီးဖြင့် မုံရွာမြို့နှင့်ပတ်ဝန်းကျင်ကို လည်ကြသည်။ သကြံန်ကျပြီဖြစ်သော်လည်း ရေရှားပါးသောအရပ်ဖြစ်၍ ရေပက်ကစားရခြင်းမှာ ဖောဖောသီသီမရှိပါ။

ကျွန်တော်တို့အား မုံရွာ၊ မိုးညင်း၊ သမ္ဗုဒ္ဓေ၊ ဖိုလ်ဝင်တောင် အိုးလုပ်သော ထန်းတလုပ်ချောင်း စသည်ဖြင့်လည်းကောင်း၊ မုံရွာတွင်နာမည်ကြီးသည့် ဂျစ်ကားအထည်စက်ရုံနှင့် ဝါလုပ်ငန်းများ အကြောင်း လိုက်လံလေ့လာရပါသည်။ မုံရွာမြို့ပေါ်မှာ သစ်ပင်များပေါများ၍ ကျွန်တော်တို့တာဝန်ကျသော မြို့ပေါ်ရွာပတ်ဝန်းကျင်လောက် အပူရှိန်မပြင်းထန်ပါ။

ကျွန်တော့်တွင်ပါလာသော Rolly Cord (Box) Camera ဖြင့် ဘုရားပုထိုးများနှင့် သာယာသောရှုခင်းရှုကွက်များအား မှတ်တမ်းတင်ရသည်။ ထိုအချိန်က Camera ရှားပါးသော ခေတ်ဖြစ်သည်။ ကျွန်တော့်တွင် Film (၃)လိပ်ပါလာရာ တစ်လိပ်လျှင် (၁၂) ပုံသာထွက်သဖြင့် နှစ်လိပ်ရိုက်ပြီး တစ်လိပ်ကို အရေးပေါ်ချန်ထားရသည်။ ဒုတိယနေ့ ဘုရားဖူးအထွက်တွင် သကြံန်လက်ဆေးမိုးရွာသဖြင့် ကျောင်းသား





ကျောင်းသူများ သကြံန်ရေကြောင့်မဟုတ်ဘဲ သကြံန်မိုးကြောင့် ရွှဲရွဲ ...ကုန်ကြသည်။

ညပိုင်းအမှတ် (၁) ကျောင်းကြီးတွင် ပြန်နားတော့ ပြင်းထန်သောအပူရှိန်တွင် မိုးရွာသဖြင့် ဖျားကြနာကြသေးသည်။ အ,သုံးလုံး ...ဟိုကော်မတီက ဆရာဝန်များဖြင့် ဂရုတစိုက် ပြုစုကုသပေးပါသည်။ ...တ်မှတ်ရရ ထိုညက ဒုတိယအကြိမ် သကြံန်မိုးသဲသဲရွာပြန်သဖြင့် ...ကျောင်းဝင်းအတွင်း မြွေအောင်းကင်းများထွက်လာကြရာ ကျောင်းသူအချို့ အကိုက်ခံရသဖြင့် ဆရာဝန်၊ ဆရာမများ ကျောင်း၌ပင် ညအိပ်...ပြီး ကုသကြရသည်။ မြို့နယ်လူကြီးများက လွန်စွာ ဂရုစိုက်ကြပါသည်။

ထိုညက မိုးရွာထားသဖြင့် ရာသီဥတုမှာ အေးချမ်းသောဘက်သို့ ချက်ချင်းပြောင်းသွားသောကြောင့် ကောင်းစွာ အိပ်စက်အနားယူနိုင်ကြပါသည်။

နောက်တစ်နေ့မနက် (၆)နာရီခန့်တွင် အိပ်ရာကထပြီး မနက်စာကျွေးသည်။ အပြန်ခရီး အဆာခံနိုင်စေရန် ထမင်းကြော်နှင့် အသားဟင်း၊ ကော်ဖီလက်ဖက်ရည်တို့ ဖြစ်ကြပါသည်။ အ,သုံးလုံးလုပ်အားပေး (၄၅) ရက်ပြည့်ပြီး နောက်တစ်ရက်တွင် ကျွန်တော်တို့ ယခုတည်းခိုနေသော စုရပ်အမှတ် (၁)ကျောင်းကြီး၌ပင် ပြန်လည်စုဝေးကြပြီး ...ထ်ပြုနှုတ်ဆက်ပွဲ ပြုလုပ်မည်ဟုလည်း မြို့နယ်အ,သုံးလုံး ဗဟို...ကော်မတီက အသိပေးကြေငြာပါသည်။

ကျွန်တော်တို့ ဘုတလင်၊ ချောင်းဦး၊ အရာတော် စသည့် မုံရွာမြို့နယ်အသီးသီးသို့ လမ်းခွဲ၍ ကားများဖြင့် ပြန်ခဲ့ကြပါသည်။ ကျွန်တော်တို့ ဘုတလင်အဖွဲ့ မြို့ပေါ်ရွာသို့ပြန်ရောက်တော့ နေ့လယ် (၁၁) နာရီခန့်သာ ရှိပါသေးသည်။ ခရီးရောက်မဆိုက် နေ့လယ်စာထမင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ညော်ခံသည်။ အသားဟင်းများပါသော်လည်း ကျွန်တော်တို့ သဘောကျ နှစ်ခြိုက်သည်မှာ ညောင်ချဉ်ဖူးသုပ်၊ မြန်မာမဲဇလီဖူးသုပ်နှင့် ဟင်းချို တို့ဖြစ်ကြသည်။

ကျွန်တော်တို့အား နေ့လယ်စာအမြန်ကျွေးခြင်းမှာ အစီအစဉ် ရှိသောကြောင့်ဖြစ်သည်။ ကားလမ်းတစ်ဖက်ကမ်း ဖိုးတောကြီးရွာမှ တစ်ဆင့် 'တွင်းတောင်' သို့ လှေလှော်ရေးခရီးပို့ဆောင်ရန် အစီအစဉ် ဖြစ်သည်။ စီစဉ်ထားသောလှည်းက မလုံလောက်။ ကားလမ်းခရီးလည်း မဟုတ်သဖြင့် အမျိုးသမီးဆရာမများကိုသာ လှည်းစီးစေပြီး အမျိုးသား ဆရာများက ကုန်းကြောင်းခရီး ချီတက်ရန်ဖြစ်သည်။

ထို့ကြောင့် အချို့အမျိုးသမီးဆရာမများနှင့် နေမကောင်းသော အမျိုးသားဆရာများ၊ မြို့ပေါ်ရွာကျောင်းကြီး၌ နားနေရင်း ကျန်ရစ်ခဲ့ ကြသည်။ ကျွန်တော်တို့ကတော့ ထုသားပေသားရနေဟန်ဖြင့် ဦးထုပ် ဆောင်းကာ နွေနေပူကို အန်တုကြသည်။ အချို့ကျောင်းသားများက တော့ နေပူခံထန်းရည်သောက်ပြီး တပျော်တပါးလမ်းလျှောက်ကြသည်။

ဖိုးတောကြီးရွာနှင့် တွင်းတောင်ရွာမှာ ခရီးက (၃)မိုင်ခန့်တော့ အနည်းဆုံး ရှိပေလိမ့်မည်။ လမ်းခရီး၌ သစ်ပင်ကြီးကြီးမားမားမရှိ။ ထနောင်း၊ ဖီးပင်၊ တန်ဆောင်းပင်နှင့် မိုးနံ့ချုံတောလောက်သာရှိသည်။ ခရီးသုံးပုံတစ်ပုံခန့်ရောက်တော့ ခြောက်သွေ့သော လွင်ထီးခေါင်ကွင်း ကျယ်ကြီးအလယ်၌ စိမ်းစိုနေသော တောင်ကြီးကို မြင်ရသည်။ အလယ် ခေါင်က ချိုင့်နေသည်။ တောင်ကြီးပေါ်နှင့် တောင်ခြေတွင် စိမ်းလန်း သော ချုံတောများနှင့် ငှက်ပျောတောအုပ်များကို မြင်နေရသည်။

တောင်ခြေရောက်တော့ တောင်ပတ်လယ်တွင် ရေခေတ် ကြောင့် စိမ်းစိုသောမြက်ပင်များ ပေါက်ရောက်နေသည်။ တွင်းတောင်





ရှိသည်မှာ ကန္တာရအလယ်ခေါင်မှ စိမ်းလန်းသော အိုအေစစ်စခန်းတစ်ခု ပမာသေတော့သည်။ ကျွန်တော်တို့ တောင်တက်လမ်းမှ တရွေ့ရွေ့တက်ခဲ့ ကြသည်။ ပေ (၅၀၀) ကျော်ခန့်တော့ အနည်းဆုံးဖြစ်ပေလိမ့်မည်။ တောင်ထိပ်ရောက်တော့ အစိမ်းရောင်ကဗ္ဗလာကြီးလွှမ်းခြုံထားသော ကန် ကြီးကို ထန်းပင်နှင့် ကွမ်းသီးပင်များ ကလနားသပ်ထားသည့် လုပ အာယာသော မြင်ကွင်းကျယ်ကြီးကို မြင်ရသည်။

မီးတောင်ဟောင်းကြီးပုံစံ အလယ်ခေါင်က ချိုင့်အပေါက်ကြီး ဖြစ်နေပြီး ကန်ပတ်လည်တွင် 'တွင်းရွာ' ကို တည်ထားခြင်းဖြစ်သည်။ တွင်းတောင်ကန်ကြီးအတွင်း၌ လှေကလေးတစ်စင်း လှော်ခတ်နေသည် မှာ သစ်ရွက်ကလေးတစ်ရွက် လွင့်ပျံနေပုံပင်။

ကျွန်တော်တို့ တွင်းတောင်အတွင်းသို့ တရွေ့ရွေ့ ဆင်းခဲ့ကြ သည်။ တောင်ခြေရောက်သည်နှင့် ကန်ပတ်လည်တွင် သန်စွမ်းစွာပေါက် နေကြသည့် ထန်းပင်၊ အုန်းပင်၊ ကွမ်းသီးပင်၊ သရက်ပင်၊ မန်ကျည်းပင် တို့အရိပ်နှင့် ကန်ရေခေတ်ကြောင့် အေးစိမ့်နေသည်။ ကွမ်းသီးပင်များ အောက်၌လည်း ကွမ်းပင်များကို စင်ထိုး၍စိုက်ပျိုးထားရာ လွန်စွာသန် စွမ်းကြသည်။ ကမ်းစပ်နှင့်တောင်ခြေရင်းတွင် အိမ်ကလေးများရှိသည်။

အမျိုးသမီးများက ကွမ်းရွက်ချူးခြင်း၊ တွင်းပိုးခေါ် ကိုယ်ပေါ်၌ အရစ်ကလေးများပါသော ပိုးကောင်ကလေးများကို အခြောက်လှန်းခြင်း၊ ကွမ်းသီးခွာခြင်း အလုပ်များကိုလုပ်ကြပြီး အမျိုးသားများကတော့ ကွမ်း သီး၊ အုန်းသီး၊ ထန်းသီးခူးခြင်း၊ ရေလယ်၌ လှေကလေးများဖြင့် တွင်းပိုးဖမ်းခြင်း၊ စိုက်ပျိုးပင်များအားပြုစုခြင်းလုပ်ငန်းများကို ဆောင် ရွက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တွင်းရွာတွင်းရှိ အမျိုးသား၊ အမျိုးသမီးအားလုံးတို့မှာ အသားဖြူပြီး ခန္ဓာကိုယ်အချိုးအဆစ် ပြေပြစ်၍ လှပချောမောကြသည်။ အထူးသဖြင့် မျက်ခုံးမျက်လုံး၊ နှာတံပေါ်လွင်ကြပြီး ဆံပင်များမှာ မည်းနက်သန်စွမ်းကြသည်။ ကျွန်တော်တို့အဖွဲ့အား အိမ်တိုင်းစေ့ကဖိတ်ခေါ်ပြီး လက်ဖက်သုပ်၊ ပဲခြမ်းကြော်၊ တွင်းပိုးကြော်များနှင့် ရေနွေးကြမ်းကို တွဲဖက်ညှော်ခံကြသည်။

ကျွန်တော်နှင့် ကိုတင်ရွှေက ရွာစွန်ချောင်ကျသော မန်ကျည်းပင်ကြီးအရိပ်အောက်မှအိမ်တွင် ဝင်ထိုင်ကြသည်။ အသားဖြူဖြူဖွေးဖွေးနှင့် လွန်စွာကျိုက်သရေရှိသော၊ အသက် (၄၅) နှစ်ခန့်ရှိ အဒေါ်ကြီးတစ်ဦးက ဖိတ်ခေါ်သောကြောင့်ဖြစ်သည်။ မန်ကျည်းပင်အောက် ခုံတန်းလျားတွင် ကျွန်တော်တို့ဝင်ထိုင်တော့ အဒေါ်ကြီးက တွင်းပိုးကလေးများအား နေလှန်းရာမှရုပ်သိမ်းပြီး ဘူးကြီးများအတွင်း ထည့်သွင်းနေရင်း . . .

''သမီးရေ . . . လက်ဖက်အစုံသုပ်ကို တွင်းပိုးကြော်ပါထည့်ခဲ့ပြီး ရေနွေးကြမ်းကျကျကလေးပါ ယူခဲ့ပါကွယ်''

''ဟုတ်ကဲ့ . . . အမေ''

''အဒေါ်တို့ တွင်းရွာမှာနေတာ ကြာပြီလား''

''ကြာလှပေါ့ . . . တူတော်မောင်ရယ်။ ဘိုးစဉ်ဘောင်ဆက် နေလာခဲ့ကြတာပါပဲ။ ဒီရွာမှာတော့ တွင်းပိုးဆယ်တာနဲ့ ကွမ်း၊ ကွမ်းသီးလုပ်ငန်း၊ ထန်းလျှက်ချက်လုပ်ငန်းလောက်ပဲ ရှိတာပါ။ ဒီတွင်းရွာထဲမှာနေကြတာဟာ အားလုံး ဆွေမျိုးတွေချည်းပဲ။

အပြင်လူကို ယာယီလာလည်တာကလွဲလို့ အမြဲနေထိုင်တာကို တွင်းစောင့်နတ်ကမကြိုက်ဘူး။ နောက်ပြီး ဒီမှာနေရင် လောဘ





မကြီးရဘူး။ တွင်းတောင်စောင့်နတ်က ရွာသူရွာသားအားလုံးကို မျှမျှတတ ပေးတယ်။ တစ်ကိုယ်ကောင်းဆန်ရင် တွင်းစောင့်နတ်မကြိုက်ဘူး။ ရောဂါကြီးဖြစ်ပြီး သေတတ်တယ်''

''ကဲ . . . လက်ဖက်သုပ်ကို စားကြည့်ပါဦး၊ တူတော်မောင်တို့ရယ်။ တွင်းပိုးကြော်ထည့်သုပ်ထားတာပါ။ အလွန်အရသာရှိပါတယ်။ တွင်းပိုးကိုစားမိရင် အလွန်ဆိမ့်ပြီးချိုလို့ လျှာလည်သွားမယ်။ တွင်းပိုးဆိုတာက မြန်မာပြည်မှာ ဒီတွင်းတောင်တစ်နေရာတည်းပဲ ထွက်တာ။ ပုစွန်ခြောက်လိုပါပဲ။ ဒါပေမဲ့ တွင်းပိုးကအာနိသင်ပိုကောင်းပါတယ်။ ကျန်းမာရေးနဲ့ ညီညွတ်စေတယ်။ ရှေးသို့ရေမှော်စားလို့ တွင်းပိုးကြော်ကိုစားသူတိုင်းဟာ သန်စွမ်းကျန်းမာပြီး မျက်စိ၊ ဆံပင် အားကောင်းစေတယ်''

''တွင်းပိုးက နေ့တိုင်းထွက်တာမဟုတ်ဘူး။ လပြည့်လကွယ်နေ့ ညတွေမှ ထွက်တာ။ အကောင်ကြီးကြီးမရှိဘူး။ တစ်ရွယ်တည်းပဲ။ အဲ . . . အကောင်ပေါက်ကလေးတွေတော့ ရှိတာပေါ့။ မီးခြစ်ဆံခေါင်းအရွယ်ဟာ အရွယ်ရောက်တဲ့ ပုံမှန်အရွယ်ပဲ။ ဒီတွင်းရွာဟာ ပဒေသာပင်ရွာလို့လည်း ပြောလို့ရတယ်။

စားဝတ်နေရေးအတွက် ရွာကလူတိုင်း တွင်းထဲက ပိုးကောင်တွေရကြတယ်။ ဖမ်းလို့ကုန်သွားတယ်၊ နည်းသွားတယ်ဆိုတာ မရှိဘူး။ လပြည့်လကွယ်နေ့တိုင်း တွင်းပိုးကလေးတွေဟာ ကန်အောက်ခြေကနေ ရေပြင်ပေါ်သို့ အုပ်လိုက် တဖွားဖွား တက်လာနေတာ။

လက်ကိုင်ရိုးတပ်ထားတဲ့ ဆန်ကာနဲ့ ကော်သိမ်းရုံပဲ။ အဲ . . . လိုအပ်ချက်ရရင် အပိုမဖမ်းနဲ့တော့။ လောဘကြီးရင် တွင်းပိုးကန်းသွားရော။ ကန်တော်ပွဲနဲ့ ကန်တော်အရှင်မကို တောင်းပန်ပါမှ ပြန်ပေးတတ်တယ်။ ဒါတောင် အရှင်မ စိတ်ကောက်နေရင် နှစ်ခါသုံးခါ ကန်တော့



www.burmeseclassic.com

www.burmeseclassic.com



ပွဲပေးပြီးတောင်းပန်မှ ကျေတတ်တယ်။ အဒေါ်တို့ကန်ထဲမှာ ဆဲဆိုတာ၊ ရန်ဖြစ်တာ၊ အရက်သေစာသောက်စားတာ မကြိုက်ဘူး။ အနေအထိုင် အတော်ဆင်ခြင်ကြရပါတယ်။

ဒါကြောင့် ဒီတွင်းတောင်ရွာထဲမှာ ချမ်းသာဆင်းရဲ လူတန်းစားမရှိဘူး။ အကုန်သူ၊ တန်းတူချည်းပဲ။ ရိုးရိုးသားသား အေးအေးချမ်းချမ်းနေကြတော့ အသက်ရှည်ပြီး ကျန်းမာကြတာပေါ့ကွယ်။ အခုဆိုရင် တွင်းပိုးကြော်ဟာ မုံရွာ၊ မန္တလေးမြို့ကြီးတွေမှာ ပြန့်နေပြီ။ ရန်ကုန်သာ မရောက်သေးတာ။ ရန်ကုန်အထိလည်း ပြန့်နိုင်မယ်မထင်ပါဘူး။ မုံရွာနဲ့ မန္တလေးမှာတောင် မလောက်တတ်ဘူးလေ''

''ဟုတ်တာပေါ့ အဒေါ်ရယ်။ ပရိုဇိမင်ဆိုတာက ဒီကန်ထဲက ထွက်တဲ့ စိမ်းပြာရေညှိတွေပဲ။ အဲဒါကို တွင်းပိုးလေးတွေကစားတော့ ဆေးဘက်ဝင်တဲ့ အကောင်ပလောင်တွေ ဖြစ်သွားတော့တာပေါ့။ ပရိုဇိမင်လို့ခေါ်တဲ့ စိမ်းပြာရေညှိတွေဟာ ကမ္ဘာပေါ်မှာတောင် အတော်ရှားတယ်။ အသားအရေ၊ မျက်စိ၊ ဆံပင်၊ ခန္ဓာကိုယ်အချိုးအဆက်ကို အကျိုးပြုတယ်''

''ဟုတ်မယ်ကွယ့်။ အဒေါ်တို့ငယ်စဉ်ကတည်းက တွင်းရွာမှာ မွေး၊ တွင်းရွာမှာကြီးပြင်းလာတာ။ ရောဂါကြီးကြီးမားမားဖြစ်တာ တစ်ခါမှ မရှိခဲ့ဘူးကွယ့်။ တွင်းရွာထဲမှာ အသက် (၆၀)ကျော်အရွယ်က အများစု။ အဘိုး၊ အဘွားတွေဆိုရင် အသက် (၉၀)ကျော် (၁၀၀) တွေတောင် ရှိကြသေးတယ်။ အိပ်ရာထဲ လဲနေတာမဟုတ်ဘူး။ စားနိုင်သောက်နိုင်၊ သွားနိုင်လာနိုင်တုန်းပဲ။ အလွန်သန်မာကြပါတယ်။

ထူးဆန်းတာကတော့ အသက် (၆၀) ပြည့်ရင် ဆံပင်ဖြူတယ် ဆိုမဟုတ်လား။ ဒီရွာမှာတော့ အသက် (၇၀)ကျော်မှ ဆံပင်စ,ဖြူကြ





တာ။ အသက် (၈၀) (၉၀) ဆိုတာ ကျန်းမာရေးကောင်းတုန်း ဘိုးဘွားအရွယ်တွေပဲ''

''ဟုတ်ကဲ့ အဒေါ်၊ အံ့ဩဖို့ အလွန်ကောင်းပါတယ်။ စိမ်းပြာရေညှိတန်ခိုးဟာ အလွန်ကောင်းတဲ့ အားဆေးပါပဲ။ ဒါပေမဲ့ သူ့ကို စွဲမစားပဲ တစ်ခါတစ်ရံသာစားရင် ထမင်းစားကောင်းပြီး အိပ်ပျော်ရုံပဲ။ အမြဲတမ်းစွဲစားမှ သိသာတာ။ အဲဒါ စိမ်းပြာရေညှိ (ပရိုဇိမင်) တန်ခိုးပေါ့ အဒေါ်ရယ်''

''အင်း ...ငါတူပြောတဲ့ စိမ်းပြာရေညှိတို့၊ ဘာတို့ဆိုတာ အဒေါ်နားမလည်ပါဘူး။ အဒေါ်တို့ နားလည်တာက တွင်းတောင်ရေကို သောက်၊ တွင်းတောင်ထဲက တွင်းပိုးကိုစား၊ အသက်ရှည်ရာ အနာမဲ့ကြောင်း၊ ဆေးကောင်းဝါးကောင်းပဲ''

''ဒါနဲ့ အဒေါ်တို့ တွင်းတောင်ရွာမှာရော စာမတတ်သူပပျောက်ရေး အ,သုံးလုံးစာသင်တန်းတွေ လာမဖွင့်ဘူးလား''

''အင်း ...အဒေါ်တို့ရွာက ရှေးရိုးစဉ်ဆက် ဆက်ခံလာရတဲ့ အမွေကို ဆွေစဉ်မျိုးဆက် လေးလေးစားစား လိုက်နာရတယ်ကွယ့်။ ရွာသူကြီးအမျိုးက သားစဉ်မြေးဆက် သူကြီးလုပ်ရတယ်။ နတ်ဆရာအမျိုးက နတ်ဆရာပေါ့။ ကျောင်းဆရာအမျိုးက အစဉ်အဆက် ကျောင်းဆရာပဲ။

သူက တစ်ရွာလုံးကို အရွယ်ရောက်တာနဲ့ စာသင်ပေးရမှာ သူ့တာဝန်။ ကာယကံရှင်က သင်ချင်တာ၊ မသင်ချင်တာ ပြောလို့မရဘူး။ ရေးတတ်၊ ဖတ်တတ်၊ တွက်တတ်ဖို့တာဝန်က ကျောင်းဆရာတာဝန်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး ဗိန္ဓောဆရာလည်း ရှိသေးတယ်။ သူကတော့ ဒီရွာမှာ အအား၊ အလျားဆုံးပဲ။ ဘာဖြစ်လို့လည်းဆိုတော့ တွင်းရွာမှာက တွင်းပိုးစား။ တွင်းရေသောက်ပြီး ကျန်းမာရေး တအားကောင်းနေကြတာ၊ ဆေးဆရာမလိုဘူးလေ။

အခု ငါတူတို့သောက်နေတဲ့ ရေနွေးကြမ်းဟာလည်း ဒီက တွင်းတောင်ရေပဲ။ အစိမ်းသောက်ရင်တော့ ညှီတယ်။ ကြိုချက်သောက်တော့ အနံ့ပျောက်သွားတယ်။ တစ်ရွာလုံးလည်း ဒီကန်ထဲကရေကိုပဲ တစ်သက်လုံး သောက်ကြတာ၊ ဘာအားဆေးမှမလိုဘူး။ ရောဂါကြီးကြီးကျယ်ကျယ်လည်း မဖြစ်ကြဘူး။

ဒါကြောင့် ဒီရွာက မုံရွာ၊ ဘုတလင်မြို့တွေပေါ်မှာ အတန်းပညာသင်ပြီး ပြန်လာသူတွေနဲ့ အတန်းပညာမတတ်ပေမဲ့ စာတတ်ပေတတ်တွေ၊ တစ်ရွာလုံးပဲ။ ဒါကြောင့် အ,သုံးလုံးဆရာ မလိုတာပါ။

"အဲ ... ဒါပေမဲ့ အစောနပြောခဲ့တဲ့ နတ်ဆရာတို့၊ သူကြီးတို့၊ ကျောင်းဆရာတို့၊ ဆေးဆရာတို့ကို ရွာလူထုက လစဉ် ဝင်ငွေထဲက ဆယ်ဖို့တစ်ဖို့ စုပြီး ထောက်ပံ့ကြရတယ်။ ဒါဟာ ရှေးအစဉ်အဆက်က စနစ်ကောင်းတစ်ခုပဲ။ ရွာကလူတွေကတော့ အလှူလို့ သဘောထားပါတယ်။ ကိုယ့်တာဝန်ကိုယ်သိမှ လူလို့ ဒီရွာမှာသတ်မှတ်တာ။

သူကြီးမျိုးနွယ်စုကတော့ ဒီရွာမှာ အခရာပဲ။ ဩဇာအာဏာအရှိဆုံးပေါ့။ ဒါပေမဲ့ မတရား ဘယ်တော့မှမလုပ်ဘူး။ မတရားလုပ်ရင်လည်း ကန်စောင့်နတ်ကမကြိုက်ဘူးဆိုတဲ့ အစွဲအလမ်းကလည်း ရှိပြန်တယ်လေ။ အခေါ်ပြောချင်တာကတော့ ပိုင်းကြီးချုပ်စနစ်နဲ့ ကိုယ့်တာဝန်ကိုထိန်းကြတဲ့ ပဒေသာပင်ရွာလို့ အမွှန်းတင်ချင်တော့တာပါပဲ"





ရှေးရိုးဆန်သော်လည်း အချက်အလက်ကျကျ၊ ထောင့်စေ့အောင်ပြောတတ်သောအဒေါ်ကြီးကို ကျွန်တော်တို့ အလွန်သဘောကျမိပါသည်။

"ဒါနဲ့ အဒေါ်ရယ် ... အဒေါ်တို့ ဘယ်ဘာသာများ ကိုးကွယ်ကြပါသလဲ။ ရွာမှာ ဘုန်းကြီးရဟန်းလည်းမတွေ့၊ ဘုန်းကြီးကျောင်းမရှိ၊ ဘုရားစေတီ မတွေ့ရလို့ပါ"

"ဩော် ... ငါတူတို့က အခုထင်သေးရန်ကော။ နတ်ဆရာအကြောင်းပြောခဲ့လို့ နတ်ကိုးကွယ်တဲ့ဘာသာဝင်တွေလို့ ထင်ဟန်ရှိပါတယ်။ အဒေါ်တို့က ဗုဒ္ဓဘာသာဝင်တွေပါ။ အရှေ့တောင်ဘက်က တောင်ပေါ်မှာ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း၊ ဇရပ်နဲ့ ရွှေစေတီတစ်ဆူလည်း ရှိပါတယ်။ ဘာသာရေးအခမ်းအနားလည်း အဲဒီမှာလုပ်ပါတယ်။

ကျောင်းထိုင်ဆရာတော်နဲ့ ဦးပဥ္စင်း (၅) ပါး၊ ကိုရင် (၅)ပါး၊ ကျောင်းသား (၃) ဦးရှိပါတယ်။ ဘုန်းကြီးတွေက ဆွမ်းခံစရာမလိုဘူး။ ကျောင်းသားလေးတွေက ဆွမ်းခံပေးတယ်။ အဲ ... အစောနပြောခဲ့တဲ့ နတ်ဆရာဆိုတာက တွင်းတောင်အင်းနဲ့ပတ်သက်လို့ အမှားအယွင်းမရှိအောင် စောင့်ရှောက်ပေးတာ။ တခြား ဘာနတ်မှကိုးကွယ်တာ မရှိပါဘူး"

"ဒါဆို သူကြီးမျိုးရိုးနဲ့ နတ်ဆရာ၊ ဗိန္ဓောဆရာ၊ ကျောင်းဆရာတွေက ဒီအင်းထဲက တွင်းပိုးတွေကို မဆယ်ရဘူးပေါ့နော်"

"ဟုတ်ပါ့ ... ငါ့တူရယ်။ အဲဒါ မျိုးရိုးတာဝန်လေ။ အဲ့ဒီလိုမလုပ်ရအောင် ရွာက ဆယ်ဖို့တစ်ဖို့ ထောက်ပံ့ထားတာ။ ဒါပေမဲ့ စိုက်ပျိုးရေးလုပ်ငန်းကိုတော့ လုပ်ခွင့်ရှိပြန်တယ်။ ဥပမာ ... ကွမ်းစိုက်တာ၊ ကွမ်းသီး၊ အုန်းပင်၊ ရာသီပင်စိုက်တာတွေပေါ့"



www.burmeseclassic.com

www.burmeseclassic.com



''ကောင်းပါ့ . . . အဒေါ်ရယ်။ တွင်းတောင်တစ်ရွာလုံးအတွက် ဝမ်းစာပေးတဲ့ ကျေးဇူးရှင် တွင်းတောင်အင်းကြီးကို စောင့်ရှောက်ထိန်းသိမ်းတာလည်း မည်ပါတယ်။ ဒါကြောင့်လည်း တွင်းတောင်ရွာသူရွာသားတွေဟာ တခြားရွာသူရွာသားတွေနဲ့မတူဘဲ စိုပြေကျန်းမာကြတာ ထင်ပါရဲ့နော်''

ကျွန်တော်တို့ တွင်းပိုးဖြူးထားသော လက်ဖက်စုံသုပ်ကို စားကြည့်ရာ လက်ဖက်မှာအလွန်နူးညံ့ပြီး တွင်းပိုးကြော်က အလွန်ဆိမ့်လှသည်။ ပုစွန်ခြောက်အရသာဖြင့် တူသော်လည်း သူက ပိုဆိမ့်ပြီး ချိုနေသည်။ လက်ဖက်စားပြီး ရေနွေးကြမ်းသောက်ကြည့်တော့လည်း ရေနွေးကြမ်းအခါးရှည်မှာ လေးလေးပင်ပင်ရှိလှသည်။

ပရိုဗီမင်လက်ဖက်သုပ်နှင့် ပရိုဗီမင်ရေနွေးကြမ်းဟုပင် အမွှန်းတင်ချင်ပါတော့သည်။ ရွာအနောက်စွန်း ကျောက်တုံးကျောက်ဆောင်များအနီးတွင် ကန်စပ်၌လည်းကောင်း၊ ကုန်းပေါ်၌လည်းကောင်း၊ ကုန်းတစ်ဝက်၊ ရေတစ်ဝက်ပေါက်ရောက်နေသော သန်စွမ်းကြီးမားလှသည့် ထန်းပင်ကြီးများကို တွေ့ရသည်။ ထန်းသီး၊ ထန်းနို့များက ကြီးမားထွားကျိုင်းလှပါသည်။

တောင်အလယ်ဆင့် မြေပြန့်လွင်ပြင်ကလေးပေါ်တွင်တော့ ရေညှိစိမ်းနှင့် ချုံပင်များအုပ်ဆိုင်းနေသော တွင်းရွာသချိုင်းကုန်းကို တွေ့ရပါသည်။ အသုံးမပြုတာကြာပြီ ဖြစ်ပုံရသည်။ ရွာသူရွာသားများ ကျန်းမာရေးကောင်းကြတော့ လူမသေ၊ လူမသေတော့ သချိုင်းကုန်းကို အသုံးပြုစရာ မလိုတော့ပေ။ သဘာဝတရားအရ ထူးဆန်းသောရွာကလေးဖြစ်ပေသည်။





ရွာဦးကျောင်းမှ ဆရာတော်၊ သံဃာတော်များလည်း နာရေးကိစ္စ မဆောင်ရွက်ရတာကြာပြီဖြစ်၍ သရဏဂုံတင်သောကိစ္စများအား မေ့များ မေ့နေပြီလားမသိ။ သာရေးကိစ္စသာ ဆောင်ရွက်ကြရသဖြင့် မင်္ဂလာရှိလှပေသည်။

ကျွန်တော် အထက်ကဆိုခဲ့သလိုပင် ပူလောင်ပြင်းပြသော ကန္တာရထဲမှ စိမ်းလန်းသာယာအေးချမ်းသည့် နားခိုချင်စဖွယ်အိုအေစစ်ကလေးဖြစ်ပေသည်။

ကျွန်တော်တို့ အသုံးလုံးကျောင်းဆရာများအဖွဲ့ တွင်းတောင်ရွာတစ်ရွာလုံးအား လှည့်ပတ်ကြည့်ရှုကြသည်။ အိမ်တိုင်းကလည်း အလှူလုပ်သလိုပင် ကြိုရာအိမ်က ကြိုသလို ဖိတ်ခေါ်ကျွေးမွေးကြသည်။ မိန်းမပျိုများကတော့ ဆွေမျိုးများဖြစ်ကြ၍လားမသိ၊ ရုပ်ရည်ဆင်ပြီး ပြစ်မျိုးမှည့်မထင် အလှပိုင်ရှင်များ ဖြစ်ကြပါသည်။

ညနေစောင်းတော့ ကျွန်တော်တို့အဖွဲ့များ တစ်ရွာလုံးအား နှုတ်ဆက်၍ ပြန်ကြရန်ပြင်တော့ ကျွေးမွေးညှေ့ခံကြသည့်အိမ်တိုင်းက အသီးအနှံများ၊ ကွမ်းသီးနှင့် ကွမ်းရွက်များ တွင်းပိုးခြောက်များအား လက်ဆောင်ပေးကြသည်။ ငြင်း၍မရ။ ရွာထုံးစံဟုဆိုသည်။ ကျွန်တော်တို့ကလည်း မငြင်းသာ၍ ယူခဲ့ကြရသည်။

အပြန်တွင် မြို့ပေါ်ရွာ တည်းခိုအိပ်စက်ရမည့် အထက်တန်းကျောင်းကြီး၌ ညစာချက်ပြုတ်ရန်အတွက် အထောက်အကူဖြစ်ပေလိမ့်မည်။ တွင်းတောင်ရွာကိုနှုတ်ဆက်ပြီး အပြင်တောင်ခြေရောက်တော့ နေဝင်တော့မည်ဖြစ်သည်။ နေဝင်ဆည်းဆာအလှမှာ ကန္တာရဆန်သော ကွင်းပြင်ကြီးနှင့် စိမ်းလန်းစိုပြေသော တွင်းတောင်ရှုခင်းကို အလှတစ်မျိုးစီ ဖန်တီးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ Rolly Cord, Box Camera ဖြင့် တွင်းတောင်၏ အတွင်းအပြင် ရှုခင်းရှုကွက်များကို အမှတ်တရ မှတ်တမ်းတင်ရိုက်ကူးခဲ့ရာ တစ်ချိန်တွင် အဖိုးတန် အသုံးဝင်ပေလိမ့်မည်။

မှတ်ချက် ။ ။ ထိုအချိန်က တွင်းတောင်ရွာမှာ သဘာဝအတိုင်းဖြစ်သည်။ သို့သော် ယခုအချိန်၌ စက်မှု (၁) မှ စက်ရုံများ တည်ဆောက်ပြီး Provimin ဆေးဝါးများ ထုတ်လုပ်နေပြီဖြစ်သဖြင့် ထူးဆန်းသော တွင်းတောင်၏ သဘာဝအလှတရားများ ပျက်စီးကောင်းပျက်စီးပေလိမ့်မည်။ သို့ရာတွင် စက်ရုံများရှိသဖြင့် ဖိုးတောကြီးရွာနှင့် တွင်းတောင်ဒေသမှာ ဖွံ့ဖြိုးတိုးတက်စည်ကားလာပြီး လမ်းပန်းခရီးကောင်းမွန်လာသဖြင့် ခေတ်မီလာမည်ကတော့ မုချအသေအချာပင်ဖြစ်သည်။

အပြန်လမ်းတွင် ကျွန်တော်တို့ ယောကျ်ားကလေးများက ကုန်းကြောင်း၊ အမျိုးသမီးကျောင်းသူများက လှည်းဖြင့် ပျော်ရွှင်စွာ ပြန်လာခဲ့ကြသည်။ တစ်လမ်းလုံး တွင်းတောင်ဒေသအလှ၊ တွင်းတောင်ရွာသူ ရွာသားများ၏ဓလေ့စရိုက်နှင့် ညှို့ဝတ်ကျေပွန်ပုံများကိုတော့ စာဖွဲ့၍ မကုန်နိုင်ပါ။

တွင်းတောင်အပြင် ကွင်းပြင်ရောက်တော့လည်း ညနေစောင်းဖြစ်၍ အညာလေမှာ မနွေးတော့ပါ။ အေးလာသည်။ မြန်မာနိုင်ငံအတွင်း၌ ယခုတွင်းတောင်ဒေသကဲ့သို့ အေးချမ်းပြီး ဆိတ်ငြိမ်သာယာသော အိုအေစစ်ကလေးရှိပါကြောင်း၊ စာဖတ်သူများအား ဗဟုသုတဖြန့်ဝေပေးခြင်းဖြစ်သည်။

✿ ✿ ✿

❑

ညတည်းခိုရာကျောင်းကြီးသို့ ပြန်ရောက်တော့ အတော်ပါပင်။ အညာဒေသတွင် ရှားပါးသော အသီးအရွက်ကြော်ဟင်းတစ်ခွက် ညစာ ထမင်းစားရာ၌တိုးလာပြီး ကျေးရွာလူကြီးများ ကွမ်းစားရန်အတွက် ကွမ်းရွက်နှင့် ကွမ်းသီးများပေးဝေနိုင်သည့်အပြင် ကျောင်းသူများက ငှက်ပျောခိုင်နှင့် အုန်းသီးခိုင်၊ ထန်းသီးခိုင်များကိုလည်း လက်ဆောင်ရသဖြင့် လှည်းနှင့်တင်လာနိုင်သောကြောင့် မြို့ပေါ်ရွာဆရာတော်ကျောင်းသို့ လှူဒါန်းနိုင်ပါသည်။

တွင်းတောင်ရွာအလှူရှင်များ အသက်ရှည်ကျန်းမာ ချမ်းသာကြစေကြောင်းလည်း ဆုတောင်းကြပါသည်။ ကျွန်တော်တို့ ကိုယ်စီလက်ဆောင်ရလာကြသော တွင်းပိုးခြောက်များကိုတော့ တာဝန်ကျရာ ရွာ အသီးသီးမှ တည်းခိုအိမ်များသို့ လက်ဆောင်အဖြစ်ပြန်ပေးရန် ချန်ထားကြပါသည်။

ထိုညက ညစာစားအပြီး ည (၈)နာရီကျော်ကျော်ခန့်တွင် မိုးသည်းသည်း ရွာသွန်းသည်။ သကြိန်တွင်း သိကြားမင်းကြီး၏ ထက်



www.burmeseclassic.com

www.burmeseclassic.com



ဆေးမိုး ဖြစ်ပါလိမ့်မည်။ တွင်းတောင်သွားခရီးစဉ်၌ အသွားအပြန် ကုန်းကြောင်းလျှောက်လာရသော ကျွန်တော်တို့မှာ ထိုနေ့ညက၌ အိုက်စပ်ပူလောင်ခြင်းမရှိဘဲ ကောင်းမွန်စွာအိပ်စက်ခဲ့ရပါသည်။

မိုးမှာ တစ်ညလုံး စွေရွာသည်တော့မဟုတ်။ အညာမိုးထုံးစံအတိုင်း ဖွဲရာမှ သည်းသည်း ရွာ၍ တစ်နာရီခန့်ဖြင့် တိတ်သွားသည်။ သို့သော် ပတ်ဝန်းကျင် တစ်ခွင်တစ်ပြင်လုံး အေးချမ်းစိုပြေသွား၍ မြေသင်းနံ့မှာ သင်းပျံ့လှသည်။

နောက်တစ်နေ့ မနက်ခင်းတွင် ကျွန်တော်တို့အားလာကြိုကြမည့် ကိုအေးသိန်းတို့ လှည်းယဉ်ကလေးကိုစီးပြီး ကြိုင်လှိုင်အနံ့ချင်းပြိုင်နေကြမည့် မြေသင်းနံ့နှင့် တမာပွင့်ရနံ့ကိုရှူရှိုက်ရင်း ကျွန်တော်တို့တာဝန်ကျရာ တောင်ပေါ်ရွာကလေးများသို့ စိတ်လက်ချမ်းသာစွာပြန်ကြရမည်ဖြစ်ပါသည်။

နောက်တစ်နေ့မနက် (၁၀) နာရီကျော်ခန့်တွင် သူကြီးအားကိုအေးသိန်းတစ်ဦးတည်း လှည်းတစ်စီးဖြင့် လာကြိုရှာသည်။ ထုံးစံအတိုင်း ဝေးသီခေါင်ဖျား၊ ထူးကြီးရွာကလေးမှ လာကြိုရခြင်းဖြစ်သဖြင့် ကျွန်တော်တို့နောက်အကျဆုံး ရွာပြန်ရခြင်းဖြစ်သည်။

တော်သေးသည်မှာ မြို့နယ်အ,သုံးလုံးကော်မတီ (မြို့ပေါ်ရွာ)မှ နေ့လယ်စာပါကျွေးသဖြင့် အဆင်ပြေပါသည်။ ကျွန်တော်တို့က တက္ကသိုလ်ကျောင်းသား၊ မြို့သားများဆိုသော်လည်း ကျန်းမာပြီး ငယ်ရွယ်သောအရွယ်ဖြစ်၍ အပေအတေခံနိုင်ပါသည်။ နောက်ဆုံး လှည်းလာမကြိုလျှင်တောင် လမ်းလျှောက်ပြန်ဖို့ ဝန်မလေးပါ။

"ကိုအေးသိန်း ... အဘပါမလာဘူးလား။ နေမကောင်းဘူးလား။ ရွာကသူတွေရော ကျန်းမာကြရဲ့လား"





"အဘလည်း ကျန်းမာရေးကောင်းပါ့ဗျာ။ ရွာကလူတွေလည်း နေကောင်းကြပါတယ်။ သကြန်လက်ဆေးမိုးရွာတော့ ထန်းလျက်ချက်မဲ့ ထန်းရေချိုအိုးတွေ အချဉ်မပေါက်အောင် မနက်အစောကြီးကတည်းကချပြီး အမြန်ကျိုချက်နေလေရဲ့။ ထန်းတက်သမားတွေငှားပြီး အမြန်ချရတော့ ကြီးကြပ်သူမရှိလို့ မရဘူးလေ"

"အေးဗျာ ... အားနာပါရဲ့။ ကျွန်တော်တို့ အ,သုံးလုံးဆရာတွေရဲ့ ဝေယျာဝစ္စကိစ္စကလည်း မသေးတော့ ခင်ဗျားတို့အပေါ် တာဝန်ပိတော့တာပဲနော်"

"တာဝန်မပိပါဘူး ဆရာရယ်။ ဒါဟာ နှစ်စဉ် လုပ်ရိုးလုပ်စဉ်အလုပ်ပါ။ နှစ်တိုင်း သကြန်မိုးက ရွာတာပဲလေ။ အဘကသာ ဆရာလေးတို့ကို ပူနေတာ။ နေပူထဲ ဘုရားဖူးထွက်ပြီး ဆရာလေးတို့ မိုးမိမယ်၊ သကြန်ရေစိုပြီး ဖျားများကုန်ပြီလားလို့ စိုးရိမ်ပြီး တဖွဖွပြောနေတာ။ အ,သုံးလုံးသင်တန်းသားတွေကတော့ ဆရာလေးတို့ပြန်မလာရင်အခက်ဘဲလို့ ညည်းညူနေကြတယ်။ နောက်ပြီးတော့ ... ဆရာ ... အဲ ... အပြန်လမ်းလှည်းပေါ်ကျမှ ပြောတော့မယ်"

"ဘာအကြောင်းပါလိမ့်။ ကျွန်တော်တို့နဲ့ ပတ်သက်သလား"

"အင်း ... ဆရာလေးကိုသိန်းဝင်းနဲ့ ပတ်သက်တာပါ"

ကိုတင်ရွှေက ကျွန်တော့်အား မယုံမရဲကြည့်သည်။

"ပြောစမ်းပါ ... ကိုအေးသိန်းရယ်။ ကျွန်တော်လည်း ခင်ဗျားတို့ရွာတွေမှာ မဟုတ်တာမမှန်တာ ဘာမှမလုပ်ခဲ့ပါဘူးဗျာ"

"အာ ... ဆရာလေးကလည်း အဲ့လိုမဟုတ်ဘူး။ ဟိုကိစ္စပါ"

ထိုစဉ် ကျေးရွာလူကြီးတစ်ဦးက ကိုအေးသိန်းအား နေ့လယ်စာစားရန်လာခေါ်သဖြင့် စကားစပြတ်သွားသည်။ ကျွန်တော်မှာတော့ တစ်



www.burmeseclassic.com

www.burmeseclassic.com



အုံနွေးနွေး။ သို့သော် ကိုယ့်သမာဓိ ကိုယ်ယုံသဖြင့် မကောင်းတာတော့ မဟုတ်နိုင်ပါ။ နောက်ဆုံး သတိရသည်ကတော့ ကန်တော်အရှင်မ၏ နောက်ဆက်တွဲပြဿနာဖြစ်မည်ဟု ကောက်ချက်ချမိသည်။ အပြန်လှည်း ပေါ်ရောက်တော့ ကျွန်တော်က ...

"ကိုအေးသိန်း ... ကန်တော်အရှင်မရဲ့ ပြဿနာပဲမဟုတ်လား။ ကျွန်တော် စဉ်းစားမိတာကတော့ ဒါပဲရှိပါတယ်"

"ဟုတ်ပါ့ ... ဆရာသိန်းဝင်းရယ်။ ဒီလို ဆရာလေးရေ ... ဒီလိုပါ။ ဆရာလေးတို့ မုံထူးရွာစာသင်သွားတော့ အဘက ကန်ပေါင်ရိုးပေါ်က လှူကြည့်ပေးတယ်။ ကျွန်တော်က ကန်လယ်ဆင်းပြီး ဆရာလေးညွှန်ပြတဲ့နေရာမှာ အနက်တစ်တောင်လောက်တူးပြီး မြေလက်ကောက်တစ်ရံကို အသေအချာမြေမြှုပ်ပြီး ပေါက်တူးအနှောင့်နဲ့ ဆောင့်ထားခဲ့တယ်။

ပြဿနာက ပြီးပြီးမှတ်တယ်၊ မပြီးဘူးဗျို့။ အဲ့ဒီကိစ္စကိုမြင်ခဲ့တဲ့ ထန်းတက်သမားငပိန်က ထန်းတက်ရင်းဖြင့်တော့ တူးကြည့်ဖို့ကြံစားတယ်။ ကျွန်တော်တို့မြှုပ်ပြီးပြန်တော့ ရေခပ်ဆင်းတဲ့အပျိုတွေက အုပ်လိုက်ဆင်းလာကြတော့ သူ မတူးသာဘူး။

ညဘက်လည်း ကန်ထဲမဆင်းရဲတာနဲ့ နောက်တစ်နေ့ နေ့လယ် ကျွန်တော်တို့သားအဖနဲ့ဆရာလေးတို့ မြို့ပေါ်ရွာအဆင်းမှာ ကန်ထဲဆင်းပြီးသွားတူးတော့ မြေလက်ကောက်တစ်ရံ ရသွားတာပေါ့။ ရွှေလက်ကောက်မဟုတ်လို့ အဖိုးမတန်ပေမဲ့ ရှေးဟောင်းပစ္စည်းအနေနဲ့ တန်ဖိုးရှိတယ်ထင်ပြီး ယူသွားသတဲ့"

"ထန်းတက်သမားငပိန်က ဘယ်ရွာကလဲ"

"ကျွန်တော်တို့ ထူးကြီးကမဟုတ်ဘူး၊ မုံထူးရွာကပါ"

စိတ်ကူးသစ်စာပေ



"အဲဒါနဲ့ ဘာဆက်ဖြစ်သတဲ့လဲ"

"ဘာဖြစ်ရမလဲ ... ဆရာလေးရယ်၊ ထုံးစံအတိုင်း ဆရာတော်ကို ကန်တော်အရှင်မက အိပ်မက်ပေးပြန်တာပေါ့။ ဆရာတော်က ကျွန်တော်တို့သားအဖကို ခေါ်ပြီး အကျိုးအကြောင်းပြောပြတယ်။ နောက်ပြီး သူ့လက်ကောက်တွေရလာရင် ကန်ထဲမှာ မမြှုပ်တော့ဘဲ ဆောက်ရတဲ့ ဆရာလေးကိုယ်တိုင် တံတိုင်းမွှေးပန်းတွေပွင့်တဲ့ ကျောက်ချောကြီးတွေအနားကလျှိုထဲမှာ လာပစ်ထားပေးပါတဲ့။ ဆရာလေးကို ကျေးဇူးဆပ်ဦးမယ်လို့လည်း ပြောပါတယ်"

"ဒီတော့ ဘာဆက်လုပ်ကြသလဲ"

နောက်တစ်နေ့မနက် ဆရာတော်ခေါ်ပြောတာနဲ့ ကျွန်တော်တို့သားအဖ ထန်းတက်သမားငပိန်နေတဲ့ မုံထူးရွာကိုသွားရာကြတာပေါ့။ ရွာမှာ ငပိန်ကို အသင့်တွေ့ရပေမဲ့ နေမကောင်းဖြစ်ပြီး ကယောင်ကတမ်းနဲ့အော်နေလို့ ဆေးဆရာခေါ်ပြနေရချိန်ပေါ့။

ကျွန်တော်တို့သားအဖလည်း ငပိန်တို့မိသားစုကို အကျိုးအကြောင်းပြောပြပြီး ပစ္စည်းပြန်တောင်းတော့ အသာတကြည်ထုတ်ပေးကြပါတယ်။ ရွှေလက်ကောက်မှမဟုတ်ဘဲ၊ မြေလက်ကောက်တွေကိုး ဆရာရဲ့။

အဲ ... ထူးဆန်းတာက ကျွန်တော်တို့ မြေလက်ကောက်တွေကို ပြန်ယူလိုက်တာနဲ့ ငပိန်လည်း ကယောင်ကတမ်းအော်ဟစ်တာတွေရပ်ပြီး အိပ်ပျော်သွားတယ်။ အခုတော့ ကောင်းသွားပြီလို့ သိရပါတယ်။ မြေလက်ကောက်တွေကိုတော့ အဘက သိမ်းထားပြီး ဆရာလေးပြန်လာမှ သွားစွန့်ပစ်နိုင်းမယ်လို့ သိရပါတယ်"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... နောက်ဆုံးတော့ ကျွန်တော့်တာဝန်ပေါ့ဗျာ။ ကန် တော်အရှင်မနဲ့လည်း ကျွန်တော် အရင်ဘဝတွေက ပဋ္ဌာန်းဆက်တွေ ထင်ပါရဲ့ဗျာ ... နော့်"

"ဟုတ်မှာပါ ဆရာလေး။ ဒါကြောင့်လည်း ဆရာလေးကို ရွှေ လက်စွပ်တစ်ကွင်း ပေးတာနေမှာပေ့ါ"

ကျွန်တော်တို့အပြန်လမ်းမှာ နေပူသော်လည်း ဖုန်မထတော့ ချေ။ ပတ်ဝန်းကျင်မှာ ရေမတင်သော်လည်း စိုစွတ်နေသည်။ လမ်းဘေး မှ တမာပင်၊ တစောင်းပင် မိုးနှံချုံတောနှင့် ဆူးရစ်ထနောင်းပင်များ မှာ မိုးရွာထားသဖြင့် ရေဆေးထားသလို ဖုန်မှုန့်များကင်းစင်နေသည်။

ညနေပိုင်းရောက်တော့ လေအေးကလေး တိုက်လာသဖြင့် ခရီးသွားရသည်မှာ မပင်ပန်းတော့ပါ။ သက်တောင့်သက်သာရှိလှသည်။ နွားများလည်း မပင်ပန်း၊ ခရီးတွင်သဖြင့် နေမဝင်မီ (၆)နာရီခန့် ကျွန် တော်တို့ ရွာပြန်ရောက်ကြသည်။

စောင့်ကြိုနှုတ်ဆက်ကြသော ရွာသူရွာသားများကြောင့် ကျွန် တော်တို့ အပန်းပြေကြရပါသည်။ ကျွန်တော်တို့မုံရွာမှဝယ်လာသောမုန့် များ (ကိတ်မုန့်၊ ထိုးမုန့်နှင့် လမုန့်များ) ကိုတော့ တည်းခိုသည့်သူကြီး အိမ်သို့သာပေးနိုင်ပါသည်။ သူကြီးသမီးများအား တွင်းတောင်မှပါလာ သော တွင်းပိုးခြောက်များအား လက်ဆောင်အဖြစ်ပေးရာ ချက်ချင်း ကြော်လှော်၍ လက်ဖက်ဖြင့်သုပ်ပေးသဖြင့် ကျွန်တော်တို့ စားကြရပြန် သည်။

ထိုစဉ် ကိုအေးသိန်းက ရေနွေးကြမ်းအစား ထန်းရည်ခါးကို ချပေးသဖြင့် အမောပြေသောက်ကြရပြန်သည်။ ခရီးသွားရာမှ ပြန်





လာသောသားများကို မိဘများက ကြိုဆိုသလိုပင် လှိုက်လှဲပျူငှာနွေး ထွေးလှပါသည်။ ဤသည်မှာ မြန်မာဆန်သော ကျေးရွာများ၏လေ့ စရိုက်ပင်ဖြစ်သည်။ ကျွန်တော်တို့ အပန်းဖြေကြပြီး ရေချိုးကြတော့ ရွာကာလသားများအဖွဲ့က လာရောက်ဖိတ်ခေါ် စောင့်နေကြပြန်သည်။

ရွာကာလသားများ ထန်းရည်ဝိုင်း၌လည်း ညီအစ်ကိုအရင်း အချာများသဖွယ် ကျွန်တော်တို့အား ပြုစုကျွေးမွေးကြသည်။ ကာလ သားများအဖွဲ့တွင်း၌ ကျွန်တော်တို့၏ အ,သုံးလုံးစာသင်သား တပည့် များက အများစုပါဝင်ကြပါသည်။

"ဆရာလေးတို့ ... မုံရွာမြို့ပေါ်သွားကြတယ်ဆို။ အလွန်စည် ကားမှာပဲနော်"

"ဘာလဲ ... ကိုကြွက်နီက မုံရွာမြို့ပေါ်ကို မရောက်ဖူးဘူး လား"

"မရောက်ဖူးပေါင် ဆရာလေးရယ်။ ကျွန်တော်ရောက်ဖူးတာ က မြို့ပေါ်ရွာနဲ့ ဖိုးတောကြီးရွာလောက်ပါပဲ။ သွားစရာကိစ္စက မရှိဘူး လေ"

"ဘုရားဖူးတွေ ဘာတွေရော မသွားဘူးလား"

"ဆရာလေးရယ် ... အားအားလျားလျားဗျာ။ ငွေကုန်ကြေး ကျလည်း အလွန်များမှာ။ နောက်ပြီး ဦးဆောင်ခေါ်မဲ့သူကလည်း မရှိ ဘူးလေ"

"တွင်းတောင်ကိုရော ရောက်ဖူးသလား"

"အဲ ... တွင်းတောင်ကိုတော့ ရောက်ဖူးတယ် ဆရာလေး။ ငယ်စဉ်တုန်းကပါ။ မမှတ်မိ၊ မှတ်မိပဲ။ အတော်ပျော်စရာကောင်းတာ တော့ မှတ်မိနေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ ... ခင်ဖျားတို့ရွာတွေက နွားလှည်းနဲ့ ခြေကျင်ခရီးပဲ အားကိုးကြရတာကိုး။ ခရီးဝေးဝေးသွားရတဲ့အလေ့အထက အလွန်နည်းကြတာပဲနော်။ ဒါနဲ့ မော်တော်ကားရော စီးဖူးကြရဲ့လား"

"မစီးဖူးပါဘူး ဆရာလေးရယ်။ မြို့ပေါ်ရွာကို လှည်းတွေနဲ့သွားပြီး ပဲသွင်း၊ ထန်းလျက်သွင်းတုန်းကတော့ မြင်ဖူးပါတယ်။ အဲဒီမှာ စက်ဘီးဆိုတာကိုလည်း မြင်ဖူးခဲ့ပါတယ်"

"အင်း ... အတော်ခေါင်တာဘဲနော်။ ဒါနဲ့ လေယာဉ်ပျံကိုရော မြင်ဖူးသလား"

"လေထဲမှာပျံနေတဲ့ ပြောင်ပြောင်လက်လက် သတ္တုထည်ကြီး မဟုတ်လား။ အသံ အတော်ဆူညံတယ်နော်။ ဒါတောင် လေးငါးခါပဲ မြင်ဖူးတာပါ။ ဒါနဲ့ ဆရာလေးတို့ ရန်ကုန်မြို့ကြီးက မုံရွာမြို့ထက် ကြီးတယ်ဆို"

"အင်း ... အကြီးကြီးပေါ့။ မြို့သစ်တွေ ဝိုင်းရံထားပြီး ကျယ်လည်း အလွန်ကျယ်တယ်။ တိုက်တာအဆောက်အဦတွေနဲ့ ရွှေတိဂုံဘုရားက ရန်ကုန်မြို့ ကျက်သရေဆောင်ပေါ့။ ကားတွေ၊ ရထားတွေ၊ သင်္ဘောတွေ၊ လေယာဉ်ပျံတွေနဲ့ ရှုပ်ယှက်ကို ခတ်နေတာပဲ။

မြို့ပေါ်မှာဆိုရင် လူတွေကအရမ်းပေါတာ။ လမ်းသွားရင်း တစ်ဦးနဲ့တစ်ဦး မတိုက်မိကြရအောင် မနည်းရှောင်ရတယ်။ ကားလမ်းမကြီးတွေကိုကူးရင်လည်း ကားမတိုက်မိအောင် မနည်းသတိထားကြရတယ်။ မြို့လယ်ခေါင်မှာဆို နေ့နေ့ညည လူသံကားသံတွေနဲ့ ဆူညံနေတာပါပဲ"

"ကျွန်တော်တို့လည်း ရွှေတိဂုံဘုရားဖူးရင်း ရောက်ဖူးချင်ပါသော်ကော ဆရာရယ်။ ဒီရွာကနေ ဘယ့်ကလောက်ဝေးသလဲ"





"အင်း ... မန္တလေးမြို့ကြီးနဲ့ ရန်ကုန်က မိုင် (၄၀၀)ကျော်ဝေးတော့ မုံရွာမြို့နဲ့က မိုင် (၅၀၀) ကျော်လောက်ဝေးမယ်။ ဒီရွာနဲ့ဆို မိုင်(၆၀၀)ကျော်လောက်တော့ ဝေးမှာပေါ့"

"အားပါး ... တစ်အားဝေးတယ်နော်။ ရန်ကုန်ကိုသွားရင် ဘာစီးရမလဲ"

"ဒီရွာဘက်ကနေတော့ လှည်းနဲ့သွား၊ မြို့ပေါ်ရွာကနေ ဘတ်စ်ကားစီး၊ မုံရွာကတစ်ဆင့် ကားစီးစီး၊ ရထားစီးစီး၊ မန္တလေးမြို့ကို သွားရမယ်။ မန္တလေးမြို့ကမှတစ်ဆင့် ကားဖြစ်ဖြစ်၊ ရထားဖြစ်ဖြစ် တစ်ညအိပ်စီးရင် ရန်ကုန်ရောက်ပါတယ်"

"ဝေးလွန်းလှပြီကော ဆရာလေးရယ်"

"ဒါလောက်လည်း မဟုတ်ပါဘူး။ ခရီးသွားရတာ ပျော်စရာကောင်းပါတယ်။ ပတ်ဝန်းကျင်ဒေသန္တရ ဗဟုသုတလေ့လာရင်း ပျော်ရွှင်ချမ်းမြေ့စရာပါပဲ"

"ကျွန်တော်တို့ကတော့ ခရီးသွားဖို့အတွက် အိပ်မက်တောင် မမက်ရဲပါဘူး ဆရာရယ်။ ရွာမှာက လောက်လောက်လားလား အပိုဝင်ငွေရဖို့က ဘာမှမရှိဘူးလေ"

ထိုစဉ် ကိုတင်ရွှေက ဝင်နှောက်ပါသည်။

"ကိုကြွက်နီကလည်း ခင်ဖျားတို့ရွာမှာ ကန်တော်အရှင်မရဲ့ ဘဏ္ဍာတိုက်ကြီးတစ်တိုက်လုံး ရှိနေတာပဲ။ ဘုရားဖူးခရီးသွားဖို့ဆိုပြီး တောင်းပေါ့ဗျာ"

"ဆရာလေး ကိုတင်ရွှေကလည်း နောက်ပြန်ပါပြီ။ ကန်တော်အရှင်မက မျက်နှာလိုက်တယ်ဗျ။ သူနဲ့အဆင်ပြေမှပေးတာ။ ပေးတော့လည်း မစို့မပို့။ အမှန်က ရွှေဆိုပိသာလိုက် ပေးသင့်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . ကြွက်နီ မပြောကောင်း မဆိုကောင်း၊ ကန်တော့ အရှင်မကို မနောက်ပြောင်နဲ့။ ကန်တော်အရှင်မက သင့်သလောက်ပဲ ပေးတာ ကျေးဇူးတင်ဖို့ကောင်းတယ်။ နှစ်စဉ်နှစ်တိုင်း ရွှေတိုရွှေစတွေ ပေးတာ နည်းမှတ်လို့။ ငါတို့ရွာကမိသားစုတိုင်း တစ်ဦးမဟုတ်တစ်ဦး ရကြတာ လူတိုင်းအသိ။ မင်း မဟုတ်က၊ ဟုတ်ကတွေ ပြောမနေနဲ့။ ကန်တော်အရှင်မစိတ်ဆိုးရင် ငါတို့ ဒုက္ခရောက်ကုန်ကြလိမ့်မယ်"

ထိုစဉ် ကျွန်တော်က . . .

"ကိုအေးသိန်း . . . ကန်တော်အရှင်မ စိတ်ဆိုးတာ ခင်ဗျား နဲ့ ကြုံဖူးသလား။ ကြုံဖူးရင် ပြောပြပါဦး။ အတွေ့အကြုံကလေးများ ရ တာပေါ့"

"ဒီလို ဆရာလေးရေ . . . လွန်ခဲ့တဲ့ (၅)နှစ်လောက်ကပေါ့၊ ကျွန်တော်တို့ရွာက မြဦးရယ်လေ၊ ကန်စောင်းက ထန်းပင်ကိုတက်ပြီး အခင်းကြီးသွားချင်တာမအောင့်နိုင်လို့ လူရှင်းတုန်း ရေခန်းနေတဲ့ကန် ထောင့်မှာ သွားထိုင်မိတယ်။

အဲဒီနှစ်ကများ မိုးကခေါင်၊ ရေကမပြည့်တော့ ကျွန်တော် တို့ရွာနှစ်ရွာစလုံး ငတ်မွတ်ခေါင်းပါးပြီး အတော်ဒုက္ခရောက်ကြရတယ်။ လူကြီးတွေသိသွားလို့ ကန်တော့ပွဲနဲ့ တစ်ရွာလုံး သုံးကြိမ် (၃) ခါ တောင်းပန်မှ မိုးနှောင်းကောင်းပြီး အဆင်ပြေသွားတာ။ ဒါဟာ ကျွန်တော် တို့ကိုယ်တိုင်ကြုံဖူးခဲ့တဲ့ အဖြစ်အပျက်ပဲ။ ဘာကြာသေးတာမှတ်လို့"

"ဒါဆို ကိုအေးသိန်းရေ . . . ကန်တော်အရှင်မ ပူဇော်ပွဲကို နှစ်စဉ် သတ်သတ်မှတ်မှတ် မလုပ်ကြဘူးလား"

"လုပ်ပြီကော ဆရာလေးရယ်။ ကန်ဇော်မင်္ဂလာဆယ်ပွဲက အဲဒီပွဲပဲပေါ့။ ကန်မဆယ်ခင် မနက်အရုဏ်ဦးကတည်းက ရပ်ရွာလူကြီး





တွေ ငှက်ပျောပွဲ၊ အုန်းပွဲ၊ လက်ဖက်ပွဲ၊ ဆီမီးနံ့သာ၊ အမွှေးတိုင်တွေနဲ့ (၉)ပွဲတိတိ ပူဇော်ကြရတာ။ ဆရာလေးတို့ မမြင်လိုက်ကြဖူးထင်တယ်။ အဲ့ဒါပြီးမှ ကန်ဆယ်ပြီး ကန်အတွင်း သန့်ရှင်းရေးလုပ်ကြရတာလေ"

"နောက်တစ်ခုက ကန်တော်အရှင်မ နတ်ကွန်းဆိုပြီး သီး ခြားမရှိဘူးနော်။ အဲ့ဒါလည်း လုပ်သင့်တယ်ထင်တယ်"

"အဲဒါတော့ဟုတ်တယ်။ နတ်ကွန်းတော့ သီးခြားမရှိဘူး ဆရာ လေး။ ရွာထိပ်က ကျောက်ဖျာကြီးတွေနဲ့ လှိုုကြီးနေရာက ကန်တော် အရှင်မရဲ့ နတ်ကွန်းနေရာပဲ။ အရင်ကတော့ ရှိချင်ရှိမှာပေါ့။ နတ်ကွန်း ဆောက်ဖို့ဆိုတာကလည်း အလွန်အကုန်အကျများမှာ ဆရာလေးရဲ့။ ကျွန်တော်တို့ရွာက မချမ်းသာဘူး၊ သစ်၊ သံ၊ သွပ်၊ အတော်ကုန်မှာ။ အဲ့ဒါတွေကို မုံရွာမြို့ပေါ်တက် ဝယ်မှရမှာ။ သစ်ဆိုတာမှာလည်း ကြာ ရှည်ခံအောင် ကျွန်းသားလောက်သုံးမှ တော်ကာကျမယ်။ မတတ်နိုင် ဘူး ဆရာလေးရယ်"

"အေးဗျာ . . . ကန်တော်အရှင်မက မ,ရင် အတော်ကောင်း မှာ။ ကျွန်တော်တို့မပြန်ခင် ကန်တော်အရှင်မအတွက် သပ်သပ်ရပ်ရပ် ခိုင်ခိုင်ခန့်ခန့် နတ်စင်တစ်ခုလောက် အမှတ်တရ လုပ်ပေးချင်စမ်းပါ ဘိဗျာ"

"အင်း . . . ဆရာလေးဆုတောင်းရင်တော့ ပြည့်မှာပါ၊ ကန် တော်အရှင်မက ဆရာလေးနဲ့ ပဋ္ဌာန်းဆက်ဆိုတော့ မ,မှာပါ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ကျွန်တော်တို့ စားသောက်ပြီးစီးကြတော့ လက်မှနာရီကိုကြည့်မိရာ လမွန်းတည့် (၁၂)နာရီပင် ထိုးလုချေပြီ။ ထို့ကြောင့် ဝိုင်းသိမ်းပြီး ကာလသားများကို နှုတ်ဆက်၍ ကျွန်တော်တို့ ညီအစ်ကို (၃)ဦး တည်းခိုရာ သူကြီးအိမ်သို့ ပြန်ခဲ့ကြပါသည်။ ခြေလက်မျက်နှာဆေးကြောပြီး အိပ်ရာဝင်တော့ ညမွန်းလွဲ (၁၂း၃၀) ခန့်ရှိပြီဖြစ်သည်။

ယနေ့ ခရီးကပန်း၊ ထန်းရည်ကလေးများလည်း သောက်စားပြီးအိပ်ရာဝင်တော့ နှစ်နှစ်ကာကာအိပ်ပျော်ပြီး အိပ်မက်မက်တော့သည်။ အိပ်မက်ထဲ၌ ကျွန်တော် မြေလက်ကောက်များအား ကန်တော်အရှင်မှာကြားသည့်အတိုင်း ရွာထိပ်၊ ကျောက်ပြားကြီးများရှိသော လျှိုအတွင်းသို့ စွန့်စား၍သွားစဉ် အမျိုးသမီးလေးတစ်ဦးက ကျောက်ပြားကြီးများအနီး လျှိုစောင်းတွင်ပေါက်နေသော တံတိုင်းမွှေးပန်းများအား ခူးဆွတ်နေသည်။

စိတ်ကူးသစ်စာပေ



ကျွန်တော်တို့ ကန်ဆယ်စဉ်က တွေ့ကြုံခဲ့ရသော အစိမ်းရောင်ဆင်တူဝတ်စုံဖြင့် လှပချော‌မောသည့်မိန်းကလေးပင် ဖြစ်ပါသည်။ ပန်းများခူးနေသဖြင့် ကျွန်တော့်ကို ကျောခိုင်းထားသည်။

"သြော် ... မောင်ကြီး ရောက်လာပြီလား။ ရွှေဟောင်းရွှေလက်ကောက်တွေကို လျှိုအလယ်၊ ရေနက်နက်မှာ စွန့်ပစ်လိုက်ပါ။ မောင်ကြီးက နှမတို့အတွက် နတ်ကွန်းဆောက်ပေးချင်တဲ့ ဆန္ဒရှိတာမို့ မောင်ကြီးကို မ,ရတော့မှာပေါ့။

ရွှေဟောင်းရွှေလက်ကောက်တွေကို အရင်သွားစွန့်ပစ်လိုက်ပါ၊ ပြီးရင် အခု နှမရပ်နေတဲ့နေရာကို အသေအချာမှတ်ထားပြီး တူးပါ။ နတ်ကွန်းအတွက်တင်မက မောင်ကြီးအတွက်ပါ ပိုပိုလျှံလျှံလေး မ,စပါ့မယ်"

ကျွန်တော်က စကားမပြောဘဲ သူမနောက်ကျောအား ငေးမောကြည့်နေမိသည်။ သူမဆံပင်မှာ မဲနက်သန်စွမ်းလှပြီး ခြေမျက်စိကို ဝဲနေသည်။ ဝတ်ဆင်ထားသော အင်္ကျီလက်ရှည်မှာလည်း မင်းသမီးများဝတ်ဆင်သော ခါးတောင်အင်္ကျီအမျိုးအစားဖြစ်သော်လည်း ကော့တက်မနေ။ တင်ပါးဖုံးအောင် ဖြန့်ချထားသည့် ငှက်ပျောညွန့်ရောင်ဖြစ်သည်။

အတွင်းခံကိုယ်ကြပ်အင်္ကျီကို မြင်နေရသော မှန်ဇာအမျိုးအစားဖြစ်သည်။ သူမက စိတ်မလုံဟန်ဖြင့် နောက်လှည့်ကြည့်တော့ ကျွန်တော်ငေးစိုက်ကြည့်နေသည်ကို မြင်ရသည်နှင့် ...

"အို ... မောင်ကြီးကလည်း အကြည့်ရဲလာချည့်လား။ နှမပြောတဲ့အတိုင်း ရွှေဟောင်းရွှေလက်ကောက်များကို သွားပစ်ပါချေဦးနော်"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွယ် . . . အေးပါ"

ကျွန်တော် လှုိုကြီးဘက်သွား၍ ရေနက်မည့်နေရာကို မှန်းဆပြီး သူမရှေ့၌ ပစ်ချလိုက်ပါသည်။ ရေထဲမှ ကျောက်တုံးဖြင့် တိုက်မိဟန် . . .

'ပလုံ . . . ချလွင်' ဟူ၍ အသံထွက်သွားသည်မှာ အံ့ဩစရာပင်။ မြေလက်ကောက်မှာ ကျောက်သားဖြင့် တိုက်မိသော်လည်း သတ္တုစပ်မဟုတ်သဖြင့် 'ချလွင်' ဟူသောအသံ ထွက်နိုင်စရာ အကြောင်းမရှိပေ။

ကျွန်တော် ငေးမောနေမိစဉ် တခစ်ခစ် ရယ်သံလွင်လွင်ကြားသဖြင့် ဖျတ်ခနဲလှည့်ကြည့်လိုက်တော့ သူမရပ်နေရာတွင်မရှိတော့။ သူမရပ်နေခဲ့သောနေရာကို ကျွန်တော် အသေအချာမှတ်သားကြည့်တော့ မြေဖာမြက်ပင်ကလေးများ ပိပြားနေပြီး ထိုနေရာပေါ်၌ တံတိုင်းမွှေးပန်းလေးတစ်ပွင့် ကြွေကျနေသည်။ ကျွန်တော်တူးရမည့်နေရာကို သေချာစေရန် အမှတ်အသားပြုခဲ့ပုံရသည်။

ကျွန်တော် တံတိုင်းမွှေးပန်းပွင့်ကလေးအား အမှတ်တရသိမ်းဆည်းထားရန် ကောက်မည်ပြုတော့ ရယ်သံလွင်လွင် ဆည်းလည်းသံကလေးကိုကြားရပြီး ကျွန်တော် အိပ်ရာကလန့်နိုးသည်။ စိတ်စွဲလမ်း၍လားမသိ၊ ရယ်သံလွင်လွင်ကလေးကို ကြားနေရဆဲဖြစ်သည်။ ထို့အပြင် တံတိုင်းမွှေးပန်းရနံ့ကလည်း ကျွန်တော်တို့အိပ်နေသော ညှိခံအတွင်း ဖွေးပျံ့သင်းထုံနေသည်။ ကျွန်တော့်အနီးတွင် အိပ်နေသော ကိုတင်ရွှေကို လက်ကုပ်၍ နှိုးလိုက်ပါသည်။

"ဟင် . . . ဘာ . . . ဘာဖြစ်လို့လဲ ကိုသိန်းဝင်း"

"ဟာ . . . မွှေးလိုက်တာဗျာ။ ဘာပန်းအနံ့လဲ"





"တံတိုင်းမွှေးပန်းရနံ့လေ"

"ဟာ . . . ဒါဆို ခင်ဗျားဆီ ကန်တော်အရှင်မ လာသွားတာပေါ့၊ ဟုတ်စ"

"အင်း . . . ဟုတ်တော့ဟုတ်တယ်။ ဒါပေမဲ့ အပြင်မှာ တကယ်လာတာမဟုတ်ဘူး။ အိပ်မက်ထဲမှာလာသွားတာ။ ဒါပေမဲ့ ပန်းနံ့စွဲကျန်နေတာကို သက်သေရအောင် ခင်ဗျားကို နှိုးလိုက်ရတာ"

"ဒါဖြင့်လည်း အိပ်မက်အကြောင်းကို ပြောစမ်းပါဦးဗျာ"

ကျွန်တော်က, အိပ်မက်အကြောင်းကို ကိုတင့်ရွှေအား ပြောပြနေစဉ် မီးခြစ်၊ ခြစ်သံကြားရပြီး မီးခွက်ထွန်း၍ အဘသူကြီး အတွင်းခန်းမှ ထွက်လာသည်။

"ဒီဆရာကလေးနှစ်ယောက် မနိုးစဘူး စောစောစီးစီးထပြီး ဘာတွေတိုင်ပင်နေကြတာလဲ"

ကျွန်တော်က သူကြီးအား အိပ်မက်အကြောင်း ထပ်မံပြောပြမိတော့ သူကြီးက . . .

"မိုးသောက်ယံမှာ မက်တဲ့အိပ်မက်ဆိုတော့ မဂ်လာရှိပေတာပဲ။ ကဲ . . . ဆရာလေး၊ ရောင်နီတောင်လာနေပြီပဲ၊ မျက်နှာသစ်တော့။ အလင်းရောင်ကလေးရတာနဲ့ သူ့ပစ္စည်းကို လှိုထဲသွားပစ်ပေရော့။ စောစောစီးစီးလာပစ်စေချင်လို့ ဆရာလေးကို လာနှိုးဟန်တူပါရဲ့။ တူးရှင်းယူပြီး ကျွန်ုပ်တို့ နောက်ကလိုက်ခဲ့ပါ့မယ်။ သူ့ရွှေလက်ကောက်တွေကို ဆရာလေးခေါင်းအုံးအောက်မှာ လက်ကိုင်ပဝါနဲ့ ထုပ်ထားတယ်"

"ဩော် . . . ဒါကြောင့်ကိုး။ ဒါကြောင့် အိပ်မက်ပေးတာနေမှာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မျက်နှာသစ်ပြီး ဘုရားဝတ်ပြုသည်။ ပြီးနောက် ကန်တော်အရှင်မအပါအဝင် ဝေနေယျသတ္တဝါအများအား မေတ္တာပို့သည်။ လက်မှနာရီကိုငုံ့ကြည့်တော့ မနက်လေးနာရီခွဲပြီးချေပြီ။ ရှေးပောင်းမြေလက်ကောက်ထုပ်ကိုယူ၍ အိမ်ပြင်ထွက်တော့ တောင်ပေါ်ရွာကလေးဖြစ်သည့်အတိုင်း အလင်းရောင်ဖြူဖြူကို စောစီးစွာမြင်နေရပြီဖြစ်သည်။ ကျွန်တော်တစ်ဦးတည်း ရွာထိပ်လျှိုဘက်သို့ လမ်းလျှောက်ပြီးထွက်ခဲ့သည်။ မနက်ခင်း လေနုအေးကလေးအား လတ်ဆတ်စွာ ရှူရှိုက်ရင်း လျှိုဘက်သို့ဆင်းလာရာ တံတိုင်းမွှေးပန်းရနံ့အား အဝေးကပင် ရရှိနေပါသည်။

အိပ်မက်ထဲကအတိုင်း ကန်တော်အရှင်မအားမြင်ရနိုးဖြင့် ပတ်ဝန်းကျင်ကို စူးစမ်းရှာဖွေနေမိသည်။ တံတိုင်းမွှေးပန်းအုံများဖြင့် နီးကပ်လာသဖြင့် ပန်းနံ့က ပိုမွှေးလာသည်။ ရယ်သံလွင်လွင်ကလေးကိုလည်း စွဲလမ်းမိသဖြင့် ကြားနေရသယောင်ယောင်။

ကျွန်တော် ညက အိပ်မက်ထဲတွင် သူမရပ်နေခဲ့သော ပန်းရုံခြေရင်းအားကြည့်မိတော့ မြင်ကွင်းက မသဲကွဲ။ အလင်းရောင်က နည်းသေးသည်။ ထို့ကြောင့် သူမဆန္ဒအတိုင်း ပဝါအတွင်းမှမြေလက်ကောက်နှစ်ကွင်းကိုထုတ်ပြီး လျှိုအတွင်းရေနက်ရာသို့ ခန့်မှန်းပြီး ပစ်ချလိုက်ပါသည်။

"ချလွင် . . . လွင် . . . လွင် . . ."

တကယ်ပါပင်။ လျှိုထဲကလိုဏ်သံဖြင့် တချွင်ချွင်အသံကို လက်တွေ့ကြားလိုက်ရသဖြင့် အံ့ဩငေးမောနေမိစဉ် ရယ်သံလွင်လွင်ကလေးဖြင့် တံတိုင်းမွှေးပန်းရနံ့က ထောင်းခနဲထသွားသည်။ စိတ်စွဲ





သမ်းလွန်း၍လည်း ဖြစ်နိုင်ပါသည်။ ခြေသံကြား၍ လှည့်ကြည့်တော့ အဘသူကြီးနှင့်ကိုတင်ရွှေက ကုန်းစောင်းတွင် ရပ်နေကြသည်။

ကျွန်တော် နောက်ပြန်လှည့်ပြီး ကျောက်ဖျာကြီးများအကြားနှင့် တံတိုင်းမွှေးပန်းချုံအရင်းအား သွားကြည့်တော့ တကယ်ပါပင်။ ညက အိပ်မက်ထဲကလိုပင် တံတိုင်းမွှေးပန်းတစ်ပွင့်က လတ်ဆတ်စွာ ကြွေကျနေသည်။ ပန်းဖူးကလေးအား မွှေးကြူပြီး အင်္ကျီအိတ်ကပ်ထဲ တယုတယထည့်ပြီးနောက် အဘထံမှ တူးရွင်းပြားကို သွားယူရသည်။ စကားမပြောမိကြပါ။

ကျွန်တော်သတ်မှတ်ထားသော နေရာတွင် ကိုယ်တိုင် တူးရွင်းပြားဖြင့်တူးသည်။ အလင်းရောင်က အားကောင်းလာပြီဖြစ်သည်။ တူးစဉ်က ဘာမျှမတွေ့။ တစ်ပေလောက်နက်လာသော်လည်း မတွေ့ရသေး။ လျှိုကြီးအစပ်၊ အစိုဓာတ်ရှိသောနေရာဖြစ်သဖြင့် မြေကမကျစ်။ ပွနေ၍သာ အတူးရသက်သာသည်။ မကြာမီပင် နတ်စင်ဆောက်ရန် အသင့်ဖြစ်နေပြီဖြစ်သည်။

"ကျွန်တော် ပထမစဉ်းစားတာကတော့ ကျွန်းသားနဲ့ဆောက်ပြီး သွပ်မိုးမယ်။ ကန်တော်အရှင်မက အစိမ်းရောင်ကြိုက်တော့ သဘောဆေး အစိမ်းရောင်သုတ်မယ်လို့ စိတ်ကူးထားတာ။ အခုတော့ စိတ်ပြောင်းသွားပြီ။

ဒီဒေသက ရာသီဥတုပူပြင်းပြီး သစ်ပင်ကြီးအရိပ်မရှိတော့အုတ်၊ ဘိလပ်မြေနဲ့ အခိုင်အမာလုပ်ချင်တယ်။ အဲ့ဒါကြောင့် အဘကပဲဦးစီးပြီးလုပ်ပေးပါ။ လှည်းနှစ်စီးငှားပါ။ ရနိုင်မဲ့နေရာက (၆) ပေ၊ (၄)ပေအကျယ်၊ အမြင့် (၁၀)ပေလောက် လေးတိုင်စင် အုတ်အင်္ဂတေနတ်စင်လုပ်ပေးပါ။ ကန်တော့ပွဲနဲ့ ပန်းအိုးရုပ်တု လိုအပ်တာမှန်သမျှ



www.burmeseclassic.com

www.burmeseclassic.com



အကုန်လုပ်ပေးပါ။ ပန်းရန်ဆရာလည်း ကောင်းကောင်းငှားရမယ် ထင်တယ်''

''ရပါတယ်။ ဘုတလင်မှာတင် အဆင်ပြေနိုင်တယ်။ မုံရွာအထိ သွားစရာမလိုပါဘူး။ ရော့ . . . ဆရာလေး၊ ဒါလေးယူထား။ ကျွန်တော်တို့အိမ်ကလှည်းနဲ့ ကျွန်တစ်စီးကိုငှားလိုက်မယ်။ မြို့ပေါ်ရွာမှာ လှည်းတွေထားလိုက်ပြီး ကားတော့ ငှားသွားရမှာပဲ။ ဆရာလေးတို့က အ,သုံးလုံး စခန်းသိမ်းရတော့မှာဆိုတော့ မီအောင် ကျွန်တော်တို့ ဒီနေ့ပဲ မြို့ပေါ်ရွာကိုဆင်းမယ်။ ကျွန်တော်ကိုယ်တိုင်ကြီးကြပ်မှာဆိုတော့ အကောင်းဆုံးဖြစ်စေရမယ် ဆရာလေး''

''ဪ . . . အဘရေ အဂ်တေထဲမှာ သံချောင်းတွေမြှုပ်ရဦးမယ်။ အခင်းရော၊ အမိုးရော၊ အကာရော အဂ်တေ သုံးမှာဆိုတော့ လုံလောက်အောင်ဝယ်ခဲ့ပါ။

''မလို . . . ဆရာလေး။ ပိုတောင် ပိုနေဦးမယ်။ ဘာကုန်တာမှတ်လို့။ ကျွန်တော် ခန့်မှန်းတွက်တတ်ပါတယ်''

ထိုနေ့က ကျွန်တော်တို့ မုံထူးရွာသို့ စာသင်ရန်အတွက်၊ အဘတို့ကလည်း လှည်းနှစ်စီးဖြင့် မြို့ပေါ်ရွာသို့ စောစောဆင်းသွားကြသည်။ ကျွန်တော်တို့၏ ရွာနှစ်ရွာမှ စာသင်သားများမှာ လွန်စွာအရှိန်ရနေကြပြီဖြစ်သည်။ အရေး၊ အဖတ်၊ အတွက် ကျွမ်းကျင်စွာ တတ်မြောက်ကြပြီဖြစ်၍ စာလုံးပေါင်းသတ်ပုံ၊ မှန်ကန်စေရန်အတွက်သာ ဦးတည့်ပေးရတော့သည်။

ညနေစောင်း ထူးကြီးရွာသို့ပြန်ရောက်တော့ ကျွန်တော်တို့ ခေတ္တနားပြီး ပေါက်ပြား (၂)လက် ထမ်းကာ ရွာထိပ်၊ ကန်တော်အရှင်မေစံရာဌာနီ လျှိုကြီးဘက်ဆီသို့ ထွက်ခဲ့ကြသည်။ ကန်တော်အရှင်မ နတ်

စိတ်ကူးသစ်စာပေ



စင်ဆောက်ရန်အတွက် နေရာရွေးချယ်ပြီး နတ်စင်ဆောက်ရန်နေရာအား မြေရှင်းလင်းထားရန် ဖြစ်ပေသည်။

ထိုနေရာမှာ လျှိုစောင်းကျောက်ပြားကြီးများအနီးဖြစ်ရာ နေရာကျဉ်း၍ အဆင်မပြေ။ ဘေးဝန်းကျင်၌လည်း နေရာကျယ်ကျယ်ဝန်းဝန်း ပြန့်ပြူးခြင်းမရှိ။ ထို့ကြောင့် လျှိုထိပ်သို့တက်လာခဲ့ရာ လျှိုကြီးအပေါ်ဘက်တွင် လိုဏ်ခေါင်းကြီးဖြစ်နေပြီး လိုဏ်ခေါင်းအပေါ်၌ ပြန့်ပြူးသောနေရာတွင် (၄)ပေ၊ (၈)ပေ အရွယ် လူတို့ခင်းထားသည့်အတိုင်းထု (၁)ပေခန့်ရှိ သင်ပုန်းကျောက်ပြားကြီးခင်းထားသည်ကို တွေ့ရသဖြင့် ကျွန်တော် အလွန်သဘောကျသွားသည်။

ထို့ကြောင့် ကျောက်ပြားကြီးအလျားနှင့်ယှဉ်သော နေရာကလေးမှာ အရှေ့ဘက်သို့လှည့်နေသဖြင့် ဝတ်ပြုဆုတောင်းသူများထိုင်ရန် အဆင်ပြေသဖြင့် နတ်ကွန်းဆောက်လုပ်ရန် ထိုနေရာကိုရွေးချယ်လိုက်သည်။ ထို့ကြောင့် ကိုတင်ရွှေအားညွှန်ပြပြီး ကျွန်တော်တို့ မြက်ရှင်းကြသည်။

ကုန်းမြင့်ကလေးပေါ်၌ဖြစ်၍ နေရာကောင်းလည်းဖြစ်သည်။ ကျွန်တော်ရွေးချယ်သောနေရာမှာ ကန်တော်အရှင်မလည်း ကြိုက်နှစ်သက်လောက်ပါသည်။ (၆)ပေ၊ (၄)ပေအကျယ် နတ်စင်နေရာအတွက် ကျွန်တော်တို့ (၁၀)ပေပတ်လည်ခန့် မြေနေရာကို အပြောင်ရှင်းလိုက်ကြပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❏

နေဝင်ချိန် အိမ်ပြန်ရောက်တော့ ရေအမြန်ချိုးရသည်။ အ,သုံးလုံးသင်တန်းသားများ တဖွဲဖွဲ ရောက်လာနေသောကြောင့်ဖြစ်သည်။ ကိုအေးသိန်းနှင့် အဘသူကြီးတို့မရှိသဖြင့် အောက်လုံးခွတ်မီးကြီးအား ကိုယ်တိုင်ရှလထိုးပြီး မီးထွန်းကြရာ မကျွမ်းကျင်သဖြင့် မီးဖာကြွေသွားသည်။ အသစ်လည်း မလဲတတ်သဖြင့် ထိုညက ရေနံဆီမီးခွက်များထွန်းကာ အလင်းရောင်နည်းနည်းဖြင့် ဖြစ်သလို စာသင်ရတော့သည်။

စာသင်သားများမှာ ကျွန်တော်တို့ပြန်ကြရန် တစ်ပတ်ခန့်သာလိုတော့သဖြင့် စိတ်မကောင်းကြ။ စာသင်ရသည်ထက် ခွဲခွာရတော့မည့်စကားများကိုသာ ပြောနေကြသည်။ ည (၉) နာရီ သင်တန်းပြီး၍ ကာလသားများ ထန်းရည်သောက်လာခါသော်လည်း အဘသူကြီးနှင့် ကိုအေးသိန်းမရှိသည့်အပြင် ကျွန်တော်တို့ ညနေစာပါမစားရသေးသဖြင့် အားနာစွာဖြင့်တောင်းပန်ပြီး ငြင်းလိုက်ရကြရသည်။ တည်းခိုအိမ်အိမ်ထောင်ဦးစီးယောကျ်ားများမရှိချိန် အမှားအယွင်းမဖြစ်စေရန်အတွက် ကျွန်တော်တို့ မသောက်ကြခြင်းဖြစ်ပါသည်။

---





ထိုညက ညစာစားပြီးသည်နှင့် ဘုရားဝတ်ပြုပြီးနောက် ကျွန်တော်တို့ အိပ်ရာဝင်ခဲ့ကြပါသည်။ အလုပ်ကြမ်းမလုပ်ရသည့်မှာ ကြာပြီဖြစ်သည်။ မြေပေါက်၊ မြက်ရှင်းလိုက်ရသဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်ကြသည်။ အိပ်ပျော်တော့လည်း အိပ်မက်က မက်ပြန်သည်။

ဤတစ်ခါမက်သည့်မှာ ကျွန်တော်တို့ မြက်ရှင်းထားသည့် ကျောက်ပြားကြီးခင်းထားသောနေရာတွင်ဖြစ်သည်။ ကန်တော်အရှင်မမှာ အစိမ်းရောင်ဝတ်စုံဖြင့်ပင်ဖြစ်သည်။ ခေါင်းတွင်လည်း တံတိုင်းမွှေးပန်းများ ဝေနေအောင်ပန်ထားသည်။ ပြုံးရွှင်စွာဖြင့် . . .

''မောင်ကြီးက နေရာရွေးတတ်သားပဲ။ နှမတော်အကြိုက်ကို သည်းသိတယ်။ ကြီးလာရင် အနုပညာသမားဖြစ်လိမ့်မယ်။ မောင်ကြီးကို ကျေးဇူးအလွန်တင်ပါတယ်။ ဒီဒေသမှာနေသရွေ့ မောင်ကြီးကို စောင့်ရှောက်မယ်''

''ဝမ်းသာလိုက်တာဗျာ။ ကျွန်တော်က နှမ မကြိုက်မှာ စိုးရိမ်နေတာ။ ဒါနဲ့ မူလကကြံရွယ်ထားတဲ့ သစ်သားနတ်စင်ထက် အင်္ဂတေနတ်စင်ကို ပိုသဘောကျတယ်မဟုတ်လား''

''ကောင်းပါတယ် မောင်ကြီး၊ ရေရှည်ခံတာပေါ့။ နတ်စင်ဆောက်ပြီးရင်တော့ နှမတော်တို့ကို အပိုင်စားပေးတဲ့အနေနဲ့ ဆရာတော်ကျောင်းမှာ ဆွမ်းကပ်ပြီး အမျှဝေပေးပါ''

''စိတ်ချပါ . .။ ဆရာတော်သာမက တစ်ရွာလုံးကိုပါဖိတ်ပြီး ဆွမ်းမွေးအလှူလုပ်မယ်။ ပြီးတော့ နှမတို့ကိုပါ အမျှဝေပါ့မယ်။ သာဓုခေါ်ဖို့ ပြင်ထားပေရော့''

''ဝမ်းသာလိုက်တာ မောင်ကြီးရယ်။ မောင်ကြီးသာ ဒီရွာမှာ တစ်သက်လုံးနေရင် အလွန်ကောင်းမှာပဲနော်''

---



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က အစိုးရဝန်ထမ်းလုပ်မဲ့သူဆိုတော့ မဖြစ်သေးပါဘူး။ ဒီရွာမှာနေရင် တိုးတက်လမ်းမမြင်ဘူး"

"နှမတော်ရှိနေတာပဲ၊ ချမ်းသာဖို့ကတော့ မပူပါနဲ့။ မောင်ကြီးထိုင်စားရုံပါပဲ"

"ယောကျ်ားတစ်ယောက်အနေနဲ့ အဲဒီလိုလည်း မနေချင်ဘူး။ ကိုယ့်အားကိုယ်ကိုးပြီး အလုပ်တစ်ခုခုတော့ လုပ်ချင်သေးတယ်။ နောက်ပြီး ကျွန်တော်တို့က မြို့ပေါ်မှာအနေကြာတော့ ဒီမှာအကြာကြီးနေရရင် ပျော်မယ်မထင်ဘူး"

"မောင်ကြီးသာနေမယ်ဆိုရင် ဒီရွာကိုသာယာအောင် နှမတော်လုပ်ဆောင်ပေးနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ် နှမ။ ကျွန်တော်တို့ မကြာခဏ လာလည်နိုင်အောင် ကြိုးစားပါ့မယ်"

"ကျေးဇူးတင်တယ်. မောင်ကြီး။ မောင်ကြီးတို့ပြန်ခါနီး လာနှုတ်ဆက်ဦးမယ်။ ပြန်ခါနီး လက်ဆောင်လည်း ပေးဦးမယ်နော်"

မနက်လင်း၍ အိပ်ရာကထပြီး ဘုရားဝတ်ပြု၊ မနက်စောစောထမင်းကြော်နှင့် မြေပဲဆံကြော်ကိုစား၍ ရေနွေးကြမ်းသောက်နေစဉ် ကျွန်တော် ညကအိပ်မက်ကို အထင်ကရမက်သဖြင့် သတိရပြီး ကိုတင်ရွှေအား ပြန်လည်ပြောပြနေမိသည်။

"အေးဗျာ ... ကန်တော်အရှင်မက ခင်ဗျားကို အတော်ချစ်ခင်အားကိုးပုံပဲ။ ကျွန်တော်တို့ကလည်း အဝေးကြီးပြန်ကြရတော့မှာဆိုတော့ အခက်သားလားဗျာ။ ကျွန်တော်တို့တာဝန်ကျတဲ့ ဒီ ... မုံထူးထူးကြီးရွာလေးတွေက အစွန်အဖျားကျတော့ နောင်လာချင်ရင်တောင် လွယ်မယ်မထင်ဘူးဗျာ။ မုံရွာတို့၊ ဘုတလင်တို့လို မြို့နဲ့နီးရင် တော်





သေးတယ်။ လမ်းမှာလည်း တည်းခိုစရာ အသိမိတ်ဆွေအိမ်က ရှိတာမဟုတ်ဘူး"

"ကိုတင်ရွှေရယ် ... စကားပုံတောင် ရှိသေးတယ်မဟုတ်လား။ 'လာချင်လျှင် အနီးကလေး၊ မလာချင်လျှင် ခရီးဝေး' ဆိုတာလေ။ မြန်မာပြည်တွင်းခရီးစဉ်ပါ။ လမ်းတစ်လျှောက်လုံး ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေချည်းပါပဲ။ ဒီနယ်မှာ 'အ,သုံးလုံးကျောင်းဆရာ' လုပ်ခဲ့ဖူးပါတယ်ဆိုတာနဲ့ ခင်ဗျားကိုကူညီမဲ့သူတွေ အများကြီးပါ။

နောက်ပြီး မြို့ပေါ်ရွာကျောင်းမှာ သင်္ကြန်တွင်း ကျွန်တော်တို့ ဘုရားဖူးဆင်းကြတုန်းက ရွာလူကြီးတစ်ဦးက ပြောဖူးတယ်။ 'ဆရာလေးတို့တာဝန်ကျတဲ့ ထူးကြီး၊ မုံထူးရွာတွေက အစွန်အဖျားကျလို့ဝေးပေမဲ့ နောင်လာလည်ချင်ရင်လာခဲ့ပါ။ ကျွန်တော်တို့မြို့ပေါ်ရွာနဲ့ မုံရွာပြေးတဲ့လိုင်းကားရှိပါတယ်။ မုံရွာဈေးကြီးနားက မနက်ပိုင်းထွက်တာ။ မြို့ပေါ်ရွာရောက်ရင် ကျွန်တော့်တာဝန်ထား။ ကျွန်တော် ထူးကြီးရွာအရောက် လှည်းဆင်းပေးပါ့မယ်' တဲ့လေ။ ကဲ ...ဘယ်လောက်အဆင်ပြေသလဲ"

"အဲဒါတော့ ဟုတ်ပါတယ် ... ကိုသိန်းဝင်းရယ်။ ကျွန်တော်တို့က အခု တက္ကသိုလ်ကျောင်းသားအဆင့်ပဲ ရှိသေးတာ။ အလုပ်မှမရကြသေးဘဲ။ လမ်းစရိတ်နဲ့ ခရီးစရိတ်က မနည်းဘူးဗျ"

"ကိုတင်ရွှေရယ် ... အခုချက်ချင်း ပြန်လာဖို့မှမဟုတ်တာ။ ခင်ဗျားတို့၊ ကျွန်တော်တို့မိဘတွေလည်း ဆင်းရဲသူတွေမဟုတ်ကြပါဘူး။ ဒီလောက်စရိတ်စကလောက်ကတော့ တတ်နိုင်ကြပါတယ်။ နောင်ကျောင်းကြီးပိတ်တဲ့အခါကို ပြောတာပါ။ ကျွန်တော်ကတော့ နောင်အခေါက်ပေါင်းများစွာ ပြန်လာနိုင်ဖို့ ဆုတောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် တတိုင်းမွှေးပန်းရနံ့က ထောင်းခနဲထသွားသည်။ ကိုတင်ရွှေက ...

"ဟော့ ... ကန်တော်အရှင်မ ကျွန်တော်တို့အနားမှာ ရှိနေတယ်ထင်တယ်။ ခင်ဗျား ရွာကိုပြန်လာမယ်ဆိုလို့ ကြိုဆိုဟန်တူတယ်"

"ဒါပေါ့ဗျာ ...။ ပဌာန်းဆက်တွေပဲ၊ တစ်ယောက်နဲ့တစ်ယောက် မေတ္တာထားပြီး ကြိုဆိုရမှာပေါ့"

"ကဲ ... ကိုတင်ရွှေရေ၊ မုံထူးရွာကို ယွန်းကြစို့။ နေမပူခင် လျှောက်ကြရအောင်။ ဆရာတော်ကျောင်းလည်း ခဏဝင်ကန်တော့ပြီး တိုင်ပင်စရာကလေးတွေ တိုင်ပင်ရအောင်။ အဘတို့လည်း မနက်ဖြန်တော့ ပြန်ရောက်ကြမယ်ထင်ပါရဲ့"

"ဘာအကြံအစည်ရှိပြန်သလဲ ... ကိုသိန်းဝင်းရေ"

"ဆရာတော်ကို လျှောက်ထားတော့ သိရမှာပေါ့ဗျာ"

"ခင်ဗျားကလည်း ဒီနှစ်ယောက်တည်းရှိတာ လျှိုနေပြန်ပြီ"

"လာပါဗျာ ...။ အကြံအစည်ဆိုတာက လက်တွေ့အကောင်အထည် မဖော်ရသေးတော့ မပြီးခင် ဗမာမသိစေနဲ့ဆို မဟုတ်လားဗျ"

"ကျွန်တော်က ဗမာမှမဟုတ်ဘဲ ... မွန်လူမျိုးဗျ။ မွန်ပြည်နယ် ကျိုက္ခမီမြို့မှာမွေးတာ။ ဟဲ ... ဟဲ ... ဟဲ ..."

"ဗမာဆိုတာ ရှေးဦးမွန်ဗမာလူမျိုးကြီးက ဆင်းသက်လာတာ အတူတူပဲ။ ဟား ... ဟား ... ဟား ..."

ကျွန်တော်တို့ရွာမှထွက်၍ ဆရာတော်ကျောင်းဘက်သို့ လမ်းလျှောက်လာခဲ့ကြပါသည်။ နွေနံနက်ခင်းမှာ မပူပြင်းသေး၍ လွန်စွာသာယာနေသည်။ ရွာနှင့်ဘုန်းတော်ကြီးကျောင်းကြား ကန်တော်အရှင်မ ရေကန်ကြီးမှာ တစ်ပြန့်တစ်ပြော ကျယ်ဝန်းလှပါသည်။ ကန်ပေါင်ပေါ်





မှာ ထန်းပင်များ ဟိုတစ်စု၊ သည်တစ်စု ပေါက်ရောက်နေပြီး ထန်းလုပ်သားများ ထန်းတက်နေကြသည်။

ကျွန်တော်က လမ်းလျှောက်ရင်း နေရာတစ်နေရာကို ရွေးချယ်ရှာဖွေနေမိသည်။ ကျွန်တော့်စိတ်ကူးထဲက အကြံအစည်ကို အကောင်အထည်ဖော်ရန်ဖြစ်သည်။ ကျွန်တော့်တွင် ကျန်ရှိနေသေးသော ရွှေဒင်္ဂါး (၃) ပြားဖြင့် ဘုရားစေတီကိုးကွယ်ရန်မရှိသော ထူးကြီးနှင့် မုံထူးရွာအတွက် ထူးကြီးရွာနှင့် ဘုန်းတော်ကြီးကျောင်းအကြား ကန်ပေါင်ပေါ်၌ (၉)တောင်ပြည့်စေတီကလေး တည်ထားကိုးကွယ်ရန်ဖြစ်သည်။ ဘုရားဘွဲ့တော်ကိုလည်း စဉ်းစားပြီးဖြစ်သည်။ ကန်တော်အရှင်မဘုရားဟု ခေါ်တွင်ဖို့ စဉ်းစားထားသည်။ ဆရာတော်ကတော့ ဘုရားသားတော်ပီပီ သင့်လျော်သောဘွဲ့အမည်ကို ပေးတတ်ပေလိမ့်မည်။ ထိုအကြောင်းကို တိုင်ပင်ရန် ဆရာတော်ကျောင်းသို့ ဝင်လိုခြင်းဖြစ်သည်။

ကျွန်တော်တို့ ကျောင်းဝင်းထဲဝင်တော့ ကျောင်းခြံထဲ၌ ဆရာတော် စင်္ကြံလျှောက်နေသည်နှင့် ဆုံသည်။ ကြက်တိန်ညင်များက အစာကောက်နေကြသည်။ ကျွန်တော်တို့နှင့် ယဉ်ပါးနေပြီဖြစ်ကြ၍ အလန့်တကြား ထမပျံကြတော့။ ဆရာတော်က ...

"လာကြ ...။ ကျောင်းဆရာလေးတို့၊ ကျောင်းပေါ်သို့ တက်ကြ။ ဆရာလေးတို့ ပြန်ကြဖို့နီးပြီနော်။ ဘာကိစ္စများ အထူးရှိသလဲ"

"တင်ပါ့ဘုရား ...။ တပည့်တော်တို့ ပြန်ကြဖို့ (၅) ရက်လောက်ပဲ လိုပါတော့တယ်။ ဆရာတော်နဲ့ တိုင်ပင်စရာကိစ္စရှိလို့ လာကြတာပါဘုရား"

"အိမ်း ... အိမ်း ... လျှောက်ကြ။ ဒါနဲ့ ဒကာသူကြီးတို့ ပြန်ရောက်ကြပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"မရောက်ကြသေးပါဘူး ဘုရား။ မနက်ဖြန်ညနေလောက်မှ ပြန်လာကြမယ်ထင်ပါတယ်ဘုရား"

"အိမ်း ... ဒကာကျောင်းဆရာလေးကတော့ ရွာကို ကောင်းကျိုးအလွန်ပြုရတာပေပဲနော်။ ကန်တော်အရှင်မလည်း ချစ်ခင်ဟန်တူပါရဲ့"

"တင်ပါ့ ဘုရား။ တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုသလိုပေါ့ဘုရား။ အခု တပည့်တော် လျှောက်ထားချင်တာက ကန်တော်အရှင်မနတ်စင်ဆောက်ပြီးတာနဲ့ ဆရာတော်ဘုရားကျောင်းနဲ့ ရွာအကြား၊ ကျယ်ဝန်းတဲ့ ကန်ပေါင်ပေါ်မှာ ကိုးတောင်ပြည့်ဘုရားစေတီကလေး တည်ချင်ပါတယ်ဘုရား။

နောက်ပြီးတော့လည်း ဆရာတော်ဘုရားကျောင်းကို မြေစိုက်တဲ့ ကျောင်းကလေးအစား သစ်ကာ၊ သစ်ခင်း၊ သွပ်မိုးကျောင်းကလေး ဆောက်လုပ်လှူဒါန်းလိုပါတယ် ဘုရား။ တပည့်တော်မှာ ကန်တော်အရှင်မပေးထားတဲ့ ရွှေဒင်္ဂါး (၃)ပြား ရှိပါသေးတယ်ဘုရား။ လောက်၊ မလောက်တော့ ဒီကဈေးနှုန်းတွေကိုမသိလို့ သူကြီးပြန်လာမှ တိုင်ပင်ရမှာပါဘုရား။ ရွာတွေကဆင်းရဲတော့ ရွာသူရွာသားတွေထံကလည်း အလှူမခံလိုပါဘူးဘုရား"

"သာဓု ... သာဓု ... သာဓု ..."

"ကျောင်းဆရာလေးရည်ရွယ်ချက် ကောင်းမြတ်လှပါတယ်။ ဘုန်းကြီးနဲ့မုံထွေးရွာတွေက ဆင်းရဲကြတော့ တစ်နေ့လုပ်မှ တစ်နေ့စား၊ အလှူငွေ ထည့်ဝင်နိုင်ကြမယ်မထင်ဘူး။ ဒီရွာမှာက ဗုဒ္ဓဘာသာဝင်တွေနေထိုင်ကြတဲ့ ရွာဖြစ်ပေမဲ့ ဘုရားစေတီကိုးကွယ်ဖို့မရှိဘူး။ ဘုန်း





ကြီးကျောင်းကလေးတောင် အနိုင်နိုင်။ အဲ ... ဒါပေမဲ့ ဆရာလေးရဲ့ ပဋ္ဌာန်းဆက်ညီမှက ကူညီပါလိမ့်မယ်။ ဘုန်းကြီးကိုလည်း မကြာခဏ အိပ်မက်ပေးပါတယ်။ ဆရာလေးကောင်းကြောင်းချည်းပဲ၊ အတော်ချစ်ခင်အားကိုးပုံရတယ်"

ထိုစဉ် ကျောင်းအတွင်း၌ တံတိုင်းမွှေးပန်းရနံ့က ထောင်းခနဲ ထသွားသည်။

"ဩော် ... ဒကာမကြီးတောင် ရောက်နေတာကိုး။ ဆရာလေး အကြံအစည်ကို ကူညီမဲ့သဘောထင်ပါရဲ့။ ကောင်းလေစွ ... ကောင်းလေစွ ... ကောင်းလေစွ"

"ဆရာတော်ဘုရား၊ ဘုရားဘွဲ့တော်အမည်ကို ဆရာတော် ချီးမြှင့်ပေးစေလိုပါတယ်ဘုရား။ ကန်တော်အရှင်မထောက်ပံ့မှုနဲ့ တည်တာဖြစ်လို့ သူ့နာမည်ပါမှ ကောင်းမယ်ထင်ပါတယ်ဘုရား။ ဆရာတော် စဉ်းစားပြီး ချီးမြှင့်ပေးစေလိုပါတယ်ဘုရား"

"အိမ်း ... အိမ်း ... ဘုန်းကြီး စဉ်းစားထားပါ့မယ်။ ကန်တော်အရှင်မကန်ပေါင်ပေါ်မှာ တည်မဲ့ဘုရားဆိုတော့ ဘုန်းကြီးတို့က ဘွဲ့မည်ပေးသော်လည်း 'ကန်တော်အရှင်မဘုရား' လို့တွင်မှာ သေချာပါတယ်။ အတိတ်၊ တဘောင်၊ ဗျည်းစနည်းတွေနဲ့ ဘုန်းကြီးတွက်ချက်စဉ်းစားထားပါ့မယ် ... ဒကာလေး"

"တင်ပါ့ဘုရား"

"ကဲ ... ကိုတင်ရွှေ၊ ကျွန်တော့်ကြံရွယ်ချက်ကို သိပြီမဟုတ်လား။ ကျွန်တော်ရထားတဲ့ ရွှေတွေအထဲက ခင်ဗျားကို ခွဲဝေပေးဖို့ စိတ်ကူးရှိပါတယ်။ အခုတော့ အကုန်အလှူထဲထည့်လိုက်ပြီမို့ ကုသိုလ်သာ ယူလိုက်ပေတော့ ... ကိုတင်ရွှေရေ့"



www.burmeseclassic.com

www.burmeseclassic.com



“ဪ . . . ကိုသိန်းဝင်းရယ်၊ ခင်ဗျားစိတ်ဓာတ်ကို လေးစားဂုဏ်ယူမိပါတယ်။ ကျွန်တော်ကလည်း ကျွန်တော့်ကိုပေးတာမဟုတ်လို့ တပ်မက်တွယ်တာစိတ် မရှိပါဘူး။ အခုလို အလှူငွေဖြစ်သွားတော့လည်း ကောင်းတာပေါ့ဗျာ။ ကျွန်တော်ကတော့ အခုအခြေအနေအရ လုပ်အားပဲ လှူနိုင်မှာပါ”

“စိတ်ထားမွန်မြတ်သန့်စင်ဖို့ အရေးကြီးပါတယ်ဗျာ။ ကန်တော်အရှင်မက ကျွန်တော့်ကိုပေးပေမဲ့ ကျွန်တော်လည်း မသုံးရက်ပါဘူး။ ဒီမှာ ကျွန်တော်ဝတ်ထားတဲ့ ရှေးဟောင်းရွှေလက်စွပ်ကလေးတစ်ကွင်း ရတာနဲ့တင် ကျွန်တော်· ကျေနပ်နှစ်သိမ့်နိုင်ပါပြီ”

ကျွန်တော်တို့နှစ်ဦး ပြောစကားများကို ဆရာတော်က မြိန်မြိန်ကြီးနားထောင်နေပြီး သဘောကျတော်မူပုံနှင့် ခန့်ညားစွာ ပြုံးတော်မူသည်။ ကျွန်တော်တို့ ဆရာတော်အား ဝတ်ဖြည့်ပြီး ကျောင်းဝင်းအတွင်းက ထွက်ခဲ့ကြသည်။

ကျောင်းဝင်းအပြင်ရောက်တော့ နေမှာမြင့်လာပြီး အညာလေမှာ ပူနွေးလာသည်။ ကျွန်တော်တို့ မုံထူးရွာဘက်သို့ သုတ်သုတ်လျှောက်ကြသည်။ အတွေးကိုယ်စီဖြင့် စကားမပြောဖြစ်ကြတော့။ လမ်းတစ်လျှောက် မြေပြင်မှာလည်း ပူနွေးနေသည်။ မိုးရွာထားသောအအေးဓာတ်များ ဘယ်ဆီရောက်ကုန်သည်မသိ။ ခရောင်းလမ်းက ဖုန်ထချင်နေလေပြီ။

မုံထူးရွာရောက်တော့ ထန်းပင်များအရိပ်ကြောင့် အတန်ငယ်အပူသက်သာသည်။ အိမ်အသီးသီးမှ ဝိုင်း၍ နှုတ်ခွန်းဆက်ကြသော ရွာသူ ရွာသားများ၏ ပဋိသန္ထာရစကားများကြောင့် အမောအပန်းပြေရပါသည်။





ထိုနေ့က အသုံးလုံးသင်တန်းသားများအား သင်တန်းအပြတ်သင်မည်ဟု ရည်မှန်းထားသော်လည်း မပြတ်ပါ။ အရေးအဖတ်တွင် အားရစရာကောင်းသော်လည်း အတွက်အချက်တွင် အားနည်းနေသေးသည်။ မနက်ဖြန် အပြီးသတ်သင်ရန် လာရပေဦးမည်။ စာသင်ကြားရသည်မှာ မပင်ပန်းသော်လည်း ကွင်းပြင်ထီးထီးနေပူထဲလမ်းလျှောက်ရသည်မှာ ပင်ပန်းလှသည်။

ညနေစောင်းနေကျချိန်တွင် ကျွန်တော်တို့ ထူးကြီးရွာသို့ ပြန်လာကြသည်။ နေရှိန်ကျသော်လည်း လေမှာ နွေးနေဆဲဖြစ်သည်။ မကြာမီ ဤရွာများပတ်ဝန်းကျင်မှ ကျွန်တော်တို့ ခွဲခွာကြရပေတော့မည်။ ထို့ကြောင့် ရွာပတ်ဝန်းကျင်နှင့် ကန်တော်အရှင်မကန်ကျယ်ကြီးကို အငေးသား အဆွေးသား ငေ့ဝဲကြည့်ရှုရင်း ဆွေးနေမိသည်။

“ကိုသိန်းဝင်း . . . ဘာတွေငေးနေ တွေးနေတာလဲ”

“အေးဗျာ . . . ကိုတင်ရွှေရယ်၊ ရွာပတ်ဝန်းကျင်က မသာယာပေမဲ့ အမှတ်တရကလေးတွေ ဖြစ်ခဲ့၊ ကျန်ခဲ့မှာမို့ ကျွန်တော်တွေးနေမိတာပါ။ နောင်ဆိုရင် ကန်ပေါင်ရိုးပေါ်မှာ ရွှေရောင်တဝင်းဝင်းနဲ့ ကြည်ညိုဖွယ် ဘုရားစေတီကလေးရယ်၊ သပ်ရပ်သန့်ရှင်းတဲ့ ဘုန်းတော်ကြီးကျောင်းရယ်၊ ဖြစ်ပေါ်လာတော့မှာ။ ဒါပေမဲ့ ကျွန်တော်တို့က ပြန်ကြရတော့မယ်ဆိုတော့ ဖူးမြင်ရတော့မယ် မဟုတ်ပေါင်ဗျာ”

“စိတ်မှန်းနဲ့ ကြည်ညိုပေါ့ဗျာ။ ခင်ဗျားလုပ်ခဲ့တဲ့ကုသိုလ်က နည်းတာမှမဟုတ်ဘဲ။ နောင်လည်း ရောက်ဦးမှာပါ”

ထိုနေ့ညနေက ရေမိုးချိုးကြပြီး သူကြီးနှင့် ကိုအေးသိန်းလည်း မရှိသဖြင့် စောစောပင် ညနေစာစား၍ အ,သုံးလုံးစာသင်ဝိုင်းကို သင်ကြားရသည်။ ထူးကြီးရွာမှာ မုံထူးရွာထက်ချမ်းသာပြီး မြို့နှင့်အဆက်



www.burmeseclassic.com

www.burmeseclassic.com



အသွယ်ရှိကြ၍လားမသိ။ စာသင်သားချင်းတူသော်လည်း စာဖတ်အား၊ လေ့လာအား ကောင်းကြသည်။ ကျွန်တော်တို့ဆရာများ အနီးကပ်ရှိနေ၍လား၊ မသိ၍မေးမြန်းရန် ပညာတတ်များရှိနေ၍လားမသိ၊ အရေးအဖတ်တွင်သာမက၊ အတွက်အချက်တွင်လည်း အတော်ဟုတ်နေသည်။ ထို့ကြောင့် ထိုညက လတ်စသပ်သင်နိုင်သော်လည်း မုံထူးရွာအတွက် တစ်ရက်တိုးသဖြင့် ထူးကြီးရွာအားလည်း ပိုမိုကြေညက်စေရန် တစ်ညထပ်တိုးလိုက်ရသည်။

သင်တန်းသိမ်းရန် လေးငါးရက်အချိန်ကျန်သေးသော်လည်း ကန်တော်အရှင်မ နတ်စင်ဆောက်လုပ်ရန်နှင့် ဘုရားစေတီတည်ရန် ကျောင်းဆောက်ရန်ကိစ္စများက ရှိနေလေသေးသည်။ ထူးကြီးရွာက ညဘက်သင်ရသဖြင့် အနီးကပ်သင်ရသောကြောင့် ပြဿနာမရှိပါ။ မနက်ဖြန် မုံထူးရွာတွင် အတွက်အချက်သင်ပေး၍ မကြေညက်သေးပါလျှင် ကိုတင်ရွှေကို ညအိပ်ဖို့ ထားရပေလိမ့်မည်။

ထိုညကလည်း ရွာကာလသားများအဖွဲ့က ညလယ်စာစားရန် လာခေါ်သော်လည်း မလိုက်ဖြစ်ပါ။ ကိုအေးသိန်းတို့ပြန်ရောက်မှလာမည်ဟု ချိန်းလိုက်သည်။ ထို့ကြောင့် ည(၉)နာရီသင်တန်းပြီး သည်နှင့် ခြေလက်မျက်နှာဆေးကြောပြီး စောစောအိပ်ရာဝင်ခဲ့ပါသည်။

ညတွင် စိတ်စွဲလမ်း၍လားမသိ၊ အိပ်မက်မက်သည်။ နတ်စင်ဆောက်လုပ်ရန်အတွက် အုတ်မြစ်ချရန်တူးလျှင် ကန်တော်ရှိရာ အနောက်တောင်ထောင့်တွင် ကိုယ်တိုင်တူးရန်၊ လူရင်းများသာတူးရန်နှင့် ရရှိသောရတနာပစ္စည်းများအား ဘုရားတည်ရန်နှင့်ကျောင်းဆောက်ရာတွင် အသုံးပြုရန် ကန်တော်အရှင်မက အိပ်မက်ပေးပါသည်။

✿ ✿ ✿

❑

နောက်တစ်နေ့မနက်တွင် ကျွန်တော်နှင့်ကိုတင်ရွှေ မနက်စောစာစားပြီး မုံထူးရွာသို့ ထွက်ခဲ့ကြသည်။ နေမပူစေရန် ဘုန်းတော်ကြီးကျောင်းသို့ မဝင်တော့ပါ။ မုံထူးရွာတွင် အတွက်အချက်ကို သင်ကြားရာ အတော်တိုးတက်လာသဖြင့် ကျွန်တော်တို့ အားရကျေနပ်မိပါသည်။

ကိုတင်ရွှေအား မုံထူးရွာ၌ ညအိပ်သင်ကြားရန် မလိုတော့ပေ။ စာသင်ကြားပြီးတော့ နေ့လယ် (၁၂)နာရီခန့်ရှိပေပြီ။ ကျွန်တော်တို့ နေ့လယ်စာစားနေကြစဉ် ထူးကြီးရွာက ကိုအေးသိန်း လှည်းဖြင့်ရောက်လာသည်။

"ဟာ ... ကိုအေးသိန်းတို့ ပြန်လာပြီလား"

"သူကြီးရော နေကောင်းရဲ့လား"

"ကောင်းပါ့ဗျာ ... အခုပဲရောက်တာ။ ဆရာတော်ခေါ်တယ်ဆိုတာနဲ့ ချက်ချင်းထွက်လာရင်း ဆရာလေးတို့ကို လာကြိုတာ။ အဘက ကျောင်းမှာကျန်နေခဲ့တယ်။ ဆရာလေးတို့ကို တွေ့ချင်သတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ . . . မနက်က ကျွန်တော်တို့ နေပူမှာစိုးလို့ ကျောင်းကို မဝင်ဖြစ်ခဲ့ဘူး။ ပစ္စည်းတွေစုံအောင် ရခဲ့ရဲ့လား"

"ရပ့ါဗျာ . . .။ ပန်းရန်ဆရာကောင်းကောင်းလည်း ရခဲ့လို့ တစ်မိသားစုလုံး ခေါ်လာခဲ့တယ်"

"ဘယ်လို . . . ကိုအေးသိန်းရဲ့၊ နှစ်ယောက်လောက်ဆို တော်ရောပေါ့။ တစ်မိသားစုလုံး ဘာလုပ်မှာလဲ"

"ပန်းရန်ဆရာက ဘုတလင်မြို့က ပန်းတည်းပညာရှင်။ ပန်းတမော့၊ ပန်းတော့လက်ရာလည်း ကျွမ်းတယ်။ သားနဲ့သမီးကလည်း ပန်းရန်အနုစိတ်ပညာကို တတ်တယ်။ အဘက ကန်တော်အရှင်မ အိပ်မက်ပေးလို့ စေတီပါတည်ဖို့ ခေါ်လာတာတဲ့"

"ကောင်းဗျာ . . .။ ကျွန်တော့်ကိုလည်း အိပ်မက်ပေးပါတယ်။ အတော်ပဲပေါ့"

"ဆရာလေးကို တင်မကဘူး၊ ဆရာတော်ကိုပါ အိပ်မက်ပေးလို့ ဒီနေ့ညနေ နတ်စင်အတွက် အုတ်မြစ်ချရမတဲ့လေ"

"ကဲ . . . ဒါဆို အဘနဲ့ဆရာတော်စောင့်နေလိမ့်မယ်။ မြန်မြန်ပြန်ကြစို့။ ကိုအေးသိန်းနွားတွေ့တော့ ပင်ပန်းလှရောပေါ့နော်"

"နွားတွေ မပင်ပန်းပါဘူး ဆရာလေး။ မြို့ပေါ်ကပြန်လာတဲ့ နွားတွေကို အိမ်မှာအနားပေး၊ အစာကျွေးပြီး ရေစည်တိုက်တဲ့ နွားတစ်ရှဉ်းနဲ့လဲလာတာ။ လူကတော့ မလဲရဘူးဗျို့။ ထန်းရည်ကလည်း တစ်အားဆာတာပဲ"

"ည အ,သုံးလုံးသင်တန်းပြီးတော့ သောက်ကြတာပေါ့ဗျာ။ ကိုအေးသိန်းတို့ မြို့ပေါ်သွားကတည်းက ကျွန်တော်တို့လည်း တစ်ညမှ မသောက်ဖြစ်ပါဘူးဗျာ"





"ကျွန်တော် အသေအချာမှာခဲ့တာပဲ။ ကာလသားအဖွဲ့က လာခေါ်ဘူးလား"

"ခေါ်ပါရဲ့ဗျာ။ အိမ်မှာ မိန်းမသားချည်းဆိုတော့ ဘယ်သောက်လို့တော်မတုံ။ ဒီညမှ အတိုးချသောက်မယ်လို့ ကာလသားအဖွဲ့ကို ချိန်းထားပါတယ်"

"ကောင်းဗျာ . . .။ ဒီည ဆရာလေးတို့ အမူးသောက်ရမယ်နော်"

"ကျောင်းဆရာတွေပဲ၊ တန်ရုံပေါ့ကိုအေးသိန်းရယ်။ ထန်းရည်သောက်တာပဲ တော်လှပါပြီ"

ကျွန်တော်တို့စကားပြောရင်း လှည်းမောင်းခဲ့ကြရာ ကျောင်းအနားနီးမှ စကားစကိုဖြတ်ရသည်။ ဆရာတော်နှင့် သူကြီးက ပြုံးရွှင်စွာ ကြိုဆိုရင်း သူကြီးက . . .

"အင်း . . . ဆရာလေးကတော့ သာသနာပြုပုဂ္ဂိုလ်ဖြစ်တော့မှာပဲ။ ဘုရားတည်၊ ကျောင်းဆောက် နည်းတဲ့ကုသိုလ်မှမဟုတ်ဘဲ။ ကျွန်တော်တော့ နတ်စင်အတွက်နဲ့ ဘုရားတည်ဖို့ ပစ္စည်းတွေပါ အကုန်ဝယ်လာတာ။ မြို့ပေါ်ရွာက လှည်း (၂) စီးတောင် ငှားခဲ့ရတယ်။

ကျောင်းဆောက်ဖို့အတွက် သံနဲ့သွပ်တော့ ဝယ်လာပါတယ်။ မြို့ပေါ်ရွာမှာ ထားခဲ့တယ်။ သစ်သားနဲ့အုတ်ဖိနပ်တွေဝယ်ဖို့အတွက်တော့ မနက်ဖြန် မြို့ပေါ်ရွာကိုတစ်ခေါက်ဆင်းရဦးမှာပေါ့။ ကုန်ကျစရိတ်တွေကို ဆရာလေးက ပေးလိမ့်မယ်လို့ ကန်တော်အရှင်မက ဆရာတော်နဲ့ ကျွန်တော့်ကို အိပ်မက်ပေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းဗျာ ...။ ကန်တော်အရှင်မက ကျွန်တော်တို့ပြန်ခါနီးနေလို့ တက်သုတ်ရိုက်နိုင်းနေတယ်ထင်ပါရဲ့။ ကျောင်းဆောက်ဖို့က လိုပါသေးတယ် သူကြီးရယ်။ နွားတွေ ပင်ပန်းလှပါတယ်"

"ပင်ပန်းလည်းမတတ်နိုင်ဘူး ဆရာလေးရယ်။ သစ်က မြို့ပေါ်ရွာတင်ဝယ်မှာဆိုတော့ မနက်ဖြန်ခါချိန်းခဲ့ပြီ။ နတ်စင်ဆောက်တာနဲ့ ဘုရားတည်တာတော့ ဒီမှာဆရာတော်နဲ့ ဆရာလေးတို့ ရှိနေတာပဲ။ ပစ္စည်းတွေရတော့လည်း ပန်းရန်ကတခြား၊ လက်သမားကတစ်ဖွဲ့ လူခွဲပြီး လုပ်ကြတာပေါ့"

ဆရာလေးတို့ ပြန်ခါနီးရက်က ကပ်နေပြီဆိုတော့ တက်သုတ်မရိုက်လို့မဖြစ်ဘူး ဆရာလေး။ လိုအပ်ရင် ရွာနှစ်ရွာစလုံးက အားလပ်ကြတဲ့ ယောက်ျားမိန်းမ၊ ကလေးပါမကျန် လုပ်အားပေးခိုင်းရတော့မှာပဲ"

"အဲ့ဒီကိစ္စတွေကြောင့် ကျွန်တော်တို့လည်း အသုံးလုံးသင်တန်းကို အပြီးသတ်နိုင်အောင် စီစဉ်ပြီးပါပြီ၊ နောက်တစ်ရက်လောက် စစ်ဆေးပြီးရင် စိတ်ချရပါပြီ အဘရယ်"

ထိုစဉ် ဆရာတော်က ကျွန်တော်တို့ပြောစကားများကို တစ်ချိန်လုံး နားထောင်နေပြီး ...

"ကဲ ... ဒကာတို့ နားထောင်ကြဦး။ ဒါယိကာမ ကန်တော်အရှင်က ဒီနေ့ ညနေ (၂)နာရီတိတိအချိန်မှာ နတ်စင်ဆောက်လုပ်ဖို့အတွက် ပန်းရန်ဆရာကို ပန္နက်ရိုက်ခိုင်းပြီး ဆရာလေးသိန်းဝင်းက ဦးဆောင်၊ လူရင်းတွေပဲ သတ်မှတ်တဲ့နေရာမှာ အုတ်မြစ်တူးကြဖို့ ဆရာတော်ကို အိပ်မက်ပေးထားတယ်။ ဆရာလေးသိန်းဝင်းကိုလည်း အပြည့်





အစုံ မှာထားပြီးပြီလို့ဆိုတယ်။ အချိန်မီ စီစဉ်ကြ၊ ဘုန်းကြီးလည်း ကြွလာခဲ့မယ်။ ပစ္စည်းပေးဖို့ထင်ပါရဲ့"

"တင်ပါ့ဘုရား။ တပည့်တော် အလုံးစုံသိပြီးပါပြီ။ တပည့်တော်တာ အနောက်တောင်ထောင့်နေရာမှာ ဦးဆောင်ပြီး သူကြီးရယ်၊ ဆရာလေး ကိုတင်ရွှေရယ်၊ ကိုအေးသိန်းရယ် ကိုယ်တိုင်တူးကြမှာပါဘုရား"

"အိမ်း ... အိမ်း ... ကောင်းလေစွ၊ ကောင်းလေစွ။ ဘာသာသာသနာအကျိုး သယ်ပိုးထမ်းရွက်နိုင်ကြပါစေ"

ကျွန်တော်တို့ ဆရာတော်အား ဦးချကန်တော့ပြီး လှည်းဖြင့်ရွာသို့ပြန်ခဲ့ရာ လမ်းတွင် ကျွန်တော်က သူကြီးအား ကန်တော်ရှင်မစေတီတည်မည့် ကျွန်တော် အကြမ်းရွေးထားသောနေရာကို ပြသပါသည်။

ကန်တော်နှင့်ဆရာတော်ကျောင်းအကြား ကျယ်ပြန့်သောကုန်းမြင့်ကလေးဖြစ်၍ သူကြီးကလည်း သဘောကျပါသည်။ ညနေ နတ်ခင်အတွက် အုတ်မြစ်ချအပြီး ဆရာတော်ဘုရားအား ကျောင်းပြန်လိုက်ပြုစဉ် ထိုနေရာအား ဆရာတော်ဘုရားကိုပြသပြီး အတည်ပြုချက်ယူပေးလိမ့်ဦးမည်။

ကျွန်တော်တို့ ထူးကြီးရွာ သူကြီးအိမ်တွင်ခေတ္တနားပြီး သူကြီးနှင့် ကိုအေးသိန်း ထမင်းစားသည်ကို စကားပြောရင်းစောင့်ကြသည်။ ညှိသည်ပန်းရန်ဆရာအဖွဲ့ကိုလည်း တစ်ဝိုင်းကျွေးသည်။ ပန်းရန်ဆရာကြီး၏ သ္မီးကလေးမှာ အသားဖြူဖြူ နွဲ့နွဲ့ကလေးဖြစ်သည်။ ရွာတွင်အမျိုးသမီးများက အသားညိုတော့ သူမ၏အလှက ထင်ရှားပေါ်လွင်နေသည်။ ထမင်းစားနေရင်း ကိုအေးသိန်းက ပန်းရန်ဆရာ မိသားစုနှင့် ကျွန်တော်တို့အား မိတ်ဆက်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



''ပန်းရန်ဆရာကြီးနာမည်က ဦးအေးမောင်တဲ့။ သားလုပ်သူက ကိုအေးဆောင်၊ သမီးက လေးနွယ်တဲ့။ ဆရာလေးတို့ မှတ်ထားကြပါ။ ဒီက ဆရာလေးတွေကတော့ အ,သုံးလုံးကျောင်းဆရာ ကိုသိန်းဝင်းနဲ့ ကိုတင်ရွှေတို့ပါ။ ရန်ကုန်ကလာကြတာ''

''ဩော် . . . ဟုတ်ကဲ့ပါ။ ဆရာလေးတို့ ကျွန်မတို့ဆီမှာလည်း အသုံးလုံးကျောင်းဆရာတွေ ရောက်နေကြပါတယ်။ ဆရာလေးတို့က အဝေးကြီးက လာကြပြီး ပညာဒါနလှူဒါန်းတာ သာဓုခေါ်ပါတယ်ရှင့်''

သွက်လက်ချက်ချာသော ပန်းရန်ဆရာကြီး၏သမီး မလေးနွယ်က ထမင်းစားနေရင်း ဝင်ပြောလာသည်။ ထိုစဉ် အဘသူကြီးက–

''ဆရာလေးတို့က ပညာဒါနအလှူပေးရုံတင်မကဘူး သမီးရေ . . . ဘုရားတည်၊ ကျောင်းဆောက်၊ ဇရပ်လှူဆိုသလို ကမကထအလှူရှင်တွေကွယ့်''

''အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပါတယ်ရှင့်။ ကျွန်မတို့က စားဝတ်နေရေးအတွက် အလုပ်လုပ်ရပေသိ၊ စေတနာဝါသနာ၊ အနစ်နာခံပြီး လုပ်ပေးမှာပါ၊ ဈေးစကားကိုလည်း မတောင်းဆိုပါဘူး။ ဆရာလေးတို့ ချီးမြှင့်သလောက်သာ ကျေနပ်စွာခံယူမှာပါရှင်''

''ကျေးဇူးတင်ပါတယ် မလေးနွယ်။ ကျွန်တော်တို့ဘက်ကလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်မှာပါ''

''ဟုတ်ကဲ့ရှင့်''

ညနေ (၂း၃၀)နာရီတွင် ကျွန်တော်တို့ နတ်စင်ဆောက်မည့်နေရာအား သွားကြသည်။ ပန္နက်ရိုက်ရန် သစ်သားများချွန်ပြီး သတ်မှတ်သောအချိန်နာရီနှင့် ဆရာတော်ဘုရားအား စောင့်ကြသည်။ ဆရာတော်ကလည်း တိကျစွာပင် ညနေ(၃)နာရီမထိုးမီ ရောက်လာသည်။

(၃)နာရီ တိတိအချိန်တွင် ဆရာတော်က ပန်းရန်ဆရာကြီးအား သတ်မှတ်နေရာတွင် အတိုင်းအတာဖြင့် ပန္နက်ရိုက်ခိုင်းပြီး ကြွးတားသည်။ မေတ္တာသုတ်ကို (၃)ခေါက်တိတိ ရွတ်ပွားသရဇ္ဈာယ်သည်။

ကျွန်တော်က အိပ်မက်ထဲမှအတိုင်း အနောက်တောင်ထောင့်နေရာတွင် နေရာယူပြီး သူကြီးကိုတင်ရွှေနှင့် ကိုအေးသိန်းတို့အား နေရာချထားပေးလိုက်သည်။ ဆရာတော် မေတ္တာသုတ်ရွတ်ဆိုပြီး စဆိုသည်နှင့် ကျွန်တော်တို့ တက်ညီလက်ညီ ကျင်းစတူးတော့သည်။

အနက် (၁)ပေ ခန့်အရောက်တွင် သံတူးရှင်းနှင့် ပစ္စည်းထိသံ တချွင်ချွင်ကိုကြားရပြီး ရွှေဒင်္ဂါး (၃)ပြား ထွက်လာသည်။ ဆက်လက်တူးတော့ ရွှေဒင်္ဂါး စုစုပေါင်း (၁၀)ပြားတိတိရသည်။ သူကြီးက (၅)ပြား၊ ကိုတင်ရွှေက (၃)ပြား၊ ကိုအေးသိန်းက (၂)ပြား၊ စုစုပေါင်း အပြား (၂၀)တိတိရသည်။

အုတ်ဖိနပ်ခုံလုံးအတွက် တိုင်ကျင်းနေရာကို ကျွန်တော်က ချွင်တူးတော့ ရွှေလက်စွပ်၊ ရွှေလက်ကောက်နှင့် အရည်အသွေးကောင်းသော ကျောက်မျက်ရတနာများကို ရသည်။ သူကြီးတို့ကတော့ တစ်မိုက်ခန့်ရှိ ရွှေအစစ် ဆင်းတုတော်တစ်ဆူစီရကြသည်။ ရွှေဒင်္ဂါးပြားများမှာ ဂျော့ခေါင်းတုံးနှင့် မြိတ်ထုံးတစ်ကျပ်သားစီအလေးချိန်ရှိသည့် ဒင်္ဂါးပြားများဖြစ်ကြပြီး ဘုရားတည်ရန်နှင့် ကျောင်းဆောက်ရန် ပေါ်ပါလိမ့်မည်။

ကျွန်တော်ရသော လက်ဝတ်ရတနာများကတော့ စိန်ဖူးတော်၊ ငြီးတော်နှင့် ဌာပနာရန် ရွှေဘုရားဆင်းတုတော်များနှင့်အတူ ပေးခြင်း







www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါလိမ့်မည်။ ပန်းရန်ဆရာမိသားစုက ဟယ်ခနဲ ဟာခနဲ ဖြစ်ကြသော်လည်း ကျွန်တော်တို့အဖွဲ့ကတော့ မအံ့သြတော့ပါ။

ကန်တော်အရှင်မကိုသာ ကျေးဇူးတင်သဖြင့် မေတ္တာပို့နေမိကြသည်။ ထိုစဉ် အရှေ့တောင်လေအေးကလေးနှင့်အတူ တံတိုင်းမွှေးပန်းရန့်က သင်းပျံ့ကြိုင်လှောက်စွာ မွှေးပျံ့လာသည်။

"မွှေးလိုက်တာနော်၊ ဘာပန်းရန့်ပါလိမ့်"

ပန်းရန်ဆရာကြီး သမီး မလေးနွယ်က တအံ့တသြ မြည်တမ်းလာသည်။

"တံတိုင်းမွှေးပန်းရန့်ပါ မလေးနွယ်။ ဒီလျှိုကြီးအောက်ဘက်မှာ အလေ့ကျပေါက်ပါတယ်။ ဒါပေမဲ့ သွားမခူးလိုက်နဲ့နော် နတ်မကြိုက်ဘူး"

"ကျေးဇူးတင်ပါတယ် ဆရာလေး၊ ကျွန်မ မခူးပါဘူး။ ဒါပေမဲ့ အပင်သိအောင်တော့ လေ့လာချင်ပါတယ်"

"ဟုတ်ကဲ့ ပြီးတော့ ကျွန်တော်လိုက်ပြပါ့မယ်"

ကျွန်တော်တို့ ရွှေစေတီနှင့် ရတနာပစ္စည်းများအား ဘုရားတည်ရန် ဆရာတော်အား အပ်သည်။ ရွှေဒင်္ဂါးအပြား (၂၀) ကိုတော့ ဘုရားမွမ်းမံရန်နှင့် ကျောင်းဆောက်ရန် သူကြီးအားအပ်ပါသည်။

ဆရာတော်နှင့်သူကြီးအပြင် ပရိသတ်အားလုံးက သာဓုအကြိမ်ကြိမ်ခေါ်သည်။ ပန်းရန်ဆရာမိသားစုကတော့ အံ့သြဝမ်းသာနေကြသည်။ ပန်းရန်ဆရာကြီးနှင့်သားက အုတ်စီပြီး ဘီလပ်မြေသတိုးကိုင်နေစဉ် ကျွန်တော် မလေးနွယ်ကိုခေါ်ခဲ့ပြီး တံတိုင်းမွှေးပန်းချုံအားလိုက်ပြ၍ ကန်တော်အရှင်မအကြောင်းကို ဖောက်သည်ချရပါတော့သည်။





ပန်းရန်ဆရာမလေး မလေးနွယ်မှာ မျက်တောင်ကော့ကြီးကို ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း စိတ်ဝင်စားစွာ နားထောင်နေရှာသည်။ သူမကို ကျွန်တော် အသေအချာကြည့်မိတော့မှ လုပ်အားပေးကန့် တူးဖော်စဉ်က ကျွန်တော်နှင့်ဆုံခဲ့သော ကန်တော်အရှင်မနှင့်တူနေသည်ကို တွေ့ရသည်။ သို့သော် သူမမှာ ကန်တော်အရှင်မလို အစိမ်းရောင်ဝတ်မထား။ နားကပ်နှင့် လက်စွပ်ကလေးကလွဲ၍ ရွှေဆွဲကြိုးပင် ဆင်ယင်မထားပါ။

ကန်တော်အရှင်မက ဘုရားတည်ကျောင်းဆောက်ရာတွင် လူယောင်ဆောင်၍ ကိုယ်တိုင်ကုသိုလ်လာယူခြင်းလားတော့ မဆိုနိုင်။ လွန်စွာ တူလွန်းလှသည်။ နက်မှောင်သောဆံပင်အရှည်ကြီးမှာလည်း ခြေမျက်စိအထိ ဝဲနေသည်။ ပန်းရန်ဆရာမဆိုသော်လည်း အသားအရည်က နုဖတ်ပြီး ပန်းရောင်သမ်းနေသည်။

သူမက ကျွန်တော့်အား မော့ကြည့်ပြီး . . .

"ဆရာလေး . . . ဘာငေးနေတာလဲ"

"အင်း . . . ဟဲ . . . ကန် . . . ကန် . . . ကန်တော်ရှင်မကုသိုလ်ပွဲအတွက် လုပ်အားလာပေးတဲ့မလေးနွယ်ဟာ ကျွန်တော့်မိတ်ဆွေအမျိုးသမီးတစ်ယောက်နဲ့ တူလွန်းလို့ အံ့သြပြီး ငေးကြည့်မိတာပါ။ စိတ်မရှိနဲ့နော်"

"အင်း . . . လာပြန်ပြီ၊ အဘသူကြီးကလည်း ပြောဖူးပါတယ်။ သူ့အိပ်မက်ထဲမှာတွေ့ခဲ့ရတဲ့ ကန်တော်ရှင်မနဲ့ မလေးနွယ်က တစ်ထေရာတည်းပဲတူတယ်လို့ တွေ့စက ပြောဖူးပါတယ်"

"အင်း . . . ဟုတ်ပါ့ဗျာ။ ကျွန်တော်ဝန်ခံပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပဒ္ဒါန်းဆက်တွေပဲရှင့်၊ တွယ်မှာပေါ့။ အဘသူကြီးလာ ငှားတုန်း ကလည်း အဖေက ဝေးလွန်းလို့ မလိုက်ချင်ဘူး။ ကျွန်မ အတင်းတိုက်တွန်းလို့ လိုက်ခဲ့တာ။ မောင်လေးကတော့ အနေအေးတယ်။ စကားတောင် များများပြောတာမဟုတ်ဘူး၊ ကျွန်မသဘောပဲ"

"အေးဗျာ . . . ကျေးဇူးလည်းတင်၊ ဝမ်းလည်းသာပါတယ် ရှေးဘဝက ပဒ္ဒါန်းဆက်တွေဖြစ်ကြတဲ့ ကျွန်တော်တို့မောင်နှမတွေ ဘာသာ၊ သာသနာတော်အတွက် ပြန်ဆုံကြတယ်ပဲ မှတ်ပါတယ်။ ကျွန်တော်တို့က အ,သုံးလုံးသင်တန်းပြီးလို့ ရန်ကုန်ပြန်ကြရတော့မှာ။ လေးငါးရက်ပဲ လိုပါတော့တယ်။ ဒါကြောင့် ဖုတ်ပူမီးတိုက် လုပ်ကြရတော့မှာ၊ မလေးနွယ်တို့သားအဖ ပင်ပန်းကြသလို ကျွန်တော်တို့နဲ့ တစ်ရွာလုံးကလည်း ဝိုင်းကူညီကြမှပါ"

ထိုစဉ် . . .

"ဆရာလေး . . . ဆရာလေး၊ ဆရာတော်ပြန်ကြွတော့မယ်တဲ့။ အဘက ခေါ်ခိုင်းလိုက်တယ်"

"လာပြီ . . . ကိုအေးသိန်းရေ"

ကျွန်တော်တို့ နတ်စင်ဆောက်လုပ်ရာ နေရာရောက်တော့ ပန်းရန်ဆရာသားအဖ ဘက်ညီသဖြင့် လေးတန်အုတ်ဖောင်ဒေးရှင်းပြီးနေပေပြီ။ ကျွန်တော်က မိုးလေဒဏ်ခံနိုင်၍ တာရှည်တည်မြဲစေရန် အလယ်၌ သံတိုင်ခံဖို့ပြောရာ ပန်းရန်ဆရာကြီးက မလောရန်၊ တစ်ထစ်ချင်း အကျအနလုပ်မည်။ ပန်းတမော့ပညာဖြင့် ကနုတ်ပန်းများကိုပင် ဖော်ပေးမည်ဖြစ်ပြီး ထိုအနုစိတ်၊ အလှအပခြယ်သည့် စုလစ်မွန်းချွန်များကို သမီးဖြစ်သူမလေးနွယ်က တာဝန်ယူမည်ဖြစ်ကြောင်း ပြန်ပြောသည်။

စိတ်ကူးသစ်စာပေ



ကျွန်တော်၊ ကိုတင်ရွှေနှင့်ကိုအေးသိန်းတို့ ဆရာတော်အား ကျောင်းပြန်ပို့ရင်း ကန်ပေါင်ပေါ်မှ ဘုရားတည်မည့်ကုန်းမြင့်ကလေး နေရာကိုပြသရာ ဆရာတော်နှစ်သက်သဘောကျ၍ အတည်ပြုပါသည်။ နောင်မကြာမီ ကန်တော်နှင့်ထန်းပင်အုပ်စု ရွှေရောင်ဝင်းပြီး သပ္ပာယ်လှသည့် ဘုရားစေတီနှင့် ဘုန်းတော်ကြီးနှစ်ထပ်ကျောင်းဆောင်သစ်ကြီးမှာ လွန်စွာပဏာရလှပေလိမ့်မည်။ လေးငါးရက်အတွင်း ကျွန်တော်တို့ မီနိုင်ပါ့မလားဟု တွေးတောပူပင်နေမိသည်။

ကျွန်တော်တို့ ဆရာတော်အားကျောင်းပြန်ပို့အပြီး ဝတ်ပြုရွတ်ဆက်၍ ရွာဘက်ပြန်လာတော့ ရွာထိပ်တွင် ကာလသားအဖွဲ့က စောင့်ကြိုနေသည်။

"ကဲ . . . ကိုအေးသိန်းနဲ့ ဆရာလေးတို့အဖွဲ့ ကြွကြပါ။ ကျွန်တော်တို့ အသင့်စီစဉ်ပြီးပါပြီ။ ပင်ကျရည်၊ ကြက်သားကာလသားချက်နဲ့အကြော်မျိုးစုံ သဘောရှိပါပဲဗျာ"

ယနေ့တော့ အတော်ပင်ပန်းသွားပြီ။ တာဝန်ကြီးတစ်ခု ပြီးဆုံးသွားသလိုမျိုး ခံစားရ၍ ကျွန်တော်တို့ အဝတွယ်ကြသည်။ ဝမ်းသာလွန်း၍လည်း ဖြစ်သည်။ မကြာလှသော ကာလတိုလေးအတွင်း အပြောင်းအလဲက မြန်လှသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

သူကြီးအိမ်ပြန်ရောက်မှ ရေမိုးချိုးပြီး ညစာစားပိုင်းဝင်ရသည်။ ထန်းရည်နှင့်အမြည်းများ တစ်ဝစားထား၍ ဟင်းကောင်းသော်လည်း ထမင်းများများ မစားနိုင်တော့။ ညအိပ်တော့ မလေးနွယ်က သူကြီး သမီးများနှင့်အတူ အိပ်သည်။ ပန်းရန်ဆရာသားအဖကတော့ ကျွန်တော် တို့နှင့်အတူ ဘုရားခန်း၌ တန်းစီ၍အိပ်ကြသည်။

နောက်တစ်နေ့မနက်တွင် ကျွန်တော်တို့နှင့် ကိုအေးသိန်းတို့ ကာလသားအဖွဲ့က ဘီလပ်၊ မြေ၊ အုတ်၊ သဲ၊ ကျောက်စရစ်၊ သံချောင်း များ သယ်ပေးရသည်။ ပန်းရန်ဆရာမိသားစုကလည်း တက်ညီလက် ညီလုပ်ကိုင်ကြရာ နေ့လယ်ထမင်းစားချိန်မတိုင်မီ၌ပင် နတ်စင်အကြမ်း ထည်ပြီးသည်။ ပူပြင်းလှသောနေအရှိန်ကြောင့် အခြောက်မြန်သဖြင့် အနုစိတ် အချောကိုင်ချယ်သအလှဆင်မှုကို ဆရာမကလေး မလေးနွယ် က ဆက်လက်တာဝန်ယူမည်ဖြစ်သည်။ ပန်းရန်ဆရာသားအဖကတော့ သူကြီးနှင့်အတူ ကန်ပေါင်ပေါ်မှ ဘုရားတည်ရန်အတွက် အုတ်မြစ်ချ မင်္ဂလာ ကျင်းပကြပေလိမ့်မည်။





ကျွန်တော်တို့ရွာပြန်ပြီး နေ့လယ်စာစားရန်ပြင်ဆင်နေကြစဉ် မြို့ပေါ်ရွာမှ သစ်လှည်း (၅) စီးရောက်လာသည်။ လက်သမားအဖွဲ့နှင့် အတူ မိန်းမကြီးတစ်ဦးနှင့်ယောကျာ်းကြီးတစ်ဦးတို့လည်း ပါလာကြသည်။ သူကြီးက လိုက်လံခွာကြိုဆိုရင်း အိမ်ထဲသို့ဖိတ်ခေါ်၍ နေရာပေးသည်။

“ဦးရွှေတင်နဲ့ဒေါ်တရုတ်မရယ် ... ကျွန်တော်က နေ့လယ်စာ စားပြီး ဆင်းလာတော့မလို့ပါ။ သစ်ဖိုးငွေက စရန်ဘဲပေးထားတာ အား နာလိုက်တာဗျာ”

“အားမနာနဲ့ ကိုစံရွှေ။ ကျုပ်မိန်းမ ခင်ဖျားညီမက ညက အိပ်မက်ကောင်းတယ်။ ကိုစံရွှေတို့ ရွာကျောင်းဆောက်ရာမှာ သစ်လှူ ရမယ်၊ စေတီတည်ရာမှာလည်း အလှူငွေထည့်ရမယ်ဆိုပြီး ကျုပ်ကို စောစောနိုးလို့ နိုးရာလက်သမားအဖွဲ့ အားချင်းငှား၊ သူတို့တွက်ချက် ပေးတဲ့အတိုင်း လိုအပ်သမျှသစ်တွေကို ပိုပိုသာသာတင်ခဲ့တယ်။ အုတ် ဖိနပ်နဲ့ လိုအပ်တာတွေကိုလည်းစီစဉ်ခဲ့လို့ နောက်လှည်း (၂)စီးက ညနေ မှ လာပို့ကြလိမ့်မယ်”

“ကိုရွှေတင်နဲ့ ဒေါ်တရုတ်မရယ် ... ကျွန်တော်တို့မှာလည်း အလှူရှင်ရှိပြီးသားပါ၊ ပြည့်စုံပါတယ်။ သစ်ဖိုးက သိန်းဂဏန်းတောင် ကျော်မှာ။ ခင်ဖျားတို့စီးပွားရေး ထိခိုက်ကုန်ပါ့မယ်”

“ကိုစံရွှေ ... ကျွန်မက ဆုံးဖြတ်ပြီးသားပါ။ အဲ့လိုလှူပြီး ဘုရားဒကာ၊ ကျောင်းဒကာ လုပ်ချင်နေတာကြာပြီ။ ကျွန်မတို့မှာ ငိုစား ရီစား ထိုင်စားမဲ့ကလေးလည်း တစ်ယောက်မှမရှိဘူး။ နှစ်ဖက်မိဘ တွေလည်း ဆုံးကုန်ကြပြီ။ အသက်ကလည်း နှစ်ဦးစလုံး လေးဆယ် ကျော်၊ ငါးဆယ်တွင်း ရောက်နေကြပြီ။ ဘာတစ်ခုမှ ကြီးကြီးကျယ်ကျယ်



www.burmeseclassic.com

www.burmeseclassic.com



မလှူရ၊ မတန်းကြရသေးဘူး။ ဆရာတော်ကျောင်းအတွက် အပြီးအစီး တာဝန်ယူတယ်။ စေတီတော်တည်ရာမှာလည်း ဌာပနာဖို့ ကျွန်မရဲ့ လက်ဝတ်လက်စားတွေကို ချွတ်လှူဦးမှာ''

''သာဓုပါဗျာ ... သာဓု ... သာဓုပါ ... ဒါဆိုရင်တော့ ဘုရားတည်၊ ကျောင်းဆောက်ပြီးလို့ ရေစက်ချအလှူပွဲမှာ ကျွန်တော်တို့ရွာနဲ့ နီးစပ်ရာရွာသာမက ခင်ဗျားတို့မြို့ပေါ်ရွာကြီးနဲ့ ဖီးတောကြီးရွာ ရွာလုံးကျွတ် ဖိတ်မယ်ဗျာ။ အကျွေးအမွေးကိုလည်း အကောင်းဆုံးစီစဉ်ပါ့မယ်။ ထမင်းရည်ချောင်းစီး မောင်းတီးပြီး လှူမယ်ဗျို့''

''အကောင်းဆုံးပေါ့ ... ကိုစံရွှေရယ်''

''ကဲ ... အဲ့ဒါတွေ အသာထားဦး။ ဝမ်းသာလုံးဆို့နေလို့ ထမင်းစားမဖိတ်ရသေးဘူး။ ဒီမှာ အဆင်သင့်ပဲ၊ ဝင်စားပေရော့''

''နေပစေ ... ကိုစံရွှေ၊ ကျွန်မတို့က ထမင်းစားချိန်မှရောက်မယ်ဆိုတာတွက်မိလို့ ရှင်တို့ကိုဒုက္ခမပေးချင်တာနဲ့ အသင့်ချက်ပြုတ်ပြီး ယူလာခဲ့တယ်။ လက်သမား (၁၀)ယောက်အတွက်လည်း ပါပြီးသား။ ဒီမှာလည်း ဧည့်သည်တွေနဲ့ ရှင်တို့စားနိုင်ပါ။ ဟော ... ပြောရင်းဆိုရင်း ဟိုမှာယူလာနေကြပြီ''

''အင်း ... ထပ်တလဲလဲ အားနာစရာကောင်းနေပြီ ... ကိုရွှေတင်နဲ့ ဒေါ်တရုတ်မရေ။ ဒီရွာမှာ ရှားပါးတယ်ဆိုပေမဲ့ ကျွန်တော်စီစဉ်နိုင်ပါတယ်။ ဟင်းမပြတ်စေရပါဘူး။ ကဲ ... လာကြဗျာ။ အတူစားကြမယ်။ လက်သမားအဖွဲ့ကတော့ ခဏစောင့်ကြဦး''

''ကဲ ... အားလုံးလာကြ။ မိတ်ဆုံ မြိန်မြိန်ရှက်ရှက် ထမင်းစားကြမယ်ဟေ့။ အိမ်သားတွေပါ အကုန်လာကြ''





ထိုစဉ် နောက်ဖေးမီးဖိုချောင်ခန်းမှ ထမင်းနှင့်ဟင်း စီစဉ်ပေးနေသော သူကြီးသမီးများနှင့် မလေးနွယ်ပါထွက်လာရာ ဒေါ်တရုတ်မက အသေအချာကြည့်ပြီး ...

''ဟင် ... သခင်မ၊ ကန်တော်ရှင်မ၊ ကျွန်မကိုအိပ်မက်ပေးတာ ... သူပဲ ... သူပဲ''

အားလုံးက မလေးနွယ်ကို လှမ်းကြည့်ကြပြီးနောက် ပြူးတူးပြဲတဲဖြစ်နေသော ဒေါ်တရုတ်မကို တအံ့တသြ ဝိုင်းကြည့်ကြသည်။

ထိုအခါမှ သူကြီးဦးစံရွှေက ...

''ဒေါ်တရုတ်မနယ်ဗျာ .... အလန့်တကြားနိုင်လိုက်တာ။ ဒီကလေးမက ကန်တော်ရှင်မ မဟုတ်ပါဘူး။ လောကမှာ လူတူမရှား နာမည်တူမရှားဆိုသလို တူတာပါ။ တူမနာမည်က မလေးနွယ်တဲ့။ ပန်းတမော့ပညာရှင် ပန်းရန်ဆရာကြီးဦးအေးမောင်ရဲ့ သမီးပါ။ နတ်စင်ဆောက် ဘုရားတည်ရာမှာ အနုစိတ်၊ အချောကိုင်ပေးမဲ့သူငယ်မပါ''

''အံ့ချက်တော်ရေ ... ကျွန်မအိပ်မက်ထဲက ကန်တော်အရှင်မနဲ့တစ်ပုံစံတည်းပဲ။ မျက်နှာကျရော ကိုယ်လုံးကိုယ်ပေါက်၊ ဆံပင်၊ အသားအရေကအစ အကုန်တူတယ်။ ကျွန်မတို့သမီးကလေးသာ ဖြစ်လိုက်ရင် သိပ်ကောင်းမှာပဲနော်။ ဘိုရွှေတင် အဲ့ဒါ ရှင်အသုံးမကျလို့ဖြစ်ရတာ ... အင့် ... ဟင့် ... အီး ... ဟီး''

''ဟဲ့ ... ဟဲ့ ... မတရုတ်မ၊ ငါနဲ့ဘာဆိုင်လို့ ငါ့ကိုဆွဲထည့်ရတာလဲ''

''ရှင်အသုံးမကျလို့ပေါ့။ သမီးလေးတစ်ယောက် ရဖူးပါတယ်၊ လသားနဲ့ ဆုံးသွားရှာတယ်။ နောက်လည်း ထပ်မမွေးတော့ဘူး။ ကျွန်မတို့သေရင် မျိုးဆက်ပြတ်ပြီ။ အဲ့ဒါ ရှင်အသုံးမကျလို့ပေါ့တော်ရဲ့''



www.burmeseclassic.com

www.burmeseclassic.com



"အေး ...ဟုတ်ပါတယ်ကွာ၊ ငါအသုံးမကျလို့ပါ။ ထားပါတော့။ လူလယ်ခေါင်မှာတော့ မငိုပါနဲ့ မတာရုတ်မရယ်။ အခုပဲကြည့်။ မင်းလိုတာမှန်သမျှ ငါလိုက်လျောခဲ့တာချည်းပဲ။ ဘယ်တုန်းက ငြင်းဆန်ခဲ့ဘူးလို့တုံး"

"ကဲ ...တော်ကြပါတော့။ အလှူအတန်းအတွက် မင်္ဂလာယူနေချိန်မှာ မင်္ဂလာစကားပဲ ပြောကြပါ၊ ကဲ ...လာကြ ...မင်္ဂလာထမင်းစားကြမယ်"

"အဲဒါအကောင်းဆုံး အစီအစဉ်ပါပဲ အဘရေ"

ကျွန်တော်တို့က အရွှန်းဖောက်ပြီး ဒေါ်တာရုတ်မအား စိတ်ပြောင်းစေလိုက်ပါသည်။ ထိုအခါမှ ဒေါ်တာရုတ်မက ရယ်ရယ်မောမောနှင့် စေတနာထက်သန်စွာ ငါးဆင့်ထမင်းချိုင့်ကြီးကိုဖွင့်ပြီး ဟင်းများအား ထမင်းစားပွဲနှစ်ခုံအပေါ် မျှ၍ချပေးသည်။

"ကဲ ...သုံးဆောင်ကြပါရှင်။ လက်သမားဆရာတွေနဲ့ လှည်းသမားအဖွဲ့ကိုတော့ ကြက်သားဟင်းနဲ့ထမင်းထုပ်တွေ ကမ်းပြီးပါပြီ။ ဒီမှာ ညနေစာစားဖို့ ထမင်းတစ်ချိုင့်ကျန်ပါသေးတယ်။ ဝလင်အောင် သုံးဆောင်ကြပါရှင်"

ဟင်းများမှာလည်း စုံလင်လှသည်။ ငါးခူကြော်နှပ်၊ ငါးရံ့ချဉ်ရည်ဟင်း၊ ကြက်သားဆီပြန်ဟင်း၊ အသီးအရွက်ကြော်၊ ဝက်သားအိုးကြီးချက်တို့ဖြစ်ကြသည်။ ထိုနေ့လယ်က အိမ်ခံဟင်းများနှင့် ထမင်းအလွန်စားကောင်းသည်။

ထမင်းစားပြီးတော့လည်း အချိုပွဲအနည်းငယ်စီ စားပြီးသည်နှင့် နတ်စင်အချောသပ်ရန် ကျွန်တော်နှင့်မလေးနွယ်က ဒေါ်တာရုတ်မ





ကိုခေါ်သည်။ သူကြီးက ပန်းရန်သားအဖနှင့် ဘုရားတည်ရန်အကွက်အုတ်မြစ်ချရန် ကိုအေးသိန်းနှင့်ကျောင်းအလှူရှင် ဦးရွှေတင်တို့ကတစ်ဖွဲ့၊ အသီးသီးအဖွဲ့များခွဲ၍ တာဝန်ယူကြသည်။

ကျွန်တော်တို့ နတ်စင်အချောကိုင်ရန်အတွက် ကန်တော်ရှင်မလျှိုဘက်သို့ထွက်လာကြရာ တံတိုင်းမွှေးပန်းနံ့ရပြီး ပန်းပင်များမြင်သည်နှင့် ဒေါ်တာရုတ်မမှာ မိန်းမသားပီပီ ပန်းများခူးရန်ပြင်ဆင်ရာ ကျွန်တော် ဟန့်တားမယ်လုပ်တော့ မလေးနွယ်က ခူးပါစေတဲ့လေ။ ညှိသည်အလှူရှင်ဖြစ်၍ ကျွန်တော်လည်း မတားသာတော့ပါ။ နောက်မှ စဉ်းစားမိသည်မှာ မလေးနွယ်က ဘာကြောင့် ပိုင်စိုးပိုင်နင်းခွင့်ပြုရသနည်း၊ သူမလည်း ညှိသည်၊ ဒေါ်တာရုတ်မလည်း ညှိသည်ပင်ဖြစ်သည်။

ဒေါ်တာရုတ်မက ပန်းကြိုက်သူပီပီ တံတိုင်းမွှေးပန်းနိုင်များအား တစ်ပွေ့တစ်ပိုက်ကြီး ချိုးဖဲ့၍ ခူးသည်။ ကျွန်တော်ကတော့ ရင်လေးနေမိသည်။ နတ်စင်အားအချောကိုင်တော့ ကျွန်တော်က ဦးထုပ်ဆောင်းပြီး မလေးနွယ်အား ထီးမိုးပေးသည်။ ဒေါ်တာရုတ်မကတော့ ထီးဆောင်းပြီး ထိုင်ကြည့်နေသည်။ ထိုနေရာက အရိပ်မရှိ။ နေလောင်ထားသော ကျောက်ပြားကြီးများကလည်း လွန်စွာ ပူပြင်းလှသည်။

မလေးနွယ် နတ်စင်အားအချောကိုင်သည်မှာ လွန်စွာသပ်ရပ်ပြီး ကြည့်ကောင်းသည်။ တစ်နာရီခန့်ဖြင့် အတွင်းအပြင် အချောကိုင်ခြင်းလုပ်ငန်း ပြီးစီးသည်။

"ဆရာလေး ...နဖူးစီး ကနုတ်ပန်းတွေနဲ့ ဘီလူးပန်းဆွဲသင်းနို့တောင်တွေ၊ ခေါင်မိုးက စုလစ်မွန်းချွန်းတွေထည့်ဖို့တော့ အင်္ဂတေမခြောက်သေးလို့ မရသေးဘူး။ ညနေစောင်းမှ တစ်ခေါက်ပြန်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြီးနိုင်သလောက်ပြီးအောင် လုပ်ရမယ်။ မနက်ဖြန် ညနေစောင်းလောက်မှ အပြီးသတ်နိုင်လိမ့်မယ်။

ရေဆေးကတော့ သန်ဘက်ခါလောက်မှ သုတ်နိုင်မယ်။ မှန်စီနိုင်ရင်တော့ အကောင်းဆုံးပေါ့။ ဒါပေမဲ့ လက်ဝင်တယ်။ အချိန်ကုန်တယ်။ ပစ္စည်းကလည်း မရှိဘူးလေ။ မြို့နဲ့ဝေးတော့ ဝယ်ဖို့လည်းမလွယ်ဘူး။ မှန်စီရွှေချပစ္စည်းတွေက မုံရွာမြို့ပေါ်မှာမှ ရနိုင်တာ။ ဘုတလင်မှာတောင်မရှိနိုင်ဘူး ... မောင်ကြီး ... အဲ ... ဆရာလေးရဲ့''

မလေးနွယ် စကားပြောမှားသွားသဖြင့် ကျွန်တော် သူမအား ဖျတ်ခနဲ ကြည့်လိုက်မိသည်။ ကျွန်တော့်အား မောင်ကြီးဟုခေါ်သူမှာ တစ်ယောက်ပဲရှိသည်။ သူက ကန်တော်အရှင်မ။ သူမအား ထိုးမိုးပေးတော့လည်း အနီးကပ်နေရသဖြင့် သူမ ကိုယ်သင်းနံ့က တတိုင်းမွှေးပန်းနံ့ရနေသည်။

တံတိုင်းမွှေးပန်းရုံများအနီးဖြစ်သဖြင့် လေသင့်၍မွှေးသည်ဟု ယူဆရန်ရှိသော်လည်း မသေချာပါ။ ဒေါ်တရုတ်မပြောသလို ကန်တော်ရှင်မ လူယောင်ဖန်ဆင်း၍ လာရောက်ကူညီနေသလားဟု ကျွန်တော် အခါခါ တွေးတောငေးမောနေမိသည်။

ကျွန်တော်တို့ သူကြီးအိမ်ပြန်လာပြီး ခေတ္တနားသည်။ သူကြီးသမီးများက လက်ဖက်သုပ်လုပ်ပေးသဖြင့် ရေနွေးကြမ်းဖြင့် မြည်းကြသည်။ ဒေါ်တရုတ်မှာ လက်ဖက်သုပ်စားပြီး ရေနွေးကြမ်းခါးခါးသောက်နေသော်လည်း ဝလွှန်းသူပီပီ ခရီးပန်းပြီး နေပူမိလာသဖြင့် တဝါးဝါးသမ်းနေသည်။ အလိုက်သိသော သူကြီးသမီးများက ဘုရားခန်းရှေ့ ကျွန်တော်တို့အိပ်ရာရှင့် ပြင်ဆင်ပေးသော ဟင်းပွဲမဆောင်နိုင်တော့ဘဲ ခေါင်းချသည်နှင့် တခေါခေါအိပ်ပျော်သွားတော့သည်။





ထို့ကြောင့် ကျွန်တော်နှင့် မလေးနွယ်တို့ ထီးတစ်ချောင်း နှစ်ယောက်တည်းဆောင်းပြီး ဘုရားတည်မည့် ကန်ပေါင်ရိုးပေါ်ဘက်သို့ ထွက်ခဲ့ကြပါသည်။ ညနေ (၃)နာရီခန့်ရှိပြီဖြစ်သော်လည်း အပူရှိန်က မကျသေးပါ။ ကန်ပေါင်ရိုးပေါ်၌ သူကြီးနှင့် ပန်းရန်ဆရာအဖွဲ့အပြင် ဆရာတော်ဘုန်းကြီးလည်း ရောက်နေသည်။ သူကြီးက ...

''လာ ... ဆရာလေး ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ်တော့ မတတ်နိုင်လို့ အုတ်ခဲကိုထွင်းပြီး ရတနာပစ္စည်းအချို့ မြှုပ်ထားတယ်။ အုတ်လေးလုံး၊ ကျွန်တော်ရယ်၊ ဆရာလေးနဲ့ ဆရာတင်ရွှေရယ်၊ ဆရာတော်ဘုရားရယ် အတော်ပါပဲ။

ကဲ ... ရတနာအုတ်တွေ စီလိုက်ကြရအောင်။ ကန်တော်အရှင်မ မ,စတော်မူပါ။ ဆရာတော်က အခါပေးပြီး မေတ္တာသုတ်ကို ရွတ်ဆိုသည်။ ပြီးသည်နှင့် ပန်းရန်သားအဖက ဘိလပ်မြေလောင်းသည်။ ပြီးနောက် ပန်းတင်ခုံနှင့်ခေါင်းလောင်းတော်ကို အုတ်စီတော့သည်။ ထိုသို့ မလေးနွယ်ကလည်း အလုပ်အမြန်ပြီးစီးစေရန် အုတ်ဝင်စီသည်။ ကျွန်တော်က ထီးမိုးပေးသည်။ သပ်ရပ်ကျွမ်းကျင်သော မလေးနွယ် လက်ရာကို ဆရာတော်နှင့်သူကြီးက သဘောကျနေကြသည်။

ညနေ (၄) နာရီခန့်တွင်တော့ ဆရာတော်ကျောင်းပြန်ကြွမည်ဖြစ်သဖြင့် ကျွန်တော်က မလေးနွယ်အားခေါ်ပြီး ရွာကျောင်းဘက်သို့ လျှောက်ခဲ့ကြသည်။ ဆရာတော်တွင် ဘုန်းကြီးဆောင်းထီးပါသဖြင့် ကျွန်တော် မလေးနွယ်ကိုပင် ဆောင်းပေးသည်။

ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရောက်တော့ ကျောင်းဆောင်ကလေးအနောက် မြေကျယ်ကျယ်တွင် အုတ်ဘိနပ်ခံ၍ လက် (၁၀) ဦးနှင့်အတူ ကာလသားအဖွဲ့က လုပ်အားပေးနေကြ



www.burmeseclassic.com

www.burmeseclassic.com



တိုင်ထူပြီး ထုတ်ပတ်၊ ယောက်ပတ်များပင် ရိုက်နေကြပေပြီ။ လူအင်အားတောင့်၍ ဖြစ်ပေသည်။

နှစ်ထပ်ကျောင်းဖြစ်၍ ဆင့်ခင်း၊ ပျဉ်ရိုက်၊ ဒိုင်းများတင် တက်ညီလက်ညီနိုင်လှသည်။ ကိုအေးသိန်းနှင့်တွေ့ရာ နောက်နေ့များတွင် နေမပူစေရန်အတွက် ယနေ့အမိုးအပြီးမိုးမည်ဟု ဆိုသည်။ ဤပုံအတိုင်း မြန်ဆန်ပါလျှင် ကျွန်တော်တို့ ကျောင်းအပြီး၊ ဘုရားစေတီအပြီး ရေစက်ချအလှူကို မီနိုင်ပေလိမ့်မည်။

အုတ်ကျောင်းမဟုတ်၊ သစ်သားကျောင်းဖြစ်သဖြင့် ကျွမ်းကျင်သူအင်အားများလျှင်များသလို လုပ်ငန်းပြီးစီးပေသည်။ သူကြီးပြောသလို၊ တစ်ရွာလုံး အလုပ်နား၍ လုပ်အားပေးကြမည်ဆိုသဖြင့် အချိန်မီပြီးစီးရန် အတော်သေချာပါသည်။

အလှူရှင်ဦးရွှေတင်က ...

''ဆရာလေးတို့ ပြန်မဲ့အချိန်မီအောင် သူကြီးနဲ့ဆရာတော်ဘုရားက လော်ဆော်နေလို့ အမြန်လုပ်နေရတာ။ တံခါးမကြီးနဲ့ ပြတင်းတံခါးတွေ နောက်ဖေးတံခါးတွေ၊ မီးဖိုချောင်တံခါးတွေကိုတော့ မြို့ပေါ်မှာ သစ်တိုက်လှည်းတွေနဲ့ အသင့်မှာလိုက်ပြီ။ ဘုတလင်မှာမရှိရင် မုံရွာမြို့ပေါ်အထိ တက်ဝယ်ကြလိမ့်မယ်။ ဟိုမှာ လုပ်ပြီးသားတွေ၊ အဆင်သင့်ရှိတယ်။

သန်ဘက်ခါလောက်ရောက်လာမှာဆိုတော့ ကျောင်းကြီးကိုယ်ထည်ပြီးတာနဲ့ အတော်ပါပဲ။ လက်သမားအဖွဲ့ကလည်း ဘက်ညီသလို၊ ဆရာလေးတို့ရွာ ကာလသားအဖွဲ့ကလည်း တော်လှသဗျာ။ လက်သမားလည်း တတ်ကြတော့ မြန်လှသဗျာ။ အားရကျေနပ်မိပါရဲ့။ ညနေဆို သွပ်မိုးတောင် မိုးပြီးရော့မယ်''

စိတ်ကူးသစ်စာပေ



''ဟုတ်ပါ့ ဦးလေးရယ်။ ကျွန်တော် ဒီလောက်မြန်လိမ့်မယ်လို့ ထင်တောင်မထင်မိဘူး။ တက်ညီလက်ညီပဲနော်''

''ဒါနဲ့ ဘုရားတည်တဲ့ အခြေအနေကော ဆရာလေး''

''အချိန်မီ ပြီးစီးမှာပါ၊ ပန်းရန်ဆရာအဖွဲ့ကလည်း လက်ညီပြီး တော်ပါပေတယ်။ ဒီနေ့မှစပေမဲ့ မနက်အုတ်စီ၊ ပန်းတင်ခုံဆောက်၊ ညနေပိုင်း ခေါင်းလောင်းအောက်ခြေပြီးစီးမယ်လို့ သိရပါတယ်။ အနုတ့်အင်္ဂတေလက်ရာဆိုတော့ ကျောင်းဆောက်သလောက်တော့ ဘယ်မြန်မလဲ။ လူအင်အားကလည်း များလို့မရဘူးလေ။ ပညာရှင်မှဖြစ်တာဟုတ်လား''

''လက်သမားနဲ့ပန်းရန် ဘယ်တူမလဲ ဆရာလေးရယ်။ ဟိုပန်းရန်ပညာက စိတ်ငြိမ်ငြိမ်ထားလုပ်ရမှာ။ ဒီမှာတော့ လက်သမားဆရာက တိုင်းထွာဖြတ်တောက်ပြီးတာနဲ့ ကာလသားတွေက အကုန်လိုက်နိုင်ကြတယ်။ အဲ ... သွပ်မိုးရင်တော့ သတိပေးရမယ်။ ကျွမ်းကျင်လက်သမားရိုက်မှ ဖြစ်မှာမို့လို့။ အထပ်လွဲတာနဲ့ ပြန်ရိုက်ရလို့။ သွပ်မှာ သံပေါက်တွေဗရပွနဲ့ မိုးယိုကုန်မှာ''

''ဟုတ်ပါ့ ဦးလေးရယ်''

ထိုစဉ် မလေးနွယ်က ...

''ကဲ ... ဆရာလေး၊ ကျွန်မတို့လည်း နတ်စင်ကိစ္စအချောကိုင်ဦးမယ်။ ပြန်ကြစို့''

''ဟုတ်ပါ့ဗျာ ...။ ဒီကျောင်းဆောက်ရာမှာ စည်ကားတော့ ဆရာကောင်းလို့ နတ်စင်ဆောက်တာတောင် မေ့နေမိတယ်။ သွားကြစို့''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ရွာကိုမဝင်တော့ဘဲ ပတ်၍ နတ်စင်ဆောက်ရာသို့ လှမ်းခဲ့ကြသည်။ မလေးနွယ်က အောက်လေးတိုင်စင်မှစပြီး ကျောင်းဆောင်အကြိုအကြားမကျန် သပ်ရပ်စွာအချောကိုင်သည်။

“မနက်ဖြန်တော့ ပန်းဆွဲတွေ၊ ကနုတ်တွေ၊ စုလစ်မွန်းချွန်တွေပုံစံသွင်းပြီး အနုစိတ်ဖော်ရမှာဆိုတော့ တစ်နေကုန်ဦးမှာပဲ။ ဆရာလေးကို အားနာပါတယ်။ လက်သမားတွေဆီက တိုင်တစ်ချောင်းခဏတောင်းပြီး တိုင်စိုက်၊ ထီးကိုပါ ချည်ထားပေးပါ”

“ရပါတယ် မလေးနွယ်။ ကျွန်တော် ထီးမိုးပေးရုံပါ။ မပင်ပန်းပါဘူး။ မလေးနွယ်သာ နေပူထဲလုပ်ရလို့ အသားတွေတောင် နီရဲကုန်ပြီ။ ကျွန်တော်သာတတ်ရင် မလေးနွယ်ကို မခိုင်းရက်ပါဘူးဗျာ။ ကိုယ်တိုင် ဝင်လုပ်ပါတယ်”

BURMESE CLASSIC

“ရပါတယ် ဆရာလေး။ ကျွန်မလုပ်နေကျပါ”

ထိုနေ့က မှောင်စပျိုးမှ အချောသပ်ခြင်းလုပ်ငန်းပြီး၍ ကျွန်တော်တို့ ပြန်ခဲ့ကြသည်။ မလေးနွယ်က ကနုတ်ပန်းဆွဲ၊ ပုံလောင်းကိရိယာများအတွင်း အင်္ဂတေများလောင်း၍ ပုံစံဖော်ထားခဲ့သည်။ မနက်ဖြန်မနက်တွင် အသင့်ဖြစ်ပေလိမ့်မည်။

ညနေပိုင်းတွင် ကိုအေးသိန်းက ရေစည်တိုက်ပေးသဖြင့် ဧည့်သည်များ ရေဝဝချိုးကြရသည်။ ထို့အပြင် ကျွန်တော်တို့ဆောက်ထားသောအိမ်သာက ဧည့်သည်များအတွက် အသုံးတည့်သွားပြန်သဖြင့် ဆောက်ရကျိုးနပ်ပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ကြရပြန်ပါသည်။

ညစာစားသောက်ကြပြီး လက်ဖက်ရည်အကြမ်းဝိုင်း၌ သူကြီးက ကျွန်တော်တို့အားတိုင်ပင်ပါသည်။





“ဆရာလေးတို့ရေ ... ကျောင်းအလှူရှင်ပေါ်လာသလို မြို့ပေါ်ရွာကပဲ ဇရပ်အလှူရှင်ပေါ်လာပြန်တယ်။ လူစီးကားကြီးတွေထောင်ထားတဲ့ ကိုစိန်တိုးနဲ့ မအေးစိန်တဲ့။ ဘုန်းကြီးကျောင်းဇရပ်တင်မက ကန်တော်အရှင်မဘုရားအတွက်လည်း ဇရပ် (၁)ဆောင် လှူချင်ပါသတဲ့။ အဲ့သဟာ ကျွန်တော်တို့ကို ကန်တော်အရှင်မပေးထားတဲ့ ရတနာတွေကို ဘယ်လိုလုပ်ကြမလဲ”

“ဘုန်းတော်ကြီးကျောင်းမှာတော့ နှစ်ထပ်ကျောင်းကြီးကလည်း အတော်ကြီးမားပါတယ်။ စာသင်သားသံဃာတော် မှီခိုလို့ရပါတယ်။ တစ်ခါ ဇရပ်ကြီးပါတိုးတော့ အာဂန္တုဧည့်သည်တွေလည်း တည်းခိုနိုင်တာပေါ့။ အစောကသာ ဇရပ်ကြီးရှိခဲ့ရင် ကျွန်တော်တို့ အ,သုံးလုံးသင်တန်းလည်း ဇရပ်မှာဖွင့်လို့ရတာပေါ့။

ကန်ပေါင်ပေါ်ကဇရပ်ကတော့ တစ်နှစ်တစ်ကြိမ် ကန်တော်ဆယ်ပွဲအတွက်နဲ့ ဘုရားဖူးတွေအတွက် အသုံးတည့်ပါတယ်။ ဒါပေမဲ့ အခြားအချိန်တွေမှာတော့ ထန်းသမားတွေနဲ့ကလေးတွေ တရုန်းရုန်းဖြစ်နေမှာ သေချာပါတယ်။ မပျက်စီးအောင် ထိန်းသိမ်းရမှာကတော့ ရပ်ရွာနဲ့ အဘသူကြီးတာဝန်ပဲ ထင်ပါရဲ့။ ရတနာတွေပိုလျှံနေရင်လည်း ကန်တော်အရှင်မဘုရားမှာ ဌာပနာလိုက်ကြတာပေါ့ အဘရယ်”

“ဆရာလေးပေးတဲ့အကြံ ကောင်းပါတယ်။ ဇရပ်အလှူရှင်တွေကိုတော့ လိုအပ်တာတွေကို လက်သမားအဖွဲ့က တိုင်းထွာတွက်ချက်ပြီး ပေးလိုက်ပါပြီ။ မနက်ဖြန်နေ့လယ်လောက် အလှူရှင်တွေနဲ့ ပစ္စည်းတွေ ရောက်လာကြလိမ့်မယ်”

“အဲဒါဆို သူကြီးခင်ဗျား ... ရက်ကလည်း ကပ်နေတော့ အလှူရှင်တွေပါ တည်းခိုနေနိုင်အောင် အလှူမဏ္ဍပ်တော့ ကြိုဆောင်



www.burmeseclassic.com

www.burmeseclassic.com



ဆောက်ဖို့ လိုပြီထင်ပါတယ်။ ဘယ်နေရာမှာဆောက်မလဲ ကြိုတင်ရွေးကြရအောင်''

''အင်း ...ဟုတ်ပါရဲ့၊ အလှူရှင်တွေက များလာပြီ။ တည်းဖို့ခိုဖို့ စီစဉ်ပေးရတော့မှာပေါ့။ ဘုန်းတော်ကြီးကျောင်းဝင်းထဲမှာလည်း လက်သမားအဖွဲ့တွေနဲ့ ညအိပ်ညနေတည်းဖို့ခိုဖို့ လူကများနေပြီး မကောင်းဘူး။ ဒါကြောင့် ကျွန်တော်တို့အိမ်က ခြံဝိုင်းကျယ်တော့ အိမ်ရှေ့ကို မြေစိုက်တစ်ဆောင်တိုးဆောက်ပြီး ထန်းရွက်မိုး၊ ဝါးထရံကာလိုက်မယ် ဆရာလေးရယ်''

''ဝါးက ဘယ်ကရမှာလဲ အဘရဲ့''

''ဒဲ့ဒါကလည်း မြို့ပေါ်ရွာဆင်းမှရနိုင်တယ်။ ဟိုမှာ အသင့်ရက်ပြီးသားတွေရှိပါတယ်။ မနက်သွားဝယ်၊ ညနေပြန်ပေါ့။ နွားတွေတော့ ပင်ပန်းမှာပဲ''

ထိုစဉ် ဒေါ်တရုတ်မက ...

''ကန်တော်ရှင်မက အတော်တန်နိုးကြီးပေတာပဲနော်။ ဟော့ အခုကြည့်ပါလား။ စေတနာရှင်အလှူရှင်တွေ ပေါ်လာလိုက်တာ မနည်းဘဲ။ နောက်လည်းဘယ်သူတွေ ပေါ်လာဦးမယ်မသိဘူး''

ကျွန်တော်က ဒေါ်တရုတ်မအနီးတွင် ကြုံကြုံကလေးထိုင်နေသောမလေးနွယ်အား လှမ်းကြည့်ရာ သူမက မပွင့်တပွင့်လေးပြုံးလို့နေပါသည်။

ကဲ ...ဒါဆို ဆရာလေးရေ၊ မနက်ဖြန်မနက်တော့ ဆရာတော်ကိုလျှောက်ပြီး ပန်းရံဆရာ၊ လက်သမားဆရာတွေနဲ့ ညှိလို့ ကျွန်တော် အလှူအတွက် စီစဉ်စရာရှိတာစီစဉ်ပြီး ရက်သတ်မှတ်လိုက်တော့မယ်။ မနက်ဖြန်မနက်ကျရင် အလှူရှင်တွေလည်း ကျောင်းကိုကြွခဲ့ကြပါ''





''ဟုတ်ကဲ့ပါခင်ဗျာ''

''ဟုတ်ကဲ့ပါရှင်''

နောက်တစ်နေ့မနက်တွင် ကျွန်တော်တို့ပြန်ရန် ကြား(၃)ရက်သာ ကျန်ရှိပါတော့သည်။ အဘသူကြီးက ဖုတ်ပူမီးတိုက်နှိုးဆော်နေသဖြင့် မနည်းပင် တားထားရပါသည်။ သူ့စေတနာက ကျွန်တော်တို့ကို ဘုရားနှင့် ကျောင်းရေစက်ချအလှူကို မိသွားစေချင်သည်။ သို့သော် ဘုရားတန်ဆောင်း၊ ကန်၊ ကျောင်းဆိုသည်မှာ တည်ဆောက်ပြီးမှ ရွှေစောင်းနေလျှင် ပြန်ပြင်၍မရပါ။

ကျွန်တော်တို့ကျောင်းဆရာများ ရေစက်ချအလှူပွဲမမီ၍လည်း ကိစ္စမရှိပါ။ ဘုရားကျောင်း၊ ဇရပ်များ၊ ဖြစ်တည်ဖို့သာ အရေးကြီးပါသည်။ ဆောက်လုပ်နေသည်မှာ ရုပ်လုံးပင်ပေါ်နေပြီဖြစ်သဖြင့် မအောင်မြင်စရာလည်း မရှိတော့ပါ။ ထို့ကြောင့် အဘသူကြီးအား အရင်မလိုရန် တားဆီးရခြင်းဖြစ်ပါသည်။

သူ့စေတနာအား စော်ကားသလိုထင်မိမည်စိုး၍လည်း တောင်းပန်ရပြန်ပါသည်။ အဘစေတနာမှာ ကျွန်တော်တို့မပါလျှင် ပွဲမစည်သလို ထင်နေဟန်ရှိသည်။ ပွဲဖြစ်မြောက်အောင် ကမကထလုပ်သူက ကျွန်တော်ဖြစ်နေ၍ ကန်တော်အုရှင်မနတ်စင်ကစပြီး စေတီတော်ကျောင်းဇရပ်များဖြစ်ပေါ်လာသဖြင့် ကျွန်တော်တို့မှာအဓိကကျသည်ဟု ထင်ဟန်ရှိသည်။ အဘသူကြီး မကြာခဏပြောနေသည်ကတော့ ဝေးလွန်ခေါင်ဖျားသော သူတို့အရပ်ဒေသအား တိုးတက်အောင်ဆောင်ရွက်ပေးသည့် ကျေးဇူးရှင်အဖြစ် မြင်နေသောကြောင့်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဘက်က ပြောရလျှင်လည်း စေတနာထား၍ လှူဆော်စည်းရုံးမှုသာဖြစ်သည်။ ကျွန်တော်တို့တွင် ကျောင်းသားများအဆင့်သာဖြစ်သေး၍ အလုပ်အကိုင်မရှိ၊ ဝင်ငွေမရှိ။ စေတနာသာ ထားနိုင်ကြသောသူများအဆင့်သာ ရှိပါသေးသည်။

ကျွန်တော့်ယုံကြည်ချက်က အကြင်သူသည် တစ်စုံတစ်ရာအပေါ်၌ စေတနာထားပြီးလုပ်ဆောင်ပါက လုပ်ငန်းတစ်ဝက်အောင်မြင်ပြီဟု နက်နဲစွာယုံကြည်မိသည်။ ထို့ကြောင့်ပင် ကျွန်တော်၏ဘဝတစ်သက်တာ၌ ဝမ်းနည်းစရာကောင်းသော ဆုံးရှုံးပျက်စီးမှုများ မရှိခဲ့ပါ"

✿ ✿ ✿

BURMESE CLASSIC

❑

ကျွန်တော်နှင့် ကန်တော်အရှင်မမှာ ဘယ်ဘဝက ရေစက်မှန်းမသိ၊ အတော်သံယောဇဉ်ရှိကြသည်ဟု ဆိုရပေမည်။ မကြာခဏအိပ်မက်ထဲတွင် ဆုံတွေ့ကြသဖြင့် ရင်းနှီးနေသည်။ ထိုအခြေအနေတွင် ကန်တော်ရှင်မနှင့်ရုပ်ချင်းဆင်တူသော ပန်းရန်ပညာရှင် မလေးနွယ်ပါရောက်လာသဖြင့် အိပ်မက်ထဲမှကန်တော်ရှင်မမှာ ကန်တော်ဆယ်မင်္ဂလာပွဲတွင် ကိုယ်တိုင်လုပ်အားပေးပါဝင်ခဲ့သလို ယခုလို ဘုရားတည်၊ ကျောင်းဆောက်ကုသိုလ်ပွဲ၌လည်း ကိုယ်တိုင်ပါဝင်လှုပ်ရှားနေခြင်းလားဟုပင် ထင်မြင်ယူဆနေမိသည်။

သို့သော် ယခုမလေးနွယ်မှာ ကျွန်တော်တစ်ဦးတည်း မြင်ရခြင်းမဟုတ်။ သူ့ဖခင်၊ သူ့မောင်နှင့် ကျွန်တော်တို့တစ်ရွာလုံးက မြင်တွေ့ရင်းနှီးနေရသဖြင့် ကန်တော်အရှင်မလည်း မဟုတ်နိုင်ပြန်ပါ။ သို့သော် ကျွန်တော်တင်မက အိပ်မက်အတွင်းမြင်တွေ့ခဲ့ရသော ရွာကျောင်းဆရာတော်ဘုရားနှင့် အလှူရှင် မတာရုတ်မ၊ သူကြီးအပါအဝင်က မလေး



www.burmeseclassic.com

www.burmeseclassic.com



နွယ်အား ကန်တော်အရှင်မနှင့် သက်ဆိုင်ပတ်သက်နေသူအဖြစ်တော့ လက်ခံယုံကြည်ထားကြသည်။

မလေးနွယ်အား စိတ်ဝင်စားမိနေသော ကျွန်တော်ကလည်း မလေးနွယ်အကြောင်းကို စုံစုံလင်လင်သိချင်နေပါသည်။ သူကြီးကလည်း အကြောင်းစုံမသိ။ မလေးနွယ်၏အကြောင်းကို သူမကိုယ်တိုင်အား မေးမြန်းစပ်စုရန်လည်း မသင့်မြတ်ပါချေ။ ထို့ကြောင့် မလေးနွယ်၏ဖခင် ပန်းရန်ဆရာကြီးအားလည်း မမေးလိုသဖြင့် မောင်လုပ်သူအား ရင်းနှီးအောင်ပေါင်း၍ မေးမြန်းရန် ဆုံးဖြတ်ရတော့သည်။

မနက်စာစားပြီးတော့ ကျွန်တော်တို့ မနေ့ကလိုပင် လူစုခွဲသည်။ ကျွန်တော်နှင့်မလေးနွယ်က နတ်စင်ကိုအပြီးသတ်ရန် သူကြီး၊ ကိုအေးသိန်းနှင့် ကိုတင်ရွှေတို့အဖွဲ့က ဘုရားတည်ရန်နှင့် ကျောင်းဆောက်ရန်ဖြစ်သည်။ တက်ညီလက်ညီလုပ်ကြပြီး သူကြီးအမိန့်ဖြင့် ရပ်ရွာကပါဝိုင်းကူကြသဖြင့် ကျောင်းကြီးမှာ ချက်ချင်းရုပ်လုံးပေါ်လာသည်။

နတ်စင်နှင့် ဘုရားကတော့ ပညာရှင်များ၏ အနုစိတ်လက်ရာဖြစ်သဖြင့် လူအင်အားများများ မလိုသေးချေ။ သို့သော် အဘသူကြီးက လောနေသဖြင့် ဘုရားပရဝဏ်နှင့် အုတ်တံတိုင်းကာရံခြင်းကိုတော့ လူအင်အားဖြင့် လုပ်နေသည်။

ကျွန်တော်တို့နတ်စင်အဖွဲ့က ကျွန်တော်နှင့် မလေးနွယ်အပြင် လက်တိုလက်တောင်းခိုင်းရန် ရွာမှကလေးနှစ်ယောက်ကို ခေါ်ထား၍ အဆင်ပြေသည်။ တစ်ယောက်က မလေးနွယ်ကိုထီးမိုးပေးပြီး တစ်ယောက်က ပစ္စည်းများအရွှေ့အပြောင်းအတွက် ကျွန်တော်ကို ကူညီပါသည်။





ယနေ့ မလေးနွယ်က မနေ့က ပုံသွင်းလောင်းခဲ့သည့် ကနုတ်ပန်းဆွဲ၊ စုလစ်မွန်းချွန်များအား ပုံစံလောင်းထားရာမှ ဖြုတ်ယူပြီး အချောကိုင်တပ်ဆင်နေသည်။ ကျွန်တော်ကတော့ နတ်စင်ကိုယ်ထည်အား ကော်ပတ်စား၍ အောက်ခံ ခံဆေး၊ ကော်ဖြင့်ရောထားသော ထုံးဖြူကိုသုတ်သည်။ ခြောက်သွားမှ ထုံး၊ ကော်၊ ဆေးရောင်အရည်ရောစပ်ထားသော အစိမ်းနုရောင်ရေဆေးကို စုတ်တံအမျိုးမျိုးဖြင့် အနုစိတ်သုတ်သည်။ ဤသည်မှာလည်း မလေးနွယ်သင်ပြထားသဖြင့် သုတ်တတ်ခြင်းဖြစ်သည်။

ရေဆေးတို့၏ သဘောသဘာဝအတိုင်း သုတ်စက ဖောက်ပသောအစိမ်းရောင်ဖြစ်သော်ငြားလည်း နေ့အလင်းရောင်နှင့် အပူရှိန်ကြောင့် ခြောက်သွေ့သွားသောအခါ အရောင်မှိန်သွားသည်။ ဆေးနှင့်ထုံး၊ ကော် အချိုးအစားကိုထည့်ပြီး ရေနှင့်စပ်ရာ တစ်ပုံးစပ်ပြီးသည်နှင့် ကျွန်တော်က နောက်ပုံးများတွင် စပ်တတ်သွားသဖြင့် မလေးနွယ်က ချီးကျူးသည်။

စုတ်တံအကြီးအသေးအသုံးပြုပုံကိုလည်း မလေးနွယ်က သင်ပေးသည်။ စုတ်တံအကြီးက မျက်နှာပြင်ကျယ်၊ အသေးများက မျက်နှာပြင်ကျဉ်း အကြိုအကြားများအတွက် ဖြစ်ပေသည်။ ဆေးသုတ်သည်မှာလည်း အနုပညာဆန်လှကြောင်း ကျွန်တော် ယခုမှ သဘောပေါက်ရတော့သည်။

ဆေးသုတ်ခြင်းလုပ်ငန်းက လွယ်ကူပြီး နတ်စင်အရွယ်ရောက်ယာမကျယ်လှသဖြင့် နေမွန်းမတည့်မီ ဒုတိယထပ်ဆေးသုတ်ခြင်း ပြီးစီးသည်။ နောက်ဆုံး တတိယထပ်ကိုတော့ ညနေပိုင်းမှ သုတ်ရပေမည်။ မလေးနွယ်၏ အသေးစိတ်အချောကိုင်လုပ်ငန်း မပြီးသေး

www.burmeseclassic.com



သဖြင့် ကျွန်တော် ဝိုင်းကူညီရသည်။ နေ့လယ် (၁၂)နာရီထိုးမှ လုပ်ငန်းရပ်ပြီး သူကြီးအိမ်သို့ နေ့လယ်စာစားရန် ပြန်ခဲ့ကြပါသည်။

ကျွန်တော်က အသားညိုသဖြင့် နေ့ရောင်ဖြင့်နေရှိန်ကြောင့် မည်းပြောင်လာသော်လည်း မလေးနွယ်၏ ဖြူစင်သောအသားအရေမှာ နီစပ်စပ်ဖြစ်လာသည်။ အညာနေမှာ မညှာမတာပူပြင်းလှသည်။ တိုက်သောလေမှာလည်း နေပူရှိန်ကြောင့် တံလျှပ်ပြေးနေသောတွင်းများအား ဖြတ်သန်းလာရသဖြင့် လေပူကြီးပင်၊ သစ်ပင်ကြီးများမရှိခြင်း၊ ရေရှားခြင်းကြောင့် ဖြစ်ပါလိမ့်မည်။

သူကြီးအိမ်ရောက်တော့ ကျွန်တော်တို့မှလအိမ်သားများနှင့် ပန်းရန်ဆရာအဖွဲ့၊ ကျောင်းအလှူရှင် ဦးရွှေတင်နှင့်ဒေါ်တာရုတ်မတို့အပြင် ဇရပ်အလှူရှင် မြို့ပေါ်ရွာမှ ကားပိုင်ရှင်များဖြစ်ကြသော ကိုစိန်တိုးနှင့် မအေးစိန်တို့ပါ ရောက်ရှိနေပါသည်။ ဧည့်စိမ်းများက ကျွန်တော်နှင့် မလေးနွယ်တို့ဝင်လာသည်နှင့် တအံ့တသြဝိုင်းကြည့်နေကြသဖြင့် သူကြီးအား ကျွန်တော်တို့နှင့် ဧည့်သည်အသစ်များအား မိတ်ဆက်ပေးပါသည်။

"ဆရာလေးရေ ... အားကျစရာပဲဗျို့။ ဒီမှာဇရပ်အလှူရှင် ကိုစိန်တိုးနဲ့ မအေးစိန်တို့က လှည်း (၈)စီးတိုက် သစ်တွေ၊ သွပ်တွေ လာလှူကြတာ။ ဘိလပ်မြေ၊ သဲနဲ့အုတ်တောင် နောက်ထပ်လှည်း (၃)စီး လာလိမ့်ဦးမတဲ့။ ဒီနေ့တော့ ဘုရားလည်း အတော်ပြီးသွားပါပြီ။ ကြာမြောက်ကြာလှန် အထက်တောင်ရောက်နေပြီး ညနေတော့ ထီးတော်ဝိန္ဒဲတိုင်တောင် ပြီးလောက်ပါတယ်။

ကျောင်းကြီးကတော့ ကနေ့မနက်ဆင့်စီပြီး ပျဉ်တောင်ခင်းပြီးသွားပြီ။ အလှူရှင်တွေက လျှာထိုးခင်းချင်ပေမဲ့ မြို့ပေါ်ရွာမှာမရှိဘူးလေ။ ဘုတလင်မြို့နဲ့ မုံရွာမြို့ပေါ်မှာမှ ရှိနိုင်တာ။ (၆×၁)ပေ ခြောက်





တစ် ကျွန်းပျဉ်ကြီးတွေကို ရွှေပေါ်ထိုးပြီးခင်းတာဆိုတော့လည်း အလွန်လှပါတယ်။ အကွက်ကို လည်နေတာပါပဲ"

"အခုလည်း ဇရပ်ဒကာတွေရောက်လာကြလို့ ဆရာတော်တို့လျှောက်ပြီး ညနေပိုင်းဇရပ်ပန္နက်ချမယ်၊ ကန်တော့ပွဲပေးပြီး တိုင်ထူဖို့လည်း ကန်တော့ပွဲပစ္စည်းတွေပါ အသင့်ပါလာကြလို့ တော်ပါသေးတယ်။ ညနေတော့ ဘုန်းကြီးကျောင်းက လက်သမားအဖွဲ့ကို ခွဲရဦးမယ်။ ကျောင်းမှာက လက်သမားအင်အား သိပ်မလိုတော့ဘူးလေ။ အမိုးနဲ့ အခင်းပြီးပြီ။ အကာနဲ့ ပြတင်းတံခါးတွေတပ်ဖို့ပဲ ကျန်တော့တယ်။ ဒါနဲ့ ဆရာလေးတို့ နတ်စင်ကိစ္စရော"

ထိုစဉ် မလေးနွယ်က ...

"ကျွန်မက ပန်းတမော့ပစ္စည်းတွေကို ပုံစံလောင်းပြီး အချောကိုင်တပ်ဆင်နေတုန်း ဆရာလေးက ဆေးသုတ်ပေးတော့ တစ်ရက်သက်သာသွားတာပေါ့။ ညနေစောင်းရင် နတ်စင်ကိစ္စပြီးပါပြီ။ မနက်ဖြန်မနက် နတ်နန်းအပ်နိုင်ပါပြီ"

"ဒါနဲ့ ဆရာလေး ... ဆရာလေးတို့ပြန်ဖို့ ဘယ်နှရက်လိုသေးသလဲ"

"နောက်ထပ် (၂)ရက်ပဲ လိုတော့တယ်အဘ"

"အင်း ... ပြီးမှပြီးပါ့မလားမဲ့သိ။ အလှူအတွက် ဆန်ဆီ၊ ရေတံ၊ ကြက်သွန်တော့ ညနေအပြန် လှည်းတွေနဲ့မှာလိုက်မယ်။ သားငါးကတော့ နီးမှဝယ်ရတော့မှာပဲ"

"ကျွန်တော်တို့မမီလည်း ပြဿနာမရှိပါဘူးအဘရယ်။ ကျွန်တော် မကြာခဏပြောနေတာပဲ။ ပွဲဖြစ်မြောက်ဖို့သာ အရေးကြီးပါတယ်။ အကောင်အထည်ဖော်ဖို့ အရေးကြီးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဒါလည်းဒါပေါ့ ဆရာလေးရယ်။ ဒါပေမဲ့ ဆရာလေးတို့မပါဘဲတော့မဖြစ်ဘူး။ မမီမီအောင် လုပ်ရမှာပဲ။ ရွာကလည်း ဆရာလေးတို့မီအောင်လုပ်စေ့ချင်တဲ့ ဆန္ဒရှိနေကြတာ။ သူတို့နေ့စဉ်လုပ်ငန်းတွေ တောင် ရပ်ပြီး မိန်းမ၊ ယောကျ်ား၊ ကလေး၊ လူကြီးမကျန် အကုန်သူ လုပ်အားပေးပါ့မယ်တဲ့လေ''

''ကျေးဇူးတင်ပါတယ် အဘရယ်။ အားရစရာအလှူပွဲပါပဲ''

နေ့လယ်စာစားပြီးတော့ ကျွန်တော်တို့နတ်စင်အား အပြီးသတ်အချောကိုင်ကြရာ ညနေ (၃)နာရီခန့်တွင် ပြီးစီးသဖြင့် ကျွန်တော်တို့ရွာသို့ ခေတ္တပြန်ဝင်နားပြီး ကန်ပေါင်ပေါ်မှစေတီဆီသို့ ဆက်လှမ်းခဲ့ကြသည်။

ကိုးတောင်ပြည့်စေတီတော်လေးအား စစ်စေးမည်းမည်းများပင် သုတ်ပြီးချေပြီ။ သူကြီးနှင့် လက်သမားအဖွဲ့က စေတီအနီးကန်ပေါင်ပေါ်၌ ဇရပ်အတွက် ပန္နက်ရိုက်နေကြသည်။ ပန်းရန်ဆရာကြီး၏သား ဦးစီးပြီး စေတီပရဝဏ်တံတိုင်းအား ရွာသားများနှင့်အတူ အုတ်စီနေကြသည်။ နေမှာ ကျနေဖြစ်သော်လည်း အတော်ပူပြင်းသေးသည်။

သူကြီးက . . .

''ဆရာလေးရေ . . . မနက်ဖြန် ထီးတော်တင်မယ်။ လုံးတော်ပြည့်ရွှေချမယ်။ သန်ဘက်ခါ ဌာပနာတိုက်သွင်းပွဲနဲ့ အလှူပွဲလုပ်မယ်။ မနက်ဖြန် အလှူပွဲအတွက် အလုပ်အကိုင်နေ့ မနက်ပိုင်းသားငါးဆင်းဝယ်ပြီး ညနေပိုင်းချက်ပြုတ်မယ်။ အလှူပွဲဖိတ်စာအတွက် ဆရာလေးကပဲ အလှူရှင်တွေနဲ့တိုင်ပင်ပြီး ဖိတ်စာရေးပေးပါဦး။ ညနေချမ်း လှည်းကြုံနဲ့ ဖိတ်စာအပ်လိုက်ကြရအောင်''

''ဟုတ်ကဲ့ပါ အဘ။ ကျွန်တော် စီစဉ်လိုက်ပါ့မယ်''

---





ကျွန်တော်နှင့်မလေးနွယ် ဘုန်းကြီးကျောင်းဘက်သို့ ဆင်းခဲ့ကြပြန်သည်။ ဘုန်းတော်ကြီးကျောင်းဆောင်သစ်ကြီးမှာ ကွင်းပြင်ကျယ်ကြီးအတွင်း၌ သွပ်မိုးပြောင်ပြောင်ဖြင့် ခမ်းနားကြီးကျယ်လှသည်။ အထက်အောက်တံခါးမကြီးများ ပြတင်းတံခါးများကို အသင့်လုပ်ပြီးသားမှာယူပြီး တပ်ဆင်နေသဖြင့် မြန်ဆန်လှသည်။ ကော်ပတ်စား၊ ပေါလစ်သုတ်သူများဖြင့်လည်း မြိုင်ဆိုင်လှပါသည်။ အောက်ထပ်ပျဉ်ကာပြီးဖြစ်သဖြင့် ရေနံချေးသုတ်သူများက သုတ်နေကြပါသည်။

ရွာကျောင်းဝင်းအတွင်း ဇရပ်ကြီးမှာ ပေ (၄၀) ပတ်လည် အင်္ဂတေခုံလုံးဖြင့် ဖြစ်သဖြင့် အတော်ကြီးသည်။ ဆရာတော်ဘုရားကိုယ်တော်တိုင် ကြီးကြပ်နေပြီး တစ်ရွာလုံးက ကလေး၊ လူကြီး၊ မိန်းမများပါ မြေတူးမြေသယ် လုပ်အားပေးနေကြသည်။

ကန်ပေါင်ပေါ်မှ ဇရပ်မှာ ပေ(၂၀)ပတ်လည်သာရှိသဖြင့် ကျောင်းဝင်းအတွင်းဇရပ်ကြီးက (၂)ဆပိုကြီးပါသည်။ အားရစရာမြင်ကွင်းကိုကြည့်ရှု၍ ဆရာတော်အား နှုတ်ဆက်ကန်တော့ပြီး ကျွန်တော်တို့ သူကြီးအိမ်သို့ ဖိတ်စာကိစ္စစီစဉ်ရန် ပြန်ခဲ့ကြပါသည်။

သူကြီးအိမ်တွင် ဒေါ်တရုတ်မနှင့် မအေးစိန်တို့လည်း ရှိနေကြရာ ဖိတ်စာအား တိုင်ပင်၍ ရေးသားကြသည်။ ထူးကြီးရွာမှ အဘသူကြီး ဦးစံရွှေအား အမှူးထား၍ အလှူရှင်များဖြစ်ကြသော မြို့ပေါ်ရွာမှ ပွဲရုံပိုင်ရှင် ဦးရွှေတင်၊ ဒေါ်တရုတ်မ၊ ကားပိုင်ရှင်ဦးစိန်တိုးနှင့် မအေးစိန်၊ ထူးကြီးနှင့် မုံထူးရွာများမှ ရွာသူရွာသားအများစုပေါင်း၍ ကန်တော်ရှင်မကုသိုလ်ပါဝင် လှူဒါန်းသော ကျောင်းဇရပ်အလှူတော်မင်္ဂလာသဘင်အား ( )ရက်နေ့တွင် ဆင်ယင်ကျင်းပရေစက်ချ၊ အလှူပွဲအတွက် တက်ရောက်ချီးမြှင့်ပါရန်။

---



www.burmeseclassic.com

www.burmeseclassic.com



နေရာ–ထူးကြီးရွာ မဟာဇေတဝန်ဘုန်းတော်ကြီးကျောင်း။

အချိန်–နံနက် (၉)နာရီမှ နေ့လယ် (၁၂)နာရီအထိ။

ဟူ၍ စာကြမ်းစီလိုက်ရာ ကျွန်တော်တို့နာမည်များ မပါဝင်ပါ။ အဘသူကြီးကတော့ ကျေနပ်မည်မဟုတ်။ ကျွန်တော်တို့ကလည်း မတွာပ်တိုင်မတက်လိုပါ။ ဖိတ်စာ စာကြမ်းအား ကိုတင်ရွှေက သူကြီးအားသွားပေးတော့ ထင်သည့်အတိုင်းပင်၊ အဘသူကြီးက မကျေနပ်သဖြင့် ကိုယ်တိုင်ပေါက်ချလာပါသည်။

"ဆရာလေး ...ဒီပွဲဖိတ်စာက ဆရာလေးတို့နာမည် မပါလို့ဖြစ်မလား။ ကန်တော့ရှင်မကလည်း ကျေနပ်မှာမဟုတ်ဘူး။ အမှူးထားတဲ့နေရာမှာ ကျုပ်မပါလို့ဖြစ်တယ်။ အဓိကက ဆရာလေးမပါလို့မဖြစ်ဘူး။ ပြန်ပြင်ရေးပါ။ ကန်တော့ရှင်မဘုရားနဲ့ ကျောင်းဆောက်ရာမှာလည်း ကျောက်စာကမ္ပည်းမှာ ဆရာလေးနာမည်ကို အမှူးထားပြီး ရေးထိုးဖို့ စီစဉ်ပြီးသွားပြီ"

"ဟာ ...အဘကလည်းဗျာ၊ ကျွန်တော်က လူငယ်ပဲဟာ မကောင်းပါဘူး။ အဘနာမည်နဲ့ တူသားဆိုပြီး တွဲထည့်ရင် တော်သေးတယ်"

"ဆရာလေးကစပြီးကမကထလုပ်လို့ ကျုပ်တို့ရွာမှာ အိပ်မက်တောင်မမက်ဖူးတဲ့အခြေအနေတွေ တိုးတက်ဖြစ်ပေါ်လာတာ။ ဆရာလေးကို အမှူးမထားရင် ဘယ်သူ့ကို အမှူးထားမလဲ။ ကဲ ...ဒီက အလှူရှင်တွေလည်း ပြောကြပါဦး"

ထိုအချိန်အခါတွင်မှ ဇာတ်ရည်လည်ပြီး အကြောင်းစုံသိသွားကြသော ဦးစိန်တိုး၊ ဒေါ်အေးစိန်၊ ဦးရွှေတင်၊ ဒေါ်တရုတ်မတို့ကလည်း သူကြီးနှင့် ကျွန်တော့်အား အမှူးထား၍ဟုပြင်ရန် အဆိုပြုကြပါသည်။





ထို့ကြောင့် ကျွန်တော်ကလည်း အားလုံးကျေနပ်စေရန် ထူးကြီးရွာကျောင်းဆရာတော် ဦးဝိမလနှင့် သူကြီးဦးစံရွှေ၊ အ,သုံးလုံးဆရာများဖြစ်ကြသော ဦးသိန်းဝင်းနှင့်ဦးတင်ရွှေတို့အား အမှူးထား၍ဟု ပြင်ဆင်ပေးလိုက်တော့မှ သူကြီးကျေနပ်သွားတော့သည်။ အမှတ်တရကလေးများ ကျန်ခဲ့ရန်ဖြစ်ပါသည်။

နှစ်စဉ်လည်း အလှူရေစက်ချပွဲနေ့ (၂၂ • ၄ • ၁၉၇၀) ရက်နေ့စတင်ပြီး မြန်မာသက္ကရာဇ်၊ တန်ခူးလပြည့်ကျော် (၄) ရက်နေ့ရောက်တိုင်း၊ ကန်တော့ရှင်မဘုရားပွဲပြုလုပ်မည်ဟု၊ အဘသူကြီးက အဆိုပြုရာ အလှူရှင်အားလုံးက သဘောတူထောက်ခံကြသဖြင့် အတည်ပြုကြသည်။

ထိုအချိန်တွင် တစ်ချိန်လုံးငြိမ်၍ နားထောင်နေသော မလေးနှယ်ကပါ လိုက်လှဲစွာထောက်ခံသဖြင့် ကျွန်တော်လွန်စွာ အံ့ဩမိပါသည်။ ကျွန်တော်တို့အဆင့်မှာ တက္ကသိုလ်ကျောင်းသားအဆင့်၊ ကျောင်းကမပြီးသေးသလို အလုပ်အကိုင်ကလည်း မရှိသေး။ သို့သော် လူကြီးအရာအသွင်းခံရသဖြင့် လွန်စွာကြည်နူးဝမ်းမြောက်ပြီး၊ အံ့ဩမိခြင်းဖြစ်ပါသည်။ ဤသည်မှာလည်း အတိတ်ဘဝက ပဌာန်းဆက်အမျိုးကန်တော့ရှင်မ၏ ချီးမြှင့်ပံ့ပိုးမှုပင် ဖြစ်ပါလိမ့်မည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့မနက်တွင် ကျွန်တော်၊ မလေးနွယ်၊ ဒေါ်တရုတ်မ၊ ဒေါ်အေးစိန်တို့ဦးစီးကာ ရွာသူရွာသားများဖြင့် ကန်တော့ပွဲ၊ အမွှေးတိုင် ဖယောင်းတိုင်များထွန်း၍ ကန်တော်ရှင်မအား နတ်နန်းအသစ်ကို အပ်ကြသည်။ ဒေါ်တရုတ်မမှာ နတ်ကတော်အလား ထိုကိစ္စများကို အတော်ကျွမ်းကျင်သည်။

နတ်စင်ပေါ်၌ ရွှေပြိန်းချထားသော ကန်တော်ရှင်မနတ်ရုပ် ပန်းအိုးများ၊ ရေချမ်းအိုးများလည်း ပါဝင်သည်။ လက်ဖက်စုံပွဲများလည်းပါရှိသည်။ အလှူရှင်များနှင့် ရွာသူရွာသားများမှာ မလေးနွယ်၏လက်ရာကို လွန်စွာ ချီးကျူးကြသည်။

ပွဲပြီး၍ အမှုဝေတော့ ထူးထူးခြားခြား တံတိုင်းမွှေးပန်းရနံ့က နတ်စင်ပတ်ဝန်းကျင်တွင် မွှေးကြိုင်သင်းပျံ့နေသည်။ ကန်တော်ရှင်မ သဘောကျ၍ သာဓုခေါ်ဆိုဟန်ရှိပါသည်။ ထို့ကြောင့် ကျွန်တော် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတော့သည်။





ကျွန်တော်တို့ နတ်စင်အပ်ပွဲပြီး၍ ကန်ပေါင်ရိုးပေါ်မှ ဘုရားဆီသို့ လျှောက်ကြတော့ ထီးတင်ပြီး၍ ဆွဲလွဲသံလေးတချွင်ချွင်ဖြင့် ရွှေပြိန်းပင် ချနေပြီဖြစ်သည်။ ဇရပ်အားလည်း တိုင်ထူပြီး ထုပ်၊ ယောက်၊ ဒိုင်းများ ရိုက်နေကြပြီး အောက်ခံဇရပ်ကြမ်းခင်းအား လူအင်အားဖြင့် မြေတူး၊ မြေဖို့နေကြသည်။ ညနေစောင်းတွင် ဇရပ်အမိုးနှင့်ကြမ်းခင်း အင်္ဂတေလောင်းခြင်း အပြီးသတ်လုပ်ကြမည်ဟု ပြောကြသည်။

တစ်ခါ ရွာကျောင်းဘက်ခြေဦးလှည့်တော့ သွပ်မိုးပြောင်ပြောင် ကျောင်းကြီးနှင့်အတူ ရွာကျောင်းဇရပ်ကြီးမှာ အမိုးပင်မိုးနေချေပြီ။ ဆရာတော်က တက်ကြွစွာ ခိုင်းစေနေသည်။ အလုပ်သမားများအတွက် ချက်ပြုတ်သူများကလည်း ချွေးသံအရွှဲသား၊ မီးခိုးတလုံးလုံးဖြင့် အလှူအလား ချက်ပြုတ်နေကြသည်မှာ အားရစရာပင်။

ရွာသူရွာသား၊ ကလေးပါမကျန် မြေတူး၊ မြေသယ် လုပ်အားပေးနေကြသည်။ ကျောင်းနှင့် ဇရပ်ကြီးပြီးစီးသွားပါက လွန်စွာခန့်ထည်ပေလိမ့်မည်။ မကြာခင်ကျရောက်တော့မည့် အလှူပွဲအတွက် ကျွန်တော်ကြိုတင်မှန်းဆပြီး ပျော်ရွှင်ကြည်နူးနေမိပါသည်။

ကျွန်တော် တစ်ယောက်တည်း တွေးတောငေးမောရင်း စိတ်ကူးယဉ်ပုံဖော်နေမိစဉ် အနောက်ဘက်မှ ကျွန်တော့်ဘယ်လက်အား လာကိုင်သဖြင့် လှည့်ကြည့်တော့ မလေးနွယ်ဖြစ်နေသည်။ တံတိုင်းမွှေးပန်းများလည်း နတ်နန်းအပ်စဉ်က ခူးဆွတ်ပန်ဆင်လာသဖြင့် အိပ်မက်ထဲမှ ကန်တော်ရှင်မနှင့် တစ်ပုံစံတည်းပင်။

ယနေ့ နေပူခံနိုင်စေရန်ထင်ပါသည်၊ အစိမ်းနုရောင်ချည်သား အင်္ကျီလက်ရှည်၊ အနက်ရောင် နှင်းဆီပွင့်များပါ အစိမ်းနုရောင်အောက်ခံ



www.burmeseclassic.com

www.burmeseclassic.com



သရက်ထည်ထဘီဖြင့် ပီဘိကန်တော်ရှင်မပင်။ သို့သော် သူမက ရွှေထည်လက်ဝတ်လက်စားများများ ဆင်မထားပါ။

"အစ်ကိုပြန်ရခါနီးတော့ ရန်ကုန်က မိဘတွေအပြင် ချစ်သူရည်းစားကိုလည်း လွမ်းဆွတ်သတိရနေရောပေ့ါနော်"

ကျွန်တော့်ကို ခေါ်နေကျ ဆရာလေး၊ မောင်ကြီးဟူသော နာမ်စားအစား အစ်ကိုဟုခေါ်သဖြင့် ကျွန်တော် အလွန်နှစ်သက်စွာဖြင့် သူမကိုကြည့်မိတော့ သူမကလည်း ရွှန်းရွှန်းစားစားမျက်လုံးရွဲကြီးဖြင့် ပြန်ကြည့်ရင်း နှုတ်ခမ်းက တစ်ဆတ်ဆတ်တုန်နေရှာသည်။

"ညီမလေး . . . ဘာပြောစရာရှိလို့လဲ၊ ပြောလေကွာ"

ကျွန်တော်ကလည်း အခေါ်အဝေါ်ပြောင်းပြီး လမ်းဖွင့်ပေးတော့ သူမက လေသံတိုးတိုးဖြင့် မပွင့်တစ်ပွင့်ကလေးပြုံးရင်း ပြောလာသည်။

"အစ်ကိုနဲ့တွေ့ရတာ နောက်ကျလိုက်တာ။ အစ်ကိုတို့ ပြန်ရတော့မယ်နော်"

"ဒါပေ့ါကွယ်။ တာဝန်ကုန်တော့လည်း ပြန်ကြရတော့မှာပေ့ါ။ အစ်ကို လိပ်စာပေးခဲ့မှာပါ။ ညီမလေး သတိရရင် စာရေးပါနော်"

"အစ်ကို . . . ဒါနဲ့ ညီမလေး ဘယ်မှာနေတယ်၊ ဘယ်သူတွေနဲ့နေထယ်၊ ဘယ်လိုနေရတယ်ဆိုတာတွေ အစ်ကိုမမေးဘူးနော်"

"သူတစ်ပါး ပြောချင်မှန်းမသိ၊ မပြောချင်မှန်းမသိ၊ အစ်ကို မမေးပါဘူးကွယ်။ အစ်ကိုသိတာက လက်သမားဆရာကြီး ဦးအေးမောင်ရဲ့သမီး ပန်းရန်ဆရာ ကိုအေးဆောင်ရဲ့အစ်မ၊ ဘုတလင်မြို့မှာ နေတယ်ဆို မဟုတ်လား"

"ဟုတ်ပါတယ် အစ်ကို။ ဒါပေမဲ့ ညီမက မွေးစားသမီးပါ။ ကြီးမှမွေးစားတာ။ အဘတို့ဆင်းရဲလွန်းလို့ ကူညီနေတာပါ"





သူမက ရင်ဖွင့်လာ၍ ကျွန်တော်က အလိုက်သင့်မေးမြန်းဝယ်စုရန် ဟန်ပြင်လိုက်စဉ် ကိုတင်ရွှေရောက်လာပြီး . . .

"ကိုသိန်းဝင်းရေ . . . အဘတို့ ဈေးဝယ်အဖွဲ့ပြန်ရောက်လာကြပြီဗျ။ အဘနဲ့ဆရာတော်က ခေါ်နိုင်းလိုက်တယ်"

ထိုစဉ် ကျွန်တော်လက်က နာရီကိုကြည့်တော့ မနက် (၁၀)နာရီကျော်ခန့်သာရှိသေးသည်။ ညကလည်း ဆန္ဒစောနေသောအဘတို့ ညဉ့်သန်းခေါင်ယံလောက်ကပင် မနက်ဈေးမီရန် ဆင်းသွားကြသည်ထင်ပါသည်။ အဘတို့ရောက်လာသဖြင့် ကျွန်တော့်နှင့် မလေးနွယ်တို့စကားဖြတ်ပြီး ဆရာတော်ကျောင်းဘက်သို့ လှမ်းခဲ့ကြသည်။ ဆရာတော်အားဦးချကန်တော့ပြီး အဘသူကြီးအား နှုတ်ဆက်ရသည်။

"အဘတို့ စောစောပြန်ရောက်ပုံထောက်တော့ ညဉ့်သန်းခေါင်ဘတည်းက ဆင်းသွားကြဟန်တူပါရဲ့"

"ဟုတ်ပ့ါ ဆရာလေးရယ်။ နွားတွေနေမပူအောင်နဲ့ မြို့ပေါ်မှာ မနက်ဈေးမီအောင် သန်းခေါင်ယံကတည်းက ဆင်းကြရတာ။ အလှူ့ကော ဦးရွှေတင်နဲ့ ဦးစိန်တိုးတို့လည်း ပါတယ်လေ။ ဒီကအသွား လှည်း(၂)စီးနဲ့။ အပြန်ကျတော့ ဆန်လှည်းကတစ်စီး၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ အထွေထွေပစ္စည်းကတစ်စီး၊ သားငါး၊ အသီးအရွက်လှည်းကတစ်စီး၊ ဆောက်လုပ်ရေးလိုအပ်ပစ္စည်း ထပ်ဝယ်ရတာတစ်စီးနဲ့ အလှူ့ရှင်အမျိုးတွေ လိုက်လာကြတာက လှည်း(၂)စီး၊ စုစုပေါင်း လှည်း(၆)စီးဆောင်။ ဇရပ်ကြီးက မပြီးသေးတော့ ညေ့်သည်တွေကို ဘုန်းကြီးကျောင်းဆစ်ကြီးအပေါ်မှာပဲ ခေတ္တ ယာယီနေရာပေးရတော့မှာပဲ၊ မဟုတ်လားဆရား"



www.burmeseclassic.com

www.burmeseclassic.com



သူကြီးက ဆရာတော်အား မေးလျှောက် လျှောက်သဖြင့် ဆရာတော်ကလည်း . . .

"သူကြီးရယ် . . . ကျောင်းကြီးက ပြီးပြီပဲ။ မနက်ဖြန့်မှ ကျောင်းအပ်ပွဲနဲ့ ရေစက်ချအလှူပွဲလုပ်ရမှာ။ ဧည့်သည်တွေ လွတ်လပ်စွာ နားနိုင်ကြပါစေ။ ကုဋီတွေရော၊ ညနေစောင်းရင် ပြီးလောက်ပြီထင်ပါရဲ့"

"တင်ပါ့ ဘုရား။ ပြီးမှာပါ ဘုရား။ ဘုန်းတော်ကြီးတွေအတွက် ကုဋီက (၂)လုံးတွဲ၊ လူတွေအတွက် အိမ်သာက (၄)လုံးတောင်ပါဘုရား။ ကုဋီကတော့ အချော၊ လူအိမ်သာတွေကတော့ အုတ်စီရုံတင် အကြမ်းပါဘုရား။ ပလတ်စတစ်ဇလားကွက်တွေ တပ်ဆင်ထားပါတယ်ဘုရား။ နောင်အချိန်ရမှ အချောလုပ်မှာပါဘုရား။

ဒီနေ့ အလုပ်အကိုင်နေ့အတွက်တော့ ကျောင်းဝင်းထဲမှာပဲ ကနားဖျင်းယာယီထိုးပြီး လုပ်ကိုင်နေကြပါပြီဘုရား။ မနက်ဖြန်မနက်တော့ ဇရပ်ကြီးအခင်းအခံတေလည်း ခြောက်ပြီမို့ ဧည့်သည်တွေကို ဇရပ်ကြီးအပေါ်မှာ ဧည့်ခံနိုင်ပါပြီဘုရား"

"အိမ်း . . . ကောင်းလေစွ၊ ကောင်းလေစွ၊ ကောင်းလေစွ။

ဒကာသူကြီး တော်ပါပေတယ်။ ဒကာကျောင်းဆရာတွေနဲ့ သံယောဇဉ်က မနည်းကြဘူးကိုး။

ဒကာကျောင်းဆရာတို့လည်း ပြန်ရက်က ကပ်နေပြီနော်"

"တင်ပါ့ဘုရား။ မနက်ဖြန် အလှူပွဲကြီးပြီးတာနဲ့ သန်ဘက်ခါ မနက်ပြန်ကြရတော့မှာပါဘုရား"

"အိမ်း . . . ဘာသာအကျိုး၊ သာသနာအကျိုး၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ထမ်းဆောင်နိုင်ကြတဲ့ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တွေဖြစ်ကြ၍





ရာထူးဌာနရကြီးခြင်း၊ ကျန်းမာခြင်း၊ ချမ်းသာခြင်း၊ အခွေအရံပေါများခြင်း၊ လာဘ်များဖြင့် ပြည့်စုံချမ်းသာကြွယ်ဝကြပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေဘုရား"

ဆရာတော်အား နေ့လယ်စာဆွမ်းကပ်ရန် ပြင်ဆင်နေသဖြင့် ကျွန်တော်တို့လည်း နေ့လယ်စာစားရန် သူကြီးအိမ်သို့ လှမ်းခဲ့ကြပါသည်။ သူကြီးအိမ်လည်း ဧည့်သည်များအတွက် ချက်ပြုတ်ရသည်မှာ မနည်းပါ။

ဆွမ်းကျွေးအလှူလေးတစ်မျှပင်။ သူကြီးအိမ်ရှေ့ ကနားဖျင်းအောက်တွင် ဖျာခင်းပြီး လူကအပြည့်ထိုင်နေကြသည်။ ကျွန်တော်တို့က အိမ်ရှင်ဖြစ်၍ ဧည့်သည်များကို ဦးစားပေးရပေသည်။ ထို့ကြောင့် သင့်လျော်ရာ နေရာတွင်ထိုင်မည်အလုပ် ခေါင်းရင်းတွင်ထိုင်နေသော လူကြီးတစ်ဦးက လှမ်းခေါ်သည်။

"ဆရာလေးတို့ . . . ခေါင်းရင်းဘက်ကြွပါ"

ကျွန်တော်လှမ်းကြည့်မိတော့ မြို့ပေါ်ရွာ အသုံးလုံးမြို့နယ်ကော်မတီအဖွဲ့ဝင်လူကြီး ဦးမြတ်စိုးနှင့် ဇီးတောကြီးရွာမှ သူကြီးဦးအောင်မောင်းတို့ ဖြစ်ကြသည်။ ကျွန်တော်တို့အား နောင်အခါ လာလည်ပတ်လျှင် ထူးကြီးရွာသို့သွားရန် အချိန်မရွေးလှည်းစီစဉ်ပေးမည်ဟု ဖိတ်ခေါ်သူများဖြစ်ကြသည်။

"ဩော် . . . ဥက္ကဋ္ဌတို့ကိုး"

"ဟုတ်ပါဗျာ . . .။ ဆရာလေးတို့သတင်းကတော့ ကျွန်တော်တို့နယ်တစ်လွှားမှာ ဟိုးဟိုးကျော်ပါပဲ။ ဝေးသီခေါင်ဖျားအရပ်မှာ အခုလို တိုးတက်စည်ပင်အောင် ဘာသာ၊ သာသနာထွန်းကားအောင် ဆောင်ရွက်နိုင်တာဟာ နည်းတဲ့အစွမ်းအစမဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း အ,သုံးလုံးသင်တန်းသားတွေကို စစ်ဆေးပြီးပါပြီ။ အရေး၊ အဖတ်၊ အတွက် အ,သုံးလုံး ကျေကြပါပြီ။ ညနေကျတော့မှ မုံထူးရွာကိုသွားပြီး စစ်ဆေးပါ့မယ်။ ဒီရွာတွေမှာ တာဝန်ကျတဲ့ ဆရာလေးတို့နှစ်ယောက်ကိုတော့ ဂုဏ်ထူးဆောင်လက်မှတ် ပေးရတော့မှာပါ''

''ကျေးဇူးတင်ပါတယ် ဥက္ကဋ္ဌ။ ကျွန်တော်တို့လည်း နေပူထဲမှာ ထူးကြီးရွာနဲ့မုံထူးရွာ ကူးချည်သန်းချည် လမ်းလျှောက်ရကျိုးနပ်ပါပြီ။ ဝမ်းလည်း အလွန်သာပါတယ်။ ရောက်စက ဝေးလံသီခေါင်တဲ့အရပ်ဒေသမို့ ပျင်းရိငြီးငွေ့ခဲ့ပေမဲ့ အခုတော့ မွေးရာဇာတိလို အနေအထိုင်ကျသွားတော့လည်း ပြန်ရမှာတောင် စိတ်မကောင်းအလွန်ဖြစ်မိပါတယ်ခင်ဗျား''

''ဒါပေါ့ ဆရာတို့ရယ်၊ ပုထုဇဉ်နဲ့သံယောဇဉ်က နွယ်နေတာပဲကိုး''

''ကဲ ....ဥက္ကဋ္ဌနဲ့ဆရာလေးတို့ နေ့လယ်အသုံးဆောင်ရန် ကြွကြပါခင်ဗျား'

အဘသူကြီးကဖိတ်ခေါ်တော့ ကျွန်တော်တို့က ဧည့်သည်များအား ဦးစားပေးသော်လည်း ဥက္ကဋ္ဌနှင့်သူကြီးက တစ်ဝိုင်းတည်းအတူစားရန် ဖိတ်ခေါ်ပြန်သဖြင့် အတူစားကြရသည်။ မလေးနွယ်ကတော့ အလှူရှင်ဒေါ်တရုတ်မနှင့် ဒေါ်အေးစိန်တို့ဝိုင်းတွင် ထိုင်သည်။

နေ့လယ်စာစားပြီးတော့ ရေနွေးကြမ်းဝိုင်းထိုင်ကြရင်း ဥက္ကဋ္ဌတို့ပါလာသောအဖွဲ့ဝင်များနှင့် လုည်းသမားများ နေ့လယ်စာကျွေးသည်ကိုစောင့်ရင်း စကားပြောကြရာ ...

''ဆရာဦးသိန်းဝင်း ... ကန်တော်အရှင်မက ဆရာနဲ့အတော်ရင်းနှီးလို့ ပစ္စည်းတွေပေးတယ်ဆို''





''ဟုတ်ကဲ့ ...။ အိပ်မက်နဲ့ ဆက်သွယ်တာပါ။ အခုလည်း ကန်တော်ရှင်မအတွက် နတ်နန်းဆောက်၊ ဘုရားတည်၊ ကျောင်းဇရပ်ဆောက်လုပ်ရာမှာ မ,တည်ပေးပြီး အလှူရှင်တွေကိုလည်း အိပ်မက်ပေးလို့ လာလှူကြပါတယ်။

ဟိုမှာ မြို့ပေါ်ရွာက ဦးရွှေတင်၊ ဒေါ်တရုတ်မ၊ ဦးစိန်တိုး၊ မအေးစိန်တို့ အပါအဝင်ပေါ့ဗျာ။ အများကောင်းမှုပါပဲ။ အလှူငွေမထည့်နိုင်သူများက လုပ်အားဒါန ပေးလှူကြပါတယ်။ ကန်တော်ရှင်မပေးတဲ့ ရတနာပစ္စည်းတွေကိုလည်း ရွာကျောင်းဆရာတော်ဘုရားနဲ့ ရွာသူကြီးကို ခွဲဝေအပ်နှံထားပါတယ်။ ပိုလျှံတဲ့ပစ္စည်းတွေကိုတော့ မနက်ဖြန်အလှူပွဲ ဌာပနာတိုက်ပိတ်ပွဲမှာ ထည့်ဝင်လှူဒါန်းမှာပါခင်ဗျာ''

''သာဓုပါဗျာ ... သာဓုပါ ... သာဓုပါ။ ကျွန်တော်တို့အောက်ဘက်ရွာတွေကလည်း ဆရာလေးတို့သတင်းကိုကြားရပြီး အားရကျေနပ်ကြလွန်းလို့ မနက်ဖြန် မြို့ပေါ်ရွာတင်မက ဇီးတောကြီးနဲ့တွင်းတောင်ရွာတွေဘက်ကတောင် အလှူကို လာရောက်ချီးမြှင့်ကြမှာပါ''

''ကောင်းပါရဲ့ ဥက္ကဋ္ဌခင်ဗျား။ ဒီမှာလည်း ထမင်းရည်ချောင်းစီး မောင်းတီးပြီးလှူဖို့ လူ (၁၀၀၀) လောက်မှန်းပြီး ဆောင်ရွက်ထားပါတယ်။ ဥက္ကဋ္ဌတို့ ...ဒီရွာမှာ ဒီညအိပ်မှာမို့လား''

''မနက်ဖြန် အလှူနေ့ဆိုတော့ ပြန်လို့မရတော့ဘူးလေ။ ကဲအခုတော့ ကျွန်တော်တို့ပါလာတဲ့လှည်းတွေနဲ့ မုံထူးရွာဘက် သွားကြရအောင်''

''ဟုတ်ကဲ့ ... အတော်ပါပဲ၊ သွားရင်းလာရင်း ကန်တော်ရှင်မဘုရားနဲ့ ဘုန်းတော်ကြီးကျောင်းကို ဝင်ကြတာပေါ့နော်''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ လှည်း (၂)စီးဖြင့် ထွက်လာတော့ နေပူရှိန်အပြင်းဆုံးအချိန်ဖြစ်သော်လည်း ကျွန်တော်တို့ အပူဒဏ်ကိုမေ့နေကြသည်။ ရွာပြင်ရောက်သည်နှင့် ကန်တော်ရှင်မ ကန်ပေါင်ရိုးပေါ်မှ ရွှေရောင်တဝင်းဝင်းနှင့်စေတီအပြင် သွပ်မိုးတပြောင်ပြောင်နှင့် ဇရပ်၊ တစ်ခါဘုန်းတော်ကြီးကျောင်းဝင်းဘက် ကွင်းပြင်၌လည်း ခန့်ထည်သောနှစ်ထပ်ကျောင်းကြီးနှင့် ကြီးမားသောဇရပ်ကြီးကို သွပ်မိုးတလျှပ်ရောင်ပြန်ကြောင့် မျက်စိကျိန်းစပ်အောင် မြင်နေရသည်။ ကျွန်တော်တို့ ကန်တော်ရှင်မဘုရားအား အရင်ဝင်ရောက်ဖူးမျှော်ကြသည်။

ပန်းရန်ဆရာကြီး ဦးအေးမောင်နှင့်သားဖြစ်သူ ကိုအေးဆောင်တို့က ဌာပနာတိုက်နှင့်တံတိုင်းများကို အချောကိုင်နေကြသည်။ ဇရပ်အတွင်း၌ ဘယ်အချိန်ကရောက်နေမှန်းမသိသော မလေးနွယ်က သွပ်ပြားများကို စုလစ်၊ မွန်းချွန်၊ ပန်းဆွဲအတောင်ရှားအဖြစ် ပုံဖော်နေသည်။ ရွာကာလသားအဖွဲ့က ဝိုင်းဝန်းလုပ်အားပေးနေကြသည်မှာ မြိုင်ဆိုင်လှသည်။

ကျွန်တော်တို့အဖွဲ့ ဝမ်းမြောက်ဝမ်းသာ ဘုရားဖူးကြပြီး မလေးနွယ်ကို အားပေးနှုတ်ဆက်ကြရသည်။

ဉက္ကဋ္ဌက ...

"အင်း ... ကျောင်းဆရာလေးတို့ကတော့ စည်းရုံးရေးလည်း ကောင်းပ။ အတတ်ပညာရှင်ရွေးချယ်တာလည်း တော်ပ့ဗျာ။ ချက်ချင်းကို အကောင်အထည်ဖော်နိုင်တာပဲနော်"

"အဘသူကြီး ဦးဆောင်တာပါ ဉက္ကဋ္ဌခင်ဗျား။ ကျွန်တော်တို့ ညှိနှိုင်းလုပ်ကြတာပါ"

"ဟော့သည်မှာ ... ကမ္ပည်းစာတောင် ထွင်းပြီးပြီပဲ"





"ကန်တော်အရှင်မ ... ကိုးတောင်ပြည့်စေတီတော်၊ ကန်တော်အရှင်မအားရည်စူးပြီး ထူးကြီးရွာသူကြီးဦးစံရွှေ၊ အသုံးလုံးကျောင်းဆရာ၊ ဦးသိန်းဝင်းနှင့် ဦးတင်ရွှေတို့က ကမကထဦးဆောင်ဦးရွက်ပြု၍ အလှူရှင်များနှင့် ရွာသူရွာသားများကောင်းမှု" ဆိုပါလား၊ စည်းလုံး ညီညွတ်လိုက်ကြတာဗျာ။ ဘုရား၊ ကျောင်းကန်၊ ဇရပ်လည်း ပြည့်စုံပြီဆိုတော့ ထူးကြီးရွာကို ရွာကြီးအဆင့်တိုးမြှင့်ပေးဖို့ ကျွန်တော်တို့ မြို့နယ်ကို စာတင်ပါ့မယ်"

"ကောင်းပါ့ ဉက္ကဋ္ဌရယ်။ တစ်ချိန်မှာ စည်ကားတဲ့ရွာကြီး ဖြစ်လာတော့မှာပေါ့ဗျာ၊ နော်"

"အမှန်ပဲပေါ့ ကျောင်းဆရာရယ်"

"ဒါနဲ့ ကန်ကြီးကလည်း ဖော်ထားတာမကြာသေးဖူးထင်တယ်နော်"

"ဟုတ်ပါတယ် ဉက္ကဋ္ဌ။ ပြီးခဲ့တဲ့ တပေါင်းလပြည့်နေ့က ကန်တော်ဆယ်ပွဲ လုပ်ခဲ့တာပါ။ အဲ့ဒီကစပြီး ကျွန်တော်နဲ့ ကန်တော်ရှင်မ စတင်ပြီး ရင်းနှီးခဲ့တာပါ။ အိပ်မက်ထဲမှာပါ"

"ဆရာလေးရယ် ... ဆရာလေး မြေတူးတိုင်း ရတနာသစ္စည်းတွေရတယ်လို့ သိရပါတယ်။ အခု ကန်ပေါင်ရိုးပေါ်မှာ ဘုရားတည်၊ ဇရပ်ဆောက်ပြီး ရွာကျောင်းဝင်းထဲမှာလည်း ကျောင်းဆောက်၊ ဇရပ်ကြီးဆောက်ရတာ အကျယ်ကြီးပဲ။ ရတနာသစ္စည်းတွေ ထပ်မရတော့ဘူးလား"

"ကန်တော်ရှင်မ ပေးမှရတာပါ။ သူမ ပေးချင်ရင်လည်း အိပ်မက်ကြိုပေးတတ်ပါတယ်။ အခုလည်း ကန်တော်ရှင်မပေးတာ၊ စေတနာ



www.burmeseclassic.com

www.burmeseclassic.com



အလှူရှင်တွေပေါ်လာလို့ ပိုလျှံအောင်နေပါသေးတယ်။ အဲ့ဒီပိုတဲ့ ရတနာပစ္စည်းတွေကို မနက်ဖြန်အလှူနေ့မှာ ဘုရားဌာပနာတိုက်သွင်းမှာပါ''

''ကောင်းဗျာ ... မုံထူးရွာဘက်သွားကြရအောင်။ အပြန်မှ ဘုန်းကြီးကျောင်းဝင်တာပေါ့။ အခုလည်း လှမ်းမြင်နေရတာပဲ။ လုပ်အားပေးကြတဲ့ ရွာသူရွာသားတွေက မနည်းဘူးနော်။ သူတို့ အလွန်ပျော်ရွှင်ဝမ်းသာနေကြမှာပဲ''

''တစ်သက်တစ်ခါ ကြုံရတဲ့ပွဲပဲ ဥက္ကဋ္ဌရယ်။ အကုန်သူ အလွန်ပျော်ကြတာပေါ့။ ဝေးလွန်ခေါင်ဖျား ခြောက်ခန်းလှတဲ့ ထူးကြီးရွာပတ်ဝန်းကျင် စည်ကားတိုးတက်စေဖို့ အဖိုးတန်ထွက်ကုန်တော့ ထွက်ဖို့လိုတယ်ဗျ။ ဒါမှလည်း လူတွေစိတ်ဝင်စားပြီး ရွာစည်ကားလာမှာပါ''

''ဆရာလေးရယ် ... ရေရှားတဲ့အရပ်ဒေသမှာ လူတွေတောင်မဖြစ်မနေ သံယောဇဉ်နဲ့နေကြရတာ။ အဲ ... မြေကြီးထဲက ရတနာပစ္စည်းတွေ၊ ရွှေတွေ၊ ငွေတွေ အမြဲတမ်းထွက်နေရင်တော့ နီးစပ်ရာရွာတွေကလူတွေ ပြေးလာကြပြီး အလွန်စည်ကားသွားမှာပါပဲ''

ထိုစဉ် ကျွန်တော့်ခေါင်းထဲသို့ အလင်းရောင်တစ်ချက် ဝင်းခနဲဝင်လာသည်။ ထူးကြီးရွာပတ်ဝန်းကျင်မြေကို စမ်းသပ်၊ စစ်ဆေးကြည့်ရန်ဖြစ်သည်။ စမ်းသပ်ရန်ပစ္စည်းအနေဖြင့်လည်း ရေ၊ ကျင်ဝိုင်း၊ လက်ကိုင်ပဝါတစ်ထည်နှင့် ပြဒါးအနည်းငယ်သာလိုပါသည်။ ကျွန်တော်တို့ မုံထူးရွာသွားရန် ပြင်ဆင်တော့မှ ကျွန်တော် မလေးနွယ်အား နှုတ်ဆက်ဖြစ်သည်။

''ညီမ မလေးနွယ်ရေ ... အစ်ကိုတို့ မုံတူးရွာဘက် သွားလိုက်ဦးမယ်။ ဟိုမှာ အသုံးလုံးသင်တန်းသားတွေ စစ်ဆေးပြီးမှ ပြန်နိုင်မှာဆိုတော့ ဒီနေ့အစ်ကို မလေးနွယ်ကိုမကူညီနိုင်တော့ဘူး''

---

စိတ်ကူးသစ်စာပေ



''ရပါတယ် အစ်ကို။ ဒီမှာ ကူညီမဲ့ရွာကာလသားအဖွဲ့နဲ့ ကလေးတွေရှိပါတယ်။ မလေးနွယ်ကပုံဖော်ပြီး အဖေနဲ့မောင်လေးက တပ်ဆင်မှာပါ။ ညနေစောင်းဆို ပြီးပါပြီ။ ဘုရားမုခ်ဝမှာ ခြင်္သေ့ရုပ်တွေ၊ ထုချင်တယ်လို့ သူကြီးက ပြောပါတယ်။ ဒါပေမဲ့ မမီနိုင်တော့ပါဘူး။ ဘုရားပွဲပြီးမှပဲ အေးအေးဆေးဆေး စိတ်ကိုင်းကျထုလုပ်ပေးပါ့မယ်လို့ တောင်းပန်ထားရတယ်''

''ညီမတို့က ဒီရွာမှာ ကြာဦးမှာပဲ။ လိုအပ်တာတွေ တဖြည်းဖြည်းနိူင်းပြီး လုပ်ကြတာပေါ့ကွယ်''

''ဟုတ်ကဲ့ပါ အစ်ကို၊ ညီမက ပြောပြတာပါ။ အစ်ကို ညနေတော့ စောစောပြန်ခဲ့ပါ။ ကန်တော်ရှင်မနတ်နန်းမှာ အမွှေးတိုင်၊ ဖယောင်းတိုင်တွေ ပူဇော်ချင်လို့ပါအစ်ကို''

''အေးပါကွယ် ... အေးပါ''

ကျွန်တော်တို့လှည်းနှစ်စီး ရွာကျောင်းဝင်းကိုပတ်၊ ကွင်းပြင်ကျယ်ကြီးကိုဖြတ်ပြီး မုံတူးရွာဘက်သို့ မောင်းခဲ့ကြသည်။ လှည်းလမ်းကြောင်းတစ်လျှောက် ဖုန်ကတထောင်းထောင်း။ နေပူရှိန်က ပူလို့ကောင်းတုန်း။

မုံထူးရွာအတွင်းဝင်တော့ ထန်းပင်ရိပ်များကြောင့် အတန်ငယ် အေးမြသွားသည်။ ဆယ်အိမ်ခေါင်းကိုကြက်နီအိမ်ရှေ့ရောက်တော့ တစ်အိမ်သားလုံး မရှိကြ။ ဘုန်းတော်ကြီးကျောင်း သွားနေကြသည်ဆိုသဖြင့် ဆယ်အိမ်ခေါင်းအိမ်ရှေ့ကွပ်ပျစ်တွင် ထိုင်ကြပြီး နီးစပ်ရာ အ,သုံးလုံးသင်တန်းသားများအား ကလေးတစ်ယောက်ကို စုစည်းခေါ်ခိုင်းရသည်။ ရောက်လာသူများက (၁၀)ဦးထက်မပို။ လုပ်အားပေးသွားနေကြ၍ ဖြစ်သည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ရှိသည့်သူများအား (အ) သုံးလုံး အခြေခံသင်ရိုး အရေး၊ အဖတ်၊ အတွက်ကို စစ်ဆေးကြသည်။ ကျွန်တော်တို့ဆရာများ၏ စေတနာ၊ သင်တန်းသားများ၏ ကြိုးစားမှုကြောင့် ကော်မတီလူကြီးများ စစ်ဆေးရာ၌ အားရကျေနပ်ကြသဖြင့် အောင်မြင်ပါသည်။ ထိုစဉ် ရွာမှ ကျန်ရှိသူများက ရေနွေးလင်ဗန်းများနှင့် လက်ဖက်စုံသုပ်၊ အကြော်စုံများဖြင့် လာရောက်တည်ခင်း ကျွေးမွေးကြပါသည်။

"ဥက္ကဋ္ဌတို့ . . . သုံးဆောင်ကြပါ၊ ဒီမုံထူးရွာက ရွာငယ်လေးပါ။ အိမ်ခြေ (၂၀)ကျော်လောက်ပဲရှိပါတယ်။ စီးပွားရေးက မကောင်းကြတော့ ဆင်းရဲကြပါတယ်။ ဒါကြောင့် သည်းခံပြီး သုံးဆောင်ကြပါ"

"ကျွန်တော်တို့လည်း ထူးကြီးရွာကသူကြီးအိမ်မှာ ထမင်းအဝစားလာခဲ့ပြီးပါပြီ။ ရေနွေးကြမ်းလောက်ရရင်ပဲ အဆင်ပြေပါတယ်ခင်ဗျ။ ကျေးဇူးတင်ပါတယ်"

ထိုစဉ် ကျွန်တော် ဆယ်အိမ်ခေါင်းကိုကြွက်နီတို့အိမ်အနောက်ဘက် အပေါ့သွားသလိုနှင့်သွားရန် ခြံထောင့်တွင်အသင့်တွေ့ရသော ပေါက်ပြားဖြင့် သန့်သောနေရာမှ မြေတစ်လက်ခုပ်စာခန့် တူးယူလာခဲ့ပါသည်။ ညနေစောင်းတော့ စာသင်သားများအားနှုတ်ဆက်ပြီး ပြန်ခဲ့ကြပါသည်။

✿ ✿ ✿

❑

အပြန်ခရီးတွင် ကျနေဖြစ်သော်လည်း အိုက်စပ်ပူလောင်ဆဲ၊ လေမှာလည်း နွေးနေဆဲပင်။ ဘုန်းတော်ကြီးကျောင်းဝင်း၌ ကြည့်ကြပြန်သည်။ လှည်းအုပ်စုလိုက် ရောက်ရှိလာသော အုတ်ခဲကျိုးများ၊ သဲများဖြင့် ရေပ်ကြီးကြမ်းပြင်အား အင်္ဂတေလောင်းနေသည်မှာ ပြီးခါနီးပေပြီ။

ရေအသုံးများသော်လည်း ဘုန်းတော်ကြီးကျောင်းရေတွင်းက ရေထွက်ကောင်းသဖြင့် အဆင်ပြေသည်။ ကြက်သွန်နွာသူ၊ ဆီသတ်သူ၊ အသားကိုင်သူများ၊ မဲဇလီဟင်းချိုချက်ရန် ပြင်ဆင်နေသူများ၊ ငါးခြောက်ထောင်းကြော်နှင့် သရက်ချဉ်သုပ်ရန် ပြင်ဆင်နေသူများဖြင့် စည်ကားလှသည်။ ကျောင်းဝင်းတစ်ခုလုံး မီးခိုးတစ်လူလူ ဝေနေသည်။ ကျွန်တော် ကျောင်းဝင်းအတွင်းတူးဆွထားသော ကျင်းတစ်ခုအထဲမှ မြေတစ်လက်ခုပ်စာ ယူလိုက်ပြန်ပါသည်။

အဘသူကြီးနှင့် ဆရာတော်အား မတွေ့ရသဖြင့် ရှာရာ ဇရပ်ကျောင်းကလေးပေါ်၌ အလှူရှင်များနှင့် ဆွေးနွေးတိုင်ပင်နေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ကျောင်းပေါ်တက်သွားပြီး ဆရာတော်အား ဦးချ ဂါရဝပြုပြီးနောက် …

"ဆရာတော်ဘုရား … ကျောင်းကြီးပေါ်မှာ မစံမြန်းသေးဘူးလားဘုရား"

ဟု ကျွန်တော်က ပဋိသန္ထာရစကားဖြင့် နှုတ်ခွန်းဆက်တော့ ဆရာတော်က …

"ကျောင်းမအပ်ရသေးဘူး ဒကာကျောင်းဆရာရဲ့။ မနက်ဖြန်မနက်မှ ပြောင်းဖြစ်မှာ"

"ဆရာတော် ဘုရား၊ ဆရာ ဒကာအချင်းချင်းတွေပဲ၊ ကျောင်းအပ်အပ်၊ မအပ်အပ် ဆရာတော်ဘုရားကို ရည်ရွယ်ပြီးဆောက်တာပဲ၊ ကြိုက်တဲ့အချိန် တက်နေရုံပါပဲ ဘုရား"

"အဲ့လိုမဟုတ်သေးဘူးလေ … ဒကာရဲ့၊ အလှူရှင်က အခမ်းအနားနဲ့အပ်မှ ဗုဒ္ဓဘာသာထုံးစံအတိုင်း တရားနာ၊ ရေစက်ချ၊ အမျှဝေပြီးမှ လက်ခံရတာ ဒကာရဲ့"

"တပည့်တော် သိပါတယ်ဘုရား။ ဆရာတော်ဘုရား တင့်တယ်စွာစံမြန်းဖို့ တပည့်တော်က လောဆော်တာပါဘုရား"

"အိမ်း … ဘုန်းကြီးလည်း သိပါတယ်။ ဒကာလေး နောက်ပြောင်ကျီစားမှန်းလည်း သိပါတယ်။ အိမ်း … အိမ်း … အခုတော့လည်း နှစ်ပေါင်းများစွာ တရားကျင့်ကြံအားထုတ်ခဲ့တဲ့ ကျောင်းကလေးကို ပုထုဇဉ်ရဟန်းပီပီ သံယောဇဉ်မပြတ်သေးတော့ နှုတ်ဆက်စံမြန်းနေတာပါ။ မနက်ဖြန်မနက်စောစော ဖျက်ရတော့မယ်လေ။ ကျောင်းဟောင်းအနောက်က ဖိုရုံကလေးကတော့ ကျောင်းသစ်ကြီးဆောက်တာမလွတ်လို့ စောစီးစွာပဲ ဖျက်လိုက်ရပြီလေကွယ်"





ဖိုရုံဆိုမှ ကျွန်တော်သတိရသဖြင့် …

"အရှင်ဘုရား … ဖိုရုံဖျက်တော့ ပစ္စည်းတွေအသေအချာသိမ်းရဲ့လားဘုရား"

"မောင်ကျောင်းသားတွေကို အသေအချာ သိမ်းခိုင်းထားပါတယ် ဒကာကျောင်းဆရာ။ ဘာအလိုရှိလို့လဲ"

"တပည့်တော် ပြဒါးအရည်နည်းနည်း လိုလို့ပါဘုရား"

"ဒကာကျောင်းဆရာ ရွှေကျင်တော့မယ်ထင်ပါရဲ့"

"တင်ပါ့ဘုရား"

"ဒါနဲ့ ဘယ်ကမြေယူမှာလဲ"

"တပည့်တော် မုံထူးရွာကလည်း မြေတူးခဲ့ပါတယ် ဘုရား။ အခု ဆရာတော်ဘုရားကျောင်းဝင်းထဲက မြေလည်း နမူနာယူပြီးပါပြီ။ ဘာကယ်လို့ ဒီရွာတစ်ဝိုက်မှာသာ ရွှေထွက်ရင် ထူးကြီးရွာသူရွာသားတွေ ဝင်ငွေတိုးပြီး အရမ်းစည်ကားလာမှာပါဘုရား"

"အိမ်း … ဒကာလေးရည်ရွယ်ချက် ကောင်းပါပေတယ်။ ဆရာလေးဆန္ဒက တစ်ရွာလုံးကောင်းစားဖို့ဆိုတော့ ကန်တော်ရှင်မ မပါသေး၊ ဒါနဲ့ ကျင်ဗိုင်းကရော ဆရာလေး"

"လက်သမားဆရာတွေကို အဖြစ်လုပ်ခိုင်းမယ်လို့ စိတ်ကူးထားပါတယ်ဘုရား"

"အဖြစ်လုပ်မနေနဲ့တော့၊ ဘုန်းကြီးလူဝတ်ကြောင်တုန်းက သမရောဝတီမြစ်ကျဉ်းဘက်မှာ ရွှေကျင်ခဲ့တာ။ အမှတ်တရ ရွှေကျင်ပစ္စည်းတွေဖြစ်တဲ့ ပြဒါး၊ ကျင်ဗိုင်း၊ မှုတ်ပြောင်းတွေအကုန် ဖိုရုံထဲမှာထားတာ။ အခုတော့ ကျောင်းသားကလေးတွေ သိမ်းဆည်းထားရောပေါ့။ ဟဲ့ … မောင်ကျောင်းသားတို့ … ဒီဒကာလို အပ်ဘာမှန်သမျှ ဖိုရုံထဲမှာ သိမ်းထားတဲ့ပစ္စည်းတွေအထဲက ထုတ်ပေးလိုက်ကြ"



www.burmeseclassic.com

www.burmeseclassic.com



"တင်ပါ့ဘုရား"

ကျွန်တော် ကိုတင်ရွှေနှင့် ကျောင်းသားကလေးများကို ခေါ်ကာ ကျောက်ရေတွင်းအနီးတွင် မုံထူးရွာမှယူလာခဲ့သော မြေကြီးများအား ကျင်းဝိုင်းဖြင့် အထပ်ထပ်အခါခါ ကျင်သည်၊ ဖွတ်ချေးမြေခေါ် စနယ်မြေ အမျိုးအစားဖြစ်ပြီး ရွှေစ၊ ရွှေန တစ်မှုံတစ်လေပင် ကျင်ဝိုင်းအလယ်ခေါင်ချိုင့်အတွင်း၌ ကျန်မနေခဲ့ပါ။ မြေတွင်းမှ ရတနာပစ္စည်းထွက်ရန် အထောက်အထားမတွေ့ရ။

တစ်ခါ ဘုန်းကြီးကျောင်းမြေအား အထပ်ထပ်အခါခါ ကျင်ဝိုင်းလှည့်၍ ရေနှင့်ကျင်တော့ ရွှေမှုန် တစ်မှုန်နှစ်မှုန်ရသည်။ ထို့ကြောင့် ပုလင်းကလေးအတွင်းထည့်သိမ်းပြီး ကျောင်းသားကလေးတစ်ဦးအား ဖရုံဆောက်ရာတွင်ဖို့သော မြေကျင်းထဲမှ ထပ်မံယူခိုင်းပြီး ကျန်ကျောင်းသားလေးတစ်ဦးအား ကန်တော်ရှင်မကန်ပေါင်ပေါ်မှ ဆယ်ဖို့ထားသော မြေများကို ယူခိုင်းရပြန်သည်။

ကျောင်းမြေအား ထပ်မံကျင်တော့ ရွှေမှုန်အနည်းငယ်ရသည်။ ကန်ပေါင်ရိုးပေါ်မှ သဲမြေကိုကျင်တော့ ကျင်ဝိုင်း နှစ်ခါသုံးခါ မွှေ့သည်နှင့် ရွှေရွှေးဝက်ခန့်ရသည်။ ထို့ကြောင့် ဒုတိယကျောင်းသားလေးအား ကန်အတွင်းမှသဲမြေများအား ထပ်မံယူစေကာ ကျင်ဝိုင်းလှည့်ပြန်တော့ ရွှေမည်းတစ်ရွှေးသားခန့်ရသည်။ ထို့ကြောင့် ရွှေမည်းများအား ပုလင်းကလေးထဲ၌ ရေနှင့်အတူထည့်ထားပြီး ကျောင်းပေါ်သို့ ယူခဲ့ပါသည်။

ကျောင်းပေါ်ရောက်တော့ ဆရာတော်ဘုရားက ...

"ဒကာကျောင်းဆရာ ထူးခြားသလား"

"ထူးခြားပါတယ်ဘုရား။ မုံထူးမြေကတော့ စနယ်မြေဖြစ်ပြီး ရွှေစငွေစ မတွေ့ရဘူးဘုရား။ ကျောင်းထဲက ဖရုံကြီးဆောက်ဖို့တဲ့မြေကတော့ ရွှေစ တစ်မှုန်နှစ်မှုန် ပါတယ်ဘုရား။ ကန်ပေါင်ပေါ်က မြေက ကန်ဆယ်ပြီးဖို့ထားတာမို့ ရွှေမှုန်ရွှေးဝက်ခန့်ရတယ်။ ကန်အလယ် သဲမြေကိုကျင်တော့ ရွှေမည်း တစ်ရွှေးသားခန့်ရပါတယ်ဘုရား။ တပည့်တော်စစ်လိုက်ပါဦးမယ် ဘုရား"





ကျွန်တော် ကျောင်းသားကလေးများထံမှ ပြဒါးရည်တစ်ရွေးသားခန့်တောင်း၍ အစောကယူထားသော ပုလင်းကလေးအတွင်းသို့ လောင်းထည့်သည်။ ပြီးနောက် ကျွန်တော့်တွင်အသင့်ပါလာသော လက်ကိုင်ပဝါအတွင်း လောင်းချရာ ရေများ စိမ့်ထွက်ကုန်သည်။ ထိုအခါမှ ပုလင်းကလေးအတွင်းသို့ ညှစ်ချရာ ပြဒါးအရည်က ပုလင်းအတွင်း လက်ကိုင်ပဝါအဝတ်စအား ဖောက်ထွင်း၍ ကျသွားသော်လည်း ရွှေမည်းအမှုန်ကလေးများက ပဝါအတွင်း၌ ကျန်ခဲ့သည်။

ကျွန်တော် လက်ကိုင်ပဝါအားညှစ်၍ လုံးပြီး ရွှေမည်းအမှုန်လုံးကလေးအား ထုတ်ယူသည်။ ရေစိုနေသဖြင့် ရွှေမည်းမှုန်ကလေးများ စုဝေးကပ်နေသော အလုံးကလေးဖြစ်သည်။ အလျှုအတွက် ချက်မြှုတ်နေသော ထင်းမီးဖိုမှ ထင်းစတစ်စတောင်းစေပြီး သံပြားတစ်ချပ်ပေါ်တင်၊ ရွှေမည်းလုံးကလေးအား ထင်းမီးစ မီးခဲပေါ်တင်၍မှုတ်ပြောင်းအသေးကလေးဖြင့် မီးစအားမှုတ်ပေးရာ မီးအရှိန်ကြောင့် ရွှေမည်းမှုန်တွင်ကပ်နေသောချေးညော်များ မီးလောင်၍ ရွှေမှုန်ကလေးများ အရည်ပျော်ပြီး ပူးကပ်သွားသည်။

ထပ်မံမှုတ်ပေးရာ ရွှေရောင်ဝင်းလက်နေသော အလုံးကလေးသာ ကျန်တော့သည်။ ကျွန်တော်က ညှပ်ကလေးတစ်ခုဖြင့် ရွှေလုံးကလေးအား ကောက်ယူပြီး အအေးခံထားသည်။ စိမ်းဝါရောင်၊ ရွှေရိုင်းတုံးလေးမှာ တစ်ရွေးသားကျော်ကျော်ခန့် ကျန်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒကာကျောင်းဆရာကလေး ... ကျွမ်းကျင်လှချည့်လား။ ဘယ်အရပ်က သင်ယူခဲ့ပြီး ဒီဒေသမှာ ရွှေရှိမှန်း ဘယ်လိုသိတာလဲ။ ကန်တော်ရှင်မ အိပ်မက်ပေးတာလား"

"တပည့်တော်အမျိုးတွေက သပိတ်ကျင်းဘက်ကပါဘုရား။ တပည့်တော် အလည်ရောက်စဉ် စိတ်ဝင်စားလို့ လေ့လာထားတာပါ။ ဒီမှာ အကြံရတာကတော့ ထူးကြီး၊ မုံထူး ရွာသူရွာသားတွေ စီးပွားရေးမြင့်မားဖို့အတွက် စဉ်းစားရင်း အခုလို စမ်းသပ်ကြည့်လို့ အဖြေတွေ့တာပါဘုရား။ ကန်တော်ရှင်မ အိပ်မက်ပေးတာမဟုတ်ပါဘုရား"

"အိမ်း ... ကောင်းလေစွ၊ ကောင်းလေစွ။ ရွာစီးပွားရေးအခြေမြင့်တော့ ဘာသာ၊ သာသနာလည်း ပိုထွန်းကားပေတာပေါ့။ ဒါပေမဲ့ သူကြီးက တားမြစ်ဖို့လိုတာကတော့ မြေကို နေရာတကာ မတူးစေနဲ့။ ကန်တော်ရှင်မကိုခွင့်တောင်းပြီး ကန်အတွင်းမှာသာတူးပြီး စနစ်တကျ ကျင်ကြပါစေ။

ကျင်ပြီးတဲ့မြေစတွေကို ကန်ပေါင်ရိုးပေါ်မှာ ပုံနိုင်း။ ကန်ဆိုတာ နက်လေကောင်းလေပဲ။ ကန်နက်တော့ အစိုဓာတ်နဲ့ ရေနေတာပေါ့။ အခုတောင် ကန်ထဲကလက်ယက်တွင်းတွေက ရေတွက်နေတာဟာပဲ။

အိမ်း ... ကျောင်းဆရာ ဒကာလေးကတော့ ရွာအတွက် ဘက်စုံတိုးတက်မြင့်မားအောင် ကြံဆောင်တတ်တော့ အလွန်ချီးကျူးဖို့ ကောင်းပေတာပဲ။ ဝေးသီခေါင်ဖျား၊ ဆင်းရဲလှတဲ့ ထူးကြီးနဲ့ မုံထူးရွာတွေ တစ်နေ့မှာတော့ ချမ်းသာကြွယ်ဝတဲ့ရွာကြီးတွေဖြစ်ဖို့ လက်တစ်ကမ်းပဲ ရှိတော့တာပေါ့ကွယ်။ သာဓု ... သာဓု ... သာဓု"

စိတ်ကူးသစ်စာပေ



ဤမက်လာသတင်းမှာ ကျောင်းသားကလေးများထံမှတစ်ဆင့် ပြန့်ပွားသွားသဖြင့် ရွာသူ၊ ရွာသားအများ ချက်ချင်း လာရောက်ကြည့်ရှုကြသည်။ ကျွန်တော်တို့ကလည်း လျှို့ဝှက်ထားခြင်းမရှိဘဲ လုပ်နည်းကိုင်နည်းကိုပင် သင်ပြလိုက်ပါသေးသည်။

ထို့ကြောင့် အလှူအတွက် ဝမ်းသာပီတိဖြစ်နေကြသော ရွာသူရွာသားများ ရွှေကျင်ရရှိနိုင်သည့်သတင်းအား ဖြန့်ဝေကြရာ တစ်ခဏအတွင်း တောမီးပမာ ပြန့်နှံ့ကူးစက်သွားတော့သည်။ အရင်းအနည်းငယ်ဖြင့် စီးပွားဖြစ်ထွန်းနိုင်သော အလုပ်ဖြစ်သဖြင့် နောင်ဘွင် ရွာ၌ ထန်းလုပ်ငန်းပင် တိမ်ကောပပျောက်သွားပေလိမ့်မည်ထင်ပါသည်။

ကျွန်တော်နှင့်သူကြီးတို့အဖွဲ့ ရွာကျောင်းဆောက်လုပ်ရေးလုပ်ငန်းနှင့် ချက်ပြုတ်နေသည်များကို လှည့်ပတ်ကြည့်တော့ တစ်ရွာလုံးပျော်တပြုံးပြုံးဖြင့် ရွှေကျင်သည့်သတင်းက ပျံ့နှံ့နေချေပြီ။ ကျောင်းဝင်းအပြင်ထွက်တော့ လေအဝေ့တွင် ဆည်းလည်းသံတချွင်ချွင်၊ ရွှေရောင်တဝင်းဝင်းနှင့် နေဝင်ဆည်းဆာအလှအား တန်ဆာဆင်နေသည်။

ကန်တော်ရှင်မဘုရားအား သပ္ပာယ်စွာ ဖူးတွေ့ရသည်။ ဘုရားဝန်းကျင်တွင် လှုလေးငါးဦးခန့်သာ မြင်ရတော့သည်။ ထိုအချိန်မှ ကျွန်တော် သတိရမိတော့သည်။ ကန်တော်ရှင်မနတ်နန်းအား အမွှေးတိုင်၊ ဖယောင်းတိုင်များဖြင့်ပူဇော်ရန် မလေးနွယ်နှင့်ချိန်းထားသည်လေ။

ကန်ပေါင်ပေါ်ရောက်တော့ ဇရပ်အတွင်း မလေးနွယ်မရှိတော့။ ရွာပြန်သွားပြီဖြစ်ပေမည်။ ပန်းရံဆရာသားအဖကတော့ မပြန်ကြသေး။ လိုအပ်သည်များကို ဟာကွက်မရှိအောင် ဖြည့်ဆည်းနေသည်။ ဇရပ်ကြီးမှာ တင့်တယ်စွာပြီးစီးသွားပြီဖြစ်ပြီး ခေါင်မိုးပေါ်၌ စုလစ်မွန်းချွန်

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



များနှင့် အမိုးပန်းဆွဲများလည်း တပ်ဆင်ပြီးနေချေပြီ။ ကျွန်တော်တို့ ဘုရားကိုဖူးကြသည်။

သစ်လွင်သပ်ရပ်လှသော ဘုရားစေတီမှာ ကန်တော့နှင့် အလွန် လိုက်ဖက်တင့်တယ်ပါသည်။ ဘုရားနောက်ခံ ထန်းညီနောင်ကလည်း နေဝင်ချိန်ပန်းချီကားတစ်ချပ်နှယ် လိုက်ဖက်တင့်မောလှသည်။ ရေမရှိသောကန်ပြင်ကို ဖြတ်သန်းတိုက်ခိုက်လာသော လေနုအေးကလေးကလည်း လူကို လန်းဆန်းစေပါသည်။ တစ်ချိန်လုံး ငြိမ်နေကြသည့် အ, သုံးလုံးကော်မတီလူကြီးများက လွန်စွာ ကျေနပ်အားရသောလေသံဖြင့် ...

''ဆရာလေးရေ ... ပြောင်းလဲချက်ကတော့ တအားပဲဗျာ။ အလွန်သာယာတာပေပဲ။ အဲ ... တစ်ခုပဲလိုတယ်ဗျာ။ ဘုရားကို လျှပ်စစ်မီးပူဇော်နိုင်ရင်တော့ အလွန်ကောင်းမှာပဲနော်''

ထိုစဉ် အဘသူကြီးက ...

''ဩော် ... ဥက္ကဋ္ဌဦးမြတ်စိုးနဲ့ ဆရာလေးတို့ကိုတောင် မပြောရသေးဘူး။ ရွှေကျင်သတင်းက ကျယ်ပြန့်သွားတော့ မေ့နေမိတယ်။ မီးစက်နှစ်လုံးအလှူရှင် ပေါ်လာပြန်တယ်။ နောက်ကျနေတယ်။ အခုပဲ ရောက်တော့မှာပါ။ ဟိုကလည်းဟန်းဖြစ်မယ်။ မြို့ပေါ်ရွာက သစ်ဆိုင်ပိုင်ရှင်တွေပဲ''

''ဒီည ဘုရားကော၊ ကျောင်းကြီးပါ မီးလင်းမှာပါ။ နောက်ပြီး မုံရွာမြို့ပေါ်က အငြိမ့်လည်း ငှားထားတယ်။ မနက်ဖြန်ည ဝင်မယ်။ ဘုရားပွဲ၊ ကျောင်းရေစက်ချလှူပွဲနဲ့ ဆရာလေးတို့ကို နှုတ်ဆက်ပွဲပေါ့။ ကျွန်တော်နဲ့ ဆရာတော် တိုင်ပင်ပြီး လုပ်ထားတာပါ''

''အင်း ... ဒါဆို အလှူနစည်ကားပြီပေါ့ဗျာ''





''ဟုတ်ပါ့ ... ဥက္ကဋ္ဌရယ်၊ ဘက်ကိုစုံနေတာပဲ။ လူကြီးရွာသူကြီးကတော့ စေ့စပ်ပါပေရဲ့ဗျာ''

ဇီးတောကြီးရွာသူကြီး ဦးအောင်မောင်းက ထောက်ခံသည်။

လှည်း (၂)စီးမှာရပ်၍ တစ်စီးမှာ ကျောင်းကြီးထဲဝင်သွားပြီး တစ်စီးမှာ ခြူသံတလွင်လွင်နှင့် ဘုရားဘက်သို့ လာနေသဖြင့် အဘသူကြီးက ...

''ကဲ ... ဆရာလေးတို့က မီးစက်ဆင်ဖို့ ဘုရားပေါ်မှာ နေခဲ့ပါ။ ကျွန်တော်ကတော့ ကျောင်းကြီးနဲ့ ဇရပ်ကြီးရယ်၊ ချက်ပြုတ်သူများအတွက် မီးဆင်ပေးဖို့ လူခွဲလိုက်ကြရအောင်''

''ဟုတ်ကဲ့ပါ သူကြီး''

ကျွန်တော်တို့ ကန်ပေါင်အောက်ဆင်း၍ ကြိုဆိုကြသည်။ လှည်းဆိုက်လာတော့ ROBIN တစ်ကောင်အား ဓာတ်ဆီအင်ဂျင်မီးစက်ကလေးသာဖြစ်၍ ပေါ့ပါးပါသည်။ မီးသမား၊ ကျွမ်းကျင်သူများပါ၍ ချက်ချင်းတပ်ဆင်ကြသည်။ ပန်းရန်သားအဖပါရှိသေး၍ ဝါးယားလှေတံခါးဖြင့် စိန်ဖူးတော်အောက် ငှက်မြတ်နားအထိ မီးဆင်ကြသည်။

အောက်တွင် ဆလိုက်မီးလေးလုံး ဆင်သည်။ တစ်ကောင်အားကို တွက်ချက်၍ မီးဆင်ကြခြင်းဖြစ်သည်။ တစ်နာရီခန့်အကြာ မိုးချုပ်စတွင် ပြီးစီးရာ မီးစက်နှိုးလိုက်သည်နှင့် ရွှေရောင်ပြောင်ဝင်းနေသောစေတီတော်မှာ ရွှေစေတီအလား လွန်စွာ သပ္ပာယ်ခန့်ညားသော အသွင်ပေါ်လာသည်။ ကျွန်တော်တို့အားလုံး ဝတ်ပြုရှိခိုးကြသည်။

ဘုရားမီးဆင်ပြီးသော်လည်း ကျောင်းကြီးဘက်က မီးမလင်းသေး၍ ကျွန်တော် ကိုတင်ရွှေကို မီးသမားများအားလိုက်ပို့စေပြီး ကျွန်တော်က ဥက္ကဋ္ဌဦးမြတ်စိုးနှင့် ပန်းရန်ဆရာသားအဖအား ခေါ်ခဲ့ပြီး ရွာသို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ခဲ့ကြရာ လမ်းတွင် မီးလင်းနေသဖြင့် ရွာမှဘုရားဖူးများ တဖွဲဖွဲ ရောက်လာကြသည်ကို ကြုံရသည်။

သူကြီးအိမ်တွင်လည်း ဧည့်သည်များစုံနေသည်။ မလေးနွယ်ကို မတွေ့ရသဖြင့် သူကြီးသမီးများကိုမေးတော့မှ သူမတို့အိပ်ခန်းထဲတွင် ပြင်ဆင်ပြီးစောင့်နေကြောင်း သိရတော့သည်။ သူကြီးအိမ်၌လည်း ကျွန်တော် ရွှေကျင်သည့်သတင်းက ပြန့်နေပြန်သည်။

ကျွန်တော် ရေအမြန်ချိုး၊ အဝတ်အစားလဲကာ မလေးနွယ်ကိုခေါ်၍ ကန်တော်ရှင်မနတ်နန်းဘက်သို့ ထွက်ခဲ့ကြသည်။ ပတ်ဝန်းကျင်မှာ မှောင်ချေပြီ။ လကွယ်လနီးပြီဖြစ်၍ လရောင်က အားမကိုးရ။ လက်နှိပ်ဓာတ်မီးကလေးယူခဲ့၍ တော်တော့သည်၊ ရွာအရှေ့ကန်တော်ရှင်မလျှိုဘက်မှာ လူအသွားအလာပြတ်လှသည်။

အညာဒေသ၊ နွေနေပူချိန်တွင် မြေဆိုးရန်က ကြောက်ရသေးသဖြင့် လမ်းပေါ်တွင် အတော်သတိထားရသည်။ လျှိုနားနီးတော့ လျှိုကြီးအအေးဓာတ်ကြောင့် လမ်းပေါ်တွင် မြက်ပင်ကလေးများပေါက်နေသည်။

လျှိုနံဘေးရောက်တော့ မလေးနွယ်က ကျွန်တော့်အား ကျောက်ဖျာကြီးပေါ်တွင်ထိုင်နိုင်းပြီး သူက အသင့်ပါလာသည့် ကပ်ကြေးကလေးဖြင့် တံတိုင်းမွှေးပန်းများကို ချူးနေသည်။ ကန်တော်ရှင်မနတ်နန်းတွင် ကပ်ရန်ဖြစ်ပါလိမ့်မည်။ ကျွန်တော်က မြေပါးကင်းပါးစိုးရိမ်၍ ချုံအောက်ခြေနှင့် ပတ်ဝန်းကျင်ကို မီးထိုးပြရသည်။

ပန်းတွေ တစ်ပွေ့ကြီးရမှ ကျွန်တော်တို့ နတ်နန်းရှိရာလျှို အထက်ကုန်းမြင့်ပေါ်သို့ တက်ခဲ့ကြသည်။ ပတ်ဝန်းကျင်မှာ ပန်းချုံများ





ဖြင့် မဲမှောင်နေသည်။ ကြယ်ရောင်သာ အလင်းရောင်ရှိသည်။ ဖယောင်းတိုင် မီးထွန်းပေးလိုက်မှ နတ်စင်နှင့်ပတ်ဝန်းကျင်မှာ လင်းသွားသည်။

မလေးနွယ်က ပန်းအိုးများလဲနေသဖြင့် ကူညီရသည်။ ပြီးမှ အမွှေးတိုင်များထွန်းပြီး ကျောက်ဖျာပေါ်တွင် ကျုံ့ကျုံ့ကလေးထိုင်ကာ ကန်တော့တော့သည်။ ကျွန်တော်က ယောကျ်ားလေးဖြစ်၍ ကန်တော်ရှင်မအား မကန်တော့ပါ။ သို့သော် ရွာ၏ကျေးဇူးရှင် ဘုရားဒါယိကာမ ကျောင်းဒါယိကာမဖြစ်သဖြင့် ကျန်းမာချမ်းသာစေရန် မေတ္တာတော့ ပို့နေမိပါသည်။

ကန်တော်ရှင်မအား ခွင့်ပြုချက်မတောင်းဘဲ ကျွန်တော်က ကန်အတွင်းသဲမြေဖြင့် ရွှေကျင်နည်းကို ဖော်ထုတ်လိုက်သဖြင့် ကျွန်တော့်အား အပြစ်တင်နေမည်လားတော့ မသိနိုင်ပါ။ အိပ်မက်မပေးသည်မှာလည်း ကြာပြီဖြစ်သည်။ ကျွန်တော်၏ ကိုယ်ကျိုးအတွက်မဟုတ်ဘဲ ရပ်ရွာအကျိုးအတွက် ဆောင်ရွက်ခြင်းဖြစ်သဖြင့် ကန်တော်ရှင်မ ခွင့်လွှတ်တန်ကောင်းပါသည်။ နာရီဝက်ခန့်ကြာမှ မလေးနွယ်ကန်တော့၍ ပြီးစီးသဖြင့် ...

“အစ်ကို ... ဒီနေ့ အလုပ်အလွန်များတာပဲနော်”

“အေးလေကွယ် ...။ အ,သုံးလုံးကော်မတီကလူကြီးတွေကလည်း ရောက်လာတော့ ပိုအလုပ်ရှုပ်သွားတာပေါ့။ ဒါပေမဲ့ စာသင်သားတွေ အသုံးလုံးကျေကြလို့ ဝမ်းသာကျေနပ်မိပါတယ်။ ညီမ၊ ရွာတောင်စွန်းကို ကြည့်လိုက်ပါဦး။ ရွှေရောင်တဝင်းဝင်းနဲ့ မီးပူဖော်ထားတဲ့စေတီအပြင် ရွာကျောင်းကြီးမှာလည်း လျှပ်စစ်မီးရောင်တွေ လင်းထိန်နေတာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့နော်။ အဲဒီကိစ္စတွေကိုရော အစ်ကိုတို့ ဆောင်ရွက်တာလား"

"မြို့ပေါ်ရွာက အလှူရှင်တွေ စေတနာနဲ့ မီးစက်တွေလာလှူကြတာပါ၊ အစ်ကိုတို့က ဝိုင်းလုပ်ရုံသက်သက်ပါ"

"အစ်ကို့သတင်းကလည်း မွှေးနေတာပဲနော်။ ပြန်ခါနီးလေမွှေးလေပဲ"

မလေးနွယ်က နတ်စင်တွင်ကပ်၍ပိုသော တံတိုင်းမွှေးပန်းများကိုပန်ရင်း ကျွန်တော့်အား ပြောနေခြင်းဖြစ်သည်။ ခနဲ့တာလား ရွဲ့တာလားတော့မသိ။

"ပြန်ဖို့ရက်က ကပ်နေပြီလေကွယ်။ အဲဒီတော့လည်း လုပ်သင့်တာမှန်သမျှ ဖုတ်ပူမီးတိုက်လုပ်မှ တန်ကာကျတော့မပေါ့။ ဒါနဲ့ ညီမက အစ်ကိုသတင်းတွေ မွှေးနေတယ်ဆိုတာ ဘာကိုပြောတာလဲ"

"ဩော် … ရွာသူရွာသားတိုင်း ပါးစပ်များမှာ အစ်ကို့နာမည်ကိုပဲ ပြောနေကြတယ်။ အတူလာကြတဲ့အထဲ ဆရာကိုတင်ရွှေနာမည်က မထွက်ဘူးလေ။ အခုလည်း ကြည့်ပါလား။ အသုံးလုံးအောင်မြင်တဲ့သတင်းအပြင် ဘုရားတည်၊ ကျောင်းဆောက်၊ ဇရပ်ဆောက်ရာမှာလည်း အစ်ကိုပဲ။ ဟော့ … အခုကြည့်၊ ရွှေရှာနည်းကိုလည်း သင်ပြပြန်ပြီတဲ့"

"အဲဒါ မလေးနွယ် သဘောမကျဘူးလား။ ဝမ်းမသာဘူးလား"

"ကောင်းတာလုပ်တာပဲ အစ်ကိုရယ်၊ ညီမ သဘောလည်းကျပါတယ်၊ ဝမ်းလည်း သာပါတယ်။ အစ်ကိုပင်ပန်းမှာ စိုးလို့ပြောရတာပါ၊ နောက်ပြီး ညီမမှာ တားပိုင်ခွင့်လည်းမရှိပါဘူး"





"တားပိုင်ခွင့်ရှိရင် တားမှာလား"

"မကောင်းတာလုပ်ရင်တော့ တားပိုင်ခွင့်ရှိရှိ၊ မရှိရှိတားမှာပဲ"

"ကဲ … တားစေဗျား"

ကျွန်တော့်အနီးတွင်ထိုင်နေသော မလေးနွယ်အား ကျွန်တော်၏ ရင်ခွင်အတွင်းသို့ ဆွဲသွင်းလိုက်မိပါသည်။ ထိုစဉ် ကန့်ကွက်ရှင်မသဘောတူ၍ဘဲလား၊ မလေးနွယ်ခေါင်းမှ ဝေနအောင်ပန်ထားသော တံတိုင်းမွှေးပန်းများကြောင့်လားမသိ၊ ပန်းရနံ့မှာ ပတ်ဝန်းကျင်၌ မွှေးပျံ့သွားသည်။

"အစ်ကို … တော်တော့ကွယ်။ ညီမ အသက်ရှူကြပ်တယ်"

"တားတာလား"

"တားချင်ပေမဲ့ မတားရက်ပါဘူး အစ်ကိုရယ်"

"အင်း … ဒါဆို အစ်ကိုဖွင့်ပြောတော့မယ်နော်"

"ညီမ မလေးနွယ်ကို စမြင်ကတည်းက အစ်ကို ချစ်မြတ်နိုးမိတာပါ။ ပြန်ခါနီး အချိန်ကအလွန်နည်းနေတော့ မပြောရက်ခဲ့ပါဘူး။ နောက်ပြီး အစ်ကိုက အလုပ်မရသေးဘူး။ တက္ကသိုလ်ကျောင်းသားအဆင့်ပဲရှိသေးတာ။ စောနေမလားထင်လို့ပါ။

ဒါပေမဲ့ ပြန်ခါနီးလေ ညီမကို လွမ်းဆွတ်သတိရလေလဆိုတော့ မအောင့်နိုင်တော့ဘူးကွယ်။ ညီမဘက်က အခက်အခဲရှိရင် အဖြေမပေးပါနဲ့။ ကိုယ့်ဘက်ကပဲ တစ်ဖက်သတ်ချစ်နေပါ့မယ်။ အစ်ကို အခုလိုရင်ဖွင့်လိုက်ရတော့ ရင်ထဲမှာရှင်းသွားတယ်"

"ဩော် … အစ်ကိုရယ်၊ ညီမလည်း အစ်ကိုလိုပါပဲ။ မြင်မြင်ချင်း တွယ်တာမိတာပါ။ ဒါပေမဲ့ အစ်ကိုဘဝနဲ့ ညီမဘဝက အနေဝေးလွန်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"လာချင်ရင် အနီးကလေး၊ မလာချင်ရင် ခရီးဝေးဆိုတဲ့ စကားပုံတောင် ရှိသေးတာပဲ ညီမရယ်။ အစ်ကို ဆက်ဆက်ပြန်လာမှာပါ။ ဒါပေမဲ့ အစ်ကိုက အခုမှ ဒုတိယနှစ်ဖြေအပြီး ထွက်လာတာဆိုတော့ ကျောင်းအပြီး အလုပ်အကိုင်ရဖို့နဲ့ဆိုရင် (၃)နှစ်လောက်တော့ စောင့်ပါကွယ်။ တင့်တောင့်တင့်တယ် အစ်ကို လက်ထပ်ယူပါ့မယ်။ ဒီကြားထဲမှာလည်း အဆက်အသွယ်မပြတ်တမ်း စာရေးကြတာပေါ့။ နွေရာသီကျောင်းကြီးပိတ်တာနဲ့ တစ်နှစ်တစ်ကြိမ် အစ်ကိုညီမဆီကို အမြန်အပြေးလာမှာပါကွယ်"

"ယုံပါတယ် အစ်ကို။ အစ်ကိုအလုပ်မရသေးရင်လည်း ညီမက ညီမပညာနဲ့ လုပ်ကျွေးနိုင်ပါတယ်"

"စောင့်ပါကွယ်။ ထမီနားခိုစားတဲ့ယောက်ျားလို့ အပြောမခံနိုင်ပါဘူး။ အစ်ကိုစိတ်ဓာတ်လည်း ညီမအသိသားနဲ့"

"သိပါတယ် အစ်ကို။ အစ်ကို့လုပ်ဆောင်မှုနဲ့ အလုပ်ကောင်းကောင်းမရနိုင်စရာ အကြောင်းမရှိပါဘူး။ ဒါပေမဲ့ အကြာကြီးတော့ ခွဲမနေချင်ဘူး အစ်ကိုရယ်"

"သည်းခံပါ ညီမရယ်။ အောင့်အီးစောင့်ထိန်းနိုင်ခြင်းဟာ အောင်မြင်ခြင်းရဲ့လမ်းစပါပဲ။ 'အောင့်နိုင်ရင် အကျိုးရှိ၊ စောင့်နိုင်ရင် သူနိုးမိ' ဆိုတဲ့စကားပုံတောင် ရှိသေးတာပဲ"

"စိတ်ချပါ အစ်ကို။ ညီမ သစ္စာရှိရှိ စောင့်ပါ့မယ်။ အုပ်ထိန်းသူတွေကိုလည်း အသိပေးပြီး ခွင့်ပန်ထားပါ့မယ်"

"ဒါမှ ကိုယ့်အချစ်ဆုံးညီမကွ"

ကျွန်တော်က ရင်ခွင်ထဲမှ မလေးနွယ်ကိုတိုး၍ဖက်ရင်း မွှေးမွှေးပေးမည်အလုပ် အလာလမ်းဘက်မှ တံတိုင်းမွှေးပန်းချုံများ လှုပ်ရှားသွားပြီး ...





"ဟိုးထား ... ဆရာလေး ... ဟိုးထား ...။ သူကြီးက ဆရာလေးတို့ကို ဂုဏ်ပြုညစာစားပွဲလုပ်ဖို့ စောင့်နေပါတယ်"

အရေးကောင်း ဒိန်းဒေါင်းဖျက်ဆိုသလို ရွာကာလသားအဖွဲ့ ညစာစားရန် လာခေါ်ခြင်းဖြစ်သည်။

"ဟာဗျာ ... ခင်ဗျားတို့ကလည်း"

"ဟာဗျာ ... လုပ်မနေနဲ့ ဆရာလေး။ ဧည့်သည်တွေပါ စောင့်နေကြတာ။ သူကြီးသမီးတွေပြောလို့ ဆရာလေးတို့ကို တွေ့အောင်ရှာနိုင်တာ။ ဘုရားဘက်နဲ့ ဘုန်းတော်ကြီးကျောင်းတောင် ရောက်ခဲ့ပြီးပြီ"

"ကောင်းပါပြီဗျာ ... လိုက်ခဲ့ပါ့မယ်။ လာ ညီမရေ"

ကျွန်တော်တို့ သူကြီးအိမ်ရောက်တော့ အမှန်ပင်။ သူကြီးက ဦးဆောင်ပြီး ထန်းရည်ဝိုင်းဖွဲ့ရန် ပြင်ဆင်နေကြပါသည်။ ကျွန်တော်တို့ အသုံးလုံးဆရာများအား ဂုဏ်ပြုနှုတ်ဆက်ပွဲလေးအား တစ်နိုင်တစ်ပိုင် လုပ်ကြခြင်းဖြစ်သည်။

အိမ်ရှင်က သူကြီးနှင့် ရွာကာလသားအဖွဲ့။ ဧည့်သည်များက အသုံးလုံးကော်မတီဝင်လူကြီးများနှင့် မြို့ပေါ်ရွာမှ အလှူရှင်ယောက်ျား၊ ဧည့်သည်များ အားလုံး လူ (၂၀) ခန့်ရှိသည်။ အမျိုးသမီးဝိုင်းကတော့ ညစာထမင်းစားရန် ပြင်ဆင်နေကြသဖြင့် မလေးနွယ်မှာ အမျိုးသမီးဝိုင်းထဲ ဝင်ထိုင်သည်။

အဘသူကြီး ဦးစံရွှေက ကျွန်တော်တို့ အသုံးလုံးဆရာများအား နှုတ်ဆက်စကားပြောကြားပြီးနောက် အသုံးလုံးကော်မတီဥက္ကဋ္ဌ ဦးမြတ်စိုးက ဂုဏ်ပြုစကားပြောကြားပြန်သည်။ ထို့နောက် ကျွန်တော့်အား နှုတ်ဆက်စကားပြောခိုင်း၍ ပြောရပြန်သည်။ ပြီးတော့ ကိုတင်ရွှေက စကားပြောရပြန်သည်။ လက်ရှိ[illegible]မှာ တဖြောင်းဖြောင်းဟိန်းထွက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ထန်းရည်ခွက်များအား ကာလသားခေါင်းကိုအေးသိန်းက ငှဲ့ထည့်ပေးပြီး ပြိုင်တူသောက်ကြသည်။ အမြည်းများလည်း စုံပါသည်။ သူကြီးကစပြီး အကုန်သူသောက်ကြသည်။ ပျော်စရာကောင်းသော နှုတ်ဆက်ပွဲကလေးဖြစ်ပါသည်။ မနက်ဖြန် ဘုရားပွဲအပြီး ကျွန်တော်တို့ မြို့ပေါ်ရွာသို့ ဆင်းကြရန်ဖြစ်သော်လည်း ညဘုရားပွဲ၌ အငြိမ့်ပွဲပါဝင်သဖြင့် ရွာလူကြီးများနှင့် ကာလသားအဖွဲ့က ဆွဲထားကြပြန်ရာ နောက်တစ်နေ့မနက်စောစောမှ လာကြရန် အသုံးလုံးဥက္ကဋ္ဌ ဦးမြတ်စိုးက ဝင်ပြောသဖြင့် အဆင်ပြေလေသည်။

ထိုညက အလုပ်ပင်ပန်းသဖြင့် ညစာထမင်းလည်း စားကောင်းသည်။ အိပ်တော့လည်း သူကြီးအိမ်ရှေ့ ကနားဖျင်းအောက်တွင် တန်းစီ၍ အိပ်ကြရရာ အိပ်၍လည်း အလွန်ပျော်ပါသည်။

အိပ်ပျော်စဉ် အိပ်မက်မက်ပါသည်။ ကန်ပေါင်ပေါ်မှ ကန်တော်ရှင်မဘုရား ရင်ပြင်တော်ပေါ်မှာဖြစ်ပါသည်။ စောသေး၍လားမသိ။ ကန်ပေါင်ပေါ်၌ လူကရှင်းနေသည်။ ကျွန်တော်နှင့် ကန်တော်ရှင်မနှစ်ဦးတည်းသာရှိသည်။

ကန်တော်ရှင်မမှာ အစိမ်းရောင်ဝတ်စုံဆင်တူ ဝတ် ဘားပြီး ခေါင်းတွင် တံတိုင်းမွှေးပန်းများ ဝေနေအောင်ပန်ထားသည်။ လက်ဝတ်လက်စားရွှေငွေများကလည်း တစ်ကိုယ်လုံးညွတ်အောင် ဝတ်ဆင်ထားသည်မှာ ပြုံးပြက်တောက်ပနေသည်။ မျက်နှာကလည်း ပြုံးရွှင်စွာဖြင့် ကျွန်တော့်ကို စိုက်ကြည့်တော့ ကျွန်တော်ကလည်း စိုက်ကြည့်မိသည်။ ကန်တော်ရှင်မမှာ မလေးနွယ်နှင့် တစ်ပုံစံတည်းတူနေသည်။ ရွှေငွေလက်ဝတ်လက်စားများ ညွတ်နေအောင်ဝတ်ဆင်ထားခြင်းကသာ ကွဲလွဲချက်ရှိသည်။





"မောင်ကြီး နှမအတွက် သပ်ရပ်တင့်တယ်တဲ့ နတ်နန်းရော၊ ဘုရားပါတည်ပေးတဲ့အပြင် ဇရပ်နဲ့ ဘုန်းတော်ကြီးကျောင်းပါ ဆောက်ပေးလို့ အတိုင်းမသိ ဝမ်းသာပီတိဖြစ်မိပါတယ်။ ကျေးဇူးလည်း အထူးတင်မိပါတယ်။ ရွာစီးပွားရေးတိုးတက်ကောင်းမွန်ပြီး လူနေမှုအဆင့်ပါ မြှင့်တင်ရန်အတွက် ရွေးရှာတဲ့နည်းကိုပါ သင်ပြပေးတဲ့မောင်ကြီးကို ဂုဏ်ပြုပါတယ်။

အဘသူကြီးပြောသလို စည်းကမ်းတကျဖြစ်ဖို့တော့ အရေးကြီးပါတယ်။ ဒီကိစ္စက ထူးကြီးနဲ့ မုံထူးရွာတွေအတွက်သာဖြစ်လို့ တခြားအပြင်က လောဘသားလူတွေ၊ စက်တွေနဲ့ရွေးရှာရင်တော့ ခွင့်မပြုဖို့ သူကြီးကို သတိပေးထားပါ။ နှမကလည်း ရွှေမှုန်ရွှေခဲတွေ ပေးမှာ မဟုတ်ပါဘူး။

နှမက ရွာသူရွာသားတွေကိုပဲ မောင်ကြီးတို့၊ အဘသူကြီးတို့၊ ကျောင်းထိုင်ဆရာတော်မျက်နှာတွေကို ထောက်ပြီး ကျေးဇူးပြန်ဆပ်မှာပါ။ မောင်ကြီးကိုတော့ သီးခြားလက်ဆောင်ပေးပါဦးမယ်။ နှုတ်ဆက်လက်ဆောင်ပါ။

"ရော့ ... ဟော့သည်မှာ ... အရည်ကောင်းတဲ့ ပတ္တမြားကျောက်တစ်လုံးပါတဲ့ ရွှေလက်စွပ်တစ်ကွင်းပါ။ 'ပတ္တမြားဘုန်းတောက်တဲ့'၊ မောင်ကြီးဘယ်လက်မှ ပထမပေးတဲ့ရွှေလက်စွပ်ကို ဝတ်ပါ။ ညာလက်မှာတော့ ပတ္တမြားလက်စွပ်ကို သန့်သန့်ရှင်းရှင်းဝတ်ထားပါ။ မောင်ကြီးဘဝတစ်သက်လုံး ဘုန်းကြီးအောင်လို့ပါ"

"ဒါနဲ့ နှမရယ်၊ ပန်းရန်ပညာသည်မလေး မလေးနွယ်နဲ့ နှမက ဘယ်လိုပတ်သက်သလဲ။ မောင်ကြီးကို ရှင်းပြပါဦး"

"စိတ်ကိုဖြေပါ မောင်ကြီး။ အစွဲအလမ်းမထားပါနဲ့တော့။ ညီမလေးပူဆာလို့ နှမက ခွင့်ပြုရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မလေးနွယ်နဲ့နုမက ညီအစ်မတွေပေါ့နော်"

"ဟုတ်ပါတယ် မောင်ကြီး"

"ကဲ . . . နုမ ပြန်မယ်။ ကျေးဇူးအထူးတင်တယ်။ ည ဘုရားပွဲတော်မှာ ဆုံကြသေးတာပေါ့နော်"

"နုမ . . . နုမ . . ."

ကျွန်တော်ကယောင်ကတမ်း အော်ဟစ်ပြီး အိပ်ရာကလန့်နိုးသည်။ ကျွန်တော့်အနီးတွင်အိပ်နေသော ကိုတင်ရွှေက . . .

"ကိုသိန်းဝင်း . . ဘာဖြစ်တာလဲ။ အိပ်မက်မက်တာထင်တယ်"

ဟုတ်ပါသည်။ အရုဏ်ပင်မလာသေး။ ပတ်ဝန်းကျင်က မှောင်မဲနေသည်။ တန်းစီအိပ်နေသော ညှဉ်သည်များထံက ဟောက်သံပင်ပေးနေတုန်းပင်။

"ဟုတ်တယ် . . . ကိုတင်ရွှေ။ ကျွန်တော် အိပ်မက်မက်တာဗျ။ အိပ်မက်ထဲမှာ ကန်တော်ရှင်မနဲ့တွေ့တယ်"

"ခင်ဗျား စိတ်စွဲလမ်းလို့ အိပ်မက်တာနေမှာပါဗျာ။ မိုးလင်းအောင် စောင့်ကြည့်ပါဦး။ ကဲ . . . စောပါသေးတယ်။ အခုမှ မနက် (၃)နာရီလောက်ပဲရှိသေးတာ။ ရောင်နီတောင်မလာသေးပါဘူး။ ပြန်အိပ်ပါဦး ကိုသိန်းဝင်းရယ်"

ကျွန်တော် ပတ်ဝန်းကျင်ကအိပ်နေသူများကို အနှောင့်အယှက်မဖြစ်စေရန်အတွက် ပြန်အိပ်သော်လည်း အိပ်မပျော်တော့ပါ။ ဘယ်ညာလှူးလိုမ့်ရင်း လင်းကြက်ဦးတွန်သံကို ကြားရသည်။ မကြာမီ သူကြီးသမီးများထလာကြပြီး မနက်စောစောအတွက် ချက်ပြုတ်ပြင်ဆင်ကြတော့သည်။ မလေးနွယ်၏ အရိပ်အယောင်အသံကိုမျှ မကြားရ မမြင်ရသေးပါ။

✿ ✿ ✿

❑

မနက် (၆)နာရီခန့်တွင် ကျွန်တော်တို့ မျက်နှာသစ်ကြသည်။ မလေးနွယ်ကို မမြင်ရပါ။ ရေလာထည့်သော သူကြီးသမီးအကြီးမ၊ မဦးအား မေးကြည့်တော့လည်း ဘုရားဘက် စောစောထသွားသလို မရေမရာဖြေသည်။

ကျွန်တော်တို့ မနက်ပိုင်း ကောက်ညှင်းပေါင်းအကြော်မျိုးစုံဖြင့် ရေနွေးကြမ်းဝိုင်းထိုင်စားကြတော့လည်း မလေးနွယ် ပြန်မလာပါ။ ပန်းရန်ဆရာကြီးသားအဖကတော့ ကျွန်တော်တို့နှင့် အတူထိုင်ပြီး စားသောက်ရင်း အေးဆေးစွာ စကားပြောနေကြသည်။ ထိုစဉ် သူကြီးသမီးအကြီးမ မဦး အနောက်ခန်းဘက်မှ ထွက်လာ၍ ရေနွေးကြမ်းဖြည့်ရင်း . . .

"ဆရာလေးရေ့ . . . မလေးနွယ်က ပြန်ပြီထင်တယ်။ သူ့အဝတ်အစားထည့်တဲ့ လက်ဆွဲအိတ်တောင်မရှိတော့ဘူး"

"ဟဲ့ . . . မဦးရဲ့၊ ဘယ်လိုလုပ်ပြီး မလေးနွယ်က ပြန်မှာလဲ။ ဒီမှာလည်း သူ့အဖေနဲ့ သူ့မောင် ကျန်နေတဲ့ဟာကို"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူကြီးက ...

"သမီးရယ် ... အဖေတို့ လုပ်အားခတောင် မရှင်းရသေးဘူး။ ဆရာမလေးက ဘယ်လိုပြန်ဦးမှာလဲ"

ထိုစဉ် ပန်းရံဆရာကြီးက အံ့ဩဟန်မပြဘဲ ...

"ဩော် ... သမီးပြန်ပြီကိုး။ သူက ဒီလိုပဲ ဆရာလေးရဲ့၊ ရောက်ချင်ရင်လည်း ဘွားခနဲပေါ်လာတတ်ပြီး ပျောက်ချင်ရင်လည်း အခုလိုပဲ မထင်မရှား ပျောက်သွားတတ်တာ။ ကျွန်တော်တို့ရဲ့ မွေးစားသမီးပါ။ ကြီးမှရောက်လာတာ။

ပန်းရန်၊ ပန်းတည်း၊ ပန်းတမော့၊ ပန်းတော့၊ ပညာအလွန်နိုင်နင်းတယ်။ အထူးသဖြင့် ကျောင်းကန်၊ ဘုရား၊ ဇရပ်၊ တန်ဆောင်းဆောက်ရတော့မယ်ဆိုရင် သူ့အလိုလို ရောက်လာတတ်တယ်။ လုပ်ခခွဲပေးရင်လည်း ဘယ်တော့မှမယူဘူး။ အဖေတို့ကို ကျေးဇူးဆပ်တာတဲ့လေ။ အခုလည်း ပျောက်သွားပြန်ပြီ"

"ဒါဆို မလေးနွယ်က ဆရာကြီးတို့နဲ့ ဘာမျှမတော်ဘူးပေါ့"

"ဟုတ်ပါတယ် ဆရာလေး။ ဘာမှမတော်ပါဘူး။ ခဏလာပြီး အလုပ်ပြီးတာနဲ့ ပျောက်သွားတာပဲ။ နောက်ပြီး လုပ်အားခကိုလည်း ဘယ်ရွှေဘယ်မျှ မတောင်းရဘူး။ စေတနာနဲ့ ပေးသလောက်သာယူရမယ်လို့ ပြောတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ စေတနာပါပါလက်ရာကြောင့် ကာယကံရှင်တွေက ထိုက်ထိုက်တန်တန် ပေးတာချည်းပါပဲ။

သမီးမလေးနွယ်ကြောင့် ကျွန်တော်တို့လည်း စီးပွားရေးချောင်လည်လာတာပါ။ ကျွန်တော့်သားကိုလည်း သူပဲ ပန်းရန်ပညာတွေ သင်ပေးတာ။ ကျွန်တော်တို့က အစပထမက ရိုးရိုးပန်းရန်ပညာရှင်တွေပါပဲ။





သမီး မလေးနွယ်ရောက်လာမှ ဘုရား၊ ကျောင်းကန်၊ ဇရပ်ဆောက်လုပ်တဲ့လုပ်ငန်းကို လုပ်ခဲ့ကြတာပါ"

"ဩော် ... ပါရမီရှင် ပညာသည်လေးပဲနော်။ မိန်းမသားတန်မဲ့ အနုစိတ်လက်ရာက အံ့ဩစရာကောင်းအောင် တော်ပါပေတယ်"

"ဟုတ်ပါတယ် သူကြီး။ မလေးနွယ်ကို ဘယ်မြို့ဘယ်ရွာကလာတယ်၊ ပညာဘယ်မှာသင်သလဲမေးရင်လည်း မကြိုက်ဖူး။ မဖြေဖူး။ အဖေတို့ကိုသနားလို့ လာကူညီတာပဲလို့ဘဲ အမြဲတမ်းပြောတတ်တယ်။ အတော်ထူးဆန်း။ အံ့ဩဖွယ်ကောင်းတဲ့ ကလေးမပါ။ မနေ့ကလည်း ကန်ပေါင်ပေါ်မှာ ဇရပ်ကိုပန်းဆွဲတွေတပ်နေရင်း ကျွန်တော့်ကို ပြောသွားတယ်။ ထူးကြီးရွာက ရေခံ၊ မြေခံကောင်းသတဲ့။ ဒီရွာမှာ ပြောင်းနေပြီး စတည်းချပါတဲ့လေ"

"အင်း ... အဲဒါဆိုရင်လည်း ဆရာကြီးတို့အတွက် ကျွန်တော်တို့ရွာက အိမ်ဆောက်ပေးပါ့မယ်။ ကြိုက်တဲ့နေရာမှာ ကြိုက်သလိုနေပါ။ ဖိတ်ခေါ်ပါတယ်"

"မဖြစ်သေးဘူး သူကြီး။ ကျွန်တော်တို့ ဘုတလင်မြို့ပေါ်မှာနေတာ အတော်ကြာပြီ။ ဟိုမှာက မြို့ပေါ်မှာဆိုတော့ အဆက်အသွယ်ကောင်းတယ်၊ အိမ်ဆောက်တဲ့သူတွေ များတယ်။ ဒီရွာမှာက ဘယ်ရှိလိမ့်မတုံး"

"ဒါလည်း ဒါပဲဗျ။ ဘာဖြစ်လို့ မလေးနွယ်က ဒီရွာမှာအခြေချနိုင်းတာလဲ။ စဉ်းစားစရာပဲ"

"ဟုတ်ပါတယ် သူကြီး။ သမီးက အဓိပ္ပာယ်မဲ့တော့ မပြောတတ်ပါဘူး။ အကြောင်းရှိလို့ ဖြစ်ပါလိမ့်မယ်။ သူနဲ့ပြန်တွေ့မှ အသေအချာ မေးရတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မလေးနွယ်က ကန်တော်ရှင်မရဲ့ ပဌာန်းဆက်ညီအစ်မတွေ ထင်ပါရဲ့။ ကျွန်တော့်ကိုအိပ်မက်ပေးလို့ သိရတာပါ။ ကန်တော်အရှင်မ က လက်ဆောင်ပေးလို့ ကျွန်တော် ပတ္တမြားလက်စွပ်တစ်ကွင်းတောင် ရခဲ့ပါသေးတယ်။ ဒါကြောင့် မလေးနွယ်ဟာ ကန်တော်အရှင်မရဲ့ အိပ် မက်ထဲကမျက်နှာနဲ့ အလွန်တူလို့ ကျွန်တော်နဲ့ ရင်းနှီးချစ်ခင်၊ သံယောဇဉ် တွယ်မိကြတာပါ။

ကျွန်တော့်ကိုနှုတ်မဆက်ဘဲ ခွဲခွာသွားရက်တာကိုတော့ ကျွန် တော် မလေးနွယ်ကို အံ့ဩတယ်။ ပုန်းသူကပုန်းပေမဲ့ ကျွန်တော်က တော့ နီးစပ်ရာနေရာအနှံ့ လိုက်ရှာမှာပါ။ ဖူးစာမှန်ရင်တော့ ပြန်ဆုံကြ လိမ့်မယ်လို့ ကျွန်တော်ယုံကြည်စွာ မျှော်လင့်ဆုတောင်းမိပါတယ်"

"ကဲ ...ကျောင်းဘက်သွားရင်။ ဧည့်သည်တွေ အကြို ထောက်ကြရအောင်၊ မြို့ပေါ်ရွာက သံဃာတော်တွေကိုလည်း ကန်တော် ရှင်မဘုရား အနေကအတင်နဲ့ ဌာပနာတိုက်ပိတ်ပွဲအတွက် ဖိတ်ထားတယ်။ ကျောင်းကြီးနဲ့ ဇရပ်ကြီးကိုလည်း အလှူရေစက်ချဖို့ လုပ်ရဦးမယ်။ ပန်း ရန်ဆရာသားအဖကလည်း ဘုရားမှာ လိုအပ်တာလေးတွေ ပြင်ဆင် ပြီး အသင့်စောင့်နေကြပါ"

"ဟုတ်ကဲ့ပါ သူကြီး"

"သူကြီးက အဖွဲ့တွေခွဲပြီး တာဝန်ချထားပေးတော့ ကျွန်တော် လွတ်နေသည်။ ထို့ကြောင့် လိုအပ်သည်များပြင်ဆင် ဖြည့်စွက်ကူညီ ရန် ကျွန်တော်တစ်ဦးတည်း ကန်တော်ရှင်မနတ်နန်းဘက် ထွက်ခဲ့ပါ သည်။

နံနက် (၇)နာရီခန့် လူရှင်းပြီအထင်နှင့် နတ်နန်းဘက်ထွက် ခဲ့ခြင်းဖြစ်သော်လည်း ကန်တော်ရှင်မနတ်နန်းတွင် လူအတော်စည်ကား





နေသည်။ အလှူရှင်ဒေါ်တရုတ်မက ဦးဆောင်ပြီး ပန်း၊ ဆီမီး၊ ရေချမ်း ကန်တော့ပွဲများဖြင့် ပူဇော်နေကြခြင်းဖြစ်သည်။ အမျိုးသမီးချည်းသာ။ အမျိုးသားတစ်ဦးတစ်ယောက်မှ မတွေ့ရ။ ထို့ကြောင့် ကျွန်တော် အသာ လှည့်ပြီး လစ်ခဲ့သည်။

ထူးကြီးရွာကိုပတ်ပြီး ကန်တော်ရှင်မ ဘုရားဘက်သို့ လာခဲ့ ရာ ဘုရားမှာလည်း လူအတော်စည်ကားနေပြီ။ ရွာသူရွာသားက အနည်း ငယ်သာ။ ဧည့်သည်များက အများစုဖြစ်သည်။ ရွာအဝင်လမ်းတစ် လျှောက်၌လည်း ခေါင်းရွက်၊ ဖျတ်ထိုး၊ အထမ်းသမားများ၊ ပစ္စည်း တင်လှည်းများ၊ လူစီးလှည်းများဖြင့် စည်ကားလှသည်။ အလှူလာသူ၊ ပွဲကြည့်ရန်နှင့် ဈေးရောင်းရန်လာသူ ဧည့်သည်များဖြစ်ကြပါသည်။

ဘုရားနှင့် ဘုန်းတော်ကြီးကျောင်းကြား မြေကွက်လပ်ကျယ် ကြီးတွင် လက်သမားအဖွဲ့က အငြိမ့်စင်ထိုးနေသည်။ အငြိမ့်စင်နှင့် ပွဲ ကြည့်ရန် ကွင်းတစ်ဖက်တစ်ချက်၌ ယာယီဆိုင်ခန်းကလေးများအား နေရာသတ်မှတ်ပေးပြီး သူကြီးနှင့်ကာလသားအဖွဲ့က ဝိုင်းဝန်းကူညီ နေကြသည်။

ကျွန်တော် ကန်တော်ရှင်မဘုရားအား ဝတ်ပြုနေစဉ် ပန်းရန် ဆရာကြီးနှင့်သားက ဌာပနာတိုက်အားပိတ်ရန် ပုံစံလောင်းထားသော ကျောက်ပြားကြီးနှင့် လျှာထားနေကြသည်။ ဇရပ်ပေါ်၌ ဧည့်သည်အချို့ ကို တွေ့ရသည်။ အဝေးမှလာပြီး ဘုရားဖူးရင်း နားနေကြဟန်တူသည်။

လမ်းပေါ်နှင့် ဇရပ်ပေါ်၌ မိန်းမပျိုများရှိနေသော်လည်း မလေး နွယ်နှင့် ဆင်ဆင်တူသူပင် တစ်ယောက်မှမတွေ့ရပါ။ ဘုန်းတော်ကြီး ကျောင်းဘက်၌လည်း လူအဝင်အထွက် စည်ကားနေချေပြီ။ ကျွန်တော် ဘုန်းကြီးကျောင်းဘက်သို့ လျှောက်ခဲ့ပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဝင်းအတွင်း၌ ဇရပ်ကြီးမှာ ပြီးစီးနေသဖြင့် ဧည့်သည်များ အတော်ရောက်နေချေပြီ။ ဇရပ်ခေါင်းရင်းတွင် စင်မြင့်ကလေးပေါ်၌ ဘုန်းတော်ကြီးများသီတင်းသုံးရန် ကော်ဇောများခင်းထားပြီး ရှေ့တွင် ကန်တော့ပွဲများဖြင့် သင်္ကန်းဘူးများ၊ လှူဖွယ်ပစ္စည်းများအား လင်ဗန်းများဖြင့် ပြင်ဆင်ထားသည်။ ကျောင်းဟောင်းကလေးနံဘေး၌ ထမင်းဟင်းချက်ပြုတ်သူများကလည်း အလွန်များသည်။ ကိုတင်ရွှေအား ဇရပ်အတွင်းတွေ့ရာ ...

"ကိုတင်ရွှေ ... ခင်ဗျားက ဘာတာဝန်လဲ"

ကျွန်တော်က မနက် (၁၀)နာရီမှာ ကျောင်းဟောင်းကလေးပေါ်မှာရှိတဲ့ ရွာကျောင်းဆရာတော်နဲ့ အာဂန္တုရဟန်းတော်တွေကိုပင့်ပြီး ဇရပ်သံဃာစင်ပေါ်မှာ နေရာချထားပေးရမယ်။ တရားတော်နာ၊ ရေစက်ချ အမျှဝေပြီးရင် သူကြီးနဲ့တစ်ကွ၊ ရွာလူကြီးတွေက ကျောင်းအပ်တာကို စီစဉ်ပေးရမယ်။

ဆရာတော့်ပစ္စည်းတွေကို ကာလသားအဖွဲ့နဲ့ ပြောင်းရွှေ့ပေးနေစဉ်မှာ သံဃာတော်များကို နေ့ဆွမ်းကပ်ရမယ်။ ပြီးတာနဲ့ ကန်တော်ရှင်မဘုရားဘက် သံဃာတော်များကိုပင့်ဆောင်ပြီး ဌာပနာတော်သွင်း မင်္ဂလာလုပ်ပြီးတာနဲ့ ကန်တော်ဇရပ်ထဲမှာ ဘုရားအနေကဇာတင်၊ ကန်တော်အရှင်မနဲ့ မကျွတ်မလွတ်သေးသူ ပရလောကသားတွေကို အမျှအတမ်းဝေမယ်။ ပြီးတာနဲ့ သံဃာတော်များကိုပင့်ဆောင်ပြီး ကျောင်းသစ်ကြီး အပေါ်ထပ် ဘုရားခန်းအရှေ့မှာ စံမြန်းစေမယ်။ ဒါပါပဲ"

"ဘုန်းကြီးကျောင်းသားကြီးပေါ့နော်။ ကိုအေးသိန်းကရော ဘာတာဝန်ကျသလဲ"





"သူက ရွာခံလူကြီးသားဆိုတော့ ရွာကာလသား ကာလသမီးတွေနဲ့အတူ လာသမျှဧည့်သည်တွေကို နေ့လယ်စာ ထမင်းကျွေးဧည့်ခံရမယ်လေ။ အသံချဲ့စက်ကြီး တာဝန်ကလည်း သူ့တာဝန်ပဲ"

"ထူးကြီး၊ မုံထူးရွာ နှစ်ရွာလုံးကလူတွေကို မီးခိုးတိတ်ကျွေးမှာဆိုတော့ ကလေး၊ လူကြီး လူ(၅၀၀) လောက်ရှိတယ်။ ဧည့်သည်ကလည်း (၅၀၀) လောက်တော့ ရှိမယ်ထင်တယ်"

"လူ (၁၀၀၀) ကျော်စာ ချက်ထားပါတယ်။ ညနေအလုပ်သမားတွေနဲ့ အငြိမ့်အဖွဲ့၊ လူညီးသမားအဖွဲ့တွေအတွက်တော့ ထပ်ချက်ရမှာပေါ့"

"အားပါးတစ်ရ အလှူကြီးပါပဲဗျာ"

"ဒါနဲ့ ကိုတင်ရွှေရေ ... သွားရင်းလာရင်း မလေးနွယ်များ တွေ့မိသေးသလားဗျာ"

"မမျှော်လင့်ပါနဲ့တော့ ... ကိုသိန်းဝင်းရယ်။ သူ့ဘဝနဲ့သူ ကိုယ့်ဘဝနဲ့ကိုယ်ပါ။ မတွေ့စေချင်လို့ ခြေရာဖျောက်သွားမှ ဘယ်ရှာလို့ရမှာလဲ"

"ဟုတ်လိမ့်မယ် ... ကိုတင်ရွှေရေ့။ ကျွန်တော် နတ်စင်ဘက်ရော၊ ဘုရားရော၊ ကျောင်းရော နှံ့နေပြီ။ မလေးနွယ်နဲ့တူတာတောင် မမြင်မိပါဘူးဗျာ။ တကယ်ဆို ကျွန်တော့်ကို အကျိုးအကြောင်းပြောပြီး နှုတ်ဆက်သွားသင့်ပါတယ်ဗျာ။ အခုတော့ ..."

"တက္ကသိုလ်တောင် ရောက်နေပြီ။ ရည်းစားမထားဘူးသေးတဲ့ ကိုယ့်သူငယ်ချင်း ခံနေရပြီပေါ့နော်။ မေ့လိုက်စမ်းပါဗျာ။ သံယောဇဉ် နည်းလို့ ရှောင်ထွက်သွားတာပဲ။ တကယ်ဆို ကျွန်တော်တို့က ပြန်နဲ့



www.burmeseclassic.com

www.burmeseclassic.com



သူတွေ၊ ရှားရှားပါးပါး ဒီပွဲမျိုးကိုကြုံရအောင် တစ်ရက်လောက်ထပ် နေတော့ ဘာဖြစ်မှာမို့လဲ"

"အေးဗျာ ... နားမလည်နိုင်တော့ပါဘူး။ အသုံးလုံးလူကြီး တွေကတော့ နေ့လယ်စာစားပြီး အမြန်ပြန်ကြမှာ။ ကျွန်တော်နဲ့ခင်ဗျား ကတော့ ညသန်းခေါင်ကျော်တာနဲ့ ပြန်ကြရမှာ။ ဒါမှ မြို့ပေါ်ရွာကျောင်း ကို မနက်စောစောရောက်မှာ။ ရောက်တာနဲ့ မုံရွာကို ကားတွေနဲ့တန်း ထွက်၊ အိပ်ရေးတော့ အတော်ပျက်မှာပဲ"

"တစ်ညတလေပဲဗျာ။ အိပ်ချင်တော့လည်း ရထားပေါ်ကျမှ အနားယူရင်း အိပ်ကြတာပေါ့။ ဟော့ ... မနက် (၁၀)နာရီတောင် ထိုးတော့မယ်။ သူကြီးက ပြန်မလာသေးဘူး"

"ကိုတင်ရွှေက လူကြီးတွေနေရာချပြီး ဘုန်းကြီးပဲပင့်ပါ။ ကျွန်တော် ကွင်းထဲမှာ သူကြီးနဲ့ကာလသားအဖွဲ့ကို သွားခေါ်လိုက်မယ်"

"ကောင်းပါ့ဗျာ ... အလှူပွဲကြီးက စည်ကားလိုက်တာနော်။ ညအငြိမ့်ပွဲကျရင် ပိုတောင်စည်ကားဦးမယ်"

"ဟုတ်ပါ့ဗျာ"

ကျွန်တော်က သူကြီးနှင့်ကာလသားအဖွဲ့ကို ထွက်ခေါ်စဉ် လမ်း၌ဆုံကြသည်။

"အဘ လူစုံနေပြီ"

"ဟုတ်ပါ့ ... ဆရာလေးရယ်၊ ဈေးသည်တွေ ဆိုင်နေရာ လုနေကြလို့ ပြန်ဖြေပေးနေရတာ"

အတော်ပါပင်။ သူကြီးတို့အရောက် ဆရာတော်ဘုန်းကြီးများ ကျောင်းပေါ်က ကြွလာကြသဖြင့် ပရိသတ်များ ဩကာသကန်တော့ချီး ဖြင့် ညီညာစွာ ဘုရားရှိခိုးကြသည်၊ ပြီးနောက် ဆရာတော်က (၅)ပါး





သီလပေးပြီး ဘုရားကျောင်းကန်၊ ဇရပ် လှူဒါန်းရသောအကျိုးကို အသောကမင်းကြီးဥပမာဖြင့် နှိုင်း၍တရားဟောသည်။

ပြီးနောက် ရေစက်ချပြီး မကျွတ်မလွတ်သေးသော ပရလောက သားများအား ကန်တော်အရှင်မအားအမှူးထား၍ အမျှအတန်းဝေပါ သည်။ ထို့နောက် ဆရာတော်နှင့် သံဃာတော်များက မေတ္တာသုတ်၊ ပရိတ်တရားကို ပြိုင်တူရွတ်ဆို၍ ချီးမြှင့်ပါသည်။ လူ (၁၀၀၀)ခန့် သာဓု ခေါ်သံ၊ အမျှဝေသံမှာ မြိုင်ဆိုင်လှသည်။

ပြီးနောက် ရွာသူကြီးနှင့် ရပ်ရွာလူကြီးများက ဆရာတော် ဘုရားအား၊ ကျောင်းသစ်ကြီးနှင့် ဇရပ်သစ်ကြီးအား လွှဲအပ်ကြသည်။ ပြီးနောက် သံဃာတော်များအား ခဲဖွယ်ဘောဇဉ်၊ ချိုချဉ်သစ်သီး၊ ဝတ္ထု ငွေများဖြင့် ဆွမ်းကပ်သည်။

ဆရာတော်များအား ဆွမ်းကပ်ပြီးနောက် ကန်တော်ရှင်မ ဘုရားဌာပနာတော်တိုက်ဗိတ်ပွဲနှင့် အနေကဇာတင်ခြင်းအမှုပြုရန် ကျွန် တော်နှင့်သူကြီး၊ ရပ်ရွာလူကြီးများအဖွဲ့က ပင့်ဆောင်စဉ် ရွာကာလသား များနှင့် ရွာသမီးပျိုများအဖွဲ့က ကြွရောက်လာကြသော ပရိသတ်အား နေ့လယ်စာ ထမင်းကျွေးပါသည်။

ကန်ပေါင်ရိုး ဘုရားကုန်းတော်ပေါ်ရောက်တော့ ဇရပ်သစ် အပေါ်၌ သံဃာတော်များအား နေရာပေးပြီး ဘုရားကန်တော့၊ ငါးပါး သီလခံယူပြီး တရားတော်နာကြရပြန်သည်။ ပြီးနောက် ဌာပနာတိုက် ဗိတ်ပွဲကျင်းပရာ ကန်တော်ရှင်မပေးသည့် ရတနာပစ္စည်းများသာမက အလှူရှင်များ လှူဒါန်းကြသည့် ရွှေငွေပစ္စည်းများကလည်း မနည်း လှပါ။ ထို့နောက် သံဃာတော်များက ဘုရားအနေကဇာတင်သည်။ မေတ္တာ

www.burmeseclassic.com



သုတ်ကိုရွတ်ဆိုပြီးနောက် ရေစက်ချသည်။ ပြီးသည်နှင့် အမျှဝေသံ၊ သာဓုခေါ်သံမှာ မြိုင်ဆိုင်လှပါသည်။

တစ်ချိန်တည်း ကျောင်းကြီးဘက်မှ အလှူတော်မင်္ဂလာ သီချင်းသံမှာ တိုက်ဆိုင်စွာပေါ်ထွက်လာသည်။ အလှူတော်နှင့် ဘုရားအနေကဇာတင်ပွဲကြီးမှာ အောင်မြင်သွားချေပြီဖြစ်သည်။ သို့သော် လာသမျှ ဧည့်သည်များအား ကျွေးမွေးလှူဒါန်းပွဲကတော့ တစ်နေ့လုံး ကျွေးမွေးရပေလိမ့်မည်။ ရွာဆက်မနီး ခရီးဝေးကလာကြသူများအား အချိန်လွန်သည်အထိစောင့်ပြီး ကျွေးမွေးနေရသည်။

ကျွန်တော်တို့ ဆရာတော်ဘုန်းကြီးများဖြင့်အတူ ကျောင်းဘက်က ပြန်ကြွလာပြီး ဆရာတော်များအား ကျောင်းကြီးအပေါ်ထပ်၌ နေရာပေးရသည်။ ကျောင်းကြီးပေါ်၌လည်း ဆရာတော်ဦးဆောင်၍ အနုမောဒနာဂါထာများရွတ်ပြီး မေတ္တာသုတ်ကိုရွတ်၍ မေတ္တာပို့ကြပြန်ပါသည်။

တစ်နေ့တွင် ဤကျောင်းကြီးပေါ်၌ စာချစာသင်သံဃာတော်များဖြင့်စည်ကားပြီး စာပေရွတ်သံ တညံညံကို ကြားရပေလိမ့်မည်။ ကျွန်တော်အတွေးများကို ဖြန့်ကျက်ရင်း ပီတိပွားနေမိစဉ် သူကြီးသား ကိုအေးသိန်းက ဘယ်ကပေါ်လာသည်မသိ ရောက်ရှိလာပြီး ...

"ဆရာလေး ... ထမင်းစားမယ်တဲ့ အဘခေါ်ခိုင်းလိုက်တယ်"

"ဩော် ... အေး ... အေး ...။ ပီတိဖြစ်လွန်းလို့ ထမင်းစားဖို့တောင် မေ့နေတယ် ကိုအေးသိန်းရေ။ ဒါနဲ့ခင်ဗျားက တစ်မနက်ခင်းလုံး ဘယ်ပျောက်နေတာလဲ"

"ဟဲ ... ဟဲ ... ဆရာလေးရေ အိမ်မှာတည်းခိုတဲ့ ဧည့်သည်တွေအတွက် ကျောင်းကြီးက ရေစည်လှည်းတိုက်ပြီး ကျောင်းကြီးဆောက်





တုန်းက မလွတ်လို့ခုတ်ပစ်ရတဲ့ မကျည်းပင်စည်ကို အိမ်ပြန်သယ်နေတာ"

"ဘာလုပ်မို့လဲ ကိုအေးသိန်း၊ စဉ်းတီတုံးလုပ်ဖို့လား"

"မဟုတ်ပေဘူး ... ဆရာရဲ့။ ဆရာလေးနည်းပြသွားတဲ့အတိုင်း ရွှေကျင်ဖို့ ကျင်ခွက်လုပ်ရမယ်လေ။ အဲ့ဒါလည်း ဆရာလေးကို မေးရဦးမယ်။ လက်သမားတွေက မလုပ်တတ်ဖူးပြောနေတယ်။ ဘုတလင်နဲ့ မုံရွာဘက်ကဧည့်သည်တွေကို စုံစမ်းတော့လည်း အသင့်လုပ်ပြီးသားရောင်းတာမတွေ့မိဘူးတဲ့။ ကျွန်တော် ဘယ်လိုလုပ်ရမလဲဆရာလေး"

"ခင်ဗျားတို့ လက်တွေ့သုံးဖို့တော့ အဘသူကြီးလျှောက်ခိုင်းပြီး ဆရာတော်ကျောင်းက စွန့်ပေါ့။ ကျင်ခွက်က လက်သမားမလုပ်တတ်ဘူး၊ ခမောက်ပြန်ပြန်ပုံစံ၊ အလယ်ခေါင်မှာ ရွှေမှုန်အနည်ထိုင်အောင် ချိုင့်ကလေးရှိရမယ်။ အနောက်ဘက်မှာလည်း လက်ကိုင်ဘုကလေးပါရမယ်။ အချင်း (၁၈)လက်မ လောက်ဆိုရင်ရပါတယ်။

ဆရာတော်ကျောင်းက ကျင်ခွက်ကိုနမူနာယူပြီး လုပ်ပေါ့။ ကျွန်တော်တို့မြို့ပေါ်ရွာဆင်းရင် ခင်ဗျားလိုက်ပို့ရမှာပဲ။ မုံရွာအထိ၊ ကားကြုံနဲ့လိုက်ခဲ့။ မုံရွာမှာတော့ လက်မှုမြို့ဖြစ်လို့ ပွတ်လုံးသိုးစက်ရှိလိမ့်မယ်။ အဲ့ဒါကိုဝယ်ပြီး အိမ်မှာလုပ်။ လောလောဆယ် ရွှေမကျင်နဲ့ဦး။ ကျင်ခွက်လုပ်ရောင်းတာနဲ့တင် ခင်ဗျား ကြီးပွားလိမ့်မယ်။ လူတွေက လောဘသားတွေဆိုတော့ ခင်ဗျားဆီမှာ အလုအယက်ဝယ်ကြမှာပဲ"

"ဟုတ်ပ၊ ဆရာလေးရယ်၊ ကောင်းလိုက်တဲ့အကြံ။ ကျွန်တော် လုပ်မယ် ဆရာလေး"

"ရွှေကျင်လို့ရမဲ့ငွေက ဘယ်ဆီနေမှန်းမသိသေးဘူး။ ကျင်ခွက်လုပ်ရောင်းလို့ရမဲ့ငွေကတော့ အသေအချာမြတ်စွန်းမှာပဲ။ လုပ်ဗျာ မြန်မြန်။ စီးပွားရေးဆိုတာ သူများထက်ဦးမှကြီးပွားချမ်းသာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဆရာလေး"

ကျွန်တော်တို့ ဇရပ်သစ်ကြီးအပေါ်ရောက်တော့ သူကြီးက ထမင်းဝိုင်းကြီးဖြင့် အသင့်စောင့်နေသည်။

"လာ ... ဆရာလေး၊ ဒီမှာ ဆရာကိုတင်ရွှေတောင် ရောက်နေပြီ။ မြို့ပေါ်ရွာက အသုံးလုံးလူကြီးတွေကတော့ ညနေအမိပြန်ကြရမှာဆိုတော့ ဟိုမှာ စားသောက်နေကြပြီ"

"ဟုတ်ကဲ့ပါ ဘဘ"

သူကြီး၊ ကျွန်တော်၊ ကိုတင်ရွှေနှင့် ကိုအေးသိန်းတို့ စားပွဲဝိုင်းကြီး၌ တစ်ဝိုင်းတည်းထိုင်၍ စားကြသည်။ ဟင်းများမှာ စုံလင်လှသည်။ ဝက်သားအိုးကြီးချက်၊ ကြက်သားဟင်း၊ ငါးခြောက်ထောင်းကြော်၊ သရက်ချဉ်သုပ်၊ မြန်မာမဲဇလီဟင်းချို စသဖြင့် စုံလင်လှသည်။ စား၍လည်း အလွန်မြိန်ပါသည်။ စားကောင်းတော့ မလေးနွယ်ကိုသတိရမိသည်။

ဝင်လာမစဲ တသဲသဲသောသူများအတွင်း မျက်စိဝေ့ဝဲ၍ ရှာဖွေမိသည်။ ဆင်ဆင်တူသူတောင် မတွေ့ရ။ ပန်းရန်ဆရာသားအဖက လက်သမားများနှင့် ဝိုင်းဖွဲ့နေသည်။ အလှူရှင်ဦးရွှေတင် ဒေါ်တရုတ်မအတွဲနှင့် ဦးစိန်တိုး၊ မအေးစိန်တို့အတွဲက ကြွလာသမျှလူများကို ဝမ်းပန်းတသာကြိုဆိုပြီး ထမင်းကျွေးရန် နေရာချထားပေးနေသည်။

ထိုစဉ် အမျိုးသမီးအုပ်စုတစ်စု၏ ထမင်းဝိုင်းတွင် မြင်ဖူးသောအသားဖြူဖြူ ဝဝအဒေါ်ကြီး တစ်ဦးအားတွေ့ရသဖြင့် ကျွန်တော် စဉ်းစားနေမိသည်။ အတန်ကြာမှ သတိရတော့သည်။

"ကိုတင်ရွှေရေ ... ဟော့ဟိုရှေ့က ထမင်းဝိုင်းမှာ ကျွန်တော်တို့ တွင်းတောင်သွားလေ့လာစဉ်က ညှော်ခံခဲ့တဲ့အဒေါ်ကြီးမိသားစု သွားပြီးနှုတ်ဆက်ရအောင်"





"ဩော် ... ဟုတ်သလား။ သွားစို့ဗျာ"

သူကြီးနှင့် ကိုအေးသိန်းကတော့ လက်ဖက်သုပ်စားရင်း ရေနွေးကြမ်းသောက်၍ ကျန်ခဲ့ပါသည်။ ကျွန်တော်တို့ ဝိုင်းအနီးရောက်သည်နှင့် မှတ်မိနေဟန်ရှိသော အဒေါ်ကြီးက ...

"အ,သုံးလုံးကျောင်းဆရာလေးတို့မဟုတ်လား။ အဒေါ်က ရောက်ရောက်ချင်းမေးနေတာ။ ဆရာလေးတို့ အလုပ်များနေတယ်ဆိုလို့၊ ဟော့သည်မှာ တွင်းဖိုးခြောက်တွေတောင်ပါလာသေးတယ်။ ဆရာလေးတို့အတွက် လက်ဆောင်ပေးဖို့ ယူလာတာတော့"

"ကျေးဇူးတင်ပါတယ် ဒေါ်လေး။ ကျွန်တော်တို့ကတော့ ပြန်ကြရမဲ့ ဧည့်သည်တွေဆိုတော့ ဒေါ်လေးတို့ကို လက်ဆောင်ပြန်ပေးရာတောင် မရှိဘူးဖြစ်နေပါတယ်"

"အို ... မဟုတ်တာ ဆရာကလေးကလဲ။ ကျွန်မတို့မြို့နယ်မှာ အခုလို ဘုရားကျောင်းကန်၊ တန်ဆောင်းနဲ့ ဝေဆာစည်ပင်အောင် လုပ်သွားတာကပဲ အကျိုးများလှပါပြီ။ ကျေးဇူးလည်း အထူးတင်ပါတယ်ရှင့်။ ဒါနဲ့ ကျွန်မတို့က ညအိပ်ပြီးပွဲကြည့်မှာ။ ဒီဇရပ်သစ်ကြီးပေါ်မှာ တည်းလို့ရတယ်မဟုတ်လား ဆရာလေး"

"ရပါ့ဗျာ ...။ အဒေါ်တို့လို ညအိပ်ညနေတည်းခိုမဲ့ ဘုရားဖူးဧည့်သည်တွေအတွက် ဒီဇရပ်ကြီးကို ဆောက်ထားတာပါ။ ဆရာတော်ရော ဖူးပြီးပြီလား။ ကျောင်းကြီးပေါ်ကိုလည်း တက်ကြည့်ပါဦး။ နောက်ပြီး ကျွန်တော် ကန်တော်ရှင်မဘုရားနဲ့ နတ်နန်းကို လိုက်ပို့လာမယ်"

"ဒါနဲ့ကျွန်မတို့က အလှူငွေထည့်ချင်တယ်။ ဘယ်မှာထည့်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီရွာက သူကြီးဦးစံရွှေဆီမှာထည့်ပါ။ ဟော့ဟိုခေါင်းရင်းခန်းမှာ ထိုင်နေပါတယ်။ ပြီးရင် အသံချဲ့စက်ကြီးနဲ့ အလှူရှင်စာရင်းကို ကြေငြာပေးပါလိမ့်မယ်။ အရှေ့ပေါ်ဆောက်ရတော့ ကျောင်းမျက်နှာကျက်နဲ့ ဇရပ်မျက်နှာကျက်တွေ၊ ကျောင်းဝင်းအုတ်တံတိုင်းခတ်တာတွေ လိုပါလိမ့်ဦးမယ်"

ကျွန်တော်ပင်ဦးဆောင်ပြီး အဒေါ်ကြီးတို့အဖွဲ့အား သူကြီးထံ လိုက်ပို့ပြီး အလှူငွေထည့်စေရသည်။ ပြီးသည်နှင့် ကျောင်းကြီးပေါ်သို့လိုက်ပို့ပြီး ဆရာတော်များအား ဖူးစေသည်။ ဧည့်သည်များက ဆရာတော်နှင့် သံဃာတော်များအား ဝတ္ထုငွေ ကပ်လှူပူဇော်လှူဒါန်းကြသည်။

ပြီးသည်နှင့် ကျွန်တော်တို့ ကန်တော်ရှင်မဘုရားအား လိုက်ပို့ရာ ကြည်နူးစွာဖူးမြော်ကြပြီး အလှူငွေထည့်ကြပြန်ပါသည်။ ဘုရားတွင် အလှူငွေ လှူဒါန်းလိုသူများအတွက် ကိုတင်ရွှေအား ဗလာစာအုပ်တစ်အုပ်ဖြင့် စာရင်းမှတ်ရန် တာဝန်ပေးရပြန်သည်။

တစ်ခါ ကန်တော်ရှင်မနတ်နန်းသို့ လိုက်ပို့ပြန်ရာ နတ်အယုံအကြည်ရှိသူ မိန်းမများပီပီ ကတော့ထိုး၍ ပွဲများထဲ၌ ငွေကြေးများကို ရက်ရောစွာလှူဒါန်းကြပြန်သည်။ အပြန်၌ ရွာဝင်၍ သူကြီးအိမ်တွင် အနားယူစေပြီး ဧည့်ခံရသည်။

ကဲ . . . အဒေါ်တို့ ညလည်းပွဲကြည့်မှာဆိုတော့ အိပ်ရေးပျက်ကြဦးမှာ။ ကျွန်တော်တို့ကတော့ မနက်ဖြန်မနက်အမီ မြို့ပေါ်ရွာကို ညဘက်ကြီး ဆင်းကြရမှာဆိုတော့ မုံထူးနဲ့ ထူးကြီးရွာက လူတွေကို လိုက်လံနှုတ်ဆက်ပြီး ခရီးထွက်ဖို့ ပြင်ဆင်ရတော့မယ်။ ဒီအိမ်မှာပဲ နားနားနေနေ အိပ်စက်အနားယူကြပါ။





အိမ်အနောက်ဘက်မှာလည်း အပေါ့အလေးသွားဖို့ အိမ်သာရှိပါတယ်။ ရေသုံးချင်ရင်လည်း အိမ်အနောက်ဘက်မှာ ခပ်ထားပါတယ်။ အားမနာပါနဲ့။ လွတ်လွတ်လပ်လပ်နေကြပါ။ ကျွန်တော်တို့ကိုခွင့်ပြုပါဦး"

"ဟုတ်ကဲ့ပါ ဆရာလေး"

ကျွန်တော် ဧည့်သည်များ ယူလာသည့် တွင်းပိုးခြောက်များကို သူကြီးသမီးများအားပေးပြီး ဧည့်သည်များအား ဧည့်ဝတ်ကျေပွန်ရန် မှာခဲ့ပြီး ဘုရားဘက်သို့ ပြန်ဆင်းခဲ့ပါသည်။

ညနေစောင်းပြီဖြစ်သဖြင့် အငြိမ့်စင်ဘက်မှ ဆိုင်းသံ၊ ပုံသံ၊ စမ်းသပ်တီးသံကို ကြားလာရသည်။ ဘုရားကုန်းတော်ပေါ်၌လည်း လူအတော်စည်ကားနေသည်။ ကုန်းတော်ပေါ်သို့ရောက်တော့ ကိုတင်ရွှေမှ လက်မလည်အောင် အလှူငွေကောက်ခံနေရသဖြင့် ဝိုင်းဝန်းကူညီရသေးသည်။

ဇာတ်စင်ဘက်သို့လှမ်းကြည့်ရာ အငြိမ့်စင်နှင့် စားသောက်စရာ၊ ကလေးကစားစရာပစ္စည်းကလေးများ၊ လူ့အသုံးအဆောင်ပစ္စည်းကလေးများရောင်းချမည့် ဆိုင်တန်းကလေးများကို စနစ်တကျ ညီညာသပ်ရပ်စွာ မြင်ရသည်။ ကျောင်းကြီးဘက်ကလည်း အသံချဲ့စက်ကြီးဖြင့် အလှူရှင်စာရင်းကို ကြေငြာနေပြန်သည်။ ဘက်စုံညီညွတ်သောရွာကြီးဖြစ်ပေသည်။

အလှူရှင်များ စဲသွားသည်နှင့် ကျွန်တော်တို့ ကျောင်းကြီးဘက်သို့လာပြီး အလှူငွေများအား စာရင်းနှင့်တကွ သူကြီးအားအပ်ပါသည်။ ဘုရားနှင့်ကျောင်းအလှူငွေစာရင်းပေါင်းတော့ သိန်းဂဏန်းပင်



www.burmeseclassic.com

www.burmeseclassic.com



ကျော်ချေပြီ။ ထိုခေတ် ၁၉၅၀ ခုနှစ်ခန့်က သိန်းဂဏန်းဆိုသည်မှာ အလွန်တန်ဖိုးများပါသည်။

ကျွန်တော်တို့သူကြီးအား အကျိုးအကြောင်းပြောပြီး လှည်းကြုံဖြင့် မုံထူးရွာဘက်သို့ ထွက်ခဲ့ကြသည်။ ရွာအားပတ်၍ နှုတ်ဆက်ပြီးအပြန် ထန်းလျက်နှင့်ပဲအမျိုးမျိုး၊ ဆီးသီးခြောက်များ လက်ဆောင်ပေးကြရာ ငြင်း၍လည်းမရ၊ ကျွန်တော်တို့မနိုင်၍ ထူးကြီးရွာသို့ လှည်းဖြင့် ပြန်ပို့ပေးပါသည်။

အပြန် ညနေခင်းနေအေးချိန်တွင် ပွဲငတ်နေသူများဖြစ်သည့် အလျောက် ပွဲကမစ,သေးသော်လည်း ပွဲဈေးတန်း၌ လူအတော်များများ ရောက်ရှိနေကြပြီး ကလေးနှင့် အမျိုးသမီးပရိသတ်က ပိုမိုများသည်။ နယ်တကာ၊ ရွာတကာကဖြစ်သဖြင့် အချောအလှအပျိုတွေလည်း ပါသည်။ သို့သော် မလေးနွယ်ကို မတွေ့ရပါ။

ကျွန်တော်တို့လည်း ပွဲခင်းအနီးမှဖြတ်ပြီး ထူးကြီးရွာဘက်သို့ မောင်းခဲ့သည်။ ကန်ပေါင်ပေါ်ဘုရား၌လည်း လူအတော်စည်ကားနေပါပြီ။ ယခင်က အသွားအလာပင် လူပြတ်လှသော ဘုန်းတော်ကြီးကျောင်းဝင်းနှင့် ကန်ပေါင်ရိုးအကြားမှာ ယခုတော့ မကြုံဖူးအောင်စည်ကားလှပေတော့သည်။ ကျွန်တော် အဘသူကြီးအိမ်သို့ပြန်ဖို့ တန်းပြန်ခဲ့ရာ အဘသူကြီးအိမ်တွင် ဧည့်သည်များက ရေချိုးပြီး ပွဲကြည့်ရန်ပြင်ဆင်နေကြသည်။

❀ ❀ ❀

❑

နယ်ကညအိပ်လာသော ဧည့်သည်များဖြစ်ကြ၍ ရွာမှာပင် ဘုန်းကြီးကျောင်းဇရပ်၌လည်းကောင်း၊ သူကြီးအိမ်၌လည်းကောင်း၊ အုပ်စုခွဲ၍ ထမင်းကျွေးပါသည်။ ရွာက ထမင်းမကျွေးလျှင်လည်း ဝယ်စားစရာ ထမင်းဆိုင်မရှိပါ။ ပွဲဈေးတန်း၌ မုန့်ပဲသရေစာဆိုင်ကလေးများကိုသာ တွေ့ခဲ့ရသည်။

ဧည့်သည်များ နတ်စင်၊ ဘုရားနှင့် ပွဲဈေးတန်းဘက် သွားကြသည်နှင့် ကျွန်တော်နှင့် ကိုတင်ရွှေပစ္စည်းများသိမ်းပြီး ရေချိုးကြသည်။ ကျွန်တော်တို့တွင် အဝတ်အစား ငါးစုံစီလောက်သာ ပါလာကြသဖြင့် သိမ်းဆည်းချိန်မကြာပါ။

မိုးချုပ်စ ပွဲခင်းကဆိုင်းကဆော်၍ လှုစုပြီး ကျွန်တော်နှင့် ကိုတင်ရွှေ သူကြီးပြန်လာသည်ကို စောင့်၍ ညစာစားကြသည်။

''ဆရာလေးတို့ စောစောစားနှင့်ရောပေါ့။ ပွဲကြည့်နောက်ကျနေဦးမယ်''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒီကလည်း အတိုင်းသားကြားနေရတာပဲ အဘရယ်။ နောက်မကျပါဘူး။ နောက်ပြီး ကျွန်တော်တို့က ပွဲမကြည့်ပါဘူး။ ဘုရားဖူးပြီး ပွဲဈေးတန်းလျှောက်ရုံပါ"

"စည်ကားချက်ကတော့ ကမ်းကုန်ပဲ ... ဆရာလေးရေ့။ ကျွေးရမွေးရတာလည်း ဝက်ဝက်ကွဲပဲ။ ညနေစာလည်း ကျွေးနေတယ်။ ခရီးဝေးသမားတွေရှိနေတော့ မနက်ဖြန်မနက်စာလည်း ကျွေးရဦးမယ်။ ထမင်းထပ်ချက်ရုံပါပဲ။ အသားဟင်းတွေက ပိုသေးတယ်။ မနက်ဖြန်မနက်စောစော ကြက်သားနဲ့ဝက်သားကို အာလူးရောဖို့ စီစဉ်နေတယ်"

"ကောင်းပါတယ် အဘ။ အသားချည်းဆိုတော့ ငြီးငွေ့ရောပေါ့။ လက်ရာက ထပ်နေပြီ၊ အသီးအရွက်ကလေး ထည့်ရောတော့ ကောင်းတာပေါ့"

"နောက်ပြီး ဆရာလေးရေ့ ... အလှူရှင်တွေက တစ်ဦးပြီး တစ်ဦးပေါ်လာတော့ ကျုပ်တို့ဘုရားပွဲအတွက်သုံးဖို့ သတ်မှတ်ထားတဲ့ ငွေတွေက ပိုနေပြီ။ ဘယ်လိုလုပ်မလဲ။ ပွဲခံတာလည်း ကျုပ်တို့ငွေတာမဟုတ်။ ဘုတလင်က ဦးချမ်းသာတို့က သူတို့အစီအစဉ်နဲ့သူတို့ ငှားပြီးလာကြတာ"

"အဘသား ကိုအေးသိန်းရှိသားနဲ့ အဘရယ်၊ သူဒီလောက်တော့ နိုင်ပါ့။ မတည်အလှူငွေစာရင်း အရင်လုပ်။ ပြီးတော့ အသုံးစာရင်းနဲ့ညှိပေါ့။ ပိုငွေကိုတော့ အဘနဲ့ဆရာတော်က ထိန်းသိမ်းထားပါ။ ဘုရားနဲ့ ကျောင်းရေပြင်ဖို့ရယ်၊ နောင်နှစ်တွေမှာ အလှူပွဲလုပ်ဖို့တွေက ရှိသေးတယ်။ ရန်ပုံငွေပေါ့။

နောင်နှစ်မှာ ဘုရားပွဲတော်အမီ ကျွန်တော်တို့ကြိုးစားပြီးလာခဲ့ပါ့မယ်။ အဲဒီအခါကျတော့ တာဝန်နဲ့မဟုတ်တော့လို့ အေးအေးဆေး





ဆေး စာရင်းချုပ်ပေးပြီးမှ ပြန်ပါ့မယ်။ အဲဒီအချိန်မှာ ရွာလည်းတိုးတက်ပြီး စည်ကားနေလောက်ပါပြီ"

"ဩော် ... ပြောရဦးမယ်။ ဆရာလေးတို့က သန်းခေါင်ကျော်မှ ပြန်ရမှာမဟုတ်လား။ အိမ်ကလှည်းကတော့ သားအေးသိန်းမောင်းလိမ့်မယ်။ ကာလသားတွေကလည်း လိုက်ပို့ကြမှာဆိုတော့ လှည်းတစ်စီး၊ ထူးကြီးနဲ့ မုံထူးရွာကပေးမဲ့ လက်ဆောင်တွေသယ်ဖို့က လှည်းတစ်စီး၊ စုစုပေါင်း လှည်း (၃) စီး စီစဉ်ထားတယ်။ ကျုပ်ကတော့ ပွဲခင်းကို လှုံခြုံရေးယူထားရတော့ လိုက်မပို့နိုင်တော့ဘူး"

"ရပါတယ် ... အဘရယ်။ အဘတို့လည်း ပွဲတာဝန်ကြီးကတစ်ဖက်နဲ့ အားနာပါတယ်။ ကျွန်တော်တို့လည်း မြို့ပေါ်ရွာရောက်တာနဲ့ တန်းပြီးထွက်ရမှာ။ ဩော် ... ဒါနဲ့ အဘ၊ ကိုအေးသိန်းကိုတော့ မုံရွာအထိ ကျွန်တော်တို့ အသုံးလုံးကားကြုံနဲ့ ခေါ်သွားဦးမယ်အဘ။ သူ ဟိုမှာ စက်ပစ္စည်း ဝယ်စရာရှိတယ်။ စက်ဝယ်ဖို့ငွေ (၅၀၀၀/-) ကျုပ်လောက်လည်း ပေးလိုက်ဦး။ ဝိုပိုမိုမိုပေါ့"

"အဲ ... ကျုပ်လည်း မပြောပါလား။ စောစောကတင် တွေ့သေးတယ်"

"လူမရှင်းလို့ ဖြစ်ပါလိမ့်မယ်။ ရွှေကျင်တဲ့ အင်ဝိုင်းလုပ်ပြီး ရောင်းစားဖို့ ... အဘရေ့။ ကန်တော်ထဲ ရွှေကျင်တာကရမှာထက် အင်ဝိုင်းလုပ်ပြီး ရောင်းစားတာက ပိုပြီး အကျိုးအမြတ်သေချာတယ်။ ကိုအေးသိန်းက ဘုန်းကြီးကျောင်းထဲက မန်ကျည်းပင်ကြီးလည်း ရပြီးပြီ။

နှစ်လက်မစီလောက်ဖြတ်ပြီး ပွတ်လုံးစက်နဲ့ထွင်းရုံပဲ။ လက်သည့်စက်ပေါ့။ ထူးကြီးနဲ့ မုံထူးရွာနှစ်ရွာပေါင်းရင် အိမ်ခြေ(၁၀၀)ကျော်



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်။ တစ်အိမ်အနည်းဆုံး တစ်ချပ်တော့ဝယ်မှာပဲ။ ပိုရင်သာပိုမယ်။ မန်ကျည်းပင်ကို ပွတ်လုံးထိုးပြီး တစ်ဦးတည်း မှုပိုင်ရောင်းပေရော့။

တခြားရွာက လာမဲ့ ဈေးရှာသမားတွေလည်းရှိဦးမယ်။ သူကြီး ဘယ်လိုထိန်းမလဲ။ လူစိမ်းတွေဆိုတော့ ကာလသားအဖွဲ့နဲ့ အခွန်ကောက် ရင်ကောင်းမယ်။ နောက်ပြီး စက်နဲ့လည်း မကျင်စေနဲ့။ ကန်တော်ပျက် သွားလိမ့်မယ်''

''ဆရာလေးရယ် . . . ဒီရွာသားသာ လုပ်လိုက်ပါတော့။ ကျုပ် တို့တစ်ရွာလုံးက စောင့်ရှောက်ကျွေးမွေးပါ့မယ်။ သူကြီးလုပ်ချင်ရင်လည်း ကျုပ်လွှဲပေးပါ့မယ်''

''မဟုတ်တာ အဘရယ်။ ကျွန်တော်တို့က ယောက်ျားတွေ ပါ။ ကိုယ့်ဘာသာအားကိုးပြီး ရတဲ့ငွေကြေးကိုပဲ တန်ဖိုးထားပါတယ်။ အခုလည်း အဘတို့ဆီမှာ ထိုင်မစားပါဘူး။ တန်အောင် အကျိုးပြုခဲ့ တာပါ။ သူကြီးလည်း မလုပ်ချင်ပါဘူး အဘရယ်''

''အင်း . . . ဆရာလေးကတော့ အာဂလူပါပဲ။ ကဲ . . . သွား စရာရှိတာ သွားကြပြီး သန်းခေါင်မတိုင်မီတော့ ပြန်လာခဲ့ကြပါ။ ဒီမှာ သားအေးသိန်းတို့အဖွဲ့က သန်းခေါင်ယံမှာ အဆင်သင့်စောင့်နေကြ လိမ့်မယ်''

''ဟုတ်ကဲ့ပါ အဘ။ ကျွန်တော်တို့ ညဥ့်နက်အောင်တောင် မနေပါဘူး၊ နတ်စင်ဘက်သွားမယ်။ ကန်တော်ရှင်မဘုရားဘက်သွား ပြီး နှုတ်ဆက်ဖူးမြော်မယ်။ ပြီးတော့ ပွဲဈေးတန်းလျှောက်ပြီး ပြန်လာ မှာပါ။ အငြိမ့်ပွဲတောင် မကြည့်တော့ပါဘူး''

''ကောင်းပြီ . . .။ ဆရာလေးတို့၊ ကျုပ်လည်း ဘုရားပွဲဘက် လိုက်ခဲ့ပါ့မယ်။ ညသန်းခေါင် (၁၂)နာရီမှာ ဆရာလေးတို့ကို နှုတ်ဆက် ဖို့ ပြန်လာခဲ့မယ်''





''ဟုတ်ကဲ့ပါ အဘ။ အဲဒီတော့မှပဲ အဘကိုနှုတ်ဆက်ပြီး ကန်တော့တော့မယ်''

''အေးပါဗျာ၊ အေးဗျာ''

ကျွန်တော်တို့ နတ်စင်ဘက်ရောက်တော့ ဒေါ်တရုတ်မနှင့် ဒေါ်အေးစိန်တို့က ဦးဆောင်ပြီး အမျိုးသမီးအဖွဲ့က ကန်တော်ရှင်မအား ကန်တော့နေကြသည်။ ကျွန်တော်လည်း ကန်တော်ရှင်မအား မေတ္တာ ပို့ပြီး နှုတ်ဆက်သည့်အနေဖြင့် တံတိုင်းမွှေးပန်း (၃) ခိုင်အား ချိုးပြီး ယူခဲ့ပါသည်။ အတူပါလာသော ကိုတင်ရွှေကတော့ ပြုံးပြီး ကြည့်နေပါ သည်။

ရွာကိုပတ်၍ ကန်ပေါင်ပေါ်ရှိ ဘုရားသို့ဦးတည်ပြီး လျှောက် ခဲ့ကြသည်။ လမထွက်၊ မှောင်မိုက်နေသော်လည်း ပွဲခင်းနှင့်ဘုန်းတော် ကြီးကျောင်းမှ မီးစက်၊ လျှပ်စစ်မီးရောင်များကြောင့် ပတ်ဝန်းကျင် မှာ လင်းထိန်နေသည်။ ကန်ပေါင်ပေါ်ဇရပ်အတွင်း၌ ဘုရားဝတ်ပြုသူ များဖြင့် ပြည့်နေသည်။

ကျွန်တော်တို့ ကိုးတောင်ပြည့် ဘုရားရင်ပြင်တော်ပေါ်ရောက် တော့ ပန်းရန်ဆရာကြီးနှင့် သူ့သားက ဘုရားဝတ်ပြုနေသည်။ ကျွန် တော်အသင့်ချိုးလာသော တံတိုင်းမွှေးပန်း (၃)ခိုင်အား ညောင်ရေအိုး (၃)လုံးတွင် မျှဝေ၍ ထိုးသည်။ ထိုစဉ် ပန်းရန်ဆရာကြီးသားက ကျွန် တော့်အား ဖယောင်းတိုင်နှင့် မီးခြစ်လာပေးသဖြင့် မီးပူဇော်ရပြန်သည်။ သောက်တော်ရေကတော့ ကပ်လှူပြီးဖြစ်သည်။

ကျွန်တော်နှင့် ကိုတင်ရွှေတို့ ဘုရားဝတ်ပြုကန်တော့ကြသည်။ ပြီးနောက် ကန်တော်ရှင်မအား မေတ္တာပို့ပြီး အမျှဝေသည်။ မပြန်ခင် တစ်ကြိမ်တစ်ခါလောက် တွေ့ခွင့်ပြုရန်လည်း ခွင့်တောင်းမိသည်။

www.burmeseclassic.com



ည (၇) နာရီထိုးတော့ အငြိမ့်ပွဲစသည်။ ပွဲဝင်နေသူများဖြစ်သဖြင့် ပွဲခင်းတစ်ခင်းလုံး ငြိမ်ပြီးကြည့်နေကြသည်။ လူရွှင်တော်များကလည်း သူကြီး၊ ကျွန်တော်နှင့် အလှူရှင်များနာမည်ဖော်၍ ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားပြီး ပျော်ရွှင်စွာ ပြက်လုံးများထုတ်တော့ ပွဲခင်းတစ်ခုလုံး ပတ်တုတ်၍မရအောင် တဝါးဝါးတဟားဟား ရယ်မောကြပြီး အားပေးကြသည်။ ထို့နောက် မင်းသမီးများထွက်သည်။ ထိုစဉ် ကျွန်တော်နှင့်ကိုတင်ရွှေ ပန်းရံဆရာကြီးသားအား မုန့်ကျွေးရန်ခေါ်ပြီး ကန်ပေါင်ပေါ်မှ ပွဲခင်းဈေးတန်းဘက်သို့ ဆင်းခဲ့ကြပါသည်။

ပွဲဈေးတန်းလျှောက်စဉ် ဘူးသီးကြော်ဆိုင်တွေ့သဖြင့် ကိုတင်ရွှေနှင့် ပန်းရံဆရာကြီးသား ကိုအေးအောင်တို့က ဝင်ထိုင်စဉ် ကျွန်တော် ဗိုက်မဆာသဖြင့် သူတို့အား ဆိုင်တွင်ထားခဲ့ပြီး ဈေးတန်းလျှောက်ခဲ့သည်။ အညာပွဲဈေးတန်းပီပီ၊ မုန့်ကြော်ဆိုင်နှင့် ကလေးကစားစရာဆိုင်၊ အသုံးအဆောင်ပစ္စည်းဆိုင်၊ အဝတ်အထည်နှင့် အညာစောင်အရောင်းဆိုင်များက များသည်။

ပွဲဈေးတန်းဆုံးခါနီးတွင် စိတ်စွဲလမ်းနေ၍လားမသိ။ တံတိုင်းမွှေးပန်းနံ့ကို ရလိုက်သည်။ ကျွန်တော်ဆက်လျှောက်တော့ မှောင်မိုက်ကျသော အကြော်ဆိုင်တစ်ဆိုင်သို့ ရောက်သည်။ အမျိုးသမီးလေးများထိုင်၍ အကြော်စားနေကြသည်။ ကျွန်တော်က မလေးနွယ်အား ရှာနေခြင်းဖြစ်သောကြောင့် အကဲခတ်ရန် ဆိုင်တွင်းဝင်ထိုင်တော့ ဆိုင်ရှင်အဒေါ်ကြီးက ကျွန်တော့်အား ပြုံးရွှင်စွာကြိုဆိုရင်း ...

"လာပါ ... ဆရာလေး၊ ဟော့သည်မှာ အစောကတင် မိန်းကလေးတစ်ယောက်က ဆရာလေးလာရင်ပေးလိုက်ပါဆိုပြီး မုန့်ထုပ်တစ်ထုပ် ပေးသွားတယ်။ နာမည်တော့ ပြောသွားပါတယ်။ မြလေးနွယ်





တဲ့ အဒေါ်တို့တော့ သူ့ကိုအရင်က မမြင်ဖူးဘူး။ တခြားက ညေ့်သည်ထင်ပါရဲ့။ ဆရာလေးကိုတော့ အားလုံးက သိကြ၊ ရင်းနှီးကြ၊ ခင်မင်ကြတယ်လေ"

"ဩော် ... ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် အဒေါ်"

ကျွန်တော်မုန့်ထုပ်ကို လှမ်းယူရင်း ကျေးဇူးတင်စကားပြောရသည်။ 'မြလေးနွယ်' တဲ့လေ။ မလေးနွယ်ကိုယ်တိုင်လား၊ တခြားနာမည်ဆင်တူသူတစ်ဦးလား ကျွန်တော် မသိနိုင်ပါ။ ပုန်းသူအသာ လုံအောင် ပုန်းပေရော့။ ရှာရမည့်ကျွန်တော်က ဖွဲလျှော့မည်မဟုတ်ပါ။ ကမ္ဘာကုန်ကျယ်သရွေ့ ဗိုက်စိပ်တိုက်ရှာမည်ဖြစ်သည်။

သံယောဇဉ်နှောင်ကြိုး ဖွဲ့မိပြီးမှ စိမ်းသရဖူဆောင်းပြီး၊ ပုန်းအောင်းနေသူမှာ နှလုံးသားရှိသူဖြစ်ပါက တကယ်တမ်းတွင် ကျွန်တော်၏အနီးပတ်ဝန်းကျင်၌ပင် ရှိပေလိမ့်မည်။ အကြောင်းတော့ရှိမည်။ ထိုအကြောင်းကို ကျွန်တော်သိချင်လှသည်။ တစ်ဦးနှင့်တစ်ဦး သံယောဇဉ်ကြိုးတွယ်နှောင်မိသည်မှာ အစကတည်းက မဖြစ်နိုင်မှန်းသိလျှင် တွယ်စရာမလိုဟု ကျွန်တော်ယုံကြည်ထားသည်။

အခုတော့ ဘူးသီးကြော်ဆိုင်ရောက်တော့ ဆိုင်အတွင်းထွန်းထားသော ဘက်ထရီမီးရောင်အောက်တွင် မုန့်ထုပ်အားဖွင့်ကြည့်ရာ ကန်တော်ဆယ်စဉ်ကစားခဲ့ဖူးသော ပျားရည်မုန့်ချိုများ ဖြစ်လို့နေသည်။ ကျွန်တော်တို့ အတူတကွစားကြပြီး ပိုလျှံသည်များကို အိမ်အတွက် ပြန်လည်ထုပ်ယူခဲ့သည်။

ကန်တော်ရှင်မမှာ ကန်တော်ဆယ်စဉ်က ပျားရည်မုန့်ချိုများဖြင့် မိတ်ဆက်ခဲ့ပြီး ယခုလည်း ပျားရည်မုန့်ချိုများဖြင့်ပင် နှုတ်ဆက်ဟန်တူပါသည်။ ကျွန်တော့်အားမတွေ့လို၍ ရှောင်ပုန်းနေသော မလေး



www.burmeseclassic.com

www.burmeseclassic.com



နွယ်နှင့် ကန်တော်ရှင်မအား ကျွန်တော် ကောက်ရိုးပုံထဲ အိပ်ပျောက်ရှာသလို ရှာဖွေ၍တွေ့နိုင်မည်မဟုတ်တော့ပါ။ ပုန်းသူနှင့်ရှာသူ၊ ပုန်းသူက တပန်းသာပါသည်။

ည (၁၀)နာရီခန့်တွင် ကျွန်တော်တို့ သူကြီးအိမ်သို့ပြန်ခဲ့ရာ ပန်းရန်ဆရာကြီးသား မောင်အေးဆောင်က သူ့အဘရှိရာ ဘုရားပေါ်၌ နေခဲ့သည်။ ကျွန်တော်နှင့်ကိုတင်ရွှေ အချိန်ရသေးသဖြင့် ခြေလက်မျက်နှာဆေးကြောပြီး ခေတ္တအိပ်စက်အနားယူကြသည်။

သူကြီးအိမ်၌လည်း ပွဲဈေးသွားနေကြသဖြင့် ဘယ်သူမှမရှိပါ။ ကျွန်တော်တို့ နှစ်ခြိုက်စွာ အိပ်ပျော်ခဲ့ကြပါသည်။ ပတ်ဝန်းကျင်တွင် ပွဲဈေတန်းဘက်မှ ဆိုင်းသံ၊ ဗုံသံ၊ ဆိုသံ၊ စကားပြောသံများမှ တစ်ပါး တစ်ရွာလုံး လူမရှိသဖြင့် ငြိမ်သက်နေပါသည်။

"ဆရာလေး ... ထ ... ထ ... သန်းခေါင်ကျော်ပြီ"

ဟု နှိုးသံကြားမှ ကျွန်တော်တို့ ထကြသည်။ အဘသူကြီးက နှိုးခြင်းဖြစ်သည်။ ကျွန်တော်တို့ အိပ်ရာကထ၊ မျက်နှာသစ်ပြီး အဝတ်အစားများလဲနေစဉ် ကိုအေးသိန်းနှင့် ရွာကာလသားအဖွဲ့တို့ရောက်လာကြပြီး ပစ္စည်းများအား လှည်းပေါ်တင်ရန် စီစဉ်နေစဉ် ကျွန်တော်ကပျားရည်မုန့်ချိုများအား သူတို့ကိုကျွေးရာ စားသောက်ကြပြီး ကျွန်တော့်ကိုမေးရာ ကျွန်တော်က ပြန်ပြောပြရပြန်ပါသည်။

"နတ်သုဒ္ဓါဆိုတာ ဒါပဲထင်တယ် ဆရာလေး။ ဆရာလေးတို့လည်း စားကြပါဦး။ လမ်းမှာလည်းဆောင့်တာနဲ့ ဆာနေလိမ့်မယ်"

ကျွန်တော်တို့ စားကြရပြန်သည်။

"ကိုအေးသိန်းရေ ... လက်ဆောင်ပစ္စည်းတွေက များလှပါတယ်။ ဒီမှာ ချန်ထားခဲ့ပါဦး"





"မချန်တော့ဘူး ဆရာလေး။ ရွာက စေတနာနဲ့ပေးတာ ဆရာလေးတို့ မဖြစ်ဖြစ်အောင် ယူသွားကြပါ"

"လှည်းတစ်စီးတိုက်လောက်ရှိတယ်ဗျာ။ ကျွန်တော်တို့သယ်ရတာ အတင်အချ အခက်တွေ့လိမ့်မယ်"

"မခက်ပါဘူး ဆရာလေးရယ်။ ကျွန်တော်နဲ့လှည်းသမားတွေ မုံရွာအထိ လိုက်ပို့ကြမှာ။ ရထားပေါ်အထိ တင်ပေးပါ့မယ်"

ကျွန်တော်တို့ မငြင်းသာတော့ပါ။ ကျွန်တော်နှင့် ကိုတင်ရွှေ၊ အဘသူကြီးဦးစံရွှေအား နှုတ်ဆက်သည့်အနေဖြင့် ထိုင်ကန်တော့သည်။

အဘက ကန်တော့ခံပြီး ဆုအမျိုးမျိုး ပေးရှာပါသည်။

"ဆရာလေးတို့ဟာ အဘသားအရွယ်တွေမို့ သားအရင်းအချာတွေလိုပါပဲ။ နောင်နှစ်တွေမှာလည်း ဘုရားပွဲအမီ လာခဲ့ကြပါ။ အဘတို့ရွာက ကြိုဆိုနေပါ့မယ်။ ဒီကြားထဲမှာ စာလည်းရေးကြပါဦး။ အဘတို့ကတော့ ရန်ကုန်ကိုလာနိုင်မှာမဟုတ်လို့ ဆရာလေးတို့အလာကို မျှော်နေရုံပါပဲ"

"ဟုတ်ကဲ့ ... အဘ၊ ကျွန်တော်တို့လာနိုင်အောင် ကြိုးစားပါ့မယ်"

ချစ်ခင်သူများဖြင့် ခွဲခွာရသောဒုက္ခမှာ ကြီးမားလှပါသည်။ ကျွန်တော်တို့ ခွဲခွာရခြင်းအတွက် မျက်ရည်စို့မိပါသည်။

ကျွန်တော်တို့ လှည်းပေါ်တက်တော့ အဘကလည်းတက်လိုက်လာပြီး ပွဲခင်းတွင်ဆင်း၍ ကျန်ခဲ့ရှာသည်။ အငြိမ့်ပွဲဖြစ်သော်လည်း ပရိသတ်မှာ လွန်စွာနှစ်သက်သဘောကျနေကြသည်။ ကောင်းကင်ပေါ်တွင် ခုနစ်စဉ်ကြယ်အမြီးထောင်၍ လကွေးကလေးက အနောက်ဘက်



www.burmeseclassic.com

www.burmeseclassic.com



သို့ ယွန်းစပြုပြီ။ ကြယ်ကလေးများ မှိတ်တုတ်မှိတ်တုတ်ဖြင့် ကောင်းကင်ယံ၌ ကြယ်တာရာစုံညီပြီး နက္ခတ်သဘင် ဆင်ယင်ကျင်းပနေသည်။

ည လမွန်းလွဲပြီဖြစ်၍ အညာလေမှာ အေးစိမ့်နေသည်။ နွေပူ၌ ညချမ်းသော နွေရာသီလများဖြစ်သည်။ နွားများမှာ ကြယ်ရောင်သာ အလင်းရောင်ရှိသော်လည်း လှည်းလမ်းကို ဖြောင့်ဖြောင့်ပုံမှန်သွားနိုင်ကြသည်။ ရာသီဥတုမပူ၍ သူတို့လည်း အမောလုံပေလိမ့်မည်။ တစ်လမ်းလုံး ကိုအေးသိန်းက လှည်းမောင်းရင်း ကိုတင်ရွှေနှင့် စကားတွေပြောလာသည်။ ကျွန်တော်ကတော့ ကိုယ့်အတွေးနှင့်ကိုယ် တွေးပြီး ငေးနေမိပါသည်။

အရုဏ်တက်ရောင်နီလာတော့ ကုန်းမြင့်ပေါ်က ဆင်းလာပြီး မြေပြန့်သို့ရောက်လာသည်။ မနက် (၅) နာရီခန့် အလင်းရောင်ဖြိုးဖြိုးကျရောက်လာတော့ မီးကလေးတစ်လက်လက်ဖြင့် မြို့ပေါ်ရွာကို လှမ်းမြင်ရသလို မနက်ခင်းအားကြိုဆိုနေသော အသုံးလုံးကျောင်းဆရာများ တည်းခိုနေသည့် မြို့ပေါ်ရွာ၊ ကျောင်းကြီးဘက်မှ အသံချိုစက်သံကို လေအဟုန်တွင် တစ်ချက်တစ်ချက်ကြားလာရသည်။ ကျွန်တော်တို့အား နှုတ်ဆက်ကြိုဆိုနေခြင်းဖြစ်ပါသည်။

"ညမှာထိန်လင်း လပြည့်ဝန်းကို 'ဝ' ခေါ်သတဲ့အခေါ်ရဲ့"

"ဝထကလသ . . . ဝထကလသ"

"အရေးအဖတ် အတတ်ပညာ အမြတ်တမ်းတို့လေ့လာ"

"အော်ဟစ်ခါသာ ဆိုကြပါဗျ"

"ဝထကလသ . . . ဝထကလသ"

❀ ❀ ❀

အခန်း [၂]

❑

၁၉၇၁ ခုနှစ်က ဖြစ်သည်။ တစ်ပြည်လုံး စာမတတ်သူပပျောက်ရေး လှုပ်ရှားမှုအဖြစ် ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားများ၊ မန္တလေးမြို့ကို စုရပ်လုပ်ပြီး တာဝန်ကျရာကျေးရွာအသီးသီးသို့ ကွင်းဆင်းကြရသည်။

ကျွန်တော်တာဝန်ကျသည်မှာ အမရပူရမြို့နယ်၊ ကြွက်နဖားတောင်ခြေ၊ စောမွန်လှ၏ ရွှေစာရံဘုရားအနီးမှ ရှမ်းရွာကြီးဟုခေါ်ဆိုသော အညာရွာကလေးဖြစ်သည်။ မန္တလေးဘက်အတွင်းလမ်းမှ လာလျှင် တောင်သမန်အင်း၊ ကုလားရွာများကိုဖြတ်ကျော်ပြီး တမုဆိုးရွာနှင့် ကန်ဘဲ့ရွာသို့ရောက်သည်။

ကန်ဘဲ့ရွာမှာ အတွင်းရွာများ၏လမ်းဆုံရွာ။ မန္တလေး–ကန်ဘဲ့လူစီးကုန်တင် ဗိုက်ပူချက်ပလက်ကားကြီးများ ပြေးဆွဲနေသော ဝိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆုံး၊ လမ်းဆုံရွာကြီးဖြစ်သည်။ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်၊ စားသောက်ဆိုင်၊ အကြော်ဆိုင်များနှင့် နွားနို့မလိုင်ခဲ၊ ပဲအမျိုးမျိုး၊ ဆန်များ အရောင်းအဝယ်လုပ်သော ဒိုင်များရှိသည်။ တစ်လတစ်ခါ နွားပွဲဈေးလည်းရှိသည်။ ထို့ကြောင့် အလွန်စည်ကားသော လမ်းဆုံရွာကြီးလည်းဖြစ်ပါသည်။

ထိုရွာကြီးမှ လှည်း သို့မဟုတ် ကုန်းကြောင်းခရီးဖြင့် (၃)မိုင်ပျော့ပျော့ခန့်သွားပါက အတွင်းရွာ၊ ရေပုပ်ရွာသို့ရောက်သည်။ ရေပုပ်ရွာ၌ မူလတန်းကျောင်းရှိသည်။ ကျောင်းအုပ်ဆရာကြီးက ဦးတင်မောင်၊ လက်ထောက်ကျောင်းဆရာများကတော့ ဆရာဦးထွန်းနှင့် ဆရာဦးခင်မောင်ဝင်း၊ မန္တလေးသား၊ နယ်ခံလူပျိုကြီးများဖြစ်ကြသည်။ ကျွန်တော်တို့ထက် အသက် (၅)နှစ်ခန့် ပိုကြီးပါသည်။

မန္တလေး မေမြို့ (ပြင်ဦးလွင်) အပြင်လမ်းဘက်ကလာလျှင်တော့ မန္တလေးမြို့အထွက် အောင်လယ်ကိုကျော်ပြီးသည်နှင့် ကျောက်မီးရွာ၊ တာလမ်းဆုံ၊ ဆည်တော်ကြီးရေပေးမြောင်းကြီး ပေါင်ပေါ်မှာ မြေလမ်းအတိုင်း လကျာ်ဘက်သို့ ချိုးကွေ့လိုက်လျှင် တံတိုင်းရှည်ရွာ၊ ဖီးတောကြီးရွာတို့ကိုကျော်တော့ မိုင်လေးဆယ်ရွာသို့ရောက်သည်။

ရေပေးမြောင်းကြီးပေါင်ပေါ်၌ နှစ်ချို့ခရေပင်ကြီးများ၊ လူကြီးလက်နှစ်ဖက်စာခန့်ရှိ မန်ကျည်းပင်ကြီးများ၊ မြင့်မားလှသော လက်ပံပင်ကြီးများ၊ ထနောင်းပင်နှင့် ယူကလစ်ပင်ကြီးများကို တန်းစီစိုက်ပျိုးထားသဖြင့် ရေမြောင်းမှရေစာတ်နှင့် သစ်ပင်ကြီးများအရိပ်ကြောင့် အလွန်အေးမြလှသည်။

မိုင်လေးဆယ်ရွာမှ အနောက်ဘက်သို့ မြောင်းပေါင်လမ်းအတိုင်း၊ တစ်မိုင်ကျော်ခန့်ဆက်သွားလျှင် ကျွန်တော်တာဝန်ကျသော





ရှမ်းရွာကြီးရှေ့သို့ရောက်သည်။ ရေပေးမြောင်းကြီးအပေါ် ဖြတ်ထိုးထားသော သစ်သားတံခါးကိုကျော်၍ တစ်ဖာလုံခန့်လမ်းလျှောက်ပါမှ လယ်ကွင်းများအလယ်၌ ဓါးပင်နှင့်ထန်းပင်များဝိုင်းရံနေသော ရှမ်းရွာကြီးသို့ ရောက်ပါသည်။

ရှမ်းရွာကြီးမှ အရှေ့ဘက် နားမွှောင်းကျချောင်းအလွန်တွင် ထုံးဖြူဖွေးဖွေးဖြင့် ရွှေစာရံစေတီတော်ကို ဖူးတွေ့ရသည်။ ထိုအချိန်က လုံးတော်ပြည့် ရွှေသက်န်းမကပ်ရသေးပါ။ တောင်ဘက်တွင် စိမ်းညို့မဲမှောင်နေသော ကြွက်နဖားတောင်ကြီးနောက်ခံဖြင့် အလွန်သာယာလှသည်။

လယ်ကွင်းများအလယ်၊ ဒုတ္တဝတီမြစ်နှင့်လည်း နီးသဖြင့် ရှမ်းရွာကြီးမှာ အမြဲတမ်းစိုစွတ်နေပြီး ရွာလယ်လမ်းမမှာ ဗွက်ထိုးနေသည်။ ကျွန်တော်တည်းခိုရသည်မှာ ရွာသူကြီးဦးသာနီးအိမ်၊ အိမ်တွင် သမီးတစ်ဦးရှိသော်လည်း အိမ်ထောင်ကွဲ၊ ဇနီးဖြစ်သူအမေမြိုင်နှင့် ဦးသာနီး၏ညီမ ဒေါ်နက်သာအိမ်တွင်ရှိသည်။ မြေစိုက်အိမ်ဖြစ်သော်လည်း အညာအိမ်ကြီးဖြစ်၍ ကျယ်ဝန်းသည်။

အိမ်တွင် ကုန်စုံဆိုင်ကလေးလည်း ဖွင့်ထားသည်။ ရွာလယ်ဝိုင်း၌ တည်ရှိသည်။ အဘဦးသာနီးက ရွာသူကြီးဖြစ်သော်လည်း အအားမနေ။ မနက်တိုင်း ခြံထွက်နွားနို့များကို နောက်ကယ်ရီယာပေါ်တွင် ခွတင်၍ စက်ဘီးဖြင့် ကန်ဘဲ့ရွာသို့သွားပို့ရသည်။ ဒေသအခေါ် နို့ဘီးဆွဲသည်ဟုခေါ်သည်။

ကန်ဘဲ့ရွာမှာ အတွင်းလမ်းဖြစ်သော ရေပုပ်ရွာကိုဖြတ်ကျော်လျှင် ရောက်နိုင်သော်လည်း လမ်းမကောင်း၊ ဗွက်ထိုးနေသော ဆားနယ်မြေများက စက်ဘီးကိုမလည်နိုင်အောင် ဆွဲထားတတ်သဖြင့် ဈေး



www.burmeseclassic.com

www.burmeseclassic.com



မြောင်း၊ မြောင်းပေါင်လမ်းအတိုင်း တစ်ကွေ့တစ်ပတ်ကြီး စက်ဘီးနင်း ရရှာသည်။

ကျွန်တော် ရှမ်းရွာကြီး၌ တာဝန်ကျသောနေ့၌ပင် ရေပုတ် ရွာတွင်တာဝန်ကျသော ရွာကျောင်းဆရာဦးထွန်းနှင့် ဦးခင်မောင်ဝင်း တို့က လာရောက်ကြိုဆိုနုတ်ဆက်ပြီး ညတွင် အသုံးလုံးသင်ဝိုင်းဖွင့်ပွဲ၌ ကျွန်တော့်အား ရွာလူထုနှင့် မိတ်ဆက်ပေးပါသည်။ သင်တန်းပြီးသော် ည(၉)နာရီထိုးပြီးဖြစ်၍ သူတို့ရေပုပ်ရွာသို့ မပြန်တော့ဘဲ ကျွန်တော်နှင့် ရပ်ရွာ မယဉ်ပါးသေးဟုဆိုကာ အဖော်ပြုပြီး အတူအိပ်မေးပါသည်။ ထို့ကြောင့် ကျွန်တော်မှာ သူစိမ်းရွာသူရွာသားများအလယ်တွင် မျက်နှာ မငယ်ရပါ။

နောက်တစ်နေ့မနက်၌လည်း မနက်စာ ထမင်းကြော်နှင့် နွားနို့ သောက်ပြီးသည်နှင့် အဘဦးသာနိုးက နွားဘီးဆွဲသွားသဖြင့် ကျွန်တော့် အား သူတို့တာဝန်ကျရာ ရေပုပ်ရွာသို့ အလည်ခေါ်သည်။ ရေပုပ်ရွာ ကြီးမှာ ရှမ်းရွာကြီးထက်ကြီးပါသည်။ ရှမ်းရွာကြီးနှင့် (၂)မိုင်ခန့်ဝေး သည်။

ရေပေးမြောင်းပေါင်လမ်းအတိုင်း လမ်းလျှောက်သော် မြေ ဘုရားနှင့် ဘုရားနီကြီးတို့ အနီးရောက်သည်နှင့် လက်ျာဘက်သို့ ချိုးဝင် ရပြီး မန်ကျည်းတန်းကိုဖြတ်ကျော်ပြီး ရေပုပ်ရွာအတွင်းသို့ဝင်ရသည်။ မန်ကျည်းတန်းဆုံးတော့ မူလတန်းကျောင်းကလေးနှင့် ရွာဦးဘုန်းတော် ကြီးကျောင်းသို့ ရောက်သည်။

ထိုနေ့က ဆရာအင်အားနည်းသော ရေပုပ်ရွာကျောင်းကလေး ၌ ကျွန်တော်က စေတနာဆရာအဖြစ် ဝင်ရောက်ကူညီသင်ပြရာ ကျောင်း သား၊ ကျောင်းသူများအပြင် ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်က





လည်း လွန်စွာသဘောကျသည်။ နေ့လယ်စာကို ကျောင်း၌ပင်ကျွေး သည်။ ကျောင်းသား/ကျောင်းသူအင်အားမှာလည်း (၁၀၀)ခန့်သာရှိ ပါသည်။

ရေပုပ်ရွာမှာ အစဉ်အဆက် မူလတန်းကျောင်းရှိသဖြင့် အ,သုံး လုံးဆရာမရှိပါ။ ထို့ကြောင့်လည်း ကျောင်းဆရာများဖြစ်ကြသော ဆရာ ထွန်းနှင့် ဆရာဦးခင်မောင်ဝင်းတို့က ကျွန်တော့်အား ခင်မင်ကြခြင်း ဖြစ်သည်။

ကျောင်းဆင်းတော့ ကျွန်တော့်အား ရွာတွင်းလိုက်ပြ၍မိတ် ဆက်ပေးပြီး အိမ်တိုင်းက လက်ဖက်စုံသုပ်၊ အကြော်မျိုးစုံ၊ ရေနွေး ကြမ်းဖြင့် ဧည့်ခံကြသည်။ လက်ဖက်ရည်အချိုဆိုင်လည်းရှိသည်။ နွားနို့ ထွက်သောရွာဖြစ်သဖြင့် မလိုင်ပါသော လက်ဖက်ရည်အချိုမှာ လွန်စွာ ဆိမ့်လှသည်။

နွေရာသီ၌ ကန်ဘဲ့ရွာမှဘတ်စ်ကားကြီးများ ရေပုပ်ရွာအထိ ဆင်းလာနိုင်သဖြင့် နွေရာသီကားဂိတ်ရွာလမ်းဖြစ်သဖြင့် စည်ကားခြင်း ဖြစ်သည်။ ရွာပတ်ဝန်းကျင်၌ ဆည်မြောင်းရေကိုအားကိုးပြီး လယ်ယာ ကိုင်းစိုက်သဖြင့် ဆန်စပါးအမျိုးမျိုးနှင့် နှမ်း၊ ဝါ၊ မြေပဲ၊ စပါးလည်း ထွက်သည်။

အလယ်အလတ်တန်းစား ချမ်းသာသူလယ်သမားများသည် အချို့ဘတ်စ်ကားထောင်သူများလည်းရှိသည်။ ရေးဟောင်းရွာကြီးဖြစ် သည်။ ရေပုတ်ရွာတောင်ဘက်၊ ရေပေးမြောင်းကြီးအကျော်၌ ဘုရားနီ ကြီးများနှင့် ရှင်မတောင်သနပ်ခါးပင်များ အလိုအလျောက် ပေါက်ရောက် နေသော လွန်စွာနတ်ကြီးသည့် ရွှေနတ်တောင်တော်ရှိသည်။ လွန်စွာ



www.burmeseclassic.com

www.burmeseclassic.com



သာယာလှပသော ရှေးဟောင်းအမွေအနှစ် ဘုရားပုထိုးများရှိသော နေရာတစ်ခုလည်းဖြစ်ပါသည်။

ညနေစောင်းတော့ ကျွန်တော်တာဝန်ကျရာ ရှမ်းရွာကြီးသို့ ပြန်ရသည်။ ဆရာထွန်းနှင့် ဦးခင်မောင်ဝင်းတို့က လိုက်ပို့ပြန်သည်။ ရွာတွင် ညနေစာ အဆင်သင့်ပြင်ထားသည်။ သို့သော် ကျွန်တော်တို့ ရေပုပ်ရွာ၌ အစားမျိုးစုံစားလာရ၍ ညနေစာ၊ စောစောမစားနိုင်။ ရေမိုးချိုး အဝတ်အစားလဲလှယ်ပြီး၊ ညဘက် အသုံးလုံးစာသင်ဝိုင်းစရသည်။

အရေး၊ အဖတ်၊ အတွက် အ,သုံးလုံးဖြတ်လမ်းစာသင်နည်းအတိုင်း ဝထကလသကို အခြေခံ၍ သင်ရသည်။ စာသင်သူက အသက်ကြီးပိုင်းများဖြစ်သဖြင့် ဟာသကလေးများလည်း ဖြည့်စွက်သင်သဖြင့် တဟားဟားတဝါးဝါးပွဲကျပြီး အလွန်စိတ်ဝင်စားကြသည်။

ည (၉) နာရီစာသင်ဝိုင်းပြီးမှ ကျွန်တော်တို့ ညစာစားရန် ပြင်ဆင်ကြရာ ရွာကာလသားအဖွဲ့ရောက်လာကြပြီး ညစာစားရန် ဖိတ်တော့သည်။ ထို့ကြောင့် ကျွန်တော်တို့လိုက်သွားကြရာ ရွာတောင်ဘက်အဖျား၊ ပန်းပဲဖိုအိမ်ခြံဝင်းကြီးအတွင်း၌ ကာလသားတစ်စု ချက်ပြုတ်ပြင်ဆင်နေကြသည်။ နွေရာသီဖြစ်သော်လည်း တွင်းအောင်း ဖားဟင်း။ လိပ်သားဟင်းနှင့် ကြက်သား၊ ဘူးသီးကာလသားဟင်း၊ ငါးဟင်းများလည်း ပါသေးသည်။ ရွာတောင်ဘက် ဒုဋ္ဌဝတီမြစ်မှရသည်ဟု သိရသည်။

အရက်နှင့် ထန်းရည်ပါသော်လည်း ကျွန်တော်တို့မှာ ကျောင်းဆရာများဖြစ်ကြပြီး ရပ်ရွာဖြင့်လည်း စိမ်းသေးသဖြင့် မသောက်ဖြစ်ပါ။ ထမင်းဆာနေပြီဖြစ်၍ ညစာ အလွန်စားကောင်းသည်။ လိပ်သား





နှင့် ဖားသားကိုလည်း စားဖူးသည်ရှိအောင် စားကြည့်သည်။ လွန်စွာချို၍ စားကောင်းပါသည်။ စကားပြောရင်း မိတ်ဆက်ရင်း စားသောက်ကြရာ ညသန်းခေါင် (၁၂)နာရီထိုးခန့်မှ ဝိုင်းသိမ်းနိုင်တော့သည်။ ကျွန်တော်တို့ သူကြီးဦးသာနိုးအိမ်သို့ ပြန်အိပ်ကြသည်။

ရှမ်းရွာကြီးမှာ ပုဂံခေတ်ကတည်းက မိဖုရားစောမွန်လှနှင့် ရှမ်းတိုင်းရင်းသားများအတူပါလာပြီး ရွှေစာရံစေတီအား တည်ဆောက်စဉ် နေထိုင်ခဲ့ကြသောရွာဖြစ်သဖြင့် ရှမ်းရွာကြီးဟု ခေါ်တွင်ခဲ့ကြကြောင်း သိရပါသည်။

ရေပုပ်ရွာလောက် ချမ်းသာသူမများ။ နှစ်ထပ်အိမ်ဆို၍ တစ်ရွာလုံးမှ လေးငါးအိမ်ပင်မပြည့်ချင်။ ကျွန်တော်တို့ ရွာတောင်ဘက်အစွန်းမှပြန်လာတော့ ရွာအနောက်ဘက်အစွန်းရှိ နှစ်ထပ်အိမ်ကြီးမှာ မီးလင်းနေသည်။ အိမ်ကြီး၏အရှေ့ဘက်၌ လသာဆောင်ဆင်ဝင်ထုတ်ထားရာ အပေါ်ထပ်၌ အမျိုးသမီးတစ်ဦး ဆံပင်ဖားလျားချပြီး ကျွန်တော်တို့အား ရပ်ကြည့်နေသည်။

မျက်နှာကို လရောင်ဖြင့်သာမြင်ရသဖြင့် မသဲကွဲ။ သို့သော် အသားအရေဖြူစင်ပြီး ချောမောလှပသူတစ်ဦးဖြစ်မှန်းတော့ မှန်းဆနိုင်ပါသည်။ သူမအဆင်အပြင်မှာ ကျေးရွာသူနှင့်တော့မတူပါ။ တစ်မူကွဲပြားနေသည်။ ကျွန်တော် မော့ကြည့်နေမှန်းသိတော့ သူမက လက်ပြ၍ နှုတ်ဆက်သည်။ ထို့ကြောင့် ကျွန်တော်ကလည်း လက်ထောင်ပြနှုတ်ဆက်လိုက်ရသည်။ ကျွန်တော်တို့ သူကြီးအိမ်ပြန်ရောက်မှ ကျောင်းဆရာဦးထွန်းအား မေးရတော့သည်။

"ဆရာထွန်း ... အစောက နှစ်ထပ်အိမ်ကြီးပေါ်က လက်ပြပြီးနှုတ်ဆက်တာ ဘယ်သူလဲဗျ။ ဒီရွာသူတော့ မဟုတ်လောက်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ . . . ဟဲ . . . ကိုယ်ဆရာ စိတ်ဝင်စားသွားပြီးထင်တယ်။ အဲ့ဒါ ဖီးသီးခြံတွေနဲ့ လယ်ယာတွေအများကြီးပိုင်တဲ့ မန္တလေးမြို့က မမကြီးတဲ့ဗျ။ ရှမ်းအနွယ်တော်တွေပဲ"

"အဲဒီအိမ်ကြီးပေါ်မှာ အိမ်ဖော်တစ်ယောက်နဲ့ အတူနေတာ။ သူ့ခြံဝင်းကြီးအထဲမှာတော့ အလုပ်သမားတွေ အများကြီးရှိတယ်။ ကျွန်တော်တို့သိရသလောက်တော့ မန္တလေးမှာလည်း အိမ်ရှိတယ်။ ဒီရွာကိုတော့ အခုလို စပါးပေါ်ချိန်၊ ဆီးသီးရှူးချိန်မှ လာနေတာ။ မိုးတွင်းမှာတော့ လာမနေဘူး။ အလုပ်ကိစ္စရှိမှသာ တစ်ခါတစ်ရံ လာတတ်တယ်"

ထိုစဉ် ကျောင်းဆရာ၊ ဦးခင်မောင်ဝင်းက . . .

"မမကြီးက အပျိုကြီးလို့သိရသဗျာ။ ရပ်ရွာနဲ့ အဆက်အဆံနည်းတယ်။ အစောက ဆရာလေးကိုလက်ပြနှုတ်ဆက်တော့ ကျွန်တော် အလွန်အံ့ဩသွားမိတယ်"

သူကြီးအဘဦးသာနိုးက ဝင်ပြောလာပြန်သည်။

"ဆရာလေး . . . မမကြီးက မာနအလွန်ကြီးတယ်။ ဒီရွာက လူတွေကို အဖက်လုပ်တာမဟုတ်ဘူး၊ သတိတော့ထားပါ။ ဒီရွာကလူတွေကလည်း သူမကို ရှိန်ကြတယ်။ စောမွန်လှအဆက်အနွယ် စုန်းမလို့တောင် ယိုးစွပ်ကြတယ်"

"အဘရယ် . . . ဒီခေတ်ကြီးမှာ ဒါမျိုးတွေရှိသေးလို့လား"

"သဘောပြောတာပါ ဆရာလေး။ ကျုပ်တို့လည်း လက်တွေ့ မမြင်ဖူးပါဘူး။ သူက ညတိုင်ဆို လသာဆောင်မှာ ဆံပင်ဖားလျားချပြီး အမြဲတမ်းထိုင်နေတတ်လို့ ပြောကြဟန်တူပါတယ်"

"ရာသီဥတုပူလို့ လေညှင်းခံနေတာ ဖြစ်ပါလိမ့်မယ် အဘရယ်"





"ဟာ . . . ဆရာလေးတောင် မမကြီးလက်ကလေးပြတာနဲ့ ပါသွားပြီ။ သတိထားနော် ဆရာလေး"

"ဟား . . . ဟား . . . ဟား . . . ဟား . . ."

ဆရာထွန်းဝင်ဖောက်သဖြင့် အားလုံးသဘောကျ၍ ဝိုင်းရယ်ကြသည်။

ကျွန်တော်တို့ နောက်ကျစွာအိပ်ရာဝင်ခဲ့ကြသော်လည်း ကျွန်တော် အတော်နှင့်အိပ်မပျော်ပါ။ တဒင်္ဂလက်ပြနှုတ်ဆက်သောမမကြီးကို မျက်စိထဲကမထွက်ဘဲ မြင်ယောင်နေမိသည်။ ညဉ့် (၂)နာရီခန့်မှ မှေးခနဲအိပ်ပျော်သွားသည်။ အိပ်ပျော်ပြန်တော့လည်း မမကြီးက အိပ်မက်ထဲအထိ နေရာယူ စိုးမိုးနေပြန်သည်။

နောက်တစ်နေ့မနက်တွင် ကျွန်တော်နေမြင့်မှ နိုးသဖြင့် ကျောင်းဆရာကိုထွန်းနှင့် ဦးခင်မောင်ဝင်းတို့ စာသင်ရန် ရေပုပ်ရွာသို့ ပြန်သွားကြပြီဖြစ်သည်။ အဘဦးသာနိုးလည်း နွားပိုးပို့သွားချေပြီ။ ကျွန်တော် မျက်နှာသစ်ပြီးတော့ အဘဦးသာနိုးညီမဒေါ်နက်က မနက်စာ နွားနို့နှင့် ထမင်းကြော်၊ မြေပဲဆံကြော်တို့ကို ပြင်ဆင်ပေးပြီး . . . .

"ဆရာလေး . . . မနက်စာ နည်းနည်းလျှော့စားနော်။ မမကြီးတို့အိမ်က နေ့လယ်စာစားဖို့ အစောနကလေးတင် လာဖိတ်သွားတယ်"

"ဟော့ဗျ . . . ကျွန်တော်တစ်ယောက်တည်းကိုပဲလား။ ဆရာထွန်းတို့၊ ဆရာဦးခင်မောင်ဝင်းတို့ရော မပါဘူးလား"

"နို့ . . . ဒီနေ့ဆရာလေးတစ်ယောက်တည်းပဲ ကျန်ခဲ့တာလေ။ ဆရာလေးကိုပဲ ဖိတ်ကျွေးမှာပေါ့။ ဆရာထွန်းတို့က နေ့လယ်မှကျောင်းဆင်းမှာ၊ လာနိုင်မှာမဟုတ်ဘူး။ ညနေကျမှလာကြမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ညနေစာကော ဘယ်သူ့အိမ်လဲ ဒေါ်နက်"

"ညနေကျတော့ ဘုန်းကြီးကျောင်းနားက ဦးလေးတင်တို့အိမ်။ ဆရာလေးမသွားချင်ရင်လည်း ဒီအိမ်မှာပဲ စားပေါ့"

"မဟုတ်တာ၊ ဒေါ်နက်ကလည်း။ ကျွန်တော်က ညွှေ့သည်ဟာပဲ ရွာကအိမ်ရှင်တွေ စေတနာနဲ့ဖိတ်ကျွေးတာ သွားရမှာပေါ့။ နို့မို့ ညွှေ့သည်ကအိမ်ရှင်ကို စော်ကားသလိုဖြစ်နေမှာ"

"မမကြီးတို့အိမ်ကဖိတ်တာတော့ သွားမယ်မဟုတ်လား ဆရာလေး"

"ဟုတ်ကဲ့ သွားရမှာပေါ့"

"ဒါဆို ဆရာလေးရေချိုးတော့၊ အခု (၉)နာရီထိုးတော့မယ်။ (၁၀)နာရီလောက် လာခေါ်လိမ့်မယ်"

ကျွန်တော် ရေချိုးပြီးနောက် အဝတ်အစားလဲပြီး စောင့်နေစဉ် မမကြီးအိမ်မှ အမျိုးသမီးကလေးက လာခေါ်သည်။

✿ ✿ ✿

❑

လမ်း၌ အမျိုးသမီးကလေးက ဘာမျှမပြောသဖြင့် ကျွန်တော်လည်း စကားမစသာပါ။ မမကြီးတို့အိမ်မှာလည်း ရွာအနောက်စွန်းတွင်ရှိသဖြင့် ရွာလယ်သူကြီးအိမ်နှင့် မဝေးလှပါ။ မမကြီးတို့အိမ်ဝရောက်တော့ လှပချောမောပြီး အသက် (၂၅)နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦးက ထွက်၍ ကြိုဆိုဖိတ်ခေါ်ပါသည်။ မမကြီးပဲ ဖြစ်ပါလိမ့်မည်။ ဆံပင်ကို ပြန်ချမထား၊ သေသပ်စွာ ထုံးဖွဲ့ထားသည်။ နှင်းဆီအဖြူကလေးတစ်ပွင့်ကိုပင် ပန်ဆင်ထားသေးသည်။

"လာပါ . . . မောင်မောင်၊ အိမ်အပေါ်ထပ်ကိုကြွပါ"

မောင်မောင်တဲ့လေ။ သူတို့လူမျိုးထုံးစံအခေါ်အဝေါ်ပဲ ဖြစ်ပါလိမ့်မည်။ ဆည်းလည်းသံလေးလို နားဝင်ချိုလှသည်။ ကျွန်တော် ပြုံး၍ နှုတ်ဆက်ပြီး အိမ်ပေါ်သို့တက်သည်။ အများအားဖြင့် အညာအိမ်ပုံစံများမှာ မြေစိုက်ဖြစ်ပြီး အောက်ထပ်မြေကြီးပေါ်တွင် လေးထောင့်စားပွဲကြီးနှင့် ခုံတန်းရှည်ကြီးကို ခင်းထားတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အတွင်း၌ ညှော်သည်များအတွက် ကွပ်ပျစ်ကြီးများကိုခင်းထားသော ညှော်ခန်းဖြစ်သည်။ အပေါ်ထပ်၌ အခန်းမဖွဲ့ဘဲ အိမ်ရှင်များ ပေါင်းအိပ်တတ်ကြသည်။ ယခု မမကြီးတို့အိမ်ကတော့ မြို့ဆန်သည် အောက်ထပ်၌ ညှော်ခန်းပြုလုပ်ထားပြီး ဘေးတစ်ခြမ်းမှာ အိပ်ခန်းများ အနောက်ဘက်၌ မီးဖိုခန်း၊ ထမင်းစားခန်းနှင့် ရေချိုးခန်း။ အိမ်သာခန်းများရှိသည်။ အိမ်ကြီးမှာ ပျဉ်ထောင်အိမ်ကြီးဖြစ်သည်။ အိမ်အပေါ်ထပ်သို့ မမကြီးကဦးဆောင်ပြီး ခေါ်သွားသည်။

"အိမ်အောက်ထပ်က အလင်းရောင်နည်းပြီး လေမဝင်ဘူး မောင်မောင်။ အိမ်ပေါ်ထပ်ကို သွားကြမယ်"

"ဟုတ်ကဲ့ မမကြီး"

ကျွန်တော်က သူမကို အစ်မအရွယ်မို့ 'မမကြီး' ဟုခေါ်သည် သူမကလည်း ကျွန်တော့်အား မောင်အရွယ်မို့ 'မောင်မောင်' ဟု ခေါ် ဟန်တူပါသည်။ အိမ်အပေါ်ထပ်၌ အောက်ထပ်သကဲ့သို့ ခြေရင်းခန်းတွင် အိပ်ခန်း (၂)ခန်းရှိပြီး ပြတင်းတံခါးနှင့် ဆင်ဝင်လသာဆောင်သို့ကူးသော တံခါးမကြီးလည်းဖွင့်ထားသဖြင့် အလင်းရောင်ကောင်းစွာရပြီး လေဝင်သည်။ အပေါ်ထပ် ခေါင်းရင်းဘက်ဘုရားစင်ကြီးမှာ လာဘမုဒြာပုံတော်၊ ဆင်းတုတော်နှင့် ကြေးပန်းအိုးများအတွင်း၌ ပန်းများဝေနေသဖြင့် သပ္ပာယ်ခန့်ညားထည်ဝါနေသည်။

အိမ်အပေါ်ထပ် ထမင်းစားပွဲဝိုင်း၌ ကုလားထိုင်(၂)လုံးချွန်းနှင့်ခက်ရင်း တူကအစ ပြည့်စုံအောင်ပြင်ဆင်ထားသည်။ စားပွဲပေါ်၌ အငွေ့တထောင်းထောင်းထနေသော ထမင်းနှင့်ဟင်းများအား အိမ်ဖော်မကလေးက ပြင်ဆင်ထားသည်။ ဟင်းများမှာ ငါးအစိုဟင်း ကြက်သားနှင့် ဝက်သားဟင်းဆီပြန်၊ ပဲနှပ်၊ သရက်သီးသုပ်၊ ပုစွန်





ခြောက်ထောင်းကြော်၊ အသီးအရွက်စုံကြော်၊ ခွေးတောက်ရွက်ဟင်းချိုတို့ဖြစ်ကြသည်။

"ထိုင် ... မောင်မောင်။ မမလည်း မောင်မောင်အဖော်ရအောင် ထမင်းအတူစားမှာ"

ကျွန်တော်တို့ ထမင်းအတူစားနေကြစဉ် အိမ်ဖော်မကလေးက ရေနွေးလင်ပန်းဖြင့် အောက်ထပ်ကတက်လာပြီး ထမင်းစားပွဲအနီး စားပွဲပုကလေးပေါ်သို့တင်သည်။ စားပွဲပုကလေးပေါ်၌ လက်ဖက်အစုံသုပ်၊ ဖီးပန်းသီး၊ မလိုင်လုံး၊ ထန်းလျက်ဖြူခဲပန်းကန်များကို ပြင်ဆင်ထားသဖြင့် ထမင်းစားပြီးစားရန် အချိုပွဲအတွက် ပြင်ဆင်ထားပုံရသည်။

ထမင်းစားတော့လည်း မမကြီးက ကျွန်တော့်ထမင်းပန်းကန်ထဲသို့ အသည်းအမြစ်များ ဦးချသလိုထည့်ပေးသည်။ ကျွန်တော်ကလည်း တစ်ဝက်ခွဲပြီး သူမပန်းကန်ထဲ ဖြန့်ထည့်ပေးတော့ ပြုံးပြုံးကြီးကြည့်နေသည်။

"မောင်မောင် ... အလုမစားနဲ့၊ အဝစားနော်"

"ဟုတ်ကဲ့ ... မမကြီး"

အိမ်ဖော်မလေးက အနီးတွင်ရပ်လျက် ယပ်ခတ်ပေးနေသည်။ ထမင်းစားပြီးတော့လည်း အချိုပွဲဆက်ရပြန်သည်။ ဖီးပန်းသီးက ခြံထွက်ဟုသိရသည်။ ချိုချဉ်အရသာ၊ အရည်ရွှမ်း၍ အသားများသည်။ ထန်းဖိုဦးထန်းလျက်က ညိုတိုတို၊ ဆေးဖက်ဝင်သည်။ ရွာထွက်မလိုင်ခဲများက ဖြူဖွေးပြီး နို့နံ့သင်းနေသည်။ အလွန်လည်းချိုသည်။

"မောင်မောင် ... ဖီးပန်းသီးနဲ့ မလိုင်ခဲတွေက မမတို့ခြံထွက်၊ ထန်းဖိုထန်းလျက်ကတော့ ရွာထွက်ပေါ့။ သင့်တင့်မျှတအောင် အစားစားပြီးတိုင်း စားပါ။ အစာကို ကြေညက်စေတယ်၊ ဆေးဖက်လည်းဝင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်မောင်အပြန် လက်ဆောင်ပေးလိုက်ဦးမယ်။ မောင်မောင် ... ဒီရွာမှာရှိနေသရွေ့ အမြဲတမ်းစားရအောင် မမ နေ့စဉ်ပို့ နိုင်းပေးမယ်။ ထမင်းဟင်းမကောင်းရင်လည်း မမတို့အိမ်မှာ အချိန်မရွေးလာစားပါ။ မောင်မောင့်အတွက် အမြဲတမ်း အိမ်တံခါးဖွင့်ပြီး ကြိုဆိုနေမယ်။ အားမနာနဲ့နော် မောင်မောင်။ ဒါနဲ့မောင်မောင်တို့က ဒီရွာမှာ ဘယ်လောက်ကြာကြာ တာဝန်ထမ်းဆောင်ရမှာလဲ"

"(၄၅)ရက်ထဲပါ မမ။ နောင်လည်း မန္တလေးဘက်ကြုံတိုင်း ဒီရွာတွေဘက်ကို လာလည်မှာပါ"

"လာခဲ့ပါ မမကြိုနေပါ့မယ်။ ဒါပေမဲ့ မမအလုပ်က မန္တလေးမှာလည်းရှိတော့ ဒီရွာနဲ့ သွားလိုက်ပြန်လိုက်ပဲ။ မိုးရာသီမှာတော့ အနေနည်းတယ်။ နောက်တစ်ခါ မောင်မောင် မန္တလေးရောက်ရင်ဝင်ရအောင် မန္တလေးအိမ်လိပ်စာလည်း ပေးထားမယ်။

နောက်ပြီး မောင်မောင် ဒီရွာကိုရောက်တုန်းရောက်ခိုက် မမတို့ဆွေစဉ်မျိုးဆက်ဘုရား ရွှေစာရံနဲ့ နားမှောင်းကျချောင်း၊ ဒုတ္တဝတီမြစ်နဲ့ ကြွက်နဖားတောင်ခြေကိုလည်း လိုက်ပို့ပေးချင်ပါသေးတယ်။ မောင်မောင်အားတဲ့နေ့ကိုပြောပါ"

"ညနေပိုင်းမှ အသုံးလုံးစာသင်ဝိုင်းကရှိတော့ နေ့ခင်းပိုင်းအားနေပါတယ်မမ။ အားနေရလို့ ရေပုပ်ရွာက ဆရာထွန်းတို့ မူလတန်းစာသင်ကျောင်းမှာ စာသွားသင်ပေးပါသေးတယ်။ ခရီးက နည်းနည်းလှမ်းတော့ နေ့တိုင်းမသင်နိုင်ပါဘူး မမရယ်"

"ဒါဆို မနက်ဖြန်မနက်စောစော မစောနန်းကို အခေါ်လွှတ်လိုက်မယ်။ မောင်မောင် အိပ်ရာကစောစောထပြီး အသင့်ပြင်ထားပါ"

"ဟုတ်ကဲ့ပါ မမ။ ကျွန်တော် စောစောအသင့်ပြင်ပြီး စောင့်နေပါ့မယ်"





"အဲ ... ပြောဖို့ကျန်သေးတယ် မောင်မောင်။ မနက်ဖြန်နေ့လယ်စာကို ရွှေစာရံဘုရားမှာ နားနားနေနေ ဘုရားဖူးရင်းစားကြမှာ။ မမတို့ ထမင်းချိုင့်တွေထည့်လာခဲ့မယ်။ သူကြီးဦးသာနိုးကို ကြိုပြောထားဦး"

"တခြားအိမ်တွေက ထမင်းစားဖိတ်ထားရင် မကြီးမကောင်းဘဲ အပြစ်တင်ခံနေရဦးမယ်။ မမ ဒီရွာကလူတွေနဲ့ ကင်းကင်းနေချင်တယ်"

"ဟုတ်ကဲ့ပါ မမ"

ကျွန်တော်ပြန်တော့ အိမ်ဖော်မကလေးကလိုက်ပို့ရင်း ဗီးပန်းသီး၊ ထန်းဖိုဦးထန်းလျက်၊ မလိုင်လုံးနှင့် ရှမ်းပြည်ဘက်ကထွက်သော ရွှေဖီဦးလက်ဖက်ခြောက်များကို လက်ဆောင်ပေးလိုက်သေးသည်။

ကျွန်တော် သူကြီးအိမ်ပြန်ရောက်တော့ အဘဦးသာနိုးပြန်ရောက်နေပြီး နေ့လယ်စာ ထမင်းစားနေသည်။

"ဆရာလေးကတော့ အတော်ဟုတ်ပါလား။ လူချစ်လူခင်အတော်များတာပဲ။ အခုပဲ ရွာအရှေ့ပိုင်း၊ ဆယ်အိမ်ခေါင်းအိမ်က လက်ဖက်ရည်သောက်ကြဖို့ လာဖိတ်ထားတယ်။ ရေပုပ်ရွာက ကျောင်းဆရာတွေကလည်း သူတို့ရွာမှာ နတ်ပွဲရှိလို့ ညလာအိပ်ပါတဲ့"

"ဘယ်အိမ်မှာ နတ်ပွဲလုပ်မှာလဲ အဘ"

"သူကြီးဦးအုန်းမောင် အိမ်မှာလေ၊ ဆရာလေးသိပါတယ်"

"ဪ ... ဟုတ်ကဲ့ အဘ။ ဒါပေမဲ့ ..."

"ဒါပေမဲ့ ... ဘာဖြစ်သလဲ ဆရာလေး"

"ည အ,သုံးလုံးစာသင်ဝိုင်း ဖျက်လို့မဖြစ်ဘူး အဘရယ်။ နောက်ပြီး မနက်ဖြန် မမကြီးက ရွှေစာရံဘုရားလိုက်ပို့ပြီး နေ့လယ်စာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဘုရားဖူးရင်း ဘုရားမှာစားကြမယ်တဲ့။ အဲ့ဒါကြောင့် မနက်ဖြန် နေ့လယ်စာကို ရွာထဲကအိမ်တွေက ဖိတ်ထားရင် ရှေ့ဆိုင်းပေးဖို့ အဘကို ကြိုတင်ပြောခိုင်းထားပါတယ်''

''ဩော် . . . အင်း . . . အင်း . . . အဲ့ချက်ပဲ။ မမကြီးက ရွာနဲ့ကင်းကင်းနေတာ။ ဆရာလေးနဲ့တွေ့မှ ကျတော့တာပဲ''

''ဘယ်လိုကျတာလဲအဘ''

''ဆရာလေးကို ရက်ရက်ရောရော ကျွေးမွေးဖိတ်ခေါ်တာကို ပြောတာပါ၊ အရင်က အဲ့လိုမရှိခဲ့ဖူးဘူးလေ''

''အဘ . . . မမကြီးတို့က ရှမ်းမျိုးနွယ်တွေလား။ နောက်ပြီး ရွှေစာရံဘုရားက မမကြီးတို့ရဲ့ ဆွေစဉ်မျိုးဆက်ဘုရားလို့လည်း သိရတယ်။ ဒါကြောင့် မမကြီးတို့က ရှမ်းမိဖုရားစောမွန်လှရဲ့ အနွယ်တော်တွေလား''

''ဟုတ်ပါ့ . . . ဆရာလေးရယ်။ ဘဘတို့ ရှမ်းရွာကြီးဆိုတာက မိဖုရားစောမွန်လှရဲ့ ရှမ်းအနွယ်တော်တွေစပြီး တည်ခဲ့လို့ ရှမ်းရွာကြီးလို့ တွင်ခဲ့တာ။ အဘအစောက ပြောခဲ့ပြီးပါပြီ။ မမကြီးတို့က အဲဒီအနွယ်တော်လက်ကျန်တွေပဲ။ ဒီရွာမှာတော့ ရှမ်းအနွယ်တော်လက်ကျန်ဆိုလို့ မမကြီးတို့ပဲရှိတော့တာ။

ရှမ်းပြည်ဘက်မှာတော့ သူတို့အမျိုးတွေရှိမှာပေါ့။ မန္တလေးမှာလည်းရှိတယ်။ မမကြီးက တစ်ဦးတည်းသောသမီး။ မိဘတွေက ဒီရွာကပြောင်းသွားပြီး မန္တလေး (၃၅)လမ်းထဲမှာ နေကြတာ။ အသက်အရွယ်လည်း ကြီးကြပြီလေ။ မမကြီးက ငယ်ငယ်ရွယ်ရွယ်နဲ့ စီးပွားအရှာကောင်းတယ်။ သူမနဲ့ ဘက်တူကြိုက်တာမရသေးတော့ အပျိုကြီးဖြစ်နေတာ''





''အဘရယ် . . . ကျွန်တော်တို့ရန်ကုန်မှာ အသက် (၃၀)ကျော်မှ အပျိုကြီးခေါ်တာ။ မမကြီးက အခုမှ အသက် (၂၅)နှစ်လောက်ပဲရှိဦးမှာ။ အပျိုကြီးမဟုတ်သေးပါဘူး''

''ဆရာလေးကလည်း၊ ကျုပ်တို့ဆီမှာက (၁၃ ၊ ၁၄) နှစ်ဆံတောက်သိမ်းတာနဲ့ အပျိုဖြစ်ပြီး လင်ယူသားမွေးလုပ်ကြတာ။ အသက် (၂၀)ကျော်ရင် အပျိုကြီးပေါ့။ အင်း . . . . ဆရာလေးပြောမှပဲ သတိပြုမိတော့တယ်။ ကျုပ်တို့ဆီမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ပြုကြလို့လားမသိဘူး။ သားသမီး၊ ဆွေစဉ်မျိုးဆက် ညှက်ကုန်ကြတယ်။ အဘတို့ရွာထဲမှာ ကြည့်ပါလား။ နောက်ပေါက်ကလေးငယ်တွေဟာ အလွန်သေးကွေးပိန်လှီကြတာ။ နောက်ပြီး ဆွေမျိုးနီးစပ်တော်သူတွေချင်း ယူကြတာလည်း ပါပေလိမ့်မယ်''

''အဲဒါ အမှန်ပဲအဘ။ ကျွန်တော်လည်း နိုင်ငံခြားမဂ္ဂဇင်းတွေဖတ်ဖူးလို့ သိနေတယ်။ ဆွေမျိုးနီးစပ်တော်သူချင်းယူရင် ဉာဏ်ရည်နိမ့်ပါးပြီး ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးမှု နည်းပါးသတဲ့။ ဒါကြောင့် ဂျာမနီနိုင်ငံမှာဆိုရင် ထူးချွန်ထက်မြက်တဲ့သိပ္ပံပညာရှင်တွေ ပေါ်ထွန်းလာအောင် အမျိုးမတော်တဲ့ ပညာတော်တဲ့ဆရာဝန်နဲ့ အင်ဂျင်နီယာတွေကို ရွေးချယ်ပေးစားကြသတဲ့။ ဒါနဲ့ ဒီအကြောင်းတွေကို အဘ ဘယ်ကသိလာတာလဲ''

''ရေပုပ်ရွာက ကျောင်းဆရာဦးထွန်းနဲ့ ဆရာခင်မောင်ဝင်းတို့ပြောလို့ ကြားဖူးတာပါ။ ဒါကြောင့် အဘလည်း ရွာကလက်တွေ့ဘဝတွေနဲ့ နှိုင်းယှဉ်ပြီး ကြည့်နေတာ။ အမှန်ပဲပေါ့ ဆရာလေးနော်။ ဒါကြောင့်လားမသိ၊ အဲဒီလိုပြောတဲ့ကျောင်းဆရာဦးထွန်းနဲ့ ဦးခင်မောင်

www.burmeseclassic.com



ဝင်းတို့ဟာ အခုဆိုရင် အသက်(၃၀)တောင် ကျော်နေကြပြီ။ ဆရာလေး ပြောသလိုဆိုရင် လူပျိုသိုးစာရင်းဝင်တွေ ဖြစ်ကုန်ကြပြီပေါ့နော်"

"အမှန်ပဲ အဘ။ သူတို့လည်း ဘွဲ့ရ ပညာတတ်တွေပဲ။ အကြိုက်မတွေ့သေးလို့ ရှာရင်း အသက်ကြီးကုန်ကြတာနေမှာပါ"

"ဒါနဲ့ ဆရာလေးကရော ..."

"ဟဲ ...ဟဲ ...ကျွန်တော်က ငယ်ပါသေးတယ်။ အခုမှ အသက်(၂၀)ဝန်းကျင်ဆိုတော့ လူပျိုသိုးစာရင်း မဝင်သေးပါဘူး။ ဘွဲ့ရပြီးရင်လည်း အလုပ်ကောင်းကောင်းရှာရဦးမှာပါ။ ကျွန်တော်က ကျောင်းဆရာအလုပ်ကို ဝါသနာပါပေမဲ့ အသက်မွေးဝမ်းကျောင်းမှုအတွက်တော့ လုပ်မစားပါဘူး။ ကျွန်တော့်ရည်ရွယ်ချက်က ယူနီဖောင်းဝတ်ပြီး အရာရှိကြီးလုပ်ချင်တာ"

"ကောင်းပါလေ့ ...ဆရာလေးရယ်၊ ကြိုးစားပါ။ မိန်းမယူရင်လည်း မမကြီးတို့လို ရုပ်ချော၊ ဉစ္စာပေါကို ယူပေါ့"

"အနေဝေးပါတယ် ...အဘရယ်။ သူ့အကြောင်းကို ကိုယ်မသိ၊ ကိုယ့်အကြောင်း သူမသိနဲ့ မဖြစ်သေးပါဘူး"

"ဆရာလေး ...မဖြစ်သေးတာဘဲရှိတယ်နော်။ မဖြစ်နိုင်တာ မရှိပါဘူး။ ဆရာလေးတို့က ပညာတတ်တွေပဲ။ ပိုသိမှာပါ"

"အဲဗျ ...အဘကလည်း စာတွေဖတ်ဟန်တူပါရဲ့။ အတော်လာတာပဲ"

"ဟဲ ...ဟဲ ...အဘက ခေတ်လူကြီးပါ။ သတင်းစာတွေ၊ စာစောင်တွေ၊ မဂ္ဂဇင်းတွေ၊ အကုန်ဖတ်တယ်။ နွားနို့ပို့ရင်း လက်ဖက်ရည်ဆိုင်ထိုင်ပြီး ခေတ်လူငယ်တွေနဲ့ ဆွေးနွေးပြီး အတွေ့အကြုံဖလှယ်တယ်။ ခေတ်နောက်ကျပြီး မကျန်ခဲ့ရအောင်လေ"

စိတ်ကူးသစ်စာပေ



"ကောင်းပါ့ဗျာ ...။ အဘတို့လို ခေတ်လူကြီးတွေရှိနေတော့ နောင်မျိုးဆက်သစ်တွေအတွက် .အလားအလာကောင်းတာပေါ့ ... အဘရယ်"

"ဒါနဲ့အဘ၊ ဆရာထွန်းတို့က ရေပုပ်ရွာနတ်ပွဲအတွက် လာခေါ်မှာတဲ့လား"

"ထားပါ ....ဆရာလေးရယ်။ ဗုဒ္ဓဘာသာနဲ့ နတ်ပွဲဆိုတာကလည်း တခြားစီပါ။ အစွဲအလမ်းနဲ့ အပျော်လုပ်ကြတာပါ။ ကျုပ်တို့အိမ်မှာ ကြည့်ပါလား။ ဘုရားကလွဲလို့ ဘာနတ်မှ မကိုးကွယ်ဘူး။ အဲဒီကိစ္စကိုလည်း ကျုပ်အတော်ကြိုးစားပြီး လုပ်ထားရတာ။ ကျုပ်ဇနီးမမြိုင်က မိန်းမပီပီ အတော်ဝါသနာကြီးလို့ နှိပ်ကွပ်ထားရတာ။ အခုတော့လည်း နေသားကျသွားပါပြီ"

"ကဲ ...ဆရာလေး၊ ရွာအရှေ့ပိုင်းက ဆယ်အိမ်မှူးအိမ်မှာ လက်ဖက်ရည်သောက်ဖိတ်ထားတာ သွားလိုက်ကြဦးစို့။ စကားပြောရအောင် ကျုပ်ပါလိုက်ခဲ့မယ်"

ကျွန်တော်နှင့် အဘဦးသာနီးတို့ ရွာအရှေ့ဖျားသို့ လမ်းလျှောက်ခဲ့ကြသည်။ လမ်းတစ်လျှောက်လုံး ကလေးနှင့်လူကြီးများက ကျွန်တော့်အား နှုတ်ဆက်ပြသည်။ ဆယ်အိမ်ခေါင်းဦးရွှေက ကျွန်တော်တို့အားမြင်သည်နှင့် အိမ်ပေါက်ဝထွက်ပြီး ကြိုဆိုပါသည်။

"ကြွပါ ...သူကြီးနဲ့ ဆရာလေး။ ကျွန်တော်မျှော်နေတာ ကြာပါပြီ"

"ဟုတ်ကဲ့ ကိုရွှေရယ်။ ကျုပ်နဲ့ဆရာလေး စကားကောင်းနေတာနဲ့ အတော်ကလေးကြာသွားတယ်"

"ထိုင်ကြပါ၊ သူကြီးနဲ့ဆရာလေး။ အမြည်းကတော့ ရွာထုံးစံပဲပေါ့"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အမြည်းမှာ လက်ဖက်စုံသုပ်၊ ပဲခြမ်းကြော်၊ မြေပဲဆံကြော်တို့ဖြစ်ကြသည်။ ကျွန်တော်က အဘအား လက်ဖက်စုံသုပ်ပန်းကန်ကို ဦးချပြီး မြေပဲဆံကြော်ကို မြည်းကြည့်သည်။ မြေပဲဆီစစ်စစ်ဖြင့် ကြော်ထား၍ အလွန်အရသာရှိပါသည်။

"ကောင်းပါ့ ဦးလေးရယ်။ ပဲမျိုးစုံကို ဆီသန့်သန့်နဲ့ကြော်ထားတော့ အရသာအလွန်ကောင်းပါတယ်။ ကျွန်တော်တို့ရန်ကုန်မှာတော့ ဟင်းသီးဟင်းရွက်ဆီ၊ စားအုန်းဆီ၊ ပဲဆီ၊ နှမ်းဆီစုံနေတာပဲ။ ဒါပေမဲ့ အစစ်ကရှားတယ်။ အရောအနှောချည်းပဲ။ ဈေးကလည်း ကြီးသေးတယ်"

"အင်း . . . ဒါကြောင့်လည်း ဆရာလေးတို့မြို့မှာ ရောဂါဆန်းတွေ ဖြစ်ကြတာထင်ပါရဲ့။ ကျုပ်တို့ဆီမှာတော့ ဆီစစ်စစ်စားရလို့လား မသိဘူး ကျန်းမာရေးအသိနည်းပြီး ဖြစ်သလို နေထိုင်စားသောက်ကြပေမဲ့ ရောဂါဖြစ်ကြတာ နည်းပါတယ်"

"ဟုတ်ကဲ့ . . . သူကြီးရယ်။ အဲဒါကိုလည်း ကျွန်တော့်အမြင်ပြောရရင်တော့ အိမ်တိုင်းရေကို ကြိုချက်သောက်လို့ထင်ပါရဲ့။ ကျွန်တော်တို့ဆီမှာ ရေစိမ်းမသောက်ကြဘူး ဆရာလေးရဲ့။ ဆရာလေးတို့ သွားချီးနေတဲ့ ဘုန်းကြီးကျောင်းရေတွင်းရေက အလွန်ပေါ့တယ်။ ဒါကြောင့် လေးလေးပင်ပင်ရှိတဲ့ ရွာထိပ်က ရေနီမြောင်းရေကိုဘဲ ကြိုချက်သောက်ကြတာ"

"ဩော် . . . ဒါကြောင့်ထင်ပါရဲ့ ဦးလေးရွှေရယ်၊ ရေနွေးကြမ်းမှာ လက်ဖက်ခြောက်အရောင် နီရဲနေတာလို့ ကျွန်တော်ထင်နေတာ"

"ကျန်းမာရေး မထိခိုက်ဘူးဆရာလေး။ ကျွန်တော်တို့ရွာသူရွာသားတွေ တစ်သက်လုံးသောက်နေကြတာ ရေနီမြောင်းရေပဲ။ ဆည်





တော်ကြီးကလာတာ။ ကျောက်ဆည်တစ်မြို့လုံးလည်း ရေနီမြောင်းရေပဲ သောက်သုံးကြတာ၊ ကြာပေါ့"

"အဲဒီရေနီမြောင်းရေနဲ့ဖျော်တဲ့ ကျောက်ဆည်လက်ဖက်ရည်ချိုဟာ နာမည်ကြီးပေါ့ ဆရာလေးရယ်။ ဂျော်နီဝါကား၊ ဝီစကီအရက်တောင်မှ စကော့မြစ်ရေနဲ့ ပေါင်းခံချက်တို့ ကမ္ဘာကျော်တာလေ။ ရုရှားက ဗော့ဒ်ကာအရက်က ဗော့လ်ဂါမြစ်ရေနဲ့ ချက်တာ။ အိန္ဒိယမှာတော့ တစ်နှစ်တစ်ခါ၊ ဂင်္ဂါမြစ်ရေနဲ့ရေချိုးရင် သက်ရှည်ကျန်းမာသတဲ့။ ကျုပ်တို့ မြန်မာနိုင်ငံမှာလည်း တစ်နှစ်တစ်ခါ နှစ်သစ်ကူးသင်္ကြန်ပွဲမှာ သင်္ကြန်ရေခံရင် ကျန်းမာရေးကောင်းတယ်လို့ အယူရှိကြတယ်မဟုတ်လား . . ဆရာလေးရဲ့"

"ဟုတ်ပါရဲ့ . . . အဘနဲ့ဦးရွှေကတော့ စာအတော်ဖတ်ကြပြီး အတွေ့အကြုံကလည်း စုံကြပါပေတယ်"

"ဟုတ်တယ် ဆရာလေး။ ကျွန်တော်နဲ့သူကြီးက ဒီရွာမှာတော့ ခေတ်အမြင်ရှိအောင် စာဖတ်ကြသူတွေပါ။ အတွေ့အကြုံရှိသူကိုလည်း ဆရာတင်တယ်၊ နားထောင်တယ်။ ခက်တာက အခုခေတ် ရွာကလူငယ်တွေကတော့ ဟိုမမီ၊ ဒီမမီနဲ့ အလုပ်းကျယ်ပြီး အလယ်လပ်နေကြတယ်။

အခုခေတ်ကလေးတွေကတော့ ရေပုပ်ရွာမှာ အစိုးရမူလတန်းကျောင်းရှိလို့ အားကိုးရပါတယ်။ ဆရာလေးအမြင်ပဲလေ။ ရွာကာလသားတွေလုပ်ပြီး အခုမှ စာတတ်ချင်လို့ ဆရာလေးတို့ အ,သုံးလုံးစာသင်ဝိုင်းမှာ သင်နေကြရတာလေ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

နောက်တစ်နေ့မနက်တွင် ကျွန်တော် (၆)နာရီခန့်ကတည်းက အိပ်ရာကထပြီး မျက်နှာသစ်၍ ဘုရားဝတ်ပြုသည်။ ဒေါ်နက်က မနက်စာ စီစဉ်ပေးသည်။ ကျွန်တော်နှင့် အဘဦးသာနိုး မနက်စာစားပြီးသည်နှင့် အဘက နွားဘီးပို့ရန် ထွက်သွားပေပြီ။

ကျွန်တော် အသင့်ပြင်စောင့်ကြိုနေစဉ် မမကြီးအိမ်မှအိမ်ဖော်မကလေးက လာခေါ်သည်။ မမကြီးတို့အိမ်ရောက်တော့ မနက်စာစာကို ကျွေးပြန်သည်။ ကျွန်တော် ထမင်းကြော်စားလာပြီးဖြစ်သဖြင့် နွားနို့ပူပူတစ်ခွက်ကိုသာ သောက်နိုင်တော့သည်။

ကျွန်တော်၊ မမကြီးနှင့် အိမ်ဖော်မကလေးတို့ ရွာတောင်ဖျားဘုန်းတော်ကြီးကျောင်းအနောက်ဘက် ဒုတ္တဝတီမြစ်ကမ်းအနီးမှ လယ်ကွင်းများကိုဖြတ်၍ ရွှေစာရံဘုရားဘက်သို့ လှမ်းခဲ့ကြသည်။ ရိတ်သိမ်းပြီးစလယ်ကွင်းများအတွင်းရှိ ကန်သင်းရိုးမှဖြတ်လျှောက်ကြစဉ် ရိုးပြတ်နံ့မှာ သင်းပျံ့လှသည်။





လယ်ကွင်းကျယ်ကြီးအတွင်း၌ စာကလေး၊ ချိုး၊ ခို၊ ဗွက်စာပွဲနှင့် ဗိုးတောင်ပို့ခေါ် တောင်ပီစူးငှက်ကလေးများက စပါးရိတ်သိမ်းစဉ် ကျ၍ ကျန်နေခဲ့သော ကောက်သင်းစပါးစေ့ကလေးများကို ရှာဖွေသောက်စားရင်း ဖိုမအသံပေး၍ မြူးပျော်နေကြသည်။ လယ်ကွင်းကိုဖြတ်နေစဉ် ထီးဆောင်းလာသောမမကြီးက ကျွန်တော့်ကို ထီးမိုးပေးသည်။ ကန်သင်းရိုးပေါ်၌ ထီးဆောင်းရင်း နှစ်ယောက်ယှဉ်တွဲမလျှောက်နိုင်သဖြင့် ကျွန်တော်က ကန်သင်းရိုးအောက်ဆင်းပြီးလမ်းလျှောက်ရာ မမကြီးက ..

"မောင်မောင် အရပ်အတော်ရှည်တာပဲ။ အခုမှပဲ ဘက်ညီတော့တယ်။ မမက ကန်သင်းရိုးပေါ်က မောင်မောင်က အောက်ကလေ"

နောက်မှ ချိုင့်ဆွဲပြီး ထီးဆောင်းလိုက်လာသောအိမ်ဖော်မလေးက သဘောကျပြီး ပြုံးရယ်နေသည်။ ထိုစဉ် ကန်သင်းရိုးပေါ် ကထာန်းတွင်းအတွင်းမှထွက်လာသော မြွေတစ်ကောင်ကိုတွေ့ရသဖြင့် ကျွန်တော်မမကြီးလက်ကိုဆွဲရင်း ...

"မမကြီး ရှေ့မှာမြွေ။ ခဏရပ်ပြီး ငြိမ်ငြိမ်နေ"

"ဩော် ...အကောင်ရှည်ပါလား၊ ကံကောင်းလို့ပဲ။ မမ မမြင်ဖူး။ ဒီကွင်းက အကောင်ရှည်အလွန်ပေါတယ်။ နိမိတ်ကောက်ရရင်တော့ အန္တရာယ်တွေ့နိုင်တယ်။ ခရီးတာ ရှည်ဝေးလိမ့်မယ်"

"အယူမသည်းပါနဲ့ မမရယ်။ လယ်ကွင်းထဲပဲ၊ မြွေတို့ဘာတို့ရှိမှာပေါ့။ ခဏစောင့်ပါ။ ဟော ...လူသံကြားလို့ ဟိုမှာထွက်ပြေးသွားပြီ"

ကျွန်တော်တို့ လယ်ကွင်းကိုဖြတ်နေစဉ် ထုံးဖြူဖြူနှင့် သပ္ပာယ်ကြည်ညိုဖွယ်ကောင်းသော ရွှေစာရံစေတီကို အဝေးကလှမ်း၍ ဖူးမြော်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ အနောက်ဘက်တွင် စိမ်းစိုညို့မှိုင်း၊ အုံ့ဆိုင်းနေသော ကြွက်နဖားတောင်ကြီးက ဆီးမိုးထားသည်။ အရှေ့ဘက်၌ ရှမ်းတောင်တန်းကြီးများအပေါ်မှ တောင်ပေါ်တက် လွန်းထိုးရထားလမ်းကြီးကို လှမ်းမြင်နေရသည်။

ရှေးခေတ်အခါက မိဖုရားစောမွန်လှမင်းသမီးသည် ရံရွေတော် အစေအပါးများဖြင့် ရှမ်းပြည်ပြန်ရန် ကုန်းကြောင်းခရီးကြွချီလာရပေလိမ့်မည်။ ပုဂံမှ ဤရှမ်းတောင်ခြေအထိ ခရီးမှာမနီးလှ။ ရှေ့ခရီးတောင်ဆင်း၊ တောင်တက်လမ်းကလည်း ကြမ်းလှပေသည်။ တောအထပ်ထပ်၊ တောင်အသွယ်သွယ်ကလည်း နက်ရှိုင်းလှသည်။ ခရီးကလည်းကြမ်း၊ စိတ်ကလည်းနွမ်းဖြင့် အတော်ခံစားရပေလိမ့်မည်။ ကျွန်တော် တောင်စဉ်ရေမရ၊ တွေးတောငေးမော လမ်းလျှောက်ရင်း စဉ်းစားနေမိစဉ် မမကြီးက ...

"မောင်မောင် ... ဘာတွေတွေးပြီး ဆွေးနေတာလဲ။ ရန်ကုန်မှာကျန်ခဲ့တဲ့ရည်းစားကို သတိရလို့လားဟင်၊ မောင်မောင်"

"မဟုတ်ပါဘူး မမရယ်။ ရည်းစားလည်း မရှိသေးပါဘူး။ ပုဂံနန်းကစွန့်ပစ်ခံရပြီး ရွှေစာရံဘုရားတည်ခဲ့တဲ့ ရှမ်းမိဖုရားစောမွန်လှအကြောင်းကို တွေးနေမိတာပါ။ ရွှေစာရံဘုရားနဲ့ ရှမ်းတောင်တန်းကြီးကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေမိတာပါ"

"ဩော် ... မောင်မောင်ကလည်း အဘွားစောမွန်လှ ရာဇဝင်အကြောင်းကို သိနေပြီး ခံစားတတ်နေပြီကိုး။ မိဖုရားစောမွန်လှအကြောင်းကို မမက ရှင်းပြမလို့လုပ်နေတာ"

"မမတို့က ဆွေတော်မျိုးတော်တွေဆို၊ မမရှင်းပြရင် ပိုသဘာဝကျတာပေါ့။ ကျွန်တော် နားထောင်ချင်ပါတယ်"

စိတ်ကူးသစ်စာပေ



"မောင်မောင်က ရာဇဝင်ကို သိပြီးသားဆိုတော့ မသိသေးတာတွေကိုဘဲ မမရှင်းပြတော့မယ်။ ဟော့ဟိုရှေ့က ချောင်းကလေးက နားမှောင်းကျချောင်းလို့ခေါ်တယ်။ ဒီဘက်ကမ်းက မိဖုရားရုပ်တု၊ ဟိုဘက်ကမ်းက လက်လှမ်းနေတာက ရံရွေတော်ရုပ်ထု၊ မန္တလေးက ရသေ့ကြီးဦးခန္တီ ထုလုပ်လှူဒါန်းထားတဲ့ သံပုံသွင်းရုပ်ထုတွေပဲ"

"လက်ရာအလွန်မြောက်တယ်နော်။ ဆေးရောင်တွေပြယ်နေလို့ ဆေးခြယ်လိုက်ရင်တော့ အလွန်လှမှာပဲနော်"

"မမလုပ်ပေးမှာပါ ... မောင်မောင်"

နားမှောင်းကျချောင်းကလေးမှာ (၅)ပေခန့်သာ ကျယ်ဝန်းပါလိမ့်မည်။ ရေစီးအလျင်မှာ ကြည်လင်နေသော်လည်း နွေရာသီဖြစ်၍ ချောင်းရေအနက်မှာ ခြေမျက်စိမြုပ်ရုံသာ။ ရုပ်တုများမှာ ရာသီဥတုဒဏ်ကြောင့် ဆေးရောင်များမရှိတော့။ ရွှေ့သို့တက်ပြီး မဲနက်ညိုမှောင်နေသော်လည်း ပိပြင်မှုတော့ရှိပါသည်။

ကျွန်တော်အရင် ချောင်းကလေးထဲဆင်း၍ မမကြီးကို လက်ကမ်းပေးရသည်။ တစ်ဖက်ကမ်းသို့တင်ပေးပြီးနောက် ထမင်းချိုင့်၊ ဆွဲခြင်းတို့ဖြင့် မနိုင်မနင်းဖြစ်နေရှာသော အိမ်ဖော်မကလေးကိုလည်း ဆွဲတင်ပေးရပြန်သည်။

ချောင်းတစ်ဖက်ကမ်းရောက်တော့ ရွှေစာရံဘုရား၏ ပရိဝုဏ်မြေအတွင်းသို့ ရောက်သည်။ ဘုရားမှာ အနောက်ဘက်၌ တန်ဆောင်းတစ်ခုသာရှိသည်။ မုခ်ပေါက်ဝကတော့ လေးခုရှိသည်။ ဘုရားပရဝဏ်အတွင်း၌ တောဆီးသီးပင်အရိုင်းများပေါက်နေပြီး ကြွေကျသော ဆီးသီးအမည့်များအား နွားများက ကောက်စားနေကြသည်။ ဘုရားဖူးသူလည်း မရှိပါ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မုခ်ပေါက်ဝလေးခုရှိ ဘုရားပန်းအိုးများအထဲ၌ ဘုရားအနီးတွင် ပေါက်ရောက်နေသော တောပန်းတောင်ပန်း ထားဝယ်မှိုင်းပန်းကလေးများကို ထိုး၍ ပူဇော်ထားသည်။ တောဘုရားတောင်ဘုရားဖြစ်၍ ကုသိုလ်ရှင်အလှူဒါယိကာမ၊ စောမွန်လှလိုပင် မျက်နှာငယ်လှသည်။

တော်ပါသေးသည်။ မမကြီးက ဆွဲခြင်းထဲ၌ ဘုရားပန်းထိုးရန် ဆွမ်းမွှေးပင်နှင့် နှင်းဆီပန်းများယူလာသည်။ ထို့ကြောင့် ကျွန်တော် တန်ဆောင်းအတွင်းရောက်သည်နှင့် အနားမယူတော့ဘဲ ပန်းအိုးများကိုချပေးပြီး မုခ်ပေါက်လေးပေါက်ကို သန့်ရှင်းရေးလုပ်ပေးသည်။

ပန်းဟောင်းများကို တံတိုင်းအပြင်၌စွန့်ပစ်ပြီး ပန်းအိုးများကို နားမှောင်းကျချောင်းအတွင်း ဆေးကြောရသည်။ ရေလဲပြီးတော့ မမကြီးက ကိုယ်တိုင်ပန်းထိုးသည်။ အိမ်ဖော်မကလေးက ဆွမ်းပွဲ သောက်တော်ရေနှင့် သစ်သီးအချိုပွဲကို ပြင်ဆင်ပေးသည်။ အားလုံးပြီးတော့မှ ကျွန်တော်တို့ ဘုရားအားကပ်လှူပူဇော်ကြသည်။ အမွှေးတိုင်၊ ဖယောင်းတိုင်များလည်း ထွန်းညှိပူဇော်ပါသည်။

အတူဘုရားဝတ်ပြုကြရာ မမကြီးက ဘာဆုတောင်းသည်မသိ။ ကျွန်တော်ကတော့ ရွှေစာရံ ဘုရာဒါယိကာမ၊ မိဖုရားစောမွန်လှ ကောင်းမွန်ရာ ဘဝရောက်စေရန်နှင့် ဖြစ်လေရာဘဝတိုင်း၌လည်း ကံကောင်းစေရန် ဆုတောင်းပါသည်။

ထိုခေတ်ထိုအခါက ဘုန်းတန်ခိုးကြီးသောစစ်ဘုရင်တို့၏ တစ်သွေး၊ တစ်သံ၊ တစ်မိန့်မှာ လွန်စွာ ရက်စက်လွန်းလှသည်။ တစ်ဖက်သားခံစားရမည့်ဒုက္ခကို သူတို့လှည့်မကြည့်ပါ။ ကိုယ်ချင်းစာစိတ် ခေါင်းပါးလွန်းလှသည်။





"စောမွန်လှမိဖုရားဟာ ပုဂံဘုရင်ကိုစိတ်နာလွန်းလို့ ပထမ ပုဂံပြည်ဘက်လှည့်ထားတဲ့မုခ်ပေါက်ဝကို အမိဋ္ဌာန်ပြီး မြတဘက်နဲ့ ရှမ်းပြန်ဘက် ဆွဲလှည့်တယ်လို့အဆိုရှိတယ် မောင်မောင်။ ရွှေစာရံဘုရားပွဲတော်က တပေါင်းလပြည့်နေ့ကစပြီး လုပ်မှာဆိုတော့ မောင်မောင်မီလောက်ပါတယ်။

မမကတော့ လက်ဝတ်ရတနာတွေ ထုခွဲရောင်းချပြီး ရွှေစာရံဘုရားပွဲတော်အမီ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်ဖို့ ရည်ရွယ်ထားတယ်။ ပိုမိုပြည့်စုံအောင် မမလုပ်နေတဲ့ ရတနာပစ္စည်းအရောင်းအဝယ်လုပ်ငန်းကလည်း ဝင်ငွေရဖို့ရှိတော့ မနက်ဖြန် မမ မန္တလေးခဏဆင်းဖို့ရှိတယ်"

"သာဓုခေါ်ပါတယ် မမ။ ကျွန်တော်လည်း ကုသိုလ်ရအောင် တတ်နိုင်သမျှ ထည့်ဝင်လှူဒါန်းချင်ပါတယ်"

"သာဓုပါကွယ် ... သာဓုပါ ... သာဓုပါ။ မောင်မောင့်လို အင်ဆန္ဒမွန်သမျှ မမက ဖြည့်ဆည်းပေးနိုင်ပါစေ"

"မမ ကျွန်တော်က ဘုရားရှင်တော်မြတ်ထံမှာ ဆုတောင်းမှာလေ။ မမဆီမှာ ဆုတောင်းမှာမှမဟုတ်ဘဲ"

"ဩော် ... မောင်မောင်ကလည်း၊ ဒီရွှေစာရံဘုရားကို မိဖုရားစောမွန်လှတည်ခဲ့တာလေ။ မမတို့ရဲ့ ဆွေဘုရားမျိုးဘုရားလို့ မောင်မောင်သိခဲ့ပြီပဲ။ ဒါကြောင့် အဘွားစောမွန်လှရဲ့ကိုယ်စား မမက ဖြည့်ဆည်းပေးမှာလေကွယ်"

"ဩော် ... အဲဒီလိုလား။ ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့ပါခင်ဗျား"

ကျွန်တော့်အပြောကို သဘောကျ၍ မမကြီးက ပြုံးနေပါသည်။

"ကဲ ... မစောနန်းရေ၊ နေ့လယ်စာ စောစောစားလိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



ရအောင် ပြင်တော့ကွယ်။ စားပြီး ခဏနားမယ်။ နားပြီးတာနဲ့ ကြွက်နဖားတောင်တစ်ဘက်ကမ်းကို လှေငှားပြီး မောင်မောင့်ကို လိုက်ပို့မယ်။ မောင်မောင် ရောက်ဖူးအောင်ပါ''

ကျွန်တော်နှင့်မမကြီး အိမ်ဖော်မကလေး စောနန်းနွယ်ပြင်ဆင်ပေးသော နေ့လယ်စာကို လက်ဆုံစားကြသည်။ ထုံးစံအတိုင်း မမကြီးက ကြက်အသည်းဖတ်များကို ကျွန်တော့်ထမင်းပန်းကန်းထဲ ဦးချသလိုထည့်ပေးသဖြင့် ကျွန်တော်ကတစ်ဝက်ခွဲပြီး ပြန်ထည့်ပေးတော့ပြုံး၍ ကျေနပ်နေဟန်ပြသည်။ ကျွန်တော်တို့ နေ့လယ်စာစားပြီး ရေနွေးကြမ်းနှင့် လက်ဖက်သုပ်စားနေကြစဉ် အိမ်ဖော်မကလေးက သိမ်းဆည်းရင်း နေ့လယ်စာ စားနေသည်။ စားပြီးသည်နှင့် မမကြီးက ..

''ကဲ ...မစောနန်းရေ၊ မမတို့ ဒုဋ္ဌဝတီလှေဆိပ်ဆင်းကြမယ်။ မစောနန်းက ပစ္စည်းတွေနဲ့ဆိုတော့ ဒီဘက်ကမ်းက လက်ဖက်ရည်ဆိုင်မှာ စောင့်နေ။ မမတို့ မြန်မြန်ပြန်လာမှာပါ။ တောင်ပေါ်အထိ မတက်ပါဘူး''

''ဟုတ်ကဲ့ မမကြီး''

ဒုဋ္ဌဝတီမြစ်လှေဆိပ်မှာ ရွှေစာရံဘုရားနှင့် တစ်ခေါ်လောက်သာဝေးသည်။ ကျွန်တော်တို့ ဘုရားပေါ်ကဆင်းလာတော့ မြစ်ကမ်းဘေးလှေဆိပ်တွင် ငှက်သမ္ဗန်လှေကလေး နှစ်စီးသုံးစီးဆိုက်ကပ်ထားသည်။ ကမ်းပါးပေါ်ရှိ လက်ဖက်ရည်ဆိုင်တွင်လည်း လူလေးငါးဦးသာရှိသည်။ နေ့လယ်ခင်းအချိန်ဖြစ်၍ လူနည်းဟန်ရှိသည်။ လက်ဖက်ရည်ဆိုင်ကို မှီး၍ မန်ကျည်းပင်ကြီးအရိပ်က လွန်စွာအေးမြလှသည်။

ဒုဋ္ဌဝတီမြစ်ရေနှင့် သစ်ရိပ်ဝါးရိပ်များကြောင့် ထိုနေရာကလေးက လွန်စွာ အေးချမ်းလှသည်။ လှေဆိပ်ဖြစ်၍ ရှုခင်းရှုကွက်





လည်း အလွန်လှပသည်။ ဒုဋ္ဌဝတီမြစ်က မကျယ်ဝန်းလှ။ ပေ (၂၀၀) ခန့်သာ ကျယ်ဝန်းပါလိမ့်မည်။ ရေအလျင်ကတော့ သန်ပုံရသည်။ တစ်ဘက်ကမ်း၌ ကြွက်နဖားတောင်ကြီးက စိမ်းစိုစွာကြုံဆိုနေသည်။ ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်မှ မြစ်ဘက်နီးသည့် စားပွဲခုံပုကလေးများတွင် နေရာယူထိုင်လိုက်ကြသည်။ စားပွဲထိုးကလေးရောက်လာပြီး ...

''ဘာသောက်ကြမလဲ ဆရာ၊ ဆရာမတို့ ...''

''လက်ဖက်ရည်ချိုဆိမ့် တစ်ခွက်ပေးပါကွယ်။ မမတို့ကတော့ ဟိုဘက်ကမ်းခဏသွားပြီး ပြန်လာမှသောက်မယ်''

''ဟုတ်ကဲ့ ... ချိုဆိမ့်ဝမ်း''

''ဒါနဲ့ကလေး ...မမကို ဟိုဘက်ကမ်းကူးဖို့ သမ္ဗန်ငှားပေးပါ''

''ဟုတ်''

''သမ္ဗန် ဦးညိုကြီးအလှည့်မဟုတ်လား။ ဒီမှာ သမ္ဗန်ငှားနေတယ်''

''လာပြီ ...လာပြီ''

ဝါးခမောက်ဆောင်းထားသောလူကြီးတစ်ဦး ဆိုင်အတွင်းမှ ပြေးထွက်လာသည်။ အားကောင်းမောင်းသန် ကြံ့ခိုင်သောလူကြီးတစ်ဦးဖြစ်သည်။ သူသမ္ဗန်ပေါ်ရောက်တော့ ကျွန်တော်က အရင်ဘက်ပြီး မမကြီးလက်အား ဆွဲ၍တင်ရသည်။ လက်ဖက်ရည်ဆိုင်အတွင်းရှိ သမ္ဗန်သမားနှင့် ဝါးဖောင်သမားများက ကျွန်တော်တို့အတွဲအား စိတ်ဝင်တစားလှမ်းကြည့်နေကြသည်။ ဒုဋ္ဌဝတီမြစ်ရေက တသွင်သွင်စီးဆင်းနေသည်။ ရေမှာ နက်ဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



သမ္ဗန်ဆရာကြီးမှာ သမ္ဗန်ကို နောက်ဆုတ်၍လှော်ခတ်ပြီး လှေဦးလှည့်၍ တစ်ဖက်ကမ်းသို့ အားကောင်းမောင်းသန်ရေစီးကို ကျော်ဖြတ်၍ လှော်ခတ်သည်။ ရေလယ်သို့အရောက်၌ ရေစီးက အလွန်သန်လာသည်။ ထိုစဉ် အထက်မှမျှောချလာသော ဝါးဖောင်တစ်ခုကို မြစ်အကွေ့တွင် တစ်စွန်းတစ်စ လှမ်းမြင်လိုက်ရသဖြင့် ...

"သမ္ဗန်ဆရာကြီး ... ဝါးဖောင် ... ဝါးဖောင်"

ကျွန်တော် အထိတ်တလန့်အော်ပြီး ကျွန်တော်၏လက်ဝဲဘက်တွင်ထိုင်နေသောမမကြီးအား သိုင်းဖက်၍ ဝါးဖောင်က သမ္ဗန်အမြီးကို တိုက်မိပြီး တစ်ပတ်လည်သွားသည်နှင့် လက်ဝဲဘက်သို့ ခုန်ချလိုက်ရတော့သည်။

"ဒုန်း ... ဝုန်း ... ဝုန်း ... ဗွမ်း ..."

လှေအမြီးစွန်းကို ဝါးဖောင်ဝင်တိုက်သဖြင့် သမ္ဗန်ဦးမှာ လက်ျာဘက်သို့ရမ်းပြီးမှောက်ခါ ဝါးဖောင်နှင့်အတူ မျောပါသွားတော့သည်။ သမ္ဗန်သမားမှာလည်း မြစ်အတွင်း ပြုတ်ကျသွားပုံရသည်။ ကမ်းစပ်လက်ဖက်ရည်ဆိုင်မှလူများ 'ဟာခနဲ ... ဟင်ခနဲ' အလန့်တကြားအော်ဟစ်ကြပြီး လှေသမားများက လိုက်ဆယ်ရန်ဆင်းပြေးလာကြသည်။ တော်ပါသေးသည်။ ကျွန်တော်တို့ ဝါးဖောင်နှင့် လွတ်သွားသည်။ ကျွန်တော်က ရေကူးကျွမ်းကျင်သဖြင့် တစ်ဖက်ကမ်းစပ်သို့ မမကြီးကိုသိုင်းဖက်ရင်း ချောမောစွာရောက်ရှိသွားပါသည်။

မမကြီးမှာ ရေမွန်းနေသဖြင့် ကျွန်တော့်အားအတင်းဖက်တွယ်ထားသည်။ တစ်ဖက်ကမ်းပေါ်သို့ရောက်၍ မမကြီးအား ရင်ခွင်ထဲထည့်ပြီး အနွေးဓာတ်ပေးရင်း တကြော်ကြော်အမည်ခေါ်ရင်း အနီးကပ်အသေအချာကြည့်မိတော့ ရေစိုရွှဲနေသော အဝတ်အစားများ၊ အသားကပ်နေသော မမကြီး၏ခန္ဓာကိုယ်မှ ပြကတေ့ပင်ကိုသဘာဝအလှကို မြင်ရသဖြင့် ကျွန်တော် သတိလက်လွတ်၊ ငေးစိုက်ကြည့်နေမိသည်။





မမကြီး၏ ကော့ပျံနေသောမျက်တောင်များ လိပ်ပြာတောင်ပံခတ်သလို တဖျတ်ဖျတ် လှုပ်ရှားလာသည်။ နှင်းဆီနီရောင် သန္တာနှုတ်ခမ်းမှာလည်း ပွင့်ချပ်ပွင့်ဖတ်များ ပွင့်အာလာသလို လှုပ်ရှားလာပြီး သတိရလာသော်လည်း ကျွန်တော့်အား သိုင်းဖက်ထားသောလက်များကို မဖြုတ်ဘဲ တိုး၍ဖက်လာရင်း ...

"မောင်မောင် ... မမအသက်ကိုကယ်လိုက်တာနော်။ မောင်မောင် အလွန်သတ္တိကောင်းတယ်။ မောင်မောင်သာမကယ်ရင် မမသေပြီ။ မမရေမကူးတတ်ဘူး"

"ဟုတ်ပါတယ် မမ။ ကျွန်တော် လှေထဲဆင်းကတည်းက တစ်ခုခုအန္တရာယ်ဖြစ်တော့မယ်ဆိုတာ သိနေသလိုပဲ။ ဒါကြောင့် သတိထားနေတုန်း ဝါးဖောင်ကြီးစုန်ဆင်းလာတာကို ကြိုတင်မြင်လို့ ကျွန်တော် မမကိုသိုင်းဖက်ပြီး ရေထဲခုန်ချလိုက်ရတာပါ။

ခုန်ဆင်းတာတောင် ညာဘက်ခုန်ဆင်းရင် လှေပဲ့ပိုင်းကို ဝါးဖောင်ကြီးကတိုက်တာမို့ ကျွန်တော်တို့ လှေဦးနဲ့ဖောင်ကြား ညှပ်သွားနိုင်တယ်။ ဒါကြောင့် ညာဘက်ပိုင်းကို ခုန်ဆင်းလိုက်ရတာ။ အတွက်မှန်လို့ ချမ်းသာရာရတာပါ မမရယ်"

"ဒါမှ မမချစ်ရတဲ့ မောင်မောင်။ မမရဲ့ အသက်သခင်ကျေးဇူးရှင် သူရဲကောင်းကြီး"

မမကြီးက ကျွန်တော့်ပါးပြင်နှစ်ဖက်ကို ပန်းပွင့်ပေါ်လိပ်ပြာနားသလို ရွှရွှကလေး မွှေးမွှေးပေးပါသည်။ ထိုအခြင်းအရာကိုမြင်တော့



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကမ်းလက်ဖက်ရည်ဆိုင်ပရိသတ်က လက်ခုပ်လက်ဝါးတီးပြီး အော်ဟစ်အားပေးကြပါသည်။

"ဖြောင်း ဖြောင်း ဖြောင်း . . . ရှိုး ရှိုး ရှိုး"

"ဟီးရှိုးကွ . . . ဟီးရှိုး . . .။ ဒါမှ တကယ့်ဇာတ်လိုက်ပီပြင်တာ"

"ဝေး . . . အေး . . . အေး . . . ဟေး . . ."

မကြာမီ ငှက်သမ္ဗန်တစ်စီးလှော်ခတ်လာပြီး ကျွန်တော်တို့စုံတွဲအား သာကြိုပါသည်။ ကျွန်တော်တို့အစောကစီးလာသော ငှက်သမ္ဗန်ဆရာကတော့ ဖောင်ကြီးနှင့်အတူ မျောပါသွားသဖြင့် ဘယ်ရောက်၍ ဘယ်ပေါက်မှန်းပင် မသိတော့ပါ။ ကျွန်တော်တို့ ကံကောင်းလေစွ။ တစ်ဖက်ကမ်းရောက်တော့ ပရိသတ်တစ်ဦးက . . .

"ဆရာလေး . . . ဒီကြွက်နဖားတောင်ခြေမှာ ကျောက်ဘီလူးနဲ့ ပပဝင်းထင်ပါရဲ့။ ရုပ်ရှင်ကားကြီး လာရိုက်ဖူးတယ်။ တကယ်မဟုတ်ဘဲ သရုပ်ဆောင်ရတာဆိုတော့ အခုလောက်မပီပြင်ဘူး။ ဆရာလေးတို့စုံတွဲကမှ တကယ်ပီပြင်တာ။ အဟုတ်"

ကျွန်တော်တို့ ဘာမျှပြန်မပြောဘဲ ပြုံးနေမိပါသည်။ အိမ်ဖော်မကလေးက တဘက်ကြီးတစ်ထည်ကိုယူလာပြီး မမကြီးအား ခြုံပေးသည်။ လက်ဖက်ရည်ဆိုင်ကလည်း လက်ဖက်ရည်ချိုချို ပူပူလေးတစ်ခွက်စီတိုက်သည်။ အဝတ်အစားများရေစိုရွှဲနေသဖြင့် လက်ဖက်ရည်ချိုပူပူကလေးမှာ လွန်စွာအရသာရှိလှသည်။ ကျွန်တော်တို့မှာ မျက်နှာစိမ်းများဖြစ်ကြ၍ တော်ပါသေးသည်။

လက်ဖက်ရည်သောက်ပြီးနောက် အားလုံးကိုနှုတ်ဆက်၍ သမ္ဗန်ခနှင့် လက်ဖက်ရည်ဖိုးရှင်းသော်လည်း မယူကြပါ။ ကျွန်တော်





တို့ ရွှေစာရံဘုရားအားဝင်ဖူးပြီး ပြန်ခဲ့ကြသည်။ ကွင်းပြင်တွင် နေပူရှိန်က ပူပြင်းလှသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့ အဝတ်အစားများ ခြောက်သွေ့ကုန်သည်။

"မောင်မောင် . . . မမ မပြောဘူးလား။ သမ်းမှာ မြွေတွေ့ကတည်းက အန္တရာယ်ဖြစ်တတ်တယ်လို့လေ။ အခုတော့ အသေအချာမှန်တာပဲနော်။ ဒီနေ့တစ်နေ့တည်း မောင်မောင် မမအသက်ကိုကယ်တင်တာ နှစ်ကြိမ်ရှိပြီနော်။ မမကလည်း မောင်မောင့်ကို ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ရတော့မယ်"

"မလိုပါဘူး မမရယ်။ ကျွန်တော်က မမအသက်ကိုကယ်တင်ခွင့်ရလို့ ဝမ်းသာနေရတာပါ။ အသက်ကယ်တယ်ဆိုတာကလည်း ကယ်ချင်တိုင်း ကယ်လို့မရပါဘူး။ အခွင့်ကြုံမှ ကယ်လို့ရတာပါ။ ကျွန်တော်နဲ့မမက အရင်ဘဝက ပဋ္ဌာန်းဆက်တွေထင်ပါရဲ့။ အချိန်တိုလေးအတွင်းမှာ ရင်းနှီးခင်မင်သွားကြတယ်နော်"

"ဟော့ . . . မောင်မောင် အသုံးအနှုန်းမှားသွားပြီ။ အချိန်တိုလေးအတွင်းမှာ အသက်ပေးပြီးချစ်ကြတယ်လို့ ပြောစမ်းပါ . . . မောင်မောင်ရယ်"

"မမကြီးက ကနွဲ့ကလျဖြင့် ကျွန်တော့်ပခုံးအားမှီ၍လမ်းလျှောက်ပြီး လိုက်လာသည်။ အိမ်ဖော်မကလေးက မပွင့်တပွင့်ပြုံးရင်းရှက်စနိုးဖြင့် မျက်နှာလွှဲပြီး နောက်ကလိုက်လာသည်။ အမျိုးသမီးများ ယုံပြီဆိုလျှင် ပုံအပ်တော့မည့်ထင်ပါသည်။ မမကြီးအား သူ့မအိမ်သို့ ပြန်ပို့ပြီး နှုတ်ဆက်၍ ကျွန်တော် တည်းခိုအိမ်သို့ပြန်လာခဲ့ပါသည်။ အိမ်ပြန်ရောက်တော့ ကျွန်တော့်အား အဘဦးသာနိုးနှင့် ကျောင်းဆရာ ဦးမောင်ဝင်း၊ ဦးထွန်းတို့ စောင့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ် . . . ဆရာလေး အတော်ပျော်ခဲ့ရဲ့လား။ ကျုပ်တို့ သတင်းတွေစုံအောင် ကြားပြီးပါပြီ"

"ဟုတ်ကဲ့ ကြားတဲ့အတိုင်းပါပဲ အဘ"

ထိုစဉ် ဆရာထွန်းက . . .

"ကိုသိန်းဝင်း ဘာဖြစ်လာတာလဲ။ ဆံပင်တွေလည်း ဖရိုဖရဲနဲ့"

ကျွန်တော်က ဖြစ်ကြောင်းကုန်စင်ကိုပြောပြတော့ အားလုံးက တအံ့တသြ နားထောင်နေကြသည်။

"မသေကောင်းမပျောက်ကောင်း ဆရာလေးရယ်"

ကျွန်တော်အဝတ်အစားများလဲပြီး လက်ဖက်ရည်ကြမ်းဝိုင်းပြန်ထိုင်တော့ ဆရာဦးခင်မောင်ဝင်းက . . .

"အင်း . . . အလွန်အင်မတန်မာနကြီးတဲ့ မမကြီးတို့ ကျွန်တော်တို့ အသုံးလုံးဆရာနဲ့တွေ့မှပဲ ပျော့တော့တယ်ထင်ပါရဲ့။ မမကြီးက ဒီနယ်တစ်ကျောမှာ သူနဲ့ထိုက်တန်တဲ့သူ မပေါ်သေးဘူးလို့ အထင်ရှိနေတာ။ ကောင်းပါတယ် . . . ဆရာလေး။ ဆရာလေးနဲ့ လိုက်ဖက်တင့်တယ်ပါတယ်။ ဒါမှလည်း ဆရာလေး ကျွန်တော်တို့ဆီကို မကြာခဏရောက်ဖြစ်မှာ။ နတ်ရေးတဲ့ဖူးစာပေါ့နော် အဘဦးသာနီး"

"ဟုတ်ကဲ့ ကျောင်းဆရာရယ်၊ မှန်လိုက်လေဗျာ"

✿ ✿ ✿

❑

ညနေစောင်းတွင် မမကြီးတို့အိမ်မှအိမ်ဖော်မကလေး ကျွန်တော့်အား လာခေါ်ပြန်သည်။

"ဆရာလေး . . . မမကြီးက ခေါ်ခိုင်းလိုက်တယ်။ ခဏကြွခဲ့ပါတဲ့"

"ဪ . . . ဟုတ်ကဲ့ . . . ဟုတ်ကဲ့"

"ကျွန်တော်လိုက်သွားတော့ မမကြီးက အိမ်အပေါ်ထပ် သူ့မအခန်းတွင်တက်လာရန် ပြောသဖြင့် တက်သွားရသည်။ အခန်းတွင်း၌ မမကြီးမှာ နေမကောင်းဟန်ဖြင့် ခုတင်ပေါ်၌လှဲနေသည်။

"မမ . . . နေမကောင်းဘူးလား။ အအေးမိသွားတယ်ထင်တယ်။ ကျွန်တော်မှာ ရန်ကုန်ကယူခဲ့တဲ့ ဆေးတွေပါလာပါတယ်။ သူကြီးအိမ်ကို ကျွန်တော်ပြန်ယူလိုက်ဦးမယ်"

"မလိုတော့ပါဘူး မောင်မောင်ရယ်။ မမ ဆေးသောက်ပြီးပါပြီ။ မောင်မောင့်မျက်နှာကို မြင်ရတာနဲ့တင် ဝေဒနာ တစ်ဝက်သက်သာသွားပါပြီ။ ခုတင်ပေါ်မှာပဲထိုင်ပါ မောင်မောင်။ တိုင်ပင်စရာလေးရှိလို့ပါ"

www.burmeseclassic.com



"ပြောပါ မမ။ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"မမ မနက်ဖြန် မန္တလေးကိုဆင်းမယ်။ အလုပ်ကိစ္စချိန်းထားတာရယ်၊ ကျန်းမာရေးအတွက် ဆရာဝန်နဲ့လည်း ပြရမယ်။ မောင်မောင်ကော နေကောင်းရဲ့လား"

"ကောင်းပါတယ်မမ"

"အဲ့ဒါဆို မမကို မနက်ဖြန်မနက် (၈)နာရီလောက် ကျောက်မီးတာဆုံကို စက်ဘီးနဲ့ လိုက်ပို့ပါ။ အလုပ်ကိစ္စပြီးတာနဲ့ ရွှေစာရံဘုရားဘက်စုံမွမ်းမံပြီး ရွှေချဖို့အတွက် ဘုရားဂေါပက အဖွဲ့နဲ့တွေ့ပြီး ကုန်ကျသမျှ မမလှူလိုက်မယ်။ ပြီးမှ ရွာကိုပြန်လာမယ်။ တစ်ပတ်လောက်တော့ ကြာမယ်ထင်တယ် မောင်မောင်"

"အဲ့ဒါဆို မမရယ်၊ ကျွန်တော်လည်း ကုသိုလ်ရအောင် မမအလှူမှာ ပါဝင်ပါရမီဖြည့်တဲ့အနေနဲ့ ကျွန်တော်ဆွဲထားတဲ့ ဒီတစ်ကျပ်သားရှိတဲ့ ရွှေဆွဲကြိုးကလေးကို လှူဒါန်းပါရစေ"

"အင်း ... သာဓုပါ၊ မောင်မောင်ရယ်။ ကုသိုလ်ပါရမီဆက်ကြတာပေ့ါ။ အင်း ... ဒါပေမဲ့ မောင်မောင့်လည်တိုင်မှာ ဗလာဖြစ်နေမှာဆိုတော့ မမရဲ့ အသက်သခင်ကျေးဇူးရှင် ချစ်ရတဲ့မောင်မောင်ကို မမကလည်း ကျေးဇူးဆပ်တဲ့အနေနဲ့ ချစ်သက်လက်ဆောင်တစ်ခု ပြန်ပေးမယ်။ မောင်မောင် မျက်စိမှိတ်ထားပါ"

မမကြီးက သူမ၏ခေါင်းအုံးအောက်မှ အသင့်ထားဟန်တူသော ရတနာကြုတ်ကလေးကို ထုတ်ယူလိုက်သည်။ ကျွန်တော် မျက်စိမှိတ်ထားတော့မှ ကျွန်တော့်လည်တိုင်တွင် ဆွဲပေးပါသည်။ ရွှေကြုတ်ကလေးပါသော နှစ်ကျပ်သားခန့်ရှိ ရှေးဟောင်းရွှေဆွဲကြိုးကလေးတစ်ကုံးဖြစ်သည်။





"မောင်မောင်က သောကြာသားဆိုတော့ နီလာနဲ့တည့်တယ်။ နီလာကျောက်ကို မိုးကုတ်ကထွက်တာ။ အလွန်အရည်ကောင်းပြီး တန်ဖိုးကြီးတယ်၊ ကြုတ်ကလေး (လော့ကတ်သီး) ထဲမှာထည့်ထားတယ်။ အိမ်ရောက်မှဖွင့်ကြည့်။ ဒီရှေးဟောင်းဆွဲကြိုးက မမတို့ ရှေးဘိုးဘေးဘီဘင် လက်ထက်ကတည်းက အမွေရထားတာ။ မောင်မောင်နဲ့ထိုက်လို့ရတာပါ။ မမရဲ့အချစ်ဆုံး မောင်မောင်အတွက် ချစ်သက်လက်ဆောင်ပါ။ မပျောက်စေနဲ့နော်"

"စိတ်ချပါ မမ။ ကျွန်တော် တစ်သက်လုံး ဆွဲထားပါ့မယ်။ ဒါပေမဲ့ မမရယ် ... ကျွန်တော်ကညည့်သည်ဆိုတော့ ကျွန်တော်က မမကို ချစ်သက်လက်ဆောင်အဖြစ် ဘာမှပြန်မပေးနိုင်ဘူးဖြစ်နေတယ်"

"မလိုဘူး မောင်မောင်။ မမမှာ ပြည့်စုံပါတယ်။ မောင်မောင့်ကို မမကဆင်ပေးဦးမှာပါ။ မန္တလေကပြန်လာမှ လက်စွပ်နဲ့ နာရီအသစ်ယူလာခဲ့မယ်"

ထိုနေ့က မမကြီး၏အိပ်ခန်းအတွင်းဖြစ်၍ ကျွန်တော်တို့နှစ်ဦးအပြန်အလှန် အနမ်းမိုးများရွာသွန်း၍ ချစ်ကျီစယ်နေကြစဉ် ...

"အဟမ်း ... အဟမ်း ..."

အိမ်ပေါ်မကလေး၏ သတိပေးချောင်းဟန့်သံကြောင့် ကျွန်တော်တို့ လူချင်းခွာလိုက်ကြသည်။ အကြောင်းသိ၊ အတွင်းသိ အိမ်ဖော်မကလေးက နွားနို့နှင့် မုန့်ပန်းကန်ကို စားပွဲပေါ်သို့တင်ခဲ့ပြီး အောက်ထပ်သို့ ပြန်ဆင်းသွားသည်။

ကျွန်တော်တို့ချစ်သူနှစ်ဦး သံသာလေကမ်းတိုင်တူပြိုင်ကူးကြသည်မှာ မမောနိုင် မပန်းနိုင်။ ကျွန်တော့်အတွက် မမကြီးမှာ အချစ်ဦးဖြစ်၍ အချစ်ဆွေးရူးပြီးရူးမိသည်မှာ အပြစ်တော့မဟုတ်တန်ရာချေ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မောမောပန်းပန်းဖြင့် နွားနို့သောက်တော့ အငွေ့တထောင်းထောင်းထွက်နေသော နွားနို့များ အေးစက်ကုန်ပြီဖြစ်သည်။ အချစ်၏အရသာမှာ နွားနို့ထက် ပိုမိုချိုမြိန်လွန်းပါသည်။ ကျွန်တော့် တစ်သက်တာတွင် သူငယ်ချင်းမိန်းကလေးများ ရှိခဲ့ဖူးသော်လည်း တက္ကသိုလ်ကျောင်းသားကြီးဖြစ်သည်အထိ ရည်းစားသနာမထားခဲ့ဖူးပါ။ ထို့ကြောင့် အချစ်သည်းခြင်း ဖြစ်ပါလိမ့်မည်။

မုံရွာမြို့နယ်၊ ထူးကြီးကျေးရွာတွင်ဆုံခဲ့ဖူးသော ကန်တော်ရှင်မနှင့်ပတ်သက်သည့် မလေးနွယ်ဟူသည်မှာလည်း အဆက်အသွယ်မရတော့။ ရည်းစားဖြစ်ဖို့ ကြွရွယ်ကာရှိသေး၊ ခြေရာပျောက်သွားတော့သည်။

ကျွန်တော် မမကြီးတို့အိမ်ကပြန်တော့ နေပင်ဝင်လုချေပြီ။ အ,သုံးလုံး သင်တန်းရှိသေးသဖြင့် အပေါ်ထပ်မှ ကတိုက်ကရိုက်ဆင်းလာရာ အောက်ထပ်တွင် အိမ်ဖော်မကလေးကို မတွေ့ရပါ။ မျက်နှာပူ၍ ရှောင်နေဟန်ရှိသည်။ တော်ပါသေးသည်။ ကျွန်တော်လည်း သူမကိုတွေ့ပါက မျက်နှာထားတတ်မည်မဟုတ်ပါ။

ကျွန်တော် အိမ်ပြန်ရေချိုး အဝတ်အစားလဲပြီး အသုံးလုံးစာသင်ဝိုင်းသို့ ဝင်ရတော့သည်။ ထိုနေ့က ညစာထမင်းကို ဖိတ်ထားသောအိမ်သို့ သွားမစားဖြစ်တော့။ အဘသူကြီးအိမ်၌ပင် ကြုံသလို စားလိုက်ရတော့သည်။ ပျားပိတုန်းလို အချစ်ရည် သောက်သုံးထားသဖြင့် ဝနေဟန်တူပါသည်။ အချစ်သည် အရာရာကို ပြည့်စုံချမ်းသာစေသည်မှာ အမှန်ပင်ဖြစ်သည်။

နောက်တစ်နေ့မနက်တွင် ကျွန်တော် အိပ်ရာကစောစောထ၍ ဘုရားဝတ်ပြုပြီး မနက်စာစားရင်း အဘဦးသာနိုးပြန်အလာကို စောင့်





မျှော်နေမိသည်။ ညကတည်းက မမကြီးအား ကျောက်မီးတာဆုံသို့ လိုက်ပို့ရမည်ဖြစ်ကြောင်း ပြောထားသဖြင့် အဘ စောစောပြန်လာပါသည်။ ယနေ့အဘပြန်လာတာစောပါသည်။ သူ့ခမျာ အိမ်ပြန်ရောက်မှ မနက်စာစားရရှာသည်။

"ဘဘ ...အစာမရှိဘဲ စက်ဘီးနင်းရတော့ အတော်မောပြီး ဆာမှာပဲနော်"

"မမောပါဘူး ဆရာလေးရယ်။ မနက်က အိမ်မှာနွားနို့တစ်ခွက်သောက်ပြီးမှ သွားတာ။ တာဆုံမှာလည်း လက်ဖက်ရည်နဲ့ နံပြားလည်း ကတိုက်ကရိုက် စားခဲ့သေးတယ်။ ဒါတောင် အခု ဆာနေလို့ ထမင်းကြော်စားတာ"

"ကျေးဇူးပဲ အဘ။ ကျွန်တော် စက်ဘီးယူပြီး သွားတော့မယ်"

"အေး ...အေး ..."

မနက် (၇း၃၀) နာရီခန့်တွင် ကျွန်တော် ဝိရိယကောင်းစွာဖြင့် ရွာရှေ့ရေပေးမြောင်းကြီးအနီးရှိ မန်ကျည်းပင်ကြီးအောက်တွင် အဘဦးသာနိုး၏ နှီဘီးဆွဲသော HUMBER စက်ဘီးကြီးဖြင့် မမကြီးအား အဆင်သင့်စောင့်ကြိုနေမိပါသည်။ အချိန်လေးစားသူ မမကြီးကလည်း မနက် (၈)နာရီတိတိတွင် ဆွဲခြင်းကလေးဆွဲ၍ အတိအကျ ရောက်လာပါသည်။

"မောင်မောင် ...ရောက်နေတာကြာပြီလား"

"ကျွန်တော် ဆန္ဒစောနေလို့ စောစောကြိုရောက်နေတာပါ။ မမက အချိန်မှန်ပါတယ်၊ အတိအကျပဲ။ ကဲ ...စက်ဘီးပေါ်တက်နေမပူခင် သွားကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ရေပေးမြောင်းပေါင်လမ်းကြီးအတိုင်း စက်ဘီးစီးလာတော့ မမကြီးက ကျွန်တော့်ခါးအား ဖက်တွယ်ထားသည်။ သစ်ပင်ကြီးများအရိပ်ကြောင့် နေမပူပါ။ ရေပေးမြောင်းကြီးအတွင်းမှ ရေစာတ်ကြောင့် အေးမြနေသည်။ ချစ်ရသူနှင့် နှစ်ကိုယ်ယှဉ်တွဲခရီးသွားရန် မမောနိုင်၊ မပန်းနိုင်ပါ။

စက်ဘီးကို တစ်နာရီခန့်နင်းတော့ တံတိုင်းရှည်ရွာကို ဖြတ်ကျော်ပြီး ကျောက်မီးတာဆုံသို့ ရောက်လာသည်။ တာဆုံသို့ရောက်တော့ မနက် (၉)နာရီခန့်ရှိပါပြီ။ ကျွန်တော်တို့ ပြင်ဦးလွင်ဘက်မှဆင်းလာမည့် ဂျစ်ကားကလေးများကို စောင့်ရင်း အကြော်ဆိုင်မှာထိုင်ပြီး အကြော်စားရင်း အပန်းဖြေကြသည်။

စက်ဘီးနင်းလာရပြီး ပင်ပန်းသောကြောင့် မျက်နှာတွင်ချွေးစို့နေရာ မမကြီးက သူ၏လက်ကိုင်ပဝါပန်းနုရောင်ကလေးဖြင့် ချွေးသုတ်ပေးရှာသည်။ လမ်းဆုံရွာကြီးဖြစ်ပြီး အကြော်ကလည်း စားကောင်း၊ ချစ်ရသူနှင့် ကယုကယင်ချစ်တင်းနှောရင်းစားရသဖြင့် အတော်မြိန်သည်။

ဂျစ်ကားလေးတစ်စီးဆင်းလာတော့ ကျောက်မီးတာဆုံတွင်ဆင်းမည့်သူများပါသဖြင့် မမကြီးနေရာရ၍ ကျွန်တော့်အားနှုတ်ဆက်ပြီး လိုက်ပါသွားသည်။ ထိုအချိန်က ကျွန်တော်နှင့်မမကြီး နောက်ဆုံးလမ်းခွဲခဲ့ရမှန်း ကျွန်တော်မသိခဲ့ရပါ။ အပြန်လမ်းတွင် ပတ်ဝန်းကျင်အား ငေးရင်းတွေးရင်း ကျွန်တော်စက်ဘီးကို အသာနင်း၍ ပြန်ခဲ့ပါသည်။

ချိန်းထားသော တစ်ပတ်ပြည့်သည့်နေ့တွင် ကျွန်တော် ကျောက်မီးတာဆုံသို့ စက်ဘီးဖြင့်သွားပြီး အကြိုထောက်သည်။ မမကြီး ပြန်မလာပါ။ နောက်ရက်များတွင်လည်း နေ့မှားနေမည်စိုး၍ နှစ်ရက်၊ သုံးရက် အကြိုထောက်ပါသည်။ မမကြီး ပြန်မလာပါ။

အားချိန်ရတိုင်း မမကြီးအားသတိရသဖြင့် ရွှေစာရံဘုရားဘက်သို့ အလွမ်းပြေရောက်ရှိသည်။ ဘုရားမှာလည်း ပြင်ဆင်မှု စတင်ခြင်း မရှိသေးပါ။ ကျွန်တော် ရွာသို့ရောက်ရှိသည့် တစ်လပြည့်သောနေ့တွင် အဘဦးသာနီးပြောပြသဖြင့် ရွာမှထွက်ပြီးမျှော်ကြည့်ရာ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်ထားသည့် ရွှေစာရံစေတီကို လှမ်း၍ဖူးမြော်ရသည်။

ထို့ကြောင့် အဘအားခွင့်တောင်းပြီး ကျောင်းပိတ်ရက်တစ်ရက်တွင် ကျောင်းဆရာ ကိုခင်မောင်ဝင်း၊ ဆရာထွန်းတို့နှင့် ရွှေစာရံစေတီအား သွားရောက်ဖူးမြော်ရင်း စုံစမ်းကြသည်။ ဂေါပကအဖွဲ့ဝင် လူကြီးတစ်ဦးအား မေးမြန်းကြည့်တော့ ...

မန္တလေးမြို့မှ မမကြီးဆိုသော အလှူရှင်က ငွေကြေးကို ကိုယ်စားလှယ်တော်ဖြင့် တစ်ဆင့်လှူဒါန်းပြီး ဘုရားဘက်စုံပြုပြင်ရန်နှင့် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်ရန် ညွှန်ကြားသဖြင့် ပြီးမြောက်အောင်မြင်သွားကြောင်း၊ တန်ခူးလပြည့်နေ့တွင် ရေစက်ချလှူဒါန်းမည်ဖြစ်ကြောင်း၊ ဘုရားပွဲတော်နေ့ဖြစ်သဖြင့် ကြွရောက်ကြပါရန်လည်း ဖိတ်ကြားလိုက်ပါသေးသည်။

ထို့ကြောင့် ကျွန်တော်တို့ တန်ခူးလပြည့်နေ့ ဘုရားပွဲတော်စတင်သည့်နေ့ရက်တွင် မနက်စောစော သွားရောက်ဖူးမြော်ကြသော်လည်း ရေစက်ချလှူဒါန်းမည့်အလှူရှင် ပေါ်မလာခဲ့ပါ။ မန္တလေးမြို့နှင့် ရွှေစာရံဘုရားမှာ မဝေးလှပါ။ မမကြီး ဘာဖြစ်နေသည်မသိပါ။ မာယာ







www.burmeseclassic.com

www.burmeseclassic.com



များသော မမကြီးနှင့် ကျွန်တော် ထပ်မံဆုံတွေ့ရန် လွမ်းစေတီ ရွှေစာရံဘုရားတွင် နှုတ်ဆက်ကန်တော့ပြီး အကြိမ်ကြိမ် ဆုတောင်းနေမိပါသည်။ သို့သော် ဆုတောင်းမပြည့်ခဲ့ပါ။

(၄၅)ရက်ပြည့်ပြီး အသုံးလုံးသင်တန်းများပိတ်သိမ်း၍ ရန်ကုန်ပြန်ခဲ့ရသော်လည်း မမကြီးနှင့် အဆက်အသွယ်မရတော့ပါ။ ရန်ကုန်ပြန်ရောက်၍ မြန်မာအသံမှလွှင့်ထုတ်သည့် အ,သုံးလုံးသီချင်းလာတိုင်း ရွှေစာရံစေတီကို ရေးဖွဲ့ထားသည့် ထန်းရွက်ပုတီးဟူသော သီချင်းကလေးလာတိုင်း ကျွန်တော် လွမ်းမောမိပါတော့သတည်း။

"ညမှာ ထိန်လင်းလပြည့်ဝန်းကို ဝခေါ်သတဲ့ ဦးကြီးရဲ့"

"ဝထကလသ"

"ဝထကလသ"

"အရေးအဖတ်၊ အတတ်ပညာ အမြဲတမ်းတို့လေ့လာ"

"ဦးဦး ဒေါ်ဒေါ် အဖော်အမော် မလွဲချော်နိုင်အောင်သာ အော်ဟစ်ခါသာ ဆိုကြပါဗျာ"


"ဝထကလသ"

"ဝထကလသ"

**ထောင်မှူးကြီးသိန်းဝင်း**


NEW IDEA

စိတ်ကူးသစ်စာပေ


စာမူခွင့်ပြုချက်အမှတ် – ၅၀၀၃၄၅၀၅၁၂

www.burmeseclassic.com